typing-G!VER

# လွမ်းလို့သေသွားတဲ့ သစ်ပင်

## မင်းခိုက်စိုးစံ

pdf-lucky82

typing- G!VER

*'အနမ်းတွေ ဆေးထိုးမှားခဲ့တာပါ'...* တဲ့

လွှမ်းလို့သေသွားတဲ့ သစ်ပင်က

သူ့အရွက်တွေကို ခြွေချပြီး ပြောတယ်

typing- G!VER

ငါဟာ… အလွမ်းရဲ့ အစေအပါးတစ်ယောက်ပါ။ ပြီးတော့ လူသားမဆန်စွာ သေဆုံးခဲ့ရသူလည်း ဖြစ်လေရဲ့၊ မင်းရဲ့… တစ်ချက်တည်းသော ထုတ်ချင်းပေါက် အနမ်းဒဏ်ရာက သွေးထွက်လွန်ပြီး ကွယ်လွန်ခဲ့တာလေ။ ရယ်မောခြင်းတွေနဲ့ မင်း အမှျဝေပါ။ (အလွမ်းတွေကို ပန်းခွေလုပ်ပြီး ပို့စရာမလို) နောက်တနေ့မနက် အိပ်ယာထတဲ့အခါ ပျောက်ပျက် လွင့်ပျယ်သွားပြီလို့ မင်းထင်ထားတဲ့ ငါ့အချစ် တချို့တလေကို မင်းအိပ်ယာခေါင်းအုံးဘေးမှာ ပြန်တွေ့ရပါလိမ့်မယ်။ မင်းစိတ်ထဲမှာတော့၊ သြော်… ညကကြွေတဲ့ နှင်းစက်တွေပါလား…လို့ အောက်မေ့မှာပေါ့။ (ငါ့နာမည်ကိုတော့ ယောင်ယမ်းလို့တောင် သတိရနေမှာ . . . သတိရမိမှာ မဟုတ်တာ သေချာပါတယ်) ကိစ္စမရှိပါဘူးကွယ်… ငါက (မင်းနဲ့ပတ်သက်လာရင်) ကံဆိုးခြင်း အလေ့အထနဲ့ ကျင့်သားရ ယဉ်ပါးနေသူလေ . . .။

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

စံပါယ်တွေ
တဝုန်းဝုန်းရှာချခဲ့တာတောင်မှ
ငါဆိုတဲ့ကောင်ဟာ
ရနံ့တစ်ခုတစ်လေတောင်
စိုစွတ်ခွင့် မရခဲ့ပါဘူး…

typing- G!VER

# အခန်း ၁

ချစ်သူဟာ
'အလင်း' ကို
ကမ္ဘာမြေပေါ် ပထမဦးဆုံးသယ်ဆောင်လာခဲ့သူဖြစ်ပေရဲ့။

မြန်မာဆိုက်ကာ စာအုပ်စင်မှ တင်ဆက်သည်
typing- G!VER

ရယ်စရာကောင်းသော အတွေ့အကြုံတစ်ခုဖြစ်သည့်တိုင် ရုတ်တရက်မို့ ရယ်ဖို့ သတိမရ။ မေ့လျော့နေ၏။ နောက်မှ တစိမ့်စိမ့်တွေးကာ ပြုံးဖြစ်လေသည်။

'...ကြယ်တာရာတွေကို အပြုံးယောင်ဆောင်ခိုင်းဖို့ ငါ့ဘဝထဲကို မှော်ဆရာမလေး တစ်ယောက် ရောက်လာတဲ့နေ့ပါပဲ'

ဟု ချမ်းမြေ့ညီညီက ဒိုင်ယာရီထဲတွင် ရေးထားလိုက်၏။ အဲယားကွန်းဘတ်(စ်)က လေပူတွေကို လှောင်ထားသလို ဖြစ်နေသောကြောင့် မွန်းကျပ်နေ၏။ ထိုင်စရာ နေရာရလို့ တော်ပါသေးရဲ့ဟု ညီညီက တွေးလိုက်သည်။ သို့သော်... သူ့နေရာက ပြတင်းပေါက်ဘက်က ထိုင်ခုံမဟုတ်ဘဲ လူသွားလမ်းနှင့် ကပ်လျက်ဖြစ်နေသောကြောင့် သိပ်အဆင်မပြေလှ။ လူဝကြီးတစ်ယောက်က ဘေးမှာရပ်ရင်း ပုခုံးပေါ်ကို သူ့ဗိုက်ပူပူကြီးဖြင့် မှီကာဝိုက်လျက်ပါလာ၏။ ဘုရားလမ်း မှတ်တိုင်ကို ဝင်ခါနီးတွင် ထိုလူဝကြီးက ဆင်းတော့မည့်ဟန်ဖြင့် အတက်အဆင်းအပေါက်ဆီ တိုးထွက်သွားသည်။

အင်း... အခုမှပဲ အသက်ရှူချောင်တော့တယ်။ ကားမှတ်တိုင်တွင် စုပြုံနေသော လူအုပ်ကြီးကို သူလှမ်းမြင်နေရ၏။ ကားက တဖြည်းဖြည်းဘီးလှိမ့် ဝင်သွားသောအခါ ပလက်ဖောင်းပေါ်မှ လူအုပ်ကြီး ပြုံဆင်းလာကြသည်။ ပြတင်းပေါက် မှန်သားပြင်၏ ဟိုတစ်ဖက်ဆီကို သူ လှမ်းငေးနေမိသည်။

"အခုရပ်မယ့် မှတ်တိုင်က ဘုရားလမ်းမှတ်တိုင်လားဟင်"

စကားလေသံထဲတွင် ရေခဲမုန့် ရနံ့တွေ သင်းပျံ့လာသည်ဟု ထင်ရ၏။ ရင်ထဲမှာ လတ်ဆတ်အေးမြသော သင်းချိုချို ဂီတတစ်ပုဒ် ကြားရလေသည်။ ညီညီ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။ အဝါရောင် ကောင်မလေးတစ်ယောက်... (အဝါရောင် အိပ်မက်နုနုတွေ အကိုင်းဖျားထိ ပွင့်ဖူးနေသော သစ်ပင်ပေါက်စလေး တစ်ပင်နှင့် တူပါသည်)

"အခုရပ်မယ့် မှတ်တိုင်က ဘုရားလမ်းမှတ်တိုင်လား "

သူမက ထပ်မေးသည်။ ညီညီက ...

" အ... အာဂု... အအု... အု"

"ရှင်..."

ကောင်မလေးကြောင်နေသည်။ ညီညီက ...

"အာဝု... ဝု"

ကောင်မလေးကို လက်ကာပြရင်း ဟိုကြည့်သည်ကြည့်ဖြင့် တစ်စုံတစ်ရာကို ရှာသည်။ ပါးစပ်က စကား မပြောနိုင်သေး။ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်နေသော သူ့ကို ကြည့်ရင်း ကောင်မလေး ထိတ်လန့်တကြား ဖြစ်သွားသည်။

ထိုအချိန်တွင် ကားက ဘရိတ်အုပ်လိုက်သောကြောင့် လူတွေအားလုံး ရှေ့ကို ယိုင်ထိုးသွားကြ၏။ ညီညီက ရှေ့ခုံကိုလက်ဖြင့် ထိန်းမိထားလိုက်သည်။ အဲသည် အချိန်မှာပင် ကားခေါင်မိုး အစပ်မှာ သူလိုချင်နေသောအရာကို တွေ့သွား၏။ သူ မတ်တပ်ထရပ်ပြီး လှမ်းယူသည်။

ကောင်မလေးက သူ့ကို တအံ့တသြ စိုက်ကြည့်နေသည်။ ညီညီက ပါးစပ်ထဲမှ ကွမ်းဖတ်များကို ကြွပ်ကြွပ်အိတ်ထဲ ထွေးထည့်လိုက်သည်။ အား... အခုမှပဲ ရှင်းသွားတော့တယ်။ သူက... ကောင်မလေးကို လှမ်းပြောလိုက်သည်။

"ဟုတ်တယ်... ဒါဘုရားလမ်း မှတ်တိုင် ဆင်း... ဆင်း"

ကောင်မလေး ဒေါသဖြစ်လောက်ပါသည်။ ကားမှတ်တိုင်က နောက်ဘက် အတော်ဝေးဝေးမှာ ကျန်ရစ်ခဲ့ပြီ ဖြစ်၏။

အံကြိတ်ထားသော ကောင်မလေး၏ ပါးပြင်မှာ သွေးကြောကလေးတွေ ဒေါသဖြင့် အနီရောင် သမ်းသောအခါ... တစ်ကမ္ဘာလုံး နှင်းဆီပွင့်တွေဖြင့် ဖုံးသွားသည်။

သူမ ဆံနွယ်စတွေဆီမှ စတော်ဘယ်ရီ ရနံ့ကလေး သင်းပျံ့လာ၏။ အနက်ရောင် မျက်စောင်းလှလှကလေးသည် ပျားရည်ဖြင့် ထွန်းညှိထားသော ဆီမီးဖြစ်သည်။

အလင်းတွေရင်နှင့်အပြည့် နေရာယူသွား၏။

သူမ၏ ရင်ထဲမှာ ပွေ့ထားသော အနီရောင် ပန်းဖွားတွေနှင့် လွယ်အိတ်ထဲမှ စာအုပ်နှစ်အုပ် ထိုးထွက်နေသည်ကို မြင်ရ၏။ တစ်အုပ်တွင် ပါဠိ၊ အရှေ့တိုင်းပညာ၊ ရန်ကုန်တက္ကသိုလ်ဟု အဖုံးပေါ်မှာ ပုံနှိပ်ထားပြီး နောက်တစ်အုပ်က အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော နက္ခတ်ဗေဒင် ပညာစာအုပ်ဖြစ်၏။

ကြည့်စမ်း… ဘယ်လိုကောင်မလေးလဲလို့…။

အနည်းငယ် ထူးဆန်းသလို အောက်မေ့မိသည်။ လွယ်အိတ်ကို ပွေ့ထားသည့် လက်ဝဲဘက် လက်ကလေးဆီ သူ့မျက်စိအကြည့်က အမှတ်တမဲ့ ဦးတည်သွားမိသည်။ ဖျတ်ခနဲ မျက်နှာလွှဲလိုက်ပြီးခါမှ၊ ထို လက်ကလေးတစ်ဖက်တည်းကိုပင်… နောက်တစ်ခါ… သေသေချာချာ ထပ်ကြည့်မိပြန်လေသည်။

ဝါဝင်းနူးညံ့သော အသားအရေက ကြောင်ကလေးတစ်ကောင်၏ မျက်လုံးလိုကြည် လင်နေသည်။ သွေးကြော စိမ်းစိမ်းကလေးတွေကို မြင်ရ၏။ လက်ဖမိုးက ပြေပြစ်စွာဖူးဖူးငုံငုံခုံးနေသည်။ နောက်… သွယ်နွဲ့ရှည်လျားသော လက်ချောင်းကလေးများ…။ လက်သည်းတွေကို တိတိရိရိ သပ်သပ်ယပ်ယပ် ဖြတ်ထားသည်။ အဲဒီနေရာမှာပင်…

သူ့နှလုံးသားကို ညှို့ထားသည့်အရာကို တွေ့လိုက်ရလေသည်။ လက်သန်းကလေး တစ်ချောင်းတည်းကိုသာ ရွှေရောင်လက်သည်း ဆိုးဆေးဆိုးထား၏။

typing- G!VER

# အခန်း ၂

ချစ်ခြင်းဟာ

ဓားသန်လျက်တစ်စင်းမှ မရှိဘဲနှင့်

သူ့ရဲ့နိုင်ငံတော်ကို အုပ်စိုးတယ်။

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

typing- G!VER

မြက်ပင် အဖျားတွေပေါ်မှာ မိုးရေစက်ကလေးတွေ သီးနေ၏။ မှတ်သုန်လေပြေသည် ရင်ထဲကို လတ်ဆတ်စွာ တိုး၍ ဝင်လေသည်။ အဓိပတိလမ်းမပေါ်တွင် ကံ့ကော်ရွက်တွေ ကြွေကျနေသည်။ မိုးရေစိုစွတ်ကာ ရင့်ကျက်မှိုင်းပျနေသည့် ဘွဲ့နှင်းသဘင်ခန်းမကို လှမ်းမြင်ရလေသည်။

သည်တက္ကသိုလ် ကျောင်းဝင်းထဲကို သိပ်ရောက်လေ့ရောက်ထ မရှိသောကြောင့် စိတ်ထဲမှာ စိမ်းသလိုခံစားရ၏။ ချမ်းမြေ့သီသီက သည်စာသင်နှစ်တွင်မှ ပထမနှစ်ကျောင်းသားအဖြစ် စတက်ရသူ ဖြစ်သည်။ ထို့ကြောင့်လည်း နောက်ဆုံးနှစ်ကျောင်းသားများနှင့် ဘွဲ့လွန်ကျောင်းသားကျောင်းသူများသာ တက်ရသော ပင်မတက္ကသိုလ်ထဲသို့ လာရသည်မှာ စိတ်ကအနေရကြံ့သလိုလို။ နွေးနွေးထွေးထွေး ရှိသလိုလို အောက်မေ့မိလေသည်။

နောက်ဆုံးနှစ်ကျောင်းသားများထဲတွင် ညီအစ်ကိုလို ခင်မင်ရသော သူငယ်ချင်းအတော်များများ ရှိသည့်တိုင် သည်ကျောင်းဝင်းထဲကို ညီညီ သိပ်မလာဖြစ်။ တကယ်က...၊ နယ်မှ သူ့အစ်ကို၏ သူငယ်ချင်းများဖြစ်သော်လည်း ဝါသနာတူရာ ဂီတာတီးရင်း... သီချင်းတွေ ဆိုကြရေးကြရင်း ညီညီနှင့် ပိုရင်းနှီးသွားကြခြင်းဖြစ်၏။ သူတို့က အဆောင်နေကျောင်းသားများဖြစ်သောကြောင့် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် ညီညီ ငှားနေသည့် တိုက်ခန်းမှာ လာပြီး စုဆုံကြသည်။

သူတို့ရှိရာ ပင်မတက္ကသိုလ်ထဲသို့ ညီညီ သိပ်မလာချင်မှန်း သိကြသောကြောင့် တစ်ခါမှ အတင်းအကျပ် မဖိတ်မခေါ်ခဲ့ကြ။ အခုနေများ... ငါ့ကို သူတို့တွေ့ရင် ဘာပြောကြမလဲမသိဘူးဟု သူတွေးရင်း ပြုံးမိ၏။ သူငယ်ချင်းတွေကတော့ သူတို့ဆီ အလည်လာသည်ဟု ထင်ကြပေလိမ့်မည်။ သူက သူ့လက်ဝဲဘက် လက်သန်းကလေးကို ပြန်ငုံ့ကြည့်မိသည်။

ကောင်မလေးရေ... လက်သန်းလေး တစ်ချောင်းတည်းမှာရွှေရောင် လက်သည်းဆိုးဆေး ဆိုးထားတဲ့ မင်းရဲ့ လက်ဝဲဘက် လက်ကလေးကို... လွမ်းတယ်။

ကိုထွန်းစန်းကို တွေ့ရင်ကောင်းမှာပဲ...ဟု စိတ်ကတောင့်တမိ၏။ ကိုထွန်းစန်းက အရှေ့တိုင်းပညာ အဓိကဘာသာမှ ဖြစ်သောကြောင့် သူ့ကို အဝါရောင် လက်သန်းကလေးအကြောင်း မေးကြည့်၍ ရနိုင်သည်။ မနေ့က သီချင်းဆိုပြိုင်ပွဲတစ်ခုကို ကိုထွန်းစန်းနဲ့ အတူ သွားခဲ့ကြသော်လည်း ထိုအကြောင်းကို မမေးဖြစ်လိုက်။

သီချင်းဆိုပြိုင်ပွဲက စိတ်ပျက်စရာ ဝရုန်းသုန်းကားတွေများနေသောကြောင့် အာရုံညစ်နွမ်းပြီး မေးဖို့မေ့သွားခဲ့သည်။

ညီညီက လက်ထဲမှထီးကို ပြန်ဖွင့်ရင်း ကင်တင်း စားသောက်ဆိုင်တန်းတလျှောက် ဟိုဟိုသည်သည် လိုက်ရှာကြည့်သည်။ ကိုထွန်းစန်းကို မတွေ့။ သူ စိတ်ပျက်အားလျော့မိတော့မလိုလို ဖြစ်သွားပြီးမှ...

"ပါဠိစာသင်ခန်းတွေဘက် လျှောက်ကြည့်ရင် ကောင်းမယ်ထင်တယ်" ဟူသည့် အတွေးက ရိုးရိုးစင်းစင်းကလေးပင် ရင်ထဲရောက်လာ၏။ စာသင်ဆောင်တွေပေါ် ကို တက်ဖို့ရန် ခြေလှမ်းပြင်မိသည်။

ငါဟာ သားကောင်ကို လိုက်ရှာနေတဲ့ မုဆိုးတစ်ယောက်နဲ့များ တူနေပြီလား...ဟု သူ့ဖာသာသူ ပြန်တွေးမိ၏။ ဟင့်အင်း... ငါဟာ မုဆိုး မဟုတ်ပါဘူး ကောင်မလေးရယ်။ ငါဟာ သားကောင်ပါပဲ။ မင်းရဲ့ ပစ်ခတ်ဖမ်းဆီးခြင်းကို ခံရဖို့ ကိုယ့်ကိုယ်ကို ထိုးကျွေးနေတဲ့ သားကောင်ဟာ ငါပါပဲ။

မုဆိုးကို လိုက်လံရှာဖွေနေသည့် အမိုက်မဲဆုံး သားကောင်သည် 'အချစ်' ဖြစ်လေသည်။

typing- G!VER

ခေါင်းမိုးသွပ်ပြားပေါ် မိုးစက်တွေ တဖြောက်ဖြောက်လွင့်ကျနေသည့် အသံကို ကြားနေရ၏။ စာသင်ခန်းများရှိရာ စင်္ကြံလမ်းတစ်လျှောက် ဖြေးဖြေးချင်း လျှောက်လာခဲ့မိသည်။ လက်ထဲမှာ ရေစိုနေသော ထီးကိုကိုင်ထားရသောကြောင့် စိတ်ထဲက မလွတ်လပ်သလို ခံစားရ၏။

ထီးမှ ရေစက်တွေကို ခါပစ်လိုက်မည်ဟု စိတ်ကူးကာ လက်ကို လွှဲမြှောက်လိုက်မိပြီးမှ... ဘေးလူတွေကို ရေစက်စင်ပြီး စိုကုန်ရင်တော့ ပြဿနာပဲ...ဟု တွေးကာ ဘေးပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီ ကြည့်လိုက်သည်။ အဲသည် အခိုက်အတန့်မှာပင်... စာသင်ခန်းထဲတွင် ထိုင်နေသော အဝါရောင်လက်သန်းကလေးကို မြင်လိုက်ရလေသည်။

အဝါရောင်လက်သန်းကလေးနှင့် မျက်နှာချင်းဆိုင်တွင် အရပ် ရှည်ရှည်ပိန်ပိန်နှင့် ခြေဆစ်လက်ဆစ်တောင့်တောင့် ကာလန်ကာလား မိန်းမ တစ်ယောက်ကိုပါ တွေ့ရ၏။ အတော်အကြည့်ရဆိုးသည်။ 'ကြက်ခြေထောက်ကြီးတစ်ချောင်း...' နှင့် တူသည်ဟု တွေးမိပြီး သူ့စိတ်ထဲက နာမည်ပြောင်း ပေးလိုက်၏။

အဝါရောင်ကောင်မလေးက ထိုကြက်ခြေထောက်ကြီးနှင့် တူသော ကာလန်ကာလားမိန်းမကို ဖေဒင်ဟောနေသည်။

"နင့် ဂြိုဟ်သက်ကစနေဟာ ရာဟုထဲမှာ ရောက်နေတယ်။ ဒါကြောင့် 'ရေ'နဲ့ပတ်သက်လို့ အန္တရာယ်ရှိနိုင်တယ် သတိထား"

"ဟင်... အဲဒါဆို၊ ငါရေမချိုးဘဲ နေရမှာလား "

ကြက်ခြေထောက် ပြန်ပြောသည့် စကားကို နားထောင်ပြီး ညီညီ ရယ်ချင်သွားသည်။ ဘုရား... ဘုရား...၊ နောက်ဆိုရင် ဒီမိန်းမကို သတိထားပြီး ရှောင်မှ၊ တစ်ကိုယ်လုံး နံစော်နေတော့မှာပဲ။

"နင်ကလဲဟာ...၊ အဲသည်လောက်ကြီးတော့ မဟုတ်ပါဘူး၊ ရေချိုးရင် အချိန်နဲ့ ကြည့်ချိုးပေါ့"

"အေး... အေး၊ ငါ ဒီနေ့ အိမ်ပြန်ရောက်တာနဲ့ ရေခွက်မှာ လက်ပတ်နာရီတစ်လုံး ပတ်ထားလိုက်မယ်"

ကြက်ခြေထောက်က အူကြောင်ကြောင်နှင့် ပြန်ပြော၏။

အဝါရောင် လက်သန်းကလေးက သူ့သူငယ်ချင်းကို အံ့ကြိတ်ပြီး ကြည့်သည်။ သူမမျက်နှာက အတော် စိတ်ပျက်လက်ပျက် ဖြစ်နေသည့်တိုင် ဗေဒင် ဆက်ဟောချင်လွန်းသောကြောင့် မနည်းသည်းခံ အားတင်းထားရပုံ ပေါ်နေ၏။ အဝါရောင်ကောင်မလေးက ခေါင်းပြန်ငုံ့ကာ စာရွက်ပေါ်တွင် ဟိုတွက် သည်တွက် လျှောက်ခြစ်ရင်း...

"အမယ်... နင်က မဆိုးဘူးဟ၊ သောကြာပေါ်ကို ကောဇောသောကြာ စီးနေတော့... ချစ်သူတွေနိုင်တယ်၊ တစ်ယောက်တောင် မကဘူး၊ ယောကျ်ားလေးတွေ ဝိုင်းဝိုင်းလည်နေမှာ"

ကြက်ခြေထောက်၏ မျက်နှာက ချက်ချင်း ရွှင်လန်းမြူးတူးလာ၏။ တက်ကြွသောလေသံဖြင့်...

"အေး... အေး၊ အဲဒါတော့ငါလဲ စိတ်ဝင်စားတယ်။ လုပ်စမ်းပါဦးဟာ။ ယောကျ်ား ဘယ်နှစ်ယောက်လောက် ရနိုင်မလဲလို့ တွက်စမ်းပါဦး"

အဝါရောင်လက်သန်းကလေး မျက်လုံးပြူးသွား၏။

"ဟင်... နင်ကလည်း တစ်ယောက်လောက် ရရင်တော်ရောပေါ့၊ အများကြီး ဘာလုပ်ဖို့လဲ"

ရယ်ချင်လာသောကြောင့် ထိုစာသင်ခန်းအနီးမှ ကမန်းကတန်းလှည့်ထွက်ခဲ့သည်။ ကြာကြာဆက်နေလျှင် အော်ရယ်မိတော့မည်။ သူကတော့ ဗေဒင်ကို လုံးဝ ယုံကြည်သူမဟုတ်ပါ။ လူ့ဘဝဆိုသည်မှာ အစီအစဉ်တကျ မရှိသော ပရမ်းပတာ အဖြစ်တစ်ခုသာ ဖြစ်၏။ မည်သူကမှ ကြိုတင်စီမံ ဖန်းဆင်းထားခြင်း မဟုတ်ပါ။

အသက်ရှင်နေရသော လူတစ်ယောက်၏တာဝန်မှာ ထိုပရမ်းပတာ အဓိပ္ပာယ်မဲ့ဘဝကို သတ္တိရှိရှိ ရင်ဆိုင်ဖို့သာ ဖြစ်၏။ သူခေါင်းကို ခါယမ်းမိသည်။ ဆံပင်ရှည်ရှည်တွေ ဖွာခနဲ လွင့်သွားကြ၏။ သူ၏အဝါရောင်လက်သန်းကလေးကတော့ အဲသည် 'ဗေဒင်ပညာ' ကို နှစ်နှစ်မက်မက် ယုံကြည်ကျူမ်းဝင်သူတစ်ယောက် ဖြစ်နေနိုင်သည် ဟူသော အတွေးက အဆိပ်ဆူးတစ်ခုလို ရင်ထဲ ဆစ်ခနဲ ကိုက်ခဲနာကျင်လာ၏။

*ကိုယ်နဲ့မင်းဟာ...*

*ဆန့်ကျင်ဘက်ဖြစ်ဖို့အတွက်သက်သက်*

*လာဆုံစည်းခဲ့လေသလားကွယ်...*

ထီးကို မဖွင့်ချင်တော့သောကြောင့် မိုးရေထဲမှ ဖြတ်ပြီး မြကျွန်းသာကင်တင်း တံစက်မြိတ်အောက်သို့ ပြေးဝင်လိုက်၏။

"ဟော့ကောင်... ညီညီ၊ အပြေးအလွှားနဲ့ ဘယ်လိုဖြစ်လာတာလဲ"

လက်ဖက်ရည်ဝိုင်းမှ လှမ်းခေါ်နှုတ်ဆက်သံ ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ ကိုညွှန့်လွင်ကို တွေ့ရသည်။ သူနှင့်အတူ ကိုနန်းနွယ်ပါ ထိုင်နေ၏။ သူတို့နှစ်ယောက်စလုံးက ပထဝီမေဂျာမှ ဖြစ်သောကြောင့် အတန်းချိန်လွတ်တိုင်း သည်ကင်တင်းတွင် လာလာထိုင်လေ့ရှိသည်။ များသောအားဖြင့် ကိုထွန်းစန်းနှင့် တွဲပြီး ထိုင်လေ့ရှိ၏။

ကိုထွန်းစန်းကို ဘယ်မှာ တွေ့မိသလဲဟု သူတို့နှစ်ယောက်ကို မေးကြည့်လျှင် ရနိုင်စရာရှိသည်။ အဝါရောင်ကောင်မလေးရှိနေတုန်း ကိုထွန်းစန်းကို အချိန်မီ ခေါ်သွားပြီး... ဟိုတစ်နေ့က ကားပေါ်က ကိစ္စကို တောင်းပန်ပစ်လိုက်မယ်ဟု သူ့ဦးနှောက်ထဲမှာ လျှင်မြန်စွာ အစီအစဉ် ဆွဲလိုက်၏။

"ဟော့ကောင်... ညီညီ ဘာဖြစ်လာတာလဲ "

ကိုညွှန့်လွင်က သောက်လက်စ လက်ဖက်ရည်ခွက်ကို ချထားပြီး မျက်လုံးပြူးကြည့်ကာ ထပ်မေး၏။ ညီညီ စိတ်ထဲမှာ သတိတစ်ခု ဖျတ်ခနဲဝင်လာသည်။

အင်း… ဒီလူနှစ်ယောက်ကိုတော့ အသိပေးလို့ မဖြစ်ဘူး။ ကိုနန်းနွယ်က အင်မတန် နောက်တတ်ပြောင်တတ်၊ ချောက်တွန်းတတ်သည်။ ကိုညွန့်လွင်ကတော့ အူကြောင်ကြောင်။ သူတစ်ပါးကို သူညီချင်စိတ်ရှိသော်လည်း ကြောင်တောင်တောင် လုပ်ပုံကိုင်ပုံများကြောင့် သူ ဝင်ကူညီလိုက်တိုင်း ပြဿနာတက်ရသည်ကို ညီညီ ကြုံဖူး၏။

"ဩော်… ဟိုဒင်း၊ ကိုညွန့်လွင်…"

သူနှုတ်က မရွံ့မရဲ ဖြစ်နေသည်။ ကိုညွန့်လွင်က…

"ပြောလေကွာ… မင်း ဘယ်ကဘယ်လိုရောက်လာတာလဲ"

"အတော်ပဲ ကိုညွန့်လွင်၊ ခင်ဗျားကို တွေ့ရတာ အတော်ပဲ"

"အေး… ဟုတ်ပါတယ်ကွ… အတော်ပါပဲ၊ မသိသာလှပါဘူး၊ ပခုံးလေး နည်းနည်းကျုပ်နေတာ၊ ဒါနဲ့… ငါ့ ညီလေးအကျႌ ငါယူဝတ်လာတာ မင်းဘယ်လိုလုပ် သိသွားလဲဟင်"

ညီညီ စိတ်ပျက်သွား၏။ မကြောင်စမ်းပါနဲ့ဗျာ… ဟု ညည်းရင်း ကိုနန်းနွယ်ဘက်သို့ လှည့်ကာ…

"ကိုထွန်းစန်းကို တွေ့မိလားဟင် "

အကင်းပါးသော ကိုနန်းနွယ်က သူ့မှာ အရေးတကြီးကိစ္စ တစ်ခုခုရှိနေမှန်း ရိပ်မိသွားသည်။

"ဘာကိစ္စလဲဆိုတာ အရင်ပြောမှပေါ့ကွ… ဒါမှ ထွန်းစန်းနဲ့ တွေ့ပေးသင့်မပေးသင့် ဆုံးဖြတ်လို့ရမှာ"

သူ့ကို ကိုနန်းနွယ် တမင်ညစ်နေမှန်း ညီညီ သိလိုက်၏။ ကိုနန်းနွယ်က လက်ဖက်ရည်ကုန်သွားသော ပန်ကန်လုံးထဲသို့ ရေနွေးကြမ်းငှဲ့ထည့်ပြီး အေးအေးဆေးဆေး လှုပ်ကျင်းကာ သွန်ပစ်လိုက်သည်။ သူ့ဘေးမှ ကိုညွန့်လွင်ဘက်လှည့်ပြီး ဒီကောင့်ကို မပြောနဲ့ အသာနေ… ဟူသည့် အဓိပ္ပာယ်ဖြင့် မျက်စိတစ်ချက် မှိတ်ပြလိုက်သည်ကိုပါ မြင်ရ၏။

typing- G!VER

ညီညီက စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းချလိုက်သည်။ ဒီလူတွေကို

ပြောမပြရင် ကိုထွန်းစန်းနဲ့ အချိန်မီ တွေ့ရတော့မှာ မဟုတ်ဘူး...ဟု ရင်လေးစွာ တွေးမိ၏။ ထို့ကြောင့်...

"ဒီလိုလေဗျာ... ကျွန်တော် ကိုထွန်းစန်းတို့ အတန်းထဲက ကောင်မလေးတစ်ယောက်ကို တောင်းပန်စရာရှိလို့... "

"ဟင်... ဘယ်သူလဲ၊ ဘယ်သူလဲ၊ ငါ့ကိုပြောစမ်းပါ၊ ထွန်းစန်းတို့ အခန်းထဲက ကောင်မလေးတွေ အကုန်လုံး တစ်ယောက်မကျန် ငါသိတယ်။ သူတို့က ငါ့ကို သိပ်ခင်ကြတာ၊ တစ်ချို့ဆို ငါ့ကို တစ်ဖက်သတ်ကြိုက်နေကြတာ။ ငါက မသိချင်ယောင်ဆောင်နေလို့"

ညီညီက ကိုညွန့်လွင်ကို မယုံသင်္ကာဖြင့် လှည့်ကြည့်လိုက်၏။ နည်းနည်းမှ ယုံချင်စရာမရှိသော်လည်း ကိုညွန့်လွင်က ခပ်တည်တည် ဆက်ပြောသည်။

"ပြောစမ်းပါကွ။ ငါသိမှာပါ။ အဲဒီကောင်မလေးက နာမည် ဘယ်သူတဲ့လဲ"

"နာမည်တော့ မသိဘူးဗျ။ အသားဖြူဖြူ ... ကိုယ်လုံးကိုယ်ပေါက်က ခပ်သွယ်သွယ်၊ ဆံပင်ကအရှည်နဲ့ဗျ"

"ဩော်... ငါသိပြီ၊ ငါသိပြီ... ခင်စံပယ်လှိုင်ကို ပြောတာဖြစ်မယ်"

သူ... ကိုညွန့်လွင်ကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ကိုညွန့်လွင်က မျက်လုံးကို မှေးထားရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ စီးကရက်ဖွာနေ၏။

"အသားက အရမ်း... ဖြူဖြူဖွေးဖွေးကြီး မဟုတ်ဘူးနော်၊ ဝါဝါနုနုလေး၊ နောက်ပြီး... မျက်လုံးက အရမ်းလှတယ်၊ သိတယ် မဟုတ်လား... ကိုညွန့်လွင်၊ ဟိုဒင်း... ဘယ်လိုပြောရမလဲ။ မျက်ဝန်းကနက်ပြီး အရောင်တောက်နေတာ..."

"သိတယ်... သိတယ်၊ ဟုတ်ပါပြီ... အဲဒါ ခင်စံပယ်လှိုင်ပါ"

"နောက်ပြီး... ထူးခြားတာက သူ့ဘယ်ဘက်လက်မှာ လက်သန်းကလေး တစ်ချောင်းတည်းကို..."

ကိုညွန့်လွင်က လက်ကာပြရင်း...

Typing- G!VER

" တော်လောက်ပြီ... တော်လောက်ပြီ ညီညီ၊ မင်းပြောမှာတွေ ငါအကုန်သိတယ်၊ မင်း... ရှေ့ဆက်ပြောနေရင် တစ်နေကုန်တောင် ပြီးမှာ မဟုတ်ဘူး၊ ကဲ... ပြော၊ အဲဒီကောင်မလေးကို မင်းက ဘာဖြစ်လို့ တောင်းပန်ရမှာလဲ"

"အင်း... အဲဒါ... ဟာ... ပြောပြလို့ မဖြစ်ပါဘူးဗျာ၊ တောင်းပန်ရမှာက... အဲ... အရှည်ကြီးပဲဗျ"

"ဟုတ်ပြီ... ညီညီ၊ ဟုတ်ပြီ အရှည်ကြီး... အင်း... အင်း ဒီလောက်ဆို ငါနားလည်ပြီ၊ မင်းဘာမှပူမနေနဲ့တော့... ငါအခု အဲဒီကောင်မလေးကို သွားရှာမယ်၊ အဆင်ပြေအောင် ကြည့်ပြောခဲ့မယ် ဟုတ်ပြီလား"

ညီညီ လန့်သွားသည်။

" ဟာ... မဟုတ်သေးဘူး၊ ကိုညွန့်လွင် မသွားနဲ့လေ၊ ဟိုဒင်း ကိုထွန်းစန်းကော..."

"ထွန်းစန်း ဒီနေ့ကျောင်းမတတ်ဘူးကွ၊ မင်းအသာနေစမ်းပါ။ ညွန့်လွင် သူ့ဖာသာသူ ကြည့်လုပ်ပါလိမ့်မယ်"

ကိုနန်းနွယ်က သူ့လက်မောင်းတစ်ဖက်ကို အတင်းဆွဲထားသည်။ သူရုန်းထွက်၏။ ကိုနန်းနွယ်ကမလွှတ်။ ကိုညွန့်လွင်က စာသင်ခန်းရှိရာ စင်္ကြံဆီ တစ်လှမ်းချင်းလျှောက်သွားလေသည်။

ခဏကြာသောအခါ... ကိုညွန့်လွင် အမောတကောဖြင့် ပြန်ရောက်လာပြီး...

"ဟေ့ကောင်၊ မြန်မြန်လာ၊ အခန်းထဲမှာ ခင်စံပယ်လှိုင်နဲ့ သူ့ သူငယ်ချင်းတစ်ယောက်ပဲ ရှိတယ်၊ လာ... လိုက်ခဲ့။ ငါ အကျိုးအကြောင်း ပြောပြထားပြီးပြီ၊ မင်း... ဝင်တွေ့လိုက်ရုံပဲ"

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွား၏။

"ကိုညွန့်လွင်... တကယ်နော်"

သူယုံချင်နေသည်။ ထရမလို ထိုင်ရမလို ဖြစ်နေ၏။ ကိုနန်းနွယ်က အတင်းတွန်းလွှတ်နေသည်။

" သွား... ဟေ့ကောင်... မြန်မြန်သွားစမ်းပါ။ ဒီထီး ထားပစ်ခဲ့၊ ငါကြည့်ထားမယ်"

ကိုညွန့်လွင် နောက်သို့ သူပြေးလိုက်သွားရင်း...

"ကိုညွန့်လွင် ခင်ဗျား ဘာတွေသွားပြောထားလဲ ပေါက်ကရတော့ မလုပ်နဲ့နော်"

"ဒီလိုပဲ ကြည့်ပြောရတာပေါ့ကွာ၊ မင်းဟာ ခုမှ ပထမနှစ်စတက်တဲ့ ကျောင်းသားလေးတစ်ယောက်ဖြစ်တဲ့ အကြောင်း၊ မင်းက သူ့ကို တောင်းပန်ချင်လွန်းလို့ ခက်ခက်ခဲခဲ မရမက လိုက်ရှာနေတာ ကြာပြီဖြစ်တဲ့ အကြောင်း... အဲဒါတွေပေါ့"

ဟာ... လွဲကုန်ပြီဟု စိတ်ထဲကတွေးလိုက်၏။

"ဘယ့်နယ်လုပ်ပြီး လိုက်ရှာနေတာကကာပြီ ဖြစ်သွားရတာလဲ၊ ကျွန်တော်သူ့ကို တနေ့ကမှ တွေ့ဘူးတာဗျ"

"ဟင်... ဟုတ်လား မသိဘူးလေကွာ၊ ကောင်မလေး... မင်းကို သနားအောင် ငါကကြံဖန်ပြီး လျှောက်ပြောပစ်လိုက်တာ နည်းနည်းလွန်သွားတယ်၊ ကိစ္စ မရှိပါဘူးကွာ... ငါကြည့်ဖြေရှင်းပေးပါ့မယ်၊ ကောင်မလေးက မင်းကို သိပ်သနားသွားတာကွ... သိလား"

"ဟုတ်ရဲ့လား ကိုညွန့်လွင်ရယ် "

"ဟုတ်ပါတယ်ကွ၊ ကောင်မလေးကတောင် ပြောလိုက်သေးတယ်၊ ခုမှ ဆယ်တန်းအောင်သွားတဲ့ ကျွန်မ တပည့်တစ်ယောက်များ ဖြစ်နေမလားမသိဘူး... လာတောင်းပန်ပါစေ ကိုညွန့်လွင်ရယ်၊ လက်ခံမှာပေါ့... တဲ့"

တခုခုတော့ လွဲချော်နေပြီဟူသော အာရုံခံစားမှုဖြင့် သူ့စိတ်တွေ ရှုပ်ထွေးချောက်ချားလာ၏။ ကိုညွန့်လွင် လက်ညှိုးထိုးပြသော နေရာကို လှမ်းကြည့်လိုက်သောအခါ စောစောက အဝါရောင်လက်သန်းကလေး ထိုင်နေသော စာသင်ခန်းဖြစ်မှန်း သိလိုက်၏။ အင်း... ဟုတ်တော့ ဟုတ်ပါတယ်... ဒါပေမယ့်... သူ အခိပ္ပာယ်ဖော်မရ၊ သူက...

"နေပါဦး... ကျွန်တော်က ဘာဖြစ်လို့ သူ့တပည့်ဖြစ်သွားရတာလဲ"

"ခင်စံပယ်လှိုင်က ဆယ်တန်းကျောင်းသားတွေကို ကျူရှင်ပြတယ်ကွ"

စာသင်ခန်းရှေ့တွင် ရပ်မိကြသည်။ ကိုညွန့်လွင်က...

"ဟိုမှာ... မင်းတောင်းပန်ချင်တဲ့ ခင်စံပယ်လှိုင်၊ ငါတို့ကတော့ သူ့ကို အရှည်ကြီးလို့ပဲ နာမည်ပြောင်နဲ့ ခေါ်ကြတယ်"

သူလက်ညှိုး ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သောအခါ 'ကြက်ခြေထောက်ကြီး' ကိုမြင်ရသည်။ သူမက အပြင်ထွက်တော့မည့်ဟန်ဖြင့် မတ်တက်ရပ်ပြီး လွယ်အိတ်ထဲမှ ထီးကိုထုတ်နေသည်။ အဝါရောင်လက်သန်းကလေးက ဘေးမှာထိုင်နေ၏။

"ဟာ... လွဲကုန်ပြီ ကိုညွှန့်လွင်၊ ကျွန်တော်ပြောတာ သူ မဟုတ်ဘူး"

သေသေချာချာ ပြောပြခဲ့ပါလျက်နှင့် ကိုညွှန့်လွင် ဘာကြောင်ပြန်သလဲ မသိဘူးဟု တွေးမိသည်။ သူပြောပြသည့် ပုံပန်းသဏ္ဍာန်နှင့်လည်း နည်းနည်းမှ မတူ၊ ဒီတစ်ယောက်က အသားမည်းမည်း၊ ကလန်ကလား မျက်လုံးမှေးမှေး...

"ဘယ်လို... ငါ နားမလည်တော့ဘူး၊ မင်းစောစောက ပြောတော့ တောင်းပန်ရမှာက... အရှည်ကြီးဆို"

"သွားပါပြီဗျာ..."

ခင်စံပယ်လှိုင်ဟုခေါ်သည့် ကြက်ခြေထောက်ကြီးက သူတို့နှစ်ယောက်ကို မြင်သောအခါ လှမ်းပြီးပြုံးပြသည်။

"ဩော်... လာကြ၊ လာကြ မမကို တောင်းပန်ချင်တယ်ဆိုတာ မင်းလား"

သူ ဘာပြန်ဖြေရမည်မသိ။ ကိုညွှန့်လွင်ဘက်ကို လှည့်ကြည့်လိုက်သောအခါ အူကြောင်ကြောင် အမူအယာကို မြင်ရသည်။

ညီညီ... နဖူးမှာ ချွေးစက်စို့လာ၏။ မျက်ဝန်းထောင့်စွန်း တစ်နေရာမှာ အဝါရောင်အရိပ်ကလေးကို မြင်နေရသောကြောင့် သူ့ စိတ်တွေပိုပြီး ယောက်ယက်ခတ်လာသည်။ ခင်စံပယ်လှိုင်က ထီးကို စားပွဲပေါ် ပြန်တင်ထားကာ ထိုင်ချလိုက်ရင်း...

"လာ... လာ မင်းကို မမစောင့်နေတာ၊ မလာတော့ဘူးတောင်ထင်လို့ အခုဘဲ အပြင်ထွက်တော့မလို့၊ မင်းနာမည် ဘယ်သူ... တပည့်တွေကများတော့ နာမည်တွေ မေ့နေတယ်ကွယ်။ ဩော်... သိပြီ၊ မင်းက ပုဂ္ဂမီကျူရှင်မှာ တက်သွားတဲ့ ကျောင်းသား မဟုတ်လား... ဆယ်တန်းကို သုံးနှစ်လောက် ဖြေရတာလေ"

ကြက်ခြေထောက်ကြီးက သူ့စိတ်ထဲထင်ရာတွေ လျှောက်ပြောနေ၏။ ညီညီက...

"ဟိုဒင်း…၊ မဟုတ်…"

"ဟုတ်ပါတယ်၊ မင်းကို ကောင်းကောင်းမှတ်မိနေတာပဲ၊ ဆရာ၊ ဆရာမ ဆိုတာ အတန်းထဲမှာ သိပ်တော်တဲ့ ကျောင်းသားနဲ့ သိပ်ဆိုးတဲ့ ကျောင်းသား နှစ်မျိုးကို ပိုမှတ်မိတာ၊ အဲ… သေချာပြီ၊ ပြောရင်းနဲ့မှ ပိုပို မှတ်မိလာတယ်၊ မင်းကိုတောင် ပြောလိုက်သေးတယ်လေ… 'နင် ဒီပုံစံနဲ့… ဘယ်တော့မှ ဆယ်တန်းအောင်မှာ မဟုတ်ဘူး…'လို့… မင်း အဲဒီစကားကို စိတ်နာပြီး ဖိုက်ြိုးစားလို့ အခု ဆယ်တန်းအောင်လာတာ မဟုတ်လား၊ အဲဒီလိုပဲ… ဆရာ ဆရာမဆိုတာ တစ်ခါတစ်လေ…"

"မဟုတ်ဘူး ခင်ဗျ၊ လူမှားနေ…"

" အို… ဟုတ်ပြီ၊ အဲဒီတုန်းက ခြေဆော့လက်ဆော့ သိပ်လုပ်တာလေ။ ကျုရှင်က ကောင်မလေးတစ်ယောက်ရဲ့ ပိုက်ဆံအိတ်ကို မင်းခိုးသေးတယ် မဟုတ်လား"

အော်ငိုပစ်လိုက်ချင်စိတ် ပေါက်လာ၏။ ခင်စံပယ်လှိုင်က သူမ၏ ရှည်လျားသော ခြေထောက်နှစ်ချောင်းကို ဒူးခေါင်းတစ်ခုပေါ်တစ်ခု ချိတ်လွှဲ၍ ဆရာမတစ်ယောက်၏ အမူအယာအပြည့်ဖြင့် ခပ်တင်းတင်းထိုင်လိုက်ရင်း စကားတွေ တရပ်စပ် ပြောနေသည်။

" ဟုတ်တယ်… ဟုတ်တယ်၊ အဲဒီတုန်းက မင်းခိုးနေတုန်း လက်ပူးလက်ကြပ်ကို မိတာ၊ မင်းကို ရဲစခန်းပို့မယ်လို့တောင် မမ ခြောက်လိုက်သေးတယ်လေ…၊ အဲဒီလိုခြောက်လို့လဲ မင်းအခု လူကောင်းသူကောင်းဘဝ ရောက်လာတာပေါ့၊ အခုမှ… မင်း… ဆရာ ဆရာမရဲ့ ကျေးဇူးကို နားလည်တာ မဟုတ်လား"

ဒေါသဖြစ်ဖြစ်နှင့် လှည့်ထွက်ရန်ပြင်လိုက်သည်။ ကိုယ့်အိမ်မက်ထဲက သစ်ပင်ကလေး၏ ရှေ့တွင်သူခိုးဟု စွပ်စွဲခံရသောကြောင့် ရှက်စိတ်ဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေ၏။ ပြန်ဖြေရှင်းခွင့်မရသည့် အဖြစ်ကို ဒေါသထွက်မိသလို… ရယ်လည်းရယ်ချင်လာသည်။

ခင်စံပယ်လှိုင်က သူမ၏ ရှည်လျားသော ခြေထောက်ကို တလှုပ်လှုပ်နှင့် ဒူးနန့်နေရင်း အဝါရောင်လက်သန်းကလေးဘက်သို့ လှည့်ပြော၏။

"အဲဒါပဲ ကြည့်တော့ကွာ…၊ ဆရာမ လုပ်ရတာ မလွယ်ဘူး၊ ကျောင်းစာအပြင် ကျောင်းသားတွေရဲ့ စာရိတ္တကိုပါ လိုအပ်ရင် လိုအပ်သလို ပြုပြင်ပေးရသေးတယ် "

အဝါရောင်လက်သန်းကလေးက... သူ့ကို မှတ်မိပုံမပေါ်၊ အထင်သေးသည့် မျက်ဝန်းများဖြင့် တစ်ချက်လှမ်းကြည့်ရင်း...

"သိပ်တော့ စိတ်ချလို့မရဘူးနော်၊ ဘယ်လိုမှတော့ မအောက်မေ့နဲ့၊ နင်က တပည့်တွေအပေါ် ယုံလွယ်လွန်းလို့ ပြောတာ"

ညီညီ စိတ်ထဲမှာ ထောင်းခနဲ ဒေါသဖြစ်ကာ မွန်ထူသွားသည်။ မျက်စိထဲ ဘာမှမမြင်တော့...။ ရေငွေ့ရေမှုန်တွေ ဥနေသည့် မှန်သားပြင် တစ်ချပ်ကို ဖြတ်ကာကြည့်နေရသလိုမျိုး... ဝေဝါးမွန်းကျပ်လာ၏။

'ကျွန်တော်... ပြန်မယ်ကိုညွန့်လွင်၊ ခင်ဗျားပဲ ရှင်းပြလိုက်တော့' ဟုပြောပြီး ကိုယ့်ထီးကို ကိုယ်ကောက်ယူကာ ကမန်းကတန်း လှည့်ထွက်လာခဲ့သည်။

ကျောခိုင်းထားခဲ့မှာပင် အဝါရောင်လက်သန်းကလေး၏ စကားသံကို ကြားရသည်။

" နိုးတတ်တဲ့ ဗီဇပါတဲ့ လူဟာ... တော်ရုံတန်ရုံ ဆုံးမရုံနဲ့တော့ သူတို့အကျင့်ကို ဖျောက်ခဲတယ်၊ ဗေဒင်မှာတော့ အဲဒါကို စောရနက္ခတ်ပါတယ်လို့ ခေါ်ကြတာပေါ့၊ ဟော... ဟောကြည့်၊ ပြောရင်းဆိုရင်း... နင့်ထီးကို အလစ်သုတ်သွားပြီ"

သူမ၏ စကားကြောင့် ညီညီ... ကိုယ့်လက်ထဲပါလာသည့် ထီးကို ပြန်ငုံ့ကြည့်ဖြစ်၏။ ဟာ... သွားပြီ။

ကင်တင်းမှ အထွက်တွင် သူ့ထီးကို ကိုနန်းနွယ်က ယူထားလိုက်သည်ကို မေ့လျော့နေခဲ့သည်။ လက်ထဲမှာတော့ သူအယောင်ယောင် အမှားမှားဖြင့် စားပွဲပေါ်မှ ကောက်ယူလာသည့် ခင်စံပယ်လှိုင်၏ ထီး...။

"ဟဲ့... ဟဲ့၊ ငါ့ထီး ပြန်ပေး "

" ဟာ... မဟုတ်ပါဘူး၊ ကျွန်တော့်ကို တလွဲမထင်ပါနဲ့၊ ကိုညွန့်လွင် ရှင်းပါဦးဗျာ"

ကိုညွန့်လွင်က...

"ဟုတ်တယ်… ဟုတ်တယ်၊ တို့တတွေဟာ လူကောင်းတွေ မဟုတ်ဘူး၊ ဟာ… စကားတွေတောင် များကုန်ပြီ…"

"အို… ဒီမှာ လက်ပူးလက်ကြပ် မိနေမှပဲ…"

အဝါရောင်လက်သန်းကလေး၏ အသံ…။

သူဘာမှ ပြောမနေချင်တော့။ လက်ထဲမှထီးကို စားပွဲပေါ် ပစ်တင်ပေးလိုက်ပြီး ချာခနဲလှည့်ကာ ပြေးထွက်လာခဲ့တော့သည်။

*'အစကောင်းမှ အနှောင်းသေချာ' ဟူသော စကားပုံကို သတိရမိ၏။ အချစ်တွင် အစ… အလယ်… အဆုံး မရှိသောကြောင့် အနှောင်းသေချာဖို့အတွက် အစကောင်းစရာ မလိုပါ။ အချစ်သည် လွဲချော်မှုများဖြင့်လည်း စတင်နိုင်ခွင့်ရှိပါသည်။*

မြန်မာဆိုက်ကဘာ စာအုပ်စင် မှ တင်ဆက်သည်
typing- G!VER

# အခန်း ၃

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

ပန်းပွင့်တွေ 'မတော်တဆ' ဝတ်မှုန်ကူးကြတယ် ...
ဒါနဲ့ပဲ... ကမ္ဘာပေါ်မှာ
ပထမဆုံး ဉယျာဉ်ဖြစ်လာခဲ့တာပေါ့ ...။

ချစ်သူရေ ...
'မတော်တဆဖြစ်မှု' တစ်ခုနှင့်အတူ
ငါ့ကို ရှေ့ဘူတာမှ စောင့်ပါကွယ် ...။
ဝတ်မှုန်တွေကို သွန်းလောင်း
ငါ့ကိုယ်ငါ ခုတ်မောင်းလို့လာခဲ့မယ်။
တို့နှစ်ယောက် ဉယျာဉ်တော် တည်ထောင်ခန်းပေါ့ကွယ် ...။

typing- G!VER

အင်း... ဟုတ်တယ်၊ 'မတော်တဆဖြစ်မှု' တစ်ခုနဲ့ပါ။ ယူရေးကား (EUREKA) ဆိုတဲ့ စကားကို မင်းကြားဖူးလား ...၊ အဲဒါ အာခီမိဒိဆိုတဲ့ လူကြီးတစ်ယောက် ရေချိုးကန်ထဲ ဝင်စိမ်ရာက 'ပေါလောပေါ် နိယာမ' ဆိုတာကို မတော်တဆ တွေ့လိုက်ရစဉ်မှာ ဝမ်းသာအားရ အော်တဲ့အသံပေါ့။

မတော်တဆမှုတွေ များလှတယ်။

နယူတန်ဟာ ပန်းသီးပင် အောက်မှာထိုင်နေရင်း ကမ္ဘာမြေဆွဲငင်ခြင်း အကြောင်း 'မတော်တဆ' တွေ့ရှိခဲ့တယ်။ 'မတော်တဆဖြစ်မှု'တွေဟာ လောကကြီးကို တစ်ဝက် ဖန်ဆင်းလေရဲ့...။

အချစ်ရေ...

ငါ့ဘဝရဲ့ (တစ်ခုတည်းသော) အလှပဆုံး မတော်တဆ ဖြစ်မှုကတော့ မင်းကို ရှာဖွေတွေ့ရှိခဲ့ခြင်းပါပဲကွယ်...။

မှတ်သုန်လေပြေတစ်ချက် တိုက်ခတ်လိုက်သည်။ စကြံ့ပုပုကလေး၏ ခေါင်းမိုးပေါ်မှာ သရဲတစ္ဆေတွေရုပ်တိုက် ပြေးလွှားကြသလိုမျိုး သစ်ရွက်တွေ တဖွဲဖွဲလွင့်သွားပုံကို မြင်ရ၏။ အဝါရောင်လက်သန်းကလေးကို တွေ့ချင်မြင်ချင်သော စိတ်က သူ့ရင်ဘတ်ထဲတွင် သရဲတစ္ဆေတစ်ကောင်လို လမ်းလျှောက်နေလေသည်။

ဘာရယ်မဟုတ်ပါဘဲ... အဝါရောင် လက်သန်းကလေးကို ကမ္ဘာပေါ်တွင် ပထမဦးဆုံး တည်ဆောက်ခဲ့သော မီးသတ်တပ်ဖွဲ့အကြောင်း ပြောပြချင်နေမိသည်။

ထို မီးသတ်တပ်ဖွဲ့ကို ရောမဧကရာဇ် ဩဂတ်စတပ်က တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ စတင်ဖွဲ့စည်းကာစက မီးသတ်သမားအဖြစ် ကျွန်များကို တာဝန်ပေးခဲ့သည်။ သို့သော်... နောက်ပိုင်းတွင် ကျွန်များကို ဖယ်ရှားလိုက်ပြီး လွတ်လပ်သည့် အရပ်သားများကိုသာ မီးသတ်သမားအဖြစ် ခန့်အပ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် တကယ်တမ်း မီးအကြီးအကျယ် လောင်သည့်အခါ ကျွန်များက သက်စွန့်ဆံဖျား မီးငြိမ်းသတ်ဖို့ မကြိုးစားကြသောကြောင့် ဖြစ်သည်။ သူတို့ မပိုင်ဆိုင်သော ပစ္စည်းဥစ္စာများ၊ အိမ်များကို မီးလောင်ခြင်းမှ ကာကွယ်ရန် သိပ်စိတ်ပါလက်ပါ မရှိခြင်းသည် ကျွန်များအတွက် သဘာဝကျပါသည်။

typing-G!VER

တကယ်တမ်း... အားကြီးမာန်တက် မီပြိမ်းသတ်ဖို့ ဆန္ဒပြင်းထန်သူများမှာ လွတ်လပ်သူများ ဖြစ်ပါသည်။

လူ့ဘဝဆိုသည်မှာ မီးလောင်နေသော အိမ်တစ်လုံးဖြစ်၏။ မိမိကိုယ်မိမိ လွတ်လပ်သူ အဖြစ်ခံယူထားသူများသာလျှင် ရဲရဲဝံ့ဝံ့ ရင်ဆိုင် မီးသတ်လိုစိတ်ရှိလိမ့်မည် ဖြစ်သည်။

ဘွဲ့နှင်းသဘင်လမ်းမဘေး မြက်ခင်းစိမ်းစိမ်းပေါ်မှာ အနီရောင် စိန်ပန်းတွေ ကြွေကျနေကြသည်။ ကိုနန်းနွယ်က ကွမ်းတံတွေးကို ထွီခနဲ ထွေးထုတ်လိုက်ရင်း...

"မင်းကလဲကွာ... ကားမှတ်တိုင် မေးတာပဲ၊ ပါးစပ်နဲ့ ဖြေမှရမယ့်ကိစ္စ မဟုတ်ပါဘူး၊ ခေါင်းညိတ်ပြလိုက်ရင် ရသားနဲ့... မင်းကိုက ကြောင်တာပါ"

"မဟုတ်ဘူး... ကိုနန်းနွယ်ရဲ့ အဲဒီအချိန်မှာ ကျွန်တော်စိတ်က ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး၊ သူ့ကို စကားလေးတစ်ခွန်းလောက်ဖြစ်ဖြစ် ပြောလိုက်ချင်တာ"

ညီညီက သစ်ပင်တွေဆီ လှမ်းငေးရင်း ခပ်တိုးတိုး ပြောသည်။ အရွက်ဖားဖားနှင့် ကျွန်းပင်ကြီးပေါ် ရှဉ့်ညိုညိုကလေးတွေ တက်လိုက်ဆင်းလိုက် လုပ်နေကြသည်ကို မြင်ရ၏။ မိုးငွေ့ကြောင့် သစ်ပင်ကိုင်းခက်တွေ စိုစွတ်နေကြသည်။

"ကောင်မလေးက တော်တော်လှလို့လား"

ကိုနန်းနွယ်၏ အမေးကြောင့် သူအသက်ရှူသံကို ဖွဖွမှုတ်ထုတ်ဖြစ်၏။

"လှတယ်... ဆိုတာ ဘာလဲ၊ ကျွန်တော် မသိဘူး၊ ကမ္ဘာပေါ်မှာ ဘယ်သူမှလဲ အဲဒီစကားလုံးရဲ့ အဓိပ္ပာယ်ကို တိတိကျကျ သိကြမှာ မဟုတ်ပါဘူး"

သူ့မျက်ဝန်းအစုံကို မှိတ်လိုက်၏။ သူမ၏ ဆံပင်မှ သင်းပျံ့သောရနံ့ကို ရှူရှိုက်ရသည်ဟု ထင်ချင်သည်။ သူမသည် အဝါရောင်ငှက်ကလေးတစ်ကောင် ဖြစ်၏။ သူ့ရင်ခုန်လာသည်။ အိပ်မက်လိုလို အာရုံထဲတွင် လက်သန်းကလေး တစ်ချောင်းထဲမှာ

မြန်မာ့စာကြည့်တိုက် တင်ဆက်သည်
Typing- GIVER

ရွှေရောင်လက်သည်းဆိုးဆေး ဆိုးထားသည့် သူမ၏ လက်ဝဲဘက်လက်ကလေးကို မြင်ယောင်လာသည်။

"ဟော... မိုးစက်တွေ ကျလာပြီ၊ ရော့... ဟော့ကောင် မင်းငါ့ဆီမှာ ကျန်ခဲ့တဲ့ထီး"

ကိုနန်းနွယ် လက်ထဲမှထီးကို သူလှမ်းယူသည်။ အဲသည်အချိန်မှာပင် နှစ်ယောက်သား ပြိုင်တူရယ်မိကြလေသည်။

မနေ့က ကိုညွန့်လွင်ကြောင့် အလွဲလွဲအချော်ချော် ဖြစ်ခဲ့ရသည်ကို ပြန်သတိရပြီး သူ ရှက်သွား၏။ သူက ရှက်ကိုးရှက်ကန်းဖြင့်

"ဒီလူဗျာ၊ လူများပုံကလဲ နည်းနည်းပါးပါး ခပ်ဆင်ဆင်တူလို့ မှားတယ်ဆိုရင် ထားပါတော့၊ အခုတော့ တလွဲကြီး ဘယ်နေရာမှ မတူဘူး။ အရပ်က ကလန်ကလား... အသားကမည်းမည်း"

ကိုနန်းနွယ်က ရယ်မောရင်း...

"ဟိုအမျိုးသမီးက အသားတော်တော်မည်းလား"

သူ ပခုံးတွန့်မိ၏။ မနေ့က အဖြစ်အပျက်ကို ပြန်မြင်ယောင် ကြည့်လိုက်သည်။ ဖတ်ခဲ့ဖူးသော ဦးပုည၏ စာတစ်ပိုဒ်ကို ဖျတ်ခနဲ သတိရလိုက်၏။

*အသားတော် ရောင်ထွက်တာက*
*မှောင်နက်လို့ မဲညို*
*ထောင်ထွက်နှင့် မကွဲလိုတယ်*
*သရဲဆို ဇာတိ*
*ခံတွင်းကသာ ထုတ်ဖော်လျှင်*
*အာပုပ်စော် ဆိုးလှပါဘိ။*
*သူ့ပါးစပ် အပြီးပေတယ်*
*သချီးတွေ အပြည့်။*
*အနီးလေ လွန်မကြည့်ချင်ဘု*
*ရှုံ့စလိ ကြောက်ဖွယ်။*
*ဘုတ်တစ္ဆေ ရုပ်ရေကျအောင်*

Typing- G!VER

*မြတ်တွေက ပေါ်လိုက်လာတယ်။*
*ကိုယ်နဲ့က ခွေးသူငယ်လို...*

ကိုနန်းနွယ်က...

"မနေ့ကတော့... ကိုညွှန့်လွင်က သူသေသေချာချာရှင်းပြခဲ့တယ်လို့ ပြောတာပဲ။ ဒီနေ့လည်း... သူ ထွန်းစန်းကို သွားရှာတယ်။ ကင်းတင်းမှာ သူတို့နှစ်ယောက် စောင့်နေလိမ့်မယ်။ ဒီနေ့ မင်းနဲ့ ထွန်းစန်း နှစ်ယောက်သွားပြီး သေသေချာချာ ပြောပြလိုက်ပေါ့"

ဇန်ဒါပင် အရိပ်တွေကျရာ ကင်းတင်းဆီသို့ နှစ်ယောက်သား လျှောက်လာခဲ့ကြသည်။ သဲဆန်သောမြေမှာ မိုးရေတွေစိုစွတ်ထားသောကြောင့် နင်းလိုက်တိုင်း ဖိနပ်တွင် မြေမှုန်သဲမှုန်တွေ ကပ်ညိတင်၏။ စကြံလမ်းအဆုံး လှေခါးပုကလေးပေါ်တွင် ရပ်လိုက်ရင်း ကိုနန်းနွယ်က...

"ဟိုနှစ်ကောင် ခုထိ မရောက်သေးဘူးကွ၊ ထွန်းစန်းကို ရှာလို့မတွေ့ဘူး ထင်တယ်"

သူတို့နှစ်ယောက်... စကြံလမ်းနှင့် ကပ်လျက် ထိပ်ဆုံးစားပွဲတွင် ဝင်ထိုင်လိုက်သည်။ စားပွဲထိုးလေးက...

"ဘာသောက်မလဲ... အစ်ကို"

လိမ္မော်ရည်သောက်လျှင် ကောင်းမလားဟု သူစိတ်ကူးနေခိုက်တွင် တစ်ဖက်မှ...

"သံပုရာရည် တစ်ခွက်"

ဟု လှမ်းမှာသံ ကြားရသောကြောင့် ညီညီ လှည့်ကြည့်လိုက်၏။ သူ၏ အဝါရောင်အိမ်မက်နနတွေ အကိုင်းအဖျားထိ ပွင့်ဖူးနေသော သစ်ပင်ပေါက်စကလေးကို မြင်လိုက်ရလေသည်။

သူ့နှလုံးအိမ် အခန်းတစ်ခုလုံး အဝါရောင်ဝတ်မှုန်တွေ ပြည့်သိပ်ဖုံးသွား၏။ ကောင်းကင်သည် အဝါရောင် ဖြစ်၏။ ငှက်များသည် အဝါရောင်ဖြစ်၏။ သူမသည် အဝါရောင်ဖြစ်၏။ မြင်ကွင်းတစ်ခုလုံး အဝါရောင်ဝတ်မှုန်တွေ ဖြန့်ကျဲပက်ထားသလို ရီဝေမှုန်ဝါးလျက်...၊ သူ... တစ်ခုတည်းကိုသာ ရှင်းလင်းသဲကွဲစွာ မြင်ရ၏။ ရွှေရောင်လက်သည်းဆိုးဆေး ဆိုးထားသည့် လက်သန်းကလေးတစ်ချောင်း။

ညီညီက စားပွဲထိုးလေးကို လေသံခပ်တိုးတိုးဖြင့်...

"လိမ္မော်ရည် တစ်ပုလင်း"

သတိမပြုမိစေချင်ကာမှ ကောင်မလေးက လှည့်အကြည့်နှင့် ဆုံဖြစ်အောင် ဆုံသည်။ သူ့ကို မြင်သွား၏။ ဆတ်ခနဲ လှည့်ပြီး သူမ၏ဘေးမှ ကြက်ခြေထောက်ကြီးကို တိုးတိုးပြောသည်။

ညီညီက... ကိုနန်းနွယ်ကို ကမန်းကတန်းလက်တို့လိုက်ပြီး...

"ကိုနန်းနွယ်၊ ဟိုးမှာ... ဟိုဘက်ဝိုင်းမှာ... နေဦး ပြုံးမပြီး လှည့်မကြည့်လိုက်နဲ့ဦး၊ မသိမသာကြည့်"

ကိုနန်းနွယ်က မသိမသာ လှမ်း အကဲခတ်နေစဉ်မှာပင် စားပွဲထိုးကလေး ပြန်ရောက်လာသည်။ လက်ထဲတွင် တစ်ဖက်ဝိုင်းမှ မှာလိုက်သော သံပရာရည်တစ်ခွက်သာ ကိုင်လာ၏။ သူမှာသည့် လိမ္မော်ရည်ပုလင်း ပါမလာ...

ညီညီက...

"ဟေ့ကောင်... လိမ္မော်ရည်ပါဆို... မပါလာဘူးလား"

"အောရင့်(ချ်) (လိမ္မော်) ပုလင်း ကုန်နေတယ် အစ်ကို၊ စပါကလင် ဖြစ်ဖြစ်၊ ဖရုတို ဖြစ်ဖြစ် သောက်လိုက်ပါလား"

"ဟာကွာ...၊ မသောက်ချင်ဘူး၊ ဟိုဘက်ဆိုင်က မှာပေး"

"လုပ်ပါအစ်ကိုရာ...၊ ဟိုဖက်ကမှာပေးရင် ဒီဆိုင်ရှင်က ကျွန်တော်တို့ကို ဆူတတ်လို့ပါ၊ ရှိတာပဲ သောက်လိုက်ပါဗျာ"

စားပွဲထိုးလေးက အသံသံတိုးတိုးဖြင့် တောင်းပန်ရင်း ဟိုဖက်ဝိုင်းသို့ ပျာပျာသလဲ ကူးသွားပြီး သံပရာရည်ခွက်ကို ချပေးနေသည်။ ညီညီက စားပွဲထိုးလေးကို ကြည့်ပြီး သနားသွားမိသည်။ သို့သော်... တမင်တကာပင်

"မရဘူးကွာ... ငါက အောရင့်(ချ်)မှ အောရင့်(ချ်)ပဲ၊ လိုချင်တာ ဒီတစ်ခုပဲ၊ ငါက အောရင့်(ချ်) ကို အသေအလဲ ကြိုက်တာကွ"

တစ်ဖက်ဝိုင်းသို့ ရောက်နေသော စားပွဲထိုးကလေးကို လှမ်းအော်ပြောလိုက်သည်။

သူ့စကားကြောင့် ကောင်မလေးတွေ တစ်ချက် မျက်နှာပျက်သွားကြသည်ကို မြင်ရ၏။ ဘာဖြစ်လို့ပါလိမ့်ဟု သူတွေးနေစဉ်မှာပင်...

အဝါရောင် ကောင်မလေးက ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ပြီး သူ့ဆီတည့်တည့်လျှောက်လာ၏။

"ရှင် ဘာစကားပြောတာလဲ၊ လူကို နောက်စရာများ မှတ်နေလား"

သူ နားမလည်၊ ကြောင်ငေးကြည့်နေမိသည်။

"ဗျာ... ကျွန်တော်ကို ပြောတာလား"

"ရှင်... အူကြောင်ကြောင် လုပ်မနေနဲ့"

အဝါရောင်ကောင်မလေး၏ မျက်ဝန်းများက နေရောင်တွင်လက်သွားသော ဓားသန်လျှက်တစ်စင်းလို သူ့ရင်ဘတ်ပေါ်ကို အရှိန်ပြင်းစွာ ထိုးစိုက်ကျလာ၏။

"ကျွန်တော်ခင်ဗျားကို ဘာနောက်မိလို့လဲ"

"ဘာ... စောစောက အောရင့်(ချ်)ကို အသေအလဲ ကြိုက်တယ်ဆိုတဲ့ စကားက ဘာစကားလဲ"

အဝါရောင်ကောင်မလေးက ဒေါသတကြီးဖြင့် သူ့အင်္ကျီကော်လံစကို ဖြုန်းခနဲ ဆွဲကိုင်ခါယမ်းလိုက်၏။ သူအံ့သြနေဆဲမှာပင် တစ်ဖက်ဝိုင်းမှ သူမ၏ သူငယ်ချင်းများက...

"ဟဲ့...၊ အောရင့်(ချ်)"

ရင်ထဲမှာ ရန့်တစ်ခုလင်းခနဲ ဖြစ်သွား၏။ သူမနာမည်... အောရင့်(ချ်) O... R... A... N... G... E...

စကားလုံးလေးများသည် ရွှေရောင် လင်းလက်တောက်ပ နွေးထွေးလျက် ရင်ထဲကို တစ်လုံးချင်း လိမ့်... လိမ့်... ကျ... ကျ... လာ၏။ ငါ့ အိမ်မက်များ၏ ဝိညာဉ်၊ ငါ့ ရင်ခွင်၏ ဘုရင်မ၊ ငါ့ ဘဝ၏ ဆောင်းရာသီ၊ ငါ့ ဒဏ္ဍာရီ၏ နတ်သမီး၊ ငါ့ ခရီး၏ အိုအေစစ်၊ ငါ့ အချစ်၏ လိပ်ပြာ။

ကိုနန်းနွယ်က...

"မဟုတ်ပါဘူး၊ ခင်ဗျားကို နောက်တာ မဟုတ်ပါဘူး၊ ရိုးရိုးပြောတာ၊ လိမ္မော်ရည် မှာထားတာ အစောကြီးကတည်းကပါ။ မယုံရင် စားပွဲထိုးကလေးကို မေးကြည့်"

"ဟုတ်ပါတယ်... တိုက်ဆိုင်သွားတာပါ။ ခင်ဗျားနာမည်ကို ကျွန်တော် သိတောင်မသိပါဘူး"

အဲဒီအချိန်မှာပင် စင်္ကြံလမ်းအဆုံး လှေခါးပုလေးမှ ကိုညွှန့်လွင် ဆင်းလာသည်။ သူနောက်တွင်ပါလာသည့် ကိုထွန်းစန်းက...

"ဘာဖြစ်နေတာလဲ ညီညီ၊ ဟာ... အောရင့်(ချ်)"

ကိုထွန်းစန်းကို မြင်သောအခါ ကောင်မလေးက နည်းနည်း ဒေါသအရှိန်လျော့ကျသွား၏။ သို့သော် အသက်ရှူသံက ပြင်းထန်နေဆဲပင် ရှိသေးသည်။

သူ့ အင်္ကျီကော်လံစကို ဆုတ်ကိုင်ထားလျက်သား... လူချင်း နီးနီးကပ်ကပ် ရပ်နေသောကြောင့် သူမ၏ ထွက်သက်လေငွေ့နွေးနွေးက သူ့ပါးပြင်ကို လာ လာ ထိခတ်သည်။ သူ့တစ်ကိုယ်လုံး နွေးထွေးလာသလို ခံစားရလေသည်။

"ညီမ သိပ်ဒေါသမကြီးပါနဲ့ကွာ...၊ အစ်ကို ပြောတာ နားထောင်ပါ။ အေးအေးဆေးဆေးပြော... ဟုတ်လား၊ ဒါ... အစ်ကို့ သူငယ်ချင်းပဲ၊ သူ့နာမည်က ချမ်းမြေ့ညီညီတဲ့"

ကိုထွန်းစန်း ဝင်ပြောသောကြောင့် သူမက အင်္ကျီကော်လံစကို ဆုတ်ကိုင်ထားရာမှ လွှတ်လိုက်၏။

"အစ်ကို့ သူငယ်ချင်းက ကျွန်မတို့ကို လာလာ နောက်နေတာကိုး၊ မနေ့ကလည်းတစ်ခါ...၊ အကြောင်ရိုက်ပြီး ခင်စံပယ်လှိုင့် ထီးကို ယူမလို့"

"မဟုတ်ပါဘူး၊ မနေ့ကတော့ ဒီကောင်ညွှန့်လွင် အခုကြောင်ကြောင် လျှောက်လုပ်လို့ တလွဲတွေဖြစ်ကုန်တာပါ၊ ဟော့ကောင် ညီညီ ရှင်းပြလိုက်လေကွာ"

ညီညီက အောရင့်(ချ်)ကို တစ်ချက်လှမ်းကြည့်သည်။ သူမက မျက်နှာလွှဲထား၏။ သူမ၏ နဖူးဆံစပေါ် နေရောင်ခြည်အလင်းတန်း ကျနေပုံမှာ ပုလဲဥနှင်းပေါက်ကလေး လက်ပနေသည်နှင့် တူ၏။ နှုတ်ခမ်းမှာ နှံ့သာပါးပါး ချယ်ထားသည်။ မိုးသက်လေပြည်ထဲမှာ ဆံနွယ်တွေ တလွင့်လွင့်။

အဝါရောင် လက်ပြတ်အင်္ကျီကြောင့် လက်မောင်း သွယ်သွယ်နွဲ့နွဲ့တို့၏ အပြစ်ကင်းစင်သော အလှကို မြင်ရ၏။ '*အသာတစောင်း၊ ရွှေလက်မောင်းကို၊ ပျောင်းပျောင်းနွဲ့နွဲ့၊ မှီကာတွဲ...*' ဟူသော ပျို့လင်္ကာတစ်ပိုဒ်ကို စိတ်ထဲက ရွတ်မိလေသည်။

အဝါရောင်အင်္ကျီ၏ ပခုံးစွန်းပေါ်တွင် ရွှေရောင်ဖဲကြိုးလေး တစ်စချည်ထား၏။ သူရှင်းပြနေစဉ် တစ်လျှောက်လုံး ကောင်မလေးက ခေါင်းလည်းမငြိမ့်၊ ခေါင်းလည်းမခါ။ မျက်နှာလွှဲလျက်သား အနေအထားဖြင့် ဂရိနတ်ဘုရားမ ကျောက်ဆစ်ရုပ်ထုတစ်ခုလို လှပကျက်သရေရှိ ငြိမ်သက်နေ၏။

သူ့စကားဆုံးသွားသောအခါ အရာရာသည် တိတ်ဆိတ်လွန်းစွာ ကျန်ရစ်ခဲ့သည်။

သူမက ညီညီနှင့် မျက်လုံးချင်း တည့်တည့်ဆိုင်ကာ စူးစူးရဲရဲ ကြည့်လိုက်၏။ နောက်...

"ဆောရီး"

ဟု တစ်ခွန်းတည်းပြောပြီး လှည့်ထွက်သွားသည်။ သူ... ပြုံးမိ၏။

ချစ်တတ်သူတစ်ယောက်၏ ရင်ဘတ်ထဲမှာ အပြစ်များကို မှတ်သားဘို့ရာ ခွေးရေပုရပိုဒ် မရှိသောကြောင့်... တောင်းပန်ဖို့ မလိုအပ်သည့်အကြောင်း တစ်နေ့နေ့တွင် သူမကို ပြောပြရပါဦးမည်။

typing- G!VER

# အခန်း ၄

အချစ်ရဲ့ ကျေးဇူးတော်ဂုဏ်တော်ကို ထင်ရှားစေခြင်းငှာ ဒီညာ... မင်းငါ့ကို အိပ်မက် မက်ပါလားကွယ်။ မင်းဟာ... ငါရှာဖွေတွေ့ရှိထားတဲ့ ကမ္ဘာမြေ အသစ်တစ် ဖြစ်တယ်...။ ပြီးတော့...၊ မင်းဟာ အရက်တက်ချိန်တစ်ခုလို စောင့်မျှော်ကြည့်ရှုချင်စရာ ကောင်းလောက်အောင် လှပနေသူလည်း ဖြစ်လေရဲ့။

မင်းဟာ... နတ်သမီးတွေရဲ့ သီချင်းလို အပြစ်ကင်းစွာ လှပတယ်။ မင်းဟာ... နှင်းဆီခင်းနဲ့လင်းတဲ့ မီးလျှံလို လင်းလက်မွှေးပျံ့စွာ လှပတယ်။ မင်းဟာ... စမ်းချောင်းထဲ စီးမျောနေတဲ့ ပန်းပွင့်တစ်ပွင့်ရဲ့ နူးညံ့လွတ်လပ်မှုမျိုးနဲ့... လှပတယ်။

ငါ့ရဲ့ မျက်စိဟာ မင်းကို ကြည့်ခြင်းမှာ မရောင့်ရဲနိုင်တဲ့အထိ လှပတယ်။ အရာရာကို နေသားတကျ စီစဉ်ချင်တဲ့ စိတ်ကူးအနာဂတ်တစ်လုံးပုံပြီး မင်းကို ယုံယုံကြည်ကြည် ချစ်မိတာပါ။

မလှောင်လိုက်ပါနဲ့...
ဒီကောင် ချစ်ခဲ့ပါတယ်။

Typing- G!VER

နံနက်ခင်းက သူ့မျက်ခွံများကို နမ်းလိုက်သည်။ သူ… အိပ်ရာက နိုးလာ၏။ နိုး… နိုးချင်း…

"ဒီနေ့… ချစ်သူ ခလုပ်မထိ ဆူးမငြိပါစေနှင့်"

ဟု ဆုတောင်းလိုက်သည်။

သူမနှင့် စတင်တွေ့ဆုံသည့် နေ့မှစ၍၊ နံနက်တိုင်း နံနက်တိုင်းမှာ အိပ်ရာကနိုးနိုးချင်း အဲသည်လို ဆုတောင်းတတ်လာခြင်း ဖြစ်၏။

"ကိုထွန်းစန်း၊ ကျွန်တော့်ကို ခေါ်ခိုင်းလိုက်တယ်ဆို… ကိစ္စရှိလို့လား"

ကိုထွန်းစန်းက သူ့စာအုပ်များကို လွယ်အိတ်ထဲ ထိုးထည့်ရင်း

"ထွေထွေထူးထူး ကိစ္စတော့ မဟုတ်ပါဘူး၊ မင်းနဲ့ အောရင့်(ချ်)ကို အေးအေးဆေးဆေး စကားပြောလို့ရအောင် ဆုံပေးမလို့၊ ဟိုနေ့က ပြဿနာတက်ပြီး ဝုန်းဒိုင်းကြဲနေတော့ ငါက မင်းတို့ချင်း ရင်းနီးအောင် ဘယ်လိုမှ ဝင်ပြောပေးလို့မရဘူး ဖြစ်သွားတာ"

ညီညီက ခေါင်းညိတ်လိုက်၏။ ဆံပင်တွေက မျက်နှာပေါ် အုပ်ကျလာသောကြောင့် လက်ဖြင့် ပြန်ပင့်သပ်တင်လိုက်ရသည်။ ကိုထွန်းစန်းက လွယ်အိတ်ကို နေသားတကျ ဖြစ်အောင် လွယ်လိုက်ပြီး ပုဆိုးကို ပြင်ဝတ်သည်။ နောက်… လက်ထဲမှ ကွမ်းထုပ်ကို ညီညီဘက်သို့ လှမ်းပေးရင်း…

"ရော့…၊ ကွမ်းစားဦးလေ"

သူခေါင်းခါပြလိုက်၏။

"ကျွန်တော် ကွမ်းမစားတော့ဘူး၊ ဖြတ်လိုက်ပြီ"

မင်း… ကြောင်ပဲ ဟု ကိုထွန်းစန်းကပြောကာ ရယ်၏။ သူ့ဘာမှ စကားမတုံ့ပြန်ဖြစ်။ စာသင်ခန်းတွေရှိရာ ပထမထပ်စင်္ကြံမှ ငုံ့ကြည့်သောအခါ တခြားအဆောင်များ၏ ခေါင်မိုးတွေကို မြင်ရ၏။ အမြင့်မှနေ၍ တခြား အဆောက်အဦးများ၏ ခေါင်မိုးကို ငုံ့ကြည့်ရသည်မှာ အရသာတစ်မျိုးရှိသည်ဟု ခံစားရသည်။

typing- G!VER

ဟိုး… ခပ်လှမ်းလှမ်းမှာ ဂျပ်ဆင်အဆောက်အဦး မှိုင်းပြပြကို မြင်ရသည်။

ရွှေဘိုဆောင်ရေ့က ကံ့ကော်ပင်တွေ မုတ်သုန်လေထဲမှာ ညင်ညင်သာသာ လှုပ်ယိမ်းနေ၏။

"အောရင့်(ချ်)က ဗေဒင်ကို တော်တော်ဝါသနာပါသလား ကိုထွန်းစန်း"

သူကစကား အဆက်အစပ်မရှိဘဲ ကောက်ခါငင်ခါ မေးလိုက်သောကြောင့် ကိုထွန်းစန်းက ဖျတ်ခနဲ လှည့်ကြည့်၏။

ချက်ခြင်းမဖြေ။

လက်ထဲမှ ကွမ်းထုတ်ကိုဖြေကာ ကွမ်းတယာကို ပါးစပ်ထဲထည့်လိုက်ပြီး ပါးစောင်ထောင့်မှာငုံသည်။ နောက်...

"အင်း... ဗေဒင်တွက်ရုံ၊ ဗေဒင်မေးရုံ သက်သက် ခပ်ပေါ့ပေါ့ ဝါသနာပါတာတော့ မဟုတ်ဘူး၊ ဒါကို ပညာရပ်တစ်ခုအနေနဲ့ကို လေးလေးနက်နက် လေ့လာထားတာကွ အပျော်သဘောနဲ့သာ သူငယ်ချင်းတွေကို ဗေဒင်တွက်ပေးနေတာ... တကယ့် သူ့ရည်ရွယ်ချက်က ဗေဒင်ဟောစားဖို့ မဟုတ်ဘူး၊ ဗေဒင်ပညာကို သင်္ချာတို့၊ ယုတ္တိဗေဒတို့ဆိုတဲ့ ပညာရပ်တွေထက် ပိုကျယ်ပြန့်တယ်၊ စနစ်ကျတယ်လို့ ယုံကြည်ပြီး လေ့လာနေတာ... တကယ်ပြောတာ။

ပြီးခဲ့တဲ့ နှစ်တုန်းက အနောက်ပစိဖိတ်တက္ကသိုလ်ကို သူစာတမ်းတစ်ခုတင်ဖို့ ကြိုးစားသေးတယ်ကွ၊ ခေါင်းစဉ်က 'မြန်မာ့လူ့အဖွဲ့အစည်းနှင့် နက္ခတ္တဗေဒ အမြင်' လား... အင်း၊ အဲဒီသဘောမျိုးပဲ၊ အဲဒါ... တင်ဖြစ်သလားတော့ မသိဘူး၊ ရေးနေတာတော့ တွေ့တာပဲ"

သူ မယုံကြည်ချင်သလို ခံစားရသည်။ အဲသည်လို နိုင်မာတောက်ပမှုမျိုးက သူ့အသိအာရုံနှင့် စိမ်းနေသောကြောင့် ဖြစ်ပေလိမ့်မည်။ သူ မကြားဘူး၊ မကြုံဘူးသောကိစ္စမို့ စိတ်ထဲတမျိုးဖြစ်နေမိ၏။ သူမ၏နာမည်နာမကို လေးလေးစားစား ရင်ထဲက ရွတ်ဆိုမိလေသည်။ တစ်ဆစ်ချိုးလှေကားကို ကွေ့ဆင်းလာခဲ့သည်။ စင်္ကြံပေါ်မှာ လူရှင်းနေ၏။

"မြန်မြန်လာကွာ၊ ဟိုမှာ ညွန့်လွင်နဲ့ နန်းနွယ် စောင့်နေလိမ့်မယ်၊ မင်းတစ်ယောက်တည်းဆို ကြောင်တောင်တောင် ဖြစ်နေမှာစိုးလို့ ဒီကောင်တွေပါ ခေါ်ထားတာ"

ညွှန့်လွင်... ဟူသည့် အမည်နာမကြောင့် ဆတ်ခနဲတုန်လှုပ်သွားမိ၏။ ကိုထွန်းစန်းက လွယ်အိတ်ထဲမှ လက်ကိုင်ပုဝါကို ဆွဲထုတ်ပြီး သူ့ကို လှမ်းပေးသည်။ ညီညီ... ကြောင်နေ၏။

"ရော့... လက်ကိုင်ပုဝါ"

"ဘာလုပ်ဖို့လဲ... ကိုထွန်းစန်း"

"သုတ်ဖို့...၊ မင်း ချွေးတွေပြန်နေတယ်"

ကိုထွန်းစန်းပြောလိုက်ကာမှ အောရင့်(ချ်) နှင့်တွေ့ရမည်ကို ကြောက်သလိုလို ဖြစ်နေမှန်း ကိုယ့်ဖာသာကိုယ်ပြန်ပြီး သတိထားမိသွား၏။

သူတို့နှစ်ယောက် ကင်တင်းသို့ ရောက်သွားသောအခါ ကိုညွှန့်လွင်နှင့် ကိုနန်းနွယ်တို့ ရောက်နှင့်နေသည်ကို တွေ့ရ၏။ အောရင့်(ချ်)၊ ခင်စံပယ်လှိုင်တို့နှင့်အတူ လေးယောက်သား ခေါင်းချင်းဆိုင်ကာ တတွတ်တွတ် ပြောနေကြသည်။ ကိုညွှန့်လွင်က...

"လုပ်စမ်းပါဟာ...၊ ငါ့ကိုဗေဒင်လေးဘာလေး တွက်ပေးစမ်းပါ၊ အခုတလော ကံဇာတာနိမ့်နေတယ် ထင်တယ်၊ ငါလုပ်လိုက်သမျှ အလွဲလွဲ အချော်ချော်တွေချည်းပဲ"

"ဘယ်တုန်းကမှမလွဲတာ မရှိဘူးလို့လဲ ပြောစမ်းပါဦး၊ အမြဲတမ်း ဒီအတိုင်းချည်းပဲ မဟုတ်လား"

သူတို့နှစ်ယောက်ကို မြင်သွားသောအခါ နန်းနွယ်က လှမ်းခေါ်သည်။ ကိုထွန်းစန်းက ညီညီလက်ကိုဆွဲပြီး ထိုင်ခိုင်း၏။

အောရင့်(ချ်)က တစ်ချက်မော့ကြည့်သည်။ ညီညီ့ကို မြင်သွားသောအခါ ခေါင်းပြန်ငုံ့ပြီး စာရွက်ပေါ်တွင် တွက်ချက်ရေးခြစ်နေ၏။ ခဏကြာပြီးနောက်... သူမက ခေါင်းပြန်မော့ပြီး...

"အင်း... ကိုညွှန့်လွင်က ဘင်္ဂဖွားပဲ"

"လူတိုင်း... ဖင်ကပဲ ဖွားကြတာပါပဲဟယ်၊ နင်က ငါ့ကျမှ အဲသလိုပြောတော့... ရက်စရာကြီး"

ကောင်မလေး စိတ်တိုသွား၏။ မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး...

"ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီမှာ မဟာဘုတ်တိုင်ထဲက ပုတီဖွား၊ အမိပတီဖွား… ဆိုတာကိုပြောနေတာ၊ အင်း… စန်းယှဉ်နေတဲ့ နက္ခတ်က မိဂသီ… ဆိုတော့"

"မိဂသီဆိုတာ အကြောပြေလိမ်းဆေးလား"

"ကြယ်သုံးလုံးပါတဲ့ ကြယ်စုကိုပြောတာ၊ လိပ်ခေါင်းပုံသဏ္ဍာန် ရှိတယ်"

"ဟာ… ငါ လိပ်ခေါင်းရောဂါ ဖြစ်ဖြစ်နေတာကြောင့်လား မသိဘူး"

"ဒီရာသီခွင်ထဲမှာတော့ လဂ်က 'မနေလဂ်'ပဲ"

"အနူလက်… ဟုတ်လား၊ တော်တော်ရှုံစရာ ကောင်းမှာပဲနော်"

"တော်ပြီ၊ တော်ပြီ၊ ကိုညွန့်လွင် အဲဒီလိုပေါက်ကရတွေ လျှောက်ပြောနေရင် ကျွန်မ မဟောတော့ဘူး"

ဟု ကောင်မလေးက စိတ်ဆိုးမာန်ဆိုး ပြော၏။

"အလကား စတာပါဟာ၊ နင်ကလဲ စိတ်မဆိုးပါနဲ့"

"ဆိုးမှာဘဲ"

သူမက အောက်နှုတ်ခမ်းကို ဖွဖွလေးကိုက်ရင်း မျက်နှာကို ပုပ်ထား၏။

သူမကို ကြည့်ရင်း ညီညီ ရယ်ချင်လာသည်။ ကိုထွန်းစန်းက

"ညီမ… အောရင့်(ချ်)"

အသံပျော့ပျော့လေးနှင့် ခေါ်လိုက်၏။ ကောင်မလေးက

"ဘာလဲ"

"ဒီမှာ… ငါ့သူငယ်ချင်း ဗေဒင်ကြည့်ချင်လို့တဲ့၊ တွက်ပေးစမ်းပါ"

ကိုထွန်းစန်းကပြောရင်း ညီညီဘက်လှည့်ကာ မျက်စိတစ်ဖက် မှိတ်ပြသည်။ ကံဆိုးချင်တော့ အောရင့်(ချ်)က မြင်သွား၏။ ညီညီက မအောင့်နိုင်တော့သောကြောင့် ခစ်ခနဲရယ်လိုက်မိ၏။ ကောင်မလေး စိတ်ဆိုးသွားပြီး…

typing- G!VER

"သူ့ကို ဘာမှတောင် တွက်နေစရာ မလိုဘူး၊ အင်္ဂရုပ်ကြည့်ပြီး ဟောလို့ရတယ်၊ မျက်နှာက မျက်နှာရှူး..."

ညီညီရင်ထဲ အောင့်သွား၏။ ကောင်မလေးက...

"မျက်လုံးက သူခိုးမျက်လုံး၊ အရက်ခိုးကလဲ ဝေနေသေးတယ်၊ ရုပ်က ဓားပြရုပ်၊ မေးရိုးက အနုကြမ်းစီးမယ့် လက္ခဏာ၊ အသံက ပြာတာတာ အက်တက်တက်နဲ့၊ နှုတ်ခမ်းက ထူထူပိန်းပိန်း တဏှာကြီးမယ့်ပုံမျိုး၊ မုဒိမ်းသမား ဖြစ်ဖို့ အလားအလာရှိတယ်၊ နောက်... ပြီးတော့... လက်က လူသတ်သမားလက်"

ရင့်ရင့်သီးသီး အပြောခံလိုက်ရသောကြောင့် ညီညီ မျက်နှာ ပျက်သွားသည်။ ကိုညွန့်လွင်က သူ့ကို အားနာသွားပြီး ကမန်းကတန်း ဝင်ပြော၏။

"မဟုတ်ပါဘူးဟယ်၊ ငါ့သူငယ်ချင်းက လူရိုးလူကောင်းလေးပါ။ အရက်ဆို အနံ့တောင်ခံတာ မဟုတ်ဘူး"

"နာခေါင်းပိတ်ပြီး သောက်မှာပေါ့"

"တကယ်ပြောတာပါ၊ ငါ့သူငယ်ချင်းဟာ သူတော်ကောင်းလေးပါ၊ မျိုးရိုးသန့်လေး၊ ဥပုသ်သည်လေး"

ညီညီက စိတ်နာကျင်သော မျက်လုံးများဖြင့် ကောင်မလေးကို အဆိပ်ရှိသော သတ္တဝါတစ်ကောင်ကို ကြည့်သလိုမျိုး တစ်ချက်လှမ်းကြည့်လိုက်သည်။ နောက်...

"နေပါစေ... ကိုညွန့်လွင်၊ သူပြောချင်တာပြောပါစေ၊ မျက်ရမ်းမှန်းဆပေါ့ဗျာ... လျှောက်ပြောတယ်ဆိုတာ၊ လူတိုင်းပြောဆိုနိုင်ခွင့် ရှိတာပဲ"

တမင် ကြိုးစားလုပ်ယူထားရသည့် အေးစက်စက်လေသံဖြင့် ပြောလိုက်၏။ ရုတ်တရက် တောင့်တင်း မာကျောသွားသည့် အခြေအနေဆိုး တစ်ခုကြောင့် အားလုံးအံ့ဩသင့်ကာ တိတ်ဆိတ်ငြိမ်သက်နေမိကြ၏။

အဲသည်အချိန်တွင်မှ သူက အပြင်ထဝန်ဆုံးစကားလုံးများကို သေသေချာချာ ရွေးချယ်ပြီး အတိအကျ ဖောက်ခွဲပစ်လိုက်သည်။

Typing-G!VER

"ဗေဒင်က ကောင်းတယ်ပဲပြောပြော၊ ဆိုးတယ်ပဲပြောပြော ဘာကိုမှ ဂရုစိုက်စရာ မလိုဘူး၊ လူက ကိုယ့်တာဝန်ကိုယ်ယူဖို့ အဓိကပဲ… ဗေဒင်ဆိုတာ အလကားပါ"

ဒိုင်းခနဲ စားပွဲခုံကို လက်သီးဖြင့် ထုချလိုက်သံကို ကြားရသည်။ သူက မကြည့်။ အဝေးကို လှမ်းငေးနေလျက်သားက အေးအေးဆေးဆေး တစ်လုံးချင်းပြောသည်။

"ဗေဒင်ဆိုတာ ကံကို မျက်စိမှိတ်ပြီး ယုံတဲ့ဝါဒ (Fatalism) ကလာတာပဲ၊ လူညံ့တွေပဲ ကံကိုယုံတာ၊ လူတော်တွေက ကံကို ကိုယ်လိုချင်သလို ဖန်တီးယူတယ်၊ လူကော၊ ဘဝကော နှစ်ခုစလုံးဟာ ပုံသေတွက်နည်းထဲမှာ နေထိုင်ကြတာ မဟုတ်ဘူး၊ ဒီတော့ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာ ဗေဒင်ကကြိုသိနိုင်တယ်လို့ ထင်တဲ့လူဟာရူးလို့ပေါ့"

"ရှင်… ကျွန်မကို လာရန်စနေတာလား"

အဝါရောင်လက်သန်းကလေးက ဒေါသဖြင့် တဆတ်ဆတ်တုန်ယင်နေသည်ကို ကြည့်ရင်း သူပျော်ရွှင်လာသလို ခံစားရ၏။

"မနက်ဖြန် ဘာဟင်းနဲ့ ထမင်းစားရမယ်ဆိုတာ… ဗေဒင်က သိနိုင်လို့လား"

"ရှင်… လွန်လာပြီနော်၊ ဒါ… ပညာ၊ နားလည်လား၊ ဒါ… ပညာရပ်တစ်ခု အပေါ်စား ခန့်မှန်းချေ မဟုတ်ဘူး"

ခင်စံပယ်လှိုင်က ဟဲ့… ဟဲ့ ဟုဆိုကာ အောရင့်(ချ်)၏ လက်ကိုဆွဲထား၍ တား၏။ ကိုထွန်းစန်းက ဖြန်ဖြေပေးရန် မတ်တပ်ထရပ်၏။ သူက ကိုထွန်းစန်းကို အသာနေဟု လက်ကာပြထားလိုက်ရင်း တမင် ရိသဲ့သဲ့လေသံဖြင့်…

"အင်း… ထားပါတော့၊ ဘောလုံးပွဲ အရှုံးအနိုင်လောက်ကော တွက်လို့ရမလား၊ ဒါဆို… လောင်းကြည့်ကြရအောင်လေ၊ မင်းပညာကို… မင်းယုံရင် လောင်းရဲရမှာပေါ့၊ ဒီည… အင်တာမီလန်နဲ့ လာဇီယိုပွဲ ရှိတယ်… လောင်းမလား"

"လောင်းမယ်"

"မင်း အောက်ကနေရမှာနော်…"

"ရှင် မမိုက်ရိုင်းနဲ့နော်…"

Typing- G!VER

"မပတ်ဘူးလေ၊ အင်တာမီလန်က အထက်ကြေးပေါက်တယ်၊ သရေအရှုံး၊ ကိုယ်က အင်တာမီလန်ဘက်ကလောင်းမယ်၊ အဲဒါပြောတာ..."

အောရင့်(ချ်)၏ မျက်နှာက တည်သွားသည်။ တစ်စုံတစ်ရာကို စိတ်ဖြင့် တွက်ချက်နေသလို မျက်လုံးအစုံကိုမှိတ်ကာ ငြိမ်သက်နေ၏။ ခဏအကြာတွင် အဖြေတစ်ခုကို တိတိကျကျ ပိုင်ပိုင်နိုင်နိုင်ရလိုက်ဟန်ဖြင့်...

"ကောင်းပြီ၊ ကျွန်မက လာဇီယိုဘက်ကနေမယ်"

သူမကိုသူမ ယုံကြည်မှု အပြည့်အဝရှိသည့် မျက်ဝန်းများက တောက်ပနေကြ၏။ သူမက...

"ရှင်ရှုံးရင်... 'ဗေဒင်ပညာကို မစော်ကားတော့ပါဘူး' ဆိုတဲ့ စာတန်းကို လည်ပင်းမှာဆွဲပြီး ကင်တင်းမှာ တစ်နာရီတိတိ ထိုင်နေရမယ်၊ ဘယ့်နှယ်လဲ"

သူမလေသံက အနိုင်ရဖို့ သေချာလွန်းနေသည့် အတွက်ကြောင့် အရှက်ကွဲမယ့်ကိစ္စပဲဟု တွေးလိုက်သည်။ သူ့စိတ်ထဲက ချိန်ဆကြည့်နေမိသည်။ အင်တာမီလန် အသင်းတွင် ရော်နယ်ဒို၊ ဘက်ဂီယိုနှင့် ဇီယာရီတို့ သုံးယောက်ပါ၏။ တိုက်စစ်အားကောင်းမည်ဟု သူတွက်လိုက်၏။ နောက်ပြီး... ကန့်မယ့်ကွင်းက အင်တာမီလန်ကွင်း၊ အင်း... အနည်းဆုံး တစ်ဂိုးတော့ သွင်းမှာဘဲ။ ငါနိုင်မှာပါ ဟုတွေးရင်း...

"အိုကေ... သဘောတူတယ်၊ ကိုယ်နိုင်ရင်ကော... လောင်းကြေးက ဘာရမှာလဲ"

"ရှင်... ဘာလိုချင်သလဲ"

သူမ၏ မျက်ဝန်းတွေသည် လှပနူးညံ့စွာ ရက်စက်တော့မည့် မုန်တိုင်းတစ်ခုဖြစ်မှန်း ညီညီ နားလည်လိုက်၏။

*မုန်တိုင်းတွေ က,မယ့်လမ်းမှာ ငါ့ဘဝရဲ့ တစ်ခြမ်းကို ဖြန့်ခင်းပေးထားလိုက်ပါတယ် ချစ်သူရယ်...။ နင်းသွားပါ။ မင်းခြေဖဝါးတွေရဲ့ ဂုဏ်ကျေးဇူးကို ငါမမေ့မလျော့တတ်စေခြင်းငှာ... ငါ့ကိုသာနင်းသွားပါတော့ ချစ်သူရယ်...။*

*နိဒါန်းတွေ မပြီးအက်ခင်ကတည်းက စိုလက်သော*

*အကြည့်များနှင့် ဝေးကြရတော့မည်လား။ ရီဝေညို့မှိုင်းသည့် ညနေခင်းတွေထဲမှာ ရင်ခုန်သံတွေကို ထားရစ်ခဲ့ရတော့မည်လား။ အသက်ကို နာကျင်ခါးသီးစွာ ရှူသွင်းလိုက်သောအခါ ကံကော်ဂတ်မှုန် ဝါဝါတွေ၏ ရနံ့ သင်းပျံ့လာသည်ဟု ထင်မိသည်။*

သူ... ဖြေလိုက်သည်။

"မင်းရဲ့ ဘယ်ဘက်လက်သန်းမှာ အမြဲတမ်းဆိုးထားတဲ့ လက်သည်းဆိုးဆေး ပုလင်းလေးကိုပဲ လိုချင်တယ်"

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

typing- G!VER

# အခန်း ၅

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

*ခြေစုံပစ်ပြီး ရင်ခုန်လိုက်တယ်...*

*(ကိုယ့်ကိုယ်ကို)*

*မရဏဖွားဖြစ်မှန်း မယုံကြည်လို့...*

typing- G!VER

သက်တန့်တစ်ခုကို ငေးကြည့်ခဲ့ဖူးသည့်အကြောင်း ကြေကွဲသွားသော အိပ်မက်ရုပ်အလှလေးများဖြင့်သာ အခိုင်အမာ သက်သေထူရပါတော့မည်။ သက်တန့်တစ်ခု ပျောက်ကွယ်သွားဖို့ အချိန်ဘယ်လောက်လိုသလဲဟု သူတွေးကြည့်နေမိသည်။ ရင်ခုန်သံ တစ်ချက်အကြာ... ဖြစ်နိုင်သည်။ သူမ၏ စားသန်လျက် မျက်ဝန်းတစ်ကြည့်စာ ဖြစ်နိုင်သည်။ လက်သန်းကလေးတစ်ချောင်းစာ ဖြစ်နိုင်သည်။ ချစ်တတ်သူတစ်ယောက်၏ ဘဝတစ်ခုလုံးစာ ဖြစ်နိုင်သည်။

အလင်း တည်နေတဲ့ နေရောင်ခြည် ပျောက်သွားတဲ့အခါ...၊ ဒါမှမဟုတ် မိုးစက်မှုန်ကလေးတွေ ကင်းစင်သွားတဲ့အခါ (အဲဒီ ရေမှုန်တွေအပေါ်ကို နေရောင်ခြည်အလင်းရောင် ပြန်ဟပ်နေတဲ့) သက်တန့်ကြီးလည်း ကွယ်ပျောက်သွားရတတ်တာမျိုး မဟုတ်လားဟု သူတွေးဖြစ်၏။

အဲဒီအချိန်သည်... လောင်းကစားပွဲတစ်ခုစာ အကြာမှာလည်း ဖြစ်နိုင်ပါသည်။

ဘောလုံးပွဲက သရေကျသွား၏။ သူ့သက်တန့်ကြီးတစ်ခုလုံး ကွယ်ပျောက် မှောင်မိုက်သွားလေသည်။ သူ ... ရှုံးနိမ့်သွားပြီ။

လည်ပင်းတွင် စာတန်းတစ်ခု ချိတ်ဆွဲလျက် ကင်တင်းတွင် ကြောင်တောင်တောင် ထိုင်နေသည်။ ညီညီကိုကြည့်ကာ တချို့ကပြုံးစေ့စေ့ လုပ်သွားကြသည်။ တချို့က... ဘာလဲဟု စူးစမ်းသည့် အကြည့်ဖြင့် ကြည့်ကြသည်။ တချို့က အလကားကောင်ပါကွာ... လူကြည့်အောင် သက်သက်စတန့်ထွင်တာပါ... ဟု အထင်သေးစွာ ပြောသွားကြ၏။ ညီညီ ရှက်လာ၏။

တက္ကသိုလ်အသိုင်းအဝိုင်းက အခြားအသိုင်းအဝိုင်းတွေနှင့် မတူ။ ကိုယ့်ပညာနှင့်ကိုယ်... ကိုယ့်နယ်ပယ်နှင့်ကိုယ်၊ ကိုယ့်သိက္ခာနှင့်ကိုယ် ပြောမပြထားဘဲ အလိုလို နားလည်ကြ သတ်မှတ်ထားကြသည့် စည်းကမ်းများရှိသည်။ ကိုယ် ခုံမင်လိုက်စားသည့် တက္ကသိုလ် နယ်မြေထဲတွင် ဘာမှ ပြဿနာမရှိပါ။ အားလုံးက ကိုယ့်အလုပ်ကိုယ် လုပ်နေကြသည်။ ကိုယ့် အာရုံဝင်စားမှုနှင့်ကိုယ် မွေ့ပျော်နေသောကြောင့် တစ်ယောက်နှင့်တစ်ယောက် အနှောက်အယှက်မဖြစ်။

typing- G!VER

အခု... သူကတော့ မည်သည့်နယ်ပယ်ထဲမှာမှမပါ။ အလကား သက်သက် အရူးထသလိုဖြစ်နေ၏။

သည်အသိုင်းအဝိုင်းထဲတွင် သူ့အပြုအမူသည် ဘာအဓိပ္ပာယ်မှ မရှိ... လေးနက်မှုမရှိ၊ သိက္ခာမရှိဟု ခံစားရသည်။ လူတစ်ယောက်ရဲ့ အပြုအမူဟာ အဓိပ္ပာယ်မရှိရင် လေးနက်တဲ့ခံယူချက်မရှိရင်... အဲဒီလူဟာ သိက္ခာလည်း မရှိတော့ဘူး... ဟု သူတွေးမိပြီး ရှက်လာ၏။

လူတွေကို မျက်နှာချင်းဆိုင် မကြည့်ရဲသောကြောင့် ဟိုး... ခပ်ဝေးဝေးက သစ်ပင်တွေကို ငေးကြည့်နေလိုက်၏။ သစ်ရွက်တွေ အားလုံးစိမ်းနေသော်လည်း မျိုးမတူသည့် သစ်ပင်တွေမှာ သစ်ရွက်တွေ စိမ်းပုံချင်း မတူကြသည်ကို သူသတိထားမိလေသည်။

လူဆိုတာ... သစ်ရွက်တွေ စိမ်းသလိုမျိုး ကိုယ့်နည်းကိုယ့်ဟန်နဲ့ကိုယ် မှန်ကန်နေနိုင်ခွင့် ရှိတာပဲ မဟုတ်လား... ကောင်မလေးရေ။ မင်း... မှန်ပါတယ်။

သူ့ စားပွဲဘေးမှာ လူတစ်ယောက်လာရပ်မှန်း သတိထားမိလိုက်သောကြောင့် မော့ကြည့်လိုက်၏။ ကိုညွှန့်လွင်၏ ပြုံးထေ့ထေ့ မျက်နှာကို မြင်ရသည်။ ကိုညွှန့်လွင်က... ဘယ့်နယ်လဲဟူသည့် အမူအရာဖြင့် မေးငေါ့ပြ၏။ ညီညီက

"ပိုတောင် ပိုချင်လာတယ်ဗျာ"

"ဘယ်သူဆုံးတယ်လို့ ကြားလို့လဲဟင်"

'အရေးထဲဗျာ... ခင်ဗျားက နောက်နေပြန်ပြီ' ဟု ညီညီက ညည်း၏။

ကိုညွှန့်လွင်က အားရပါးရ ရယ်နေသည်။ သူစိတ်တိုလာပြီး...

"မရယ်နဲ့ဗျာ"

ကိုညွှန့်လွင်က မျက်နှာကို တမင်ခပ်မဲ့မဲ့ ဖြစ်အောင်ကြိုးစား လုပ်ကြည့်ရင်း...

"အင်း... ပိုဖို့ကျတော့လဲ မလွယ်လှဘူးကွ"

ဟု ပြောကာ ထပ်ရယ်ပြန်၏။

ထိုအချိန်တွင် ကိုထွန်းစန်း ရောက်လာ၏။ ညီညီ လည်ပင်းမှ စာတမ်းကို လူမမြင်အောင် မျက်နှာချင်းဆိုင် နေရာတွင် ကွယ်ပေးပြီး ဝင်ထိုင်သည်။ သူ... ကိုထွန်းစန်းကို ကျေးဇူးတင်မိသည်။

လူတစ်ယောက်အတွက် ကြီးကျယ်ခမ်းနားသော ကျေးဇူးပြုမှုများ မလိုအပ်ပါ။ တစ်ခါတစ်ရံတွင် အဲသည်လို အသေးအဖွဲ ဂရုစိုက်မှုလေးတွေက ပိုပြီးစစ်မှန် ပိုပြီးတန်ဖိုးရှိတတ်လေသည်။

ကိုထွန်းစန်းက လက်မှနာရီကို တစ်ချက်ကြည့်လိုက်ပြီး...

"နောက်... မိနစ် နှစ်ဆယ်လောက်တော့ သည်းခံလိုက်ဦးကွာ တစ်နာရီ ပြည့်တော့မှာပဲ"

"အောရင့်(ချ်)ကော... ကျွန်တော့်ကို လာကြည့်ဦးမှာလား"

ကိုထွန်းစန်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး... ခပ်လေးလေး ပြောသည်။

"အင်း... လာမှာပေါ့။ သူ့လောင်းကြေးကို သူလာယူမှာပေါ့"

"သူ ကျွန်တော့်ကို လျှောင်မှာပဲနော်... ကိုထွန်းစန်း"

ကိုထွန်းစန်းက အင်း... ဟု အသံရှည်ရှည်ဆွဲ၍ ခပ်ဆိုင်းဆိုင်း ပြောသည်။

အနိုင်ယူသော မျက်ဝန်းများဖြင့် သူ့ကိုတောက်ပစွာ စိုက်ကြည့်နေမည့် အဝါရောင်သစ်ပင်ကလေးကို စိတ်ထဲက မြင်ယောင်လာသည်။ သူမ၏ နှုတ်ခမ်းပေါ်မှာ ကိုယ့်ကိုကိုယ် ယုံကြည်မှု အပြည့်ရှိတဲ့ အပြုံးတစ်ခုကိုလည်း ချိတ်ဆွဲ တပ်ဆင်ထားမှာပေါ့လေ...။ ညီညီ့ရင်ထဲမှာ မိုးသားတွေ ပြိုကျတော့မလို မှုန်မှိုင်းအုံ့မှောင်လာ၏။ သူက စိတ်မရှည်စွာဖြင့်...

"ကဲ... လာရင်လဲ မြန်မြန်လာတော့လေဗျာ၊ ဒုက္ခအလာကို စောင့်ဆိုင်းနေရတဲ့ စိတ်ဝန်ထုတ်ဝန်ပိုးက တကယ့်ဒုက္ခထက် ပိုလေးတယ်။ ရှောင်လွှဲလို့မရတာ သေချာနေမှတော့ အဲဒီဒုက္ခကို မြန်မြန် ရင်ဆိုင်ပစ်လိုက်ချင်စိတ်ပေါ်လာပြီ"

ကိုထွန်းစန်းက သူ့ကို စာနာတတ်စွာစိုက် ကြည့်ရင်း...

"လာတော့မှာပါ၊ အခုလေးတင် အတန်းလွှတ်လို့ ငါထွက်လာတာ...၊ အခန်းဝမှာ သူရယ်၊ ကြက်ခြေထောက်ရယ်၊ အေးစန္ဒာလို့ခေါ်တဲ့ တစ်ယောက်ရယ်... ဘာလုပ်နေကြတာလဲတော့ မသိဘူး၊ တွေ့တော့တွေ့ခဲ့တာပဲ သူတို့နောက်က လိုက်လာမယ်ထင်တယ်"

စကြ်ာလမ်း အဆုံးဆီ နောက်ပြန် လှည့်ကြည့်ရင်း ပြော၏။ ထို့နောက်... ညည်းညူလိုက်သံဖြင့်...

"မင်းကွာ... သူ အလေးအနက်ထားတဲ့ ပညာကိုမှ သွားပြီး အလောင်းအစား လုပ်ရတယ်လို့၊ စော်ကားသလို ဖြစ်သွားတာပေါ့"

"မဟုတ်ဘူး... ကိုထွန်းစန်းရဲ့၊ စော်ကားတာ မဟုတ်ဘူး၊ ကျွန်တော့်ကို ယုံပါဗျာ၊ ကျွန်တော် ရည်ရွယ်တာက... ဒီပညာဟာ တကယ်တမ်း လူ့ဘဝထဲက ကိစ္စတွေကို ဖြေရှင်းလို့မရဘူးဆိုတာ သိစေချင်တာ တစ်ခုပဲ"

"သိပ်ယုံကြည်စိတ်ချလောက်စရာ မရှိတဲ့ ပညာရပ်တစ်ခုကို လေ့လာရင်း သူ့ဘဝတစ်ခုလုံး အချိန်ကုန် မသွားစေချင်ဘူး၊ အဲဒါကြောင့် တမင် သူမခံချင်အောင် ပြောပြီး အလောင်းအစားလုပ်လိုက်တာ၊ အဲဒါ... ကျွန်တော် မှားလား"

"မင်းကို ငါယုံပါတယ်ကွာ၊ ဒါပေမယ့် ပြဿနာက... မင်းရဲ့ကံကြမ္မာဆိုတာကို ခံယူပုံအမြင်နဲ့ အောရင့်(ချ်)ရဲ့အမြင် မတူဘူး။ ပြဿနာက... ဒါပဲ၊ မင်း ခံယူချက်ကို သူ့ရင်ထဲ အတင်းအဓမ္မသွင်းပေးလို့ မရဘူးလေကွာ"

သူခေါင်းညိတ်၏။

ကိုထွန်းစန်းက ဟိုး... အဝေးကောင်းကင်မှ တိမ်တိုက်တွေကို ငေးကြည့်ရင်း လေးလေးတွဲ့တွဲ့ ပြောသည်။

"လူဆိုတာကိုယ်ကြိုက်တတ်တဲ့ အယူအဆကို လွတ်လွတ်လပ်လပ် ယုံကြည်ခွင့် ရှိတယ်မဟုတ်လား"

ဘယ်သူဟာ အမှောင်ထုထဲက လွတ်လပ်ခဲ့ပါသလဲ...။

အနည်းဆုံးတော့... မင်းဟာ တစ္ဆေသရဲကို ယုံကြည်နိုင်တယ်။ အနည်းဆုံးတော့... မင်းဟာအမှန်တရားကို ယုံကြည်နိုင်တယ်။ အနည်းဆုံးတော့... မင်းဟာ အချိန်နာရီတွေကို ယုံကြည်နိုင်တယ်။ အနည်းဆုံးတော့... မင်းဟာ ရီလေတစ်ဗတီ သီအိုရီကို ယုံကြည်နိုင်တယ်။ အနည်းဆုံးတော့... မင်းဟာ သစ္စာလေးပါးကို ယုံကြည်နိုင်တယ်။ ဆန္ဒရှိရင်... ကမ္ဘာကြီးဟာ အပြားကြီးပါလို့လည်း ယုံကြည်နိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့်...

ငါ့ရဲ့ ချစ်လှစွာသော ဗေဒင်ဆရာမလေးရေ...။

ငါတို့ရဲ့ ကံကြမ္မာတွေကို ချုပ်ကိုင်ချယ်လှယ်ထားတဲ့ တန်ခိုးရှင်တစ်ပါးပါး ရှိတယ်လို့တော့ ဘယ်နည်းနဲ့မှ မယုံကြည်ပါနဲ့။ ကျေးဇူးပြုပြီး... လွတ်လပ်ကြည့်လိုက်စမ်းပါ။ အဝါရောင် လက်သန်းကလေးရယ်။

"ဆယ့်ငါးမိနစ်တောင် ရှိသွားပြီ၊ အောရင့်(ချ်)တို့ ခုထိမလာသေးဘူး၊ ဘာဖြစ်နေသလဲ မသိဘူး ကိုထွန်းစန်း"

ညွန့်လွင်က သူ့ကို နားမလည်သလို ကြည့်ရင်း...

"မလာလောက်ပေါင်လေပေါ့ကွ၊ ဟော... အခုချိန်စေ့တော့မယ်၊ နည်းနည်းလေးပဲ လိုတော့တယ်... ပြီးရင် မင်းလည်ပင်းက စာတန်းကြီး ဖြုတ်ပစ်လိုက်လို့ရပြီ၊ သူတို့ရောက်လာတော့ မင်းကိုလျောင်လို့ မရတော့ဘူးပေါ့"

ဟုတ်သားပဲ... ဟု တွေးမိသည်။ မလာလောက်ပေါင်လေပေါ့။ ထိုသို့ တွေးကြည့်လိုက်သော်လည်း သူ့ရင်ထဲမှာ ပေါ့မသွား။ သူတစ်ခုခုတော့ ဖြစ်နေပြီထင်တယ်ဟူသည့် အတွေးဖြင့်သာ ပူလောင်နေသည်။ သူ့မလို စိတ်ဓာတ်ပြင်းထန်ပြီး မာနကြီးသည့် မိန်းမတစ်ယောက်အနေဖြင့် သူ့ပညာရပ်ကို စော်ကားထားသော လူတစ်ယောက်အပေါ် အနိုင်ယူဖို့ မဖြစ်မနေ လာကိုလာမည်ဟု သူ့ရင်ဘတ်က သေသေချာချာ သိနေ၏။

အခု နောက်ဆုံးအချိန်ထိ ရောက်မလာဘူးဆိုလျှင်တော့ တစ်ခုခုဖြစ်နေသည်မှာ သေချာသလောက်ရှိ၏။ ရင်ထဲမှာ ပူပန်ကြောင့်ကြစိတ်တွေက အရိပ်လို အုံ့မှိုင်းညို့မှောင်လာကြသည်။

"ကိုထွန်းစန်း... စာသင်ခန်းထဲ ခဏလောက်သွားပြန် ကြည့်ပေးပါလား"

"ဟာ... ဟော့ကောင်... ညီညီ၊ မင်း ဘာဖြစ်နေတာလဲ"

ကိုညွန့်လွင်က ဝင်ပြောသည်။

သူ မဖြေတတ်။ သူ့ကိုယ်သူလည်း နားမလည်နိုင်အောင် ဖြစ်နေ၏။

"ခင်ဗျား မသိပါဘူး... ကိုညွန့်လွင်ရာ၊ ခက်တယ်... ခံစားနေရတာကို ဘယ်လိုပြောရမလဲ၊ ပြောပြလို့မှမရတာ"

"ပြောပြလို့ မရရင် ပုံနဲ့ဆွဲပြပါလား"

"မနောက်နဲ့ဗျာ... ကိုညွန့်လွင်၊ ကျွန်တော့်ရင်ထဲမှာ ဘာတွေရှိနေလဲ... ခင်ဗျားသိလား"

"ဘယ်သိမလဲ၊ ခွေးချေးတွေရှိရင် ရှိမှာပေါ့"

ကိုထွန်းစန်းက ရယ်သည်။

ထိုအချိန်မှာပင် စကြံအဆုံးလှေခါးပုလေးပေါ်မှ ဆင်းလာသော အောရင့်(ချ်)ကို မြင်လိုက်ရ၏။ သူငယ်ချင်းနှစ်ယောက်က သူမကို တွဲလာသည်။ ဘုရားရေ... ဘာဖြစ်လို့ပါလိမ့်။ ညီညီ ထိုင်နေရာ စားပွဲဆီသို့ အောရင့်(ချ်)က မရောက်ရောက်အောင်လာဖို့ ကြိုးစားနေသည်။ ခင်စံပယ်လှိုင်နှင့် အေးစန္ဒာဟုခေါ်သည့် အခြားသူငယ်ချင်းတစ်ယောက်က သူမကို နီးရာခုံတစ်ခုံမှာ အတင်းထိုင်ခိုင်းနေ၏။ အောရင့်(ချ်)မျက်နှာတစ်ခုလုံး နီရဲနေသည်။ အသက်ရှုကျပ် နေပုံလည်းပေါ်၏။

ညီညီက ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ပြီး အောရင့်(ချ်) ဆီ ပြေးသွားသည်။

"ဘာဖြစ်လို့လဲဟင်...၊ ဘာဖြစ်လို့လဲ"

ကိုထွန်းစန်းကော ကိုညွန့်လွင်ပါ ကြောင်ငေးနေရာမှ သတိရပြီး ပြေးလာကြ၏။ ခင်စံပယ်လှိုင်က...

"အလားဂျစ် (Alergic ဓါတ်မတည့်)ဖြစ်တာ၊ ခုနက ပြတင်းပေါက်ဘောင်မှာ သုတ်ထားတဲ့ သင်္ဘောဆေးတွေကို သွားကိုင်လိုက်မိလို့"

အောရင့်(ချ်)၏ လက်ပြင်လက်မောင်း နှစ်ဖက်စလုံးမှာ အနီရောင် အကွက်အကွက်တွေ ပြည့်လုနီးပါး။ အဖုအပိန့်တွေထနေသည်။ လည်ပင်းတစ်ဝိုက်မှာ ရဲရဲနီနေ၏။ ယားယံတိုင်း ပွတ်ရင်း ကုတ်ရင်းနှင့် ပိုပိုဆိုးလာသည်။

"ဟဲ့... ဘာမီတွန် တစ်ပြားလောက် တိုက်လိုက်ပါလား"

"စောစောတုန်းက တိုက်ထားတယ်။ ခုထိ မသက်သာသေးဘူး"

"ညီမ... အောရင့်(ချ်)၊ အဖုအပိန့်တွေကို လက်နဲ့မပွတ်နဲ့ ပိုဆိုးလာလိမ့်မယ်၊ ဟဲ့... မလုပ်နဲ့လေ"

သူမကစကားပြန်မပြောနိုင်။ ရင်ဘတ်တစ်ခုလုံး လှိုက်ကာလှိုက်ကာ အသက်ရှူနေရသည်။ နှုတ်ခမ်းတွေ သွေ့ခြောက်နေသည်။ လည်တိုင်အစပ်မှ သွေးကြောကလေး တဆတ်ဆတ်ခုန်နေ၏။ တစ်ကိုယ်လုံးတုန်ယင်ပြီး ပြိုလဲတော့မလိုလို...၊ လက်ဆစ်ခြေဆစ်တွေကလည်း ကျိုးကျေနေသည်ဟုပင် ထင်ရသည်။

"ထုံးသွားယူ... ထုံးသွားယူ၊ အဖုအပိန့်တွေကို ထုံနဲ့ပွတ်ပေးလိုက်ရင် သက်သာတယ်"

ကိုထွန်းစန်း စကားကြောင့် ခင်စံပယ်လှိုင်က ကင်တင်း ကွမ်းယာဆိုင်ကို လှမ်းကြည့်၏။ တစ်ဖက်မှာ အောရင့်(ချ်)ကို တွဲထားရသောကြောင့် လွှတ်ချထားပြီး ပြေးယူရမလိုလို... ကွမ်းယာဆိုင်ကို လှမ်းခေါ်ရမလိုလို ဖြစ်နေ၏။

ညီညီ ပြေးထွက်သွားသည်။ လည်ပင်းမှာ ဆိုင်းဘုတ်တန်းလန်းနှင့် ကင်တင်းကို ပြေးသွားနေသော သူ့ကို အားလုံးက ဝိုင်းကြည့်နေကြ၏။ သူ့ရှက်ဖို့သတိမရ။

"မတုတ်... မတုတ်... ထုံး... ထုံး... ထုံး... နည်းနည်းလောက်"

ထုံးတွေကို သူ့လက်ဖဝါးပေါ်မှာ အပုံလိုက်ကြီးသုတ်ပြီး ပြန်ပြေးလာသည်။

"လိမ်းပေးလိုက်... လိမ်းပေးလိုက်၊ အဖုတွေပေါ်ကိုလိမ်း၊ ညာဘက်လက်မှာ ပိုများတယ်"

ခင်စံပယ်လှိုင်၏ စကားကြောင့် သူ ယောင်နနဖြင့် လက်ဖဝါးပေါ်မှ ထုံးတွေကို လက်ညှိုးဖြင့်ကော်ပြီး အောရင့်(ချ်)၏ လက်မောင်းသားတစ်လျှောက် လိမ်းပေးရန် ဟန်ပြင်လိုက်သည်။ ခဏတွန့်ဆုတ် သွားမိ၏။ နောက်... စိတ်ကိုတင်းပြီး အဝါရောင်လက်မောင်းကလေးကို တို့ထိလိုက်သည်။ လက်ဖျားမှာ နူးညံ့သော အထိအတွေ့ကိုရ၏။

သူ့တစ်ကိုယ်လုံး ပြဒါးရုပ်တစ်ခု ပြိုကွဲလွင့်စင်သွားသလို တစ်စစီ တစ်မှုန်စီ စိတ်စိတ်အမွှာမွှာ ဖြစ်သွား၏။ စောစောကသောက်ထားသည့် ဆေးကြောင့်လား၊

typing-GIVER

ထုံးကြောင့်လားမသိ၊ အောရင့်(ချ်) တော်တော်သက်သာသွားသည်။ အခုမှ... အားလုံး ရယ်ရယ်မောမော ပြောနိုင်ဆိုနိုင်ဖြစ်လာကြ၏။ အောရင့်(ချ်)က...

"ကျေးဇူးပဲ"

ဟု အားလုံးကို ရည်ညွှန်းသလိုလို၊ ညီညီ့ကို ရည်ညွှန်းသလိုလို မပွင့်တပွင့် ပြော၏။ နောက်... မလုံမလဲဖြင့် ညီညီ့ဘက်ကို မျက်လုံးတစ်ဖက် ဝေ့ကြည့်လိုက်သည်။

ညီညီ၏ လည်ပင်းမှာ ခုထိတန်းလန်းချိတ်ဆွဲထားဆဲ ရှိသောဆိုင်းဘုတ်ကို မြင်သွားပြီး... အောရင့်(ချ်) ရုတ်တရက် ရယ်မိသည်။ အားလုံး၏အကြည့်က ညီညီ၏ ရင်ဘတ်ဆီ ရောက်လာသည်။ အခုမှ ရယ်ဖို့ သတိရကြပြီး... 'ဝါးခနဲ' ပြိုင်တူ ရယ်မိကြ၏။

ညီညီက ရှက်ကိုးရှက်ကန်းဖြင့် သူ့လည်ပင်းမှ ချိတ်နေသည့် ဆိုင်းဘုတ်ကို ကမန်းကတန်း ဆွဲဖြုတ်ပြီး လွှင့်ပစ်လိုက်သည်။ အောရင့်(ချ်)က . . . လက်ကာပြ၍ တားဆီးရင်း...

"ဟင်... ရှင်... ရှင် မလုပ်..."

ညီညီက အေးဆေးပိုင်နိုင်စွာ ပြုံးလိုက်ရင်း သူ့လက်မှ နာရီကို မြှောက်ကာ အောရင့်(ချ်) မြင်အောင်ပြလိုက်၏။ အချိန်စေ့သွားပြီ။

typing- G!VER

# အခန်း ၆

*အချစ်ဆိုတာ...*

*လိုချင်သလို ပုံသွင်းယူလို့ရတဲ့ ရွှံ့တုံးမဟုတ်ဘူး။*

*မျှော်လင့်စိုက်ပျိုးယူရတဲ့ သစ်ပင်တစ်ပင်ဖြစ်တယ်။*

typing- G!VER

နာကျင်တဲ့အခါ ပရုတ်ဆီလိမ်းလိုက်တော့ ပူသလို နွေးသလိုနဲ့ ခဏတဖြုတ်တော့ အနာသက်သာသွားတယ် ထင်ရတာပေါ့။ တကယ်တော့ ပရုတ်ဆီဆိုတာ ဘာရောဂါကိုမှ ကျကျနန ပျောက်ကင်းသက်သာစေနိုင်တဲ့ ဆေးတော့ မဟုတ်ပါဘူး။

ပရုတ်ဆီပူးလောက်မှ အသုံးမတည့်တဲ့ အဲဒီ "ကံကြမ္မာ" ဆိုတဲ့ စကားလုံးကြီး ထည့်ထည့်ပြောနေကြသူတွေကို ငါ မုန်းတယ်။ ချစ်သူရေ...။ မင်းနဲ့ငါ နှစ်ယောက်ပေါင်းပြီး အဲဒီ "ကံကြမ္မာ" ဆိုတဲ့အရာကြီးကို ဘောလုံး ကန်ပစ်လိုက်ကြရအောင်။ ငါတို့ တစ်သင်းတည်းနဲ့ နှစ်ဖက်ခွဲပြီး ကန်ကြမယ်။ ရှုံးပွဲမရှိစေရဘူး ချစ်သူရယ်...။

typing- G!VER

"ကောင်းကင်မှာ ကြယ်ဘယ်နှစ်လုံးရှိသလဲ အောရင့်(ချ်)"

"မျက်စိနဲ့ မြင်နိုင်တဲ့ ကြယ်ပေါင်း ၆၉၇၄ လုံးတိတိ ရှိတယ်"

သမုဒယနှောင်ရစ်သော စကားတွေဖြင့် ငါ့နှလုံးသားကို အလွမ်းတွေ လှေနံဓားထစ်မသွားစေလိုပါ။ ခရမ်းပြာရောင်အထက်အောက် ဆင်တူဝတ်ထားသော ထိုမိန်းမသည် နှုတ်ခမ်းတွေကို အတိအကျစေ့ကာ ပြုံးပြ၏။ အဆုံးအစမရှိသော တစ်နေရာဆီမှ ပျံသန်းလာသည့် ရင်ခုန်သံသည် နှလုံးအိမ်ကိုရေဆန်တက်လာသည်။ သူမကို မကြာခဏ အိပ်မက်မက်မိကြောင်း ဖြောင့်ဆိုဝန်ခံချက်ပေးလိုပါသည်။

"အတိအကျပဲလား"

သူက မယုံသလို မေးလိုက်သည်။ အောရင့်(ချ်)က...

"တိကျတာပေါ့၊ နက္ခတ္တသိပ္ပံပညာရှင်တွေ ရေတွက်ထားတာပဲ၊ လူတွေ ထင်နေကြသလို မိုးပေါ်မှာ ကြယ်တွေများလွန်းလို့ ရေတွက်မရနိုင်ဘူးဆိုတာ မဟုတ်ပါဘူး၊ အတောက်ပဆုံးကြယ်က အလုံး၂၀ပဲရှိတယ်၊ ဒုတိယ အတောက်ပဆုံးကြယ်က ၄၆လုံး၊ တတိယအဆင့်က ၁၃၄လုံး၊ စတုတ္ထအဆင့်က ၄၅၈လုံး၊ ပဉ္စမအဆင့်က ၁၄၇၆လုံး ရှိတယ်၊ မျက်စိနဲ့မြင်ရတယ်ဆိုရုံလောက်ပဲရှိတဲ့ အမှောင်ဆုံးကြယ်က ၄၈၄၀လုံး ရှိတယ်"

"အောရင့်(ချ်)က သေသေချာချာ လေ့လာထားတာပဲ"

သူမက အရေးမကြီးဟန်ဖြင့် ဒါက မူလတန်းကလေးလောက်တောင် သိတဲ့ကိစ္စပါဟု ပြော၏။ (သို့သော် အနည်းငယ် ဂုဏ်ယူစွာ တောက်ပသွားသည်ဟုတော့ ထင်ရ၏။ သူ့စိတ်ထင်သက်သက်သာ ဖြစ်ပါသည်။)

ကတ္တီပါ ခရမ်းရောင်အင်္ကျီက စိုစွတ်နက်ရှိုင်းနေသောကြောင့် ဝင်းဝါနုနည့်သော လက်မောင်းသားက ပိုပြီး ပန်းပွင့်ဆန်နေ၏။ ရင့်မှောင်သော ခရမ်းရောင် အောက်ခံပေါ်တွင် ရွှေရောင် ခါးပတ်ကြိုးလေးပတ်ထားပုံက သူမကို နတ်သမီးတစ်ပါးနှင့် ပိုပြီး တူနေစေသည်။

"ရှင်... နက္ခတ္တသိပ္ပံပညာ (Astronomy)ကို ယုံကြည်သလား"

"အင်း"

"ဒါဆို... သင်္ချာနဲ့ ယုတ္တိဗေဒ (Logic)ကိုကော"

"ယုံပါတယ်... ဘာဖြစ်လို့လဲ အောရင့်(ချ်)"

သူမက ဘောလ်ပင်တစ်ချောင်းကို လက်ထဲတွင် လှည့်ပတ်ကစားရင်း ပိုင်နိုင်စိတ်ချစွာ တစ်ချက်ပြုံးလိုက်သည်။ ထို့နောက်...

"ဗေဒင်ပညာဟာ အဲဒီ ဘာသာရပ်သုံးခုကို ပေါင်းစည်းဖို့ ကြိုးစားထားတာပဲ၊ ရှင် ဘာလို့လက်မခံတာလဲ"

အား... အဝါရောင်ကလေးရေ မင်းက ငါ့ကို အလစ်အငိုက် တိုက်ခိုက်ဖို့ ကြိုးစားတာပဲ။

"ဟင့်အင်း... ကျွန်တော်က အဲဒီပညာရပ်တွေကို မယုံကြည်တာ မဟုတ်ဘူး၊ ကံကြမ္မာကို မယုံကြည်တာ၊ လူတစ်ယောက်ရဲ့ကံကြမ္မာကို ဘယ်လိုပညာရပ်နဲ့မှ ပုံသေနည်းထုတ်လို့မရဘူး၊ ဘယ်လိုသင်္ချာနဲ့မှ တွက်လို့မရဘူး"

"ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက်မှာ လူတွေဟာ ကံကြမ္မာကို အနိုင်ယူဖို့ ကြိုးစားခဲ့ကြတာပဲ၊ ဗေဒင်ပညာဟာ အဲဒီကြိုးပမ်းမှုတွေထဲက ထွက်ပေါ်လာတာ"

ညီညီက ပုခုံးကို တွန့်ပြလိုက်၏။

*(ချစ်သူရေ... တို့နှစ်ယောက်ကြားမှာ နှင်းမထူ၊ မြူမခြားပါစေနဲ့ကွယ်)*

"အဲဒါ စိတ်ကူးယဉ်နေတဲ့ ကြိုးပမ်းမှုပဲ"

"ကျွန်မကတော့ စိတ်ကူးယဉ်နေတဲ့မိန်းမ မဟုတ်ဘူး၊ လူနဲ့စိတ်ကူး တစ်ထပ်တည်းကျနေတဲ့မိန်းမ"

typing- G!VER

သူမပြောသည့် စကားတွေက မိုးသက်လေပြေထဲတွင် အငွေ့ပျယ်ကာ

ပါးလျားလွင့်ပါသွားကြသည်။ ညီညီက သူမ၏ ရွှေရောင်လက်သန်းကလေးကိုသာ စိုက်ကြည့်နေ၏။ နောက်... ညီညီက...

"ကျွန်တော် မယုံဘူး"

"ရှင်... ဦးကုလားရာဇဝင် မဖတ်ဖူးဘူးလား"

"ဦးကုလားဆိုတာ ကျွန်တော်တို့ လမ်းထိပ်က ရေထမ်းတဲ့လူကြီးပဲ၊ သူကရာဇဝင်တွေ ဘာတွေရေးလို့လား"

ကောင်မလေး စိတ်ဆိုးသွား၏။ တော်ပြီ... ရှင်က စကား အကောင်းမပြောဘူးဟု ဆိုကာ မျက်နှာကို ဘေးတစ်ဖက်သို့လွှဲနေ၏။ ဘေးတိုက်တည့်တည့် အနေအထားကြောင့် သူမ၏ပြေပြစ်သော မဟာနဖူးနှင့် သွယ်စင်းသည့်နှာတံကို တိတိကျကျ မြင်ရလေသည်။ ညီညီက...

"အောရင့်(ချ်)... ဗေဒင်ကို စွန့်လွှတ်ပြီး တခြားဝါသနာတစ်ခုခု ပြောင်းလုပ်ကြည့်ပါလား၊ အဲ... ဟိုဒင်း... ခြင်းခတ်ပါလားဟင်"

ကောင်မလေးက 'တောက်' ခေါက်ပြီး သူ့ကို မျက်စောင်းတစ်ချက် ထိုးကြည့်သည်။ ညီညီ ရယ်ချင်လာ၏။ သူမက...

" ရှင်... အေရိုးဗစ်ကစားမယ်ဆိုရင် ကျွန်မလည်း ခြင်းခတ်ဖို့ အဆင်သင့်ပဲ၊ ကဲ... ဒီတစ်ခါကော လောင်းဦးမလား"

*ချစ်သူကို ချစ်အပ်သောနေ့မှစ၍ အဖန်ဖန်ရှုံးနိမ့်ခြင်း၌ ရှင်သန်ရမည်ဆိုသည်ကို ထိုစဉ်ကတည်းကသိခဲ့ဖို့ ကောင်းပါသည်။*

*မုန်သုန်ရာသီကောင်းကင်ဦးမှာ*
*သက်တန့်တွေ ပွင့်ဖူးနေကြတယ်လို့*
*စိတ်ကူးယဉ်ကြည့်ကြရအောင်...။*
*အဝါရောင် လက်သန်းကလေးရေ*
*လူတွေက ဘာကိုယုံကြည်တတ်ကြပါသလဲ။*

typing- G!VER

ဝမ်းနှုတ်ဆေးရောင်းတဲ့ လူတစ်ယောက်အနေနဲ့ သူ့ဆေးကိုစားရင် ဝမ်းသွားစေရမယ်လို့ ရဲရဲကြီးအာမခံနိုင်ပေမယ့် ကံကြမ္မာဆိုတာကို ဘယ်သူက အာမခံနိုင်မှာလဲ။ ဝမ်းနှုတ်ဆေးတစ်ခွက်လောက်တောင်မှ အာမခံချက် မပေးနိုင်တဲ့ ကံကြမ္မာကို လူတွေကဘာဖြစ်လို့ ယုံကြည်အားကိုးနေကြပါလိမ့်။

မိုးပြေး တစ်ပြိုက်နှစ်ပြိုက် ရွာထားသောကြောင့် သစ်ပင်ခက်လက်တွေ အရွက်တွေပေါ်မှာ စိုစွတ်စိမ်းမြသော အလင်းကိုမြင်ရ၏။ မြေသား၊ မြေမှုန်တို့သည် မိုးစက်တို့ကြောင့် ဖုန်သိမ်ကာ စိုထိုင်းထိုင်း ဖြစ်နေ၏။ လေပြေလေညင်းတစ်ချက် တိုးဝှေ့သောကြောင့် ဆံပင်တွေကြားမှာ အေးမြသွားသည်။ အချစ်ဆိုတာ မှတ်သုန်လေလိုပါပဲ။

"တစ်စုံတစ်ယောက်ရဲ့ ရင်ကို အေးမြစေဖို့ ပင်လယ်ကြီး တစ်ခုလုံးကို ဖြတ်သန်းလာခဲ့ရတာပေါ့"

ဟု တွေးမိ၏။

ညီညီတစ်ယောက် ကိုညွန့်လွင်ဘက်ကို တစ်ချက်လှည့်ပြီး မေးသည်။

"ခင်ဗျား အောရင့်(ချ်)ကို ဘယ်လိုမြင်သလဲ ကိုညွန့်လွင်"

"ဘယ်လိုမြင်ရမှာလဲ... သူ ရေချိုးနေတုန်း ငါ ချောင်းကြည့်ဖူးတာမှ မဟုတ်တာ"

ညီညီက ရယ်လိုက်ရင်း...

"ဗေဒင် ဝါသနာပါတာကိုပြောတာ၊ သူ့သဘောထားက ကျွန်တော့်အပေါ်မှာ ဘယ်လိုဖြစ်လာနိုင်သလဲ"

"ချစ်သူတွေဆိုတာကတော့ တစ်ယောက်နဲ့တစ်ယောက် ဝါသနာချင်းတူမယ်၊ စိတ်သဘောထားချင်း ကိုက်ညီမယ်ဆိုရင် အကောင်းဆုံးပေါ့ကွာ"

ကိုနန်းနွယ်က ကဗျာစာအုပ်တစ်အုပ်ကို ဖတ်နေရာမှ ဝင်ပြောသည်။ ကိုညွန့်လွင်က ပြောချင်ဇောဖြင့် သောက်လက်စ လက်ဖက်ရည်ကို ကမန်းကတန်း မျိုချလိုက်ရင်း...

Typing- G!VER

" နှစ်ယောက်စလုံး ဝါသနာတူနေလို့ ဘယ်ဖြစ်မလဲကွ၊ စာရေးဆရာ သစ္စာနီက ပြောဖူးတယ်၊ လင်ကော မယားပါ ဖဲရိုက်တာချင်း ဝါသနာတူနေလို့ ဘယ်ဖြစ်မလဲတဲ့၊ နှစ်ယောက်စလုံး တစ်ဝိုင်းထဲမှာ အဖမ်းခံရရင် အာမခံရှာပြီး ထုတ်မယ့်သူမရှိဘဲ ဖြစ်နေမှာပေါ့တဲ့"

သူတို့အားလုံး ရယ်လိုက်ကြသည်။ ရင်ထဲမှာ အနည်းငယ် ပေါ့ပါးသလို ဖြစ်လာ၏။ ကိုနန်းနွယ်က... ကဗျာစာအုပ်ကို ဖတ်လက်စ စာမျက်နှာအကြားတွင် လက်ညှိုးညှပ်ကာပိတ်ရင်း ထိုင်နေရာမှထသည်။ 'အိမ်သာ သွားလိုက်ဦးမယ်ကွာ' ဟုပြောပြီး ကင်တင်းမှထွက်၏။ ညီညီက...

"ကဗျာစာအုပ်ထားခဲ့လေ... ကျွန်တော်လဲ ဖတ်ဦးမှာ"

" ဟာ... ငါက အိမ်သာတက်ရင်း စာအုပ်တစ်အုပ်အုပ် ဖတ်နေရမှကွ၊ အကျင့်ဖြစ်နေလို့"

ကိုနန်းနွယ်အတွက်တော့ 'အိမ်သာ' သည် ကမ္ဘာ့ ဗဟုသုတများကို လေ့လာဆည်းပူးရာ ပဋ္ဌကတ်တိုက်လည်း ဖြစ်သည်။ ဂန္တဝင်မြောက် အနုပညာ လက်ရာများ၏ ရသကို ခံစားရာ ပြတိုက်လည်း ဖြစ်နေနိုင်ပါသည်။

"ကဗျာဆိုလို့ အနုပညာကိစ္စချင်း စကားစပ်ပြီး ပြောရဦးမယ်"

ကိုညွန့်လွင် စကား,စသည်။ ဘာတွေများ တလွဲပြောဦးမလဲဟု တွေးကာ ညီညီ နားထောင်နေမိကာမှ ကိုညွန့်လွင်က အတည်ပေါက်ပြော၏။

" မင်း... သီချင်းရေးတာ သီချင်းဆိုတာ အောရင့်(ချ်)သိလား"

"ဟင့်အင်း၊ ဘာဖြစ်လို့လဲ"

"ဟ... သူ့သဘောထားကို နည်းနည်းပါးပါး တီးခေါက်ကြည့်ရမှာပေါ့"

"တီးခေါက်ရအောင် အောရင့်(ချ်)က ပတ္တလားမှ မဟုတ်တာ"

ကိုညွန့်လွင်က ရေနွေးကို ပလုတ်ကျင်း၍ ထွေးထုတ်လိုက်ရင်း...

typing- G!VER

"မပဟုတ်ဘူးလေကွာ... သူ့ ဝါသနာကိုကျတော့ မင်းက ဘာဘာညာညာတွေ လျှောက်ပြောပြီး လှောင်လို့၊ ပြောင်လို့၊ မင်း ဝါသနာကို သူသိရင်ကော ဘာဖြစ်မလဲ... အဲဒါသိချင်တာ"

"ဆိုပါတော့ကွာ... မင်း ဝါသနာကို သူက အထင်သေးမယ်ကွာ... မင်းကို ကလဲ့စားချေတဲ့ အနေနဲ့ လှောင်မယ်၊ ပြောင်မယ်ကွာ၊ ကဲ... အဲဒါဆို... မင်း ဘယ်လိုသဘောထားမလဲ၊ သူ့ကို ချစ်နိုင်ပါဦးမလား"

ရင်ထဲမှာ မိုးတိမ်တွေ အုံ့လာ၏။ လေအဝှေ့တွင် ယိမ်းနွဲ့နေကြသော မြက်ပင်ရှည်တွေကို ငေးကြည့်နေဖြစ်သည်။ ငှက်တွေ ခိုနားစရာ ရှာမရကြသေး။ သူခေါင်းခါပြလိုက်၏။

"အဲဒီလို လုပ်မယ်မထင်ပါဘူး ကိုညွှန့်လွင်၊ သူက ခပ်ပေါ့ပေါ့ မိန်းကလေးမှ မဟုတ်တာ"

"အဲဒီကောင်မလေးက ခါးမှာ အုတ်နီခဲကို ကြိုးနဲ့တွဲလောင်းဆွဲချည်ပြီး ကျောင်းကိုလာလို့လား"

သူ မရယ်ဖြစ်။

"ကျွန်တော်... သူ့ကို လေးစားတယ် ကိုညွှန့်လွင်၊ ကျွန်တော်က ဗေဒင်ကို အထင်သေးတာတော့မှန်တယ်၊ ဒါပေမယ့်... သူ့ကိုတော့ အထင်မသေးဘူး၊ သူ ယုံကြည်ရာကို ရဲရဲဝံ့ဝံ့ ခိုင်ခိုင်မာမာ တည်ဆောက်နေလို့"

အဲသည်ညက သူ ကဗျာတစ်ပုဒ် ရေးကြည့်ဖြစ်သည်။

typing- G!VER

# အခန်း ၇

မင်းဟာ ငါ့ရဲ့ဥယျာဉ်ကို စောင့်ရှောက်၊
ဝိညာဉ်မျိုးစေ့တွေကို အပင်ပေါက်လာစေတဲ့
နတ်သမီးဖြစ်တယ်…။
မင်းဟာ အချိန်တွေကိုဖျက်ချိုး၊ နေနဲ့လရဲ့ အလင်းကို
အုပ်မိုးထားသူလည်းဖြစ်တယ်…။
မင်းဟာ သစ်သီးနဲ့ရနံ့တွေကို ပိုင်သူ ဆောင်းဥတုရဲ့
ဘုရင်မလည်းဖြစ်တယ်…။
မင်းဟာ သမုဒ္ဒယ နှယ်မျှင်တွေကို ခိုစီး၊ ငါ့ဘဝရဲ့
စပျစ်သီးကလေးတစ်လုံးလည်း ဖြစ်ပေတယ်…။

typing- G!VER

သင့်ထီလက်မှတ်ကို ထီပေါက်စဉ်နှင့် တိုက်ကြည့်ပါ။ အကွာရာနှင့် ဂဏန်းချင်းတူနေပါက ထီပေါက်ကိန်း ရှိသည်။

အင်းလျားကန် ရေပြင်ပေါ်တွင် နံနက်ခင်းနေရောင်ခြည်က ရွှေရောင်တောင်ပံတွေခတ်သလို တလက်လက် တောက်ပနေ၏။ အဖြူဆွတ်ဆွတ် တိမ်တိုက်တွေ ကောင်းကင်ပြာထဲမှာ တရွေ့ရွေ့လွင့်မျော နေကြသည်။ ဟိုး... ရေပြင်လယ်မှာ စိမ်းမြညိုမောင်သော ကျွန်းကလေးတွေကို မြင်ရ၏။ သစ်ပင်ထိပ်ဖျားအထက်မှာ ငှက်တွေဝဲပျံနေကြလေသည်။

သူမ... မလာသေး။

"အောရင့်(ချ်)နဲ့ ချိန်းထားတယ်ဆိုတာ တကယ်လား"

စောင့်ရသည်ကို စိတ်မရှည်တော့သည့်အသံဖြင့် ညီညီက မေးသည်။ ကိုနန်းနွယ်က...

"တကယ်ပါကွ၊ ကိုထွန်းစန်းက သူ့မွေးနေ့မို့လို့ သူငယ်ချင်းတွေကို ဘူးသီးကြော် ကျွေးချင်လို့ပါလို့ အသေအချာ ပြောပြီးတော့ ချိန်းခဲ့တာ လာမှာပေ့ါ... ခုမှ အစောကြီး ရှိသေးတယ်... မင်းကလဲ အဖြစ်သည်းလိုက်တာ"

ညီညီ နည်းနည်း ရှက်သွား၏။ ဘာမှ ပြန်မပြောတော့။ ကောင်းကင်ဆီ မော့ကာ ငှက်တွေကိုသာငေးကြည့်နေမိလိုက်တော့သည်။ ကိုနန်းနွယ်က...

"ဘာတွေ စဉ်းစားနေတာလဲ၊ တွေ့ရင် ပြောရမယ့်စကားလုံးတွေ ပါးစပ်ထဲမှာ စီနေတာလား"

"မဟုတ်ပါဘူး ကိုနန်းနွယ်ရာ... အောရင့်(ချ်)ရဲ့ စိတ်ဓာတ်အကြောင်း တွေးမိလို့ပါ၊ ငှက်တွေကိုကြည့်ရင်းနဲ့... သူ့ကို သတိရလာတယ်။ သူ့စိတ်က ဟိုးအမြင့်ဆုံးမှာ ပျံနေတဲ့ငှက်လိုပဲ"

"အမြင့်ဆုံးပျံတတ်တဲ့ ငှက်ကတော့ လင်းယုန်ပဲကွ"

ကိုနန်းနွယ် စကားကြောင့် သူ စိတ်ညစ်သွား၏။ ထိုအချိန်တွင် ကိုညွန့်လွင်က ဗလာစာရွက်တစ်ရွက်ကို ထုတ်ကာ... 'တနင်္ဂနွေသမီး အောရင့်(ချ်)အတွက် ဟောကိန်း'

ဟု ခေါင်းစဉ်တပ်လိုက်သည်။ နောက် 'သင့်ထီလက်မှတ်ကို ထီပေါက်စဉ်နှင့် တိုက်ကြည့်ပါ။ အကွာရာနှင့် ဂဏန်းချင်းတူနေပါက ထီပေါက်ကိန်းရှိသည်' ဟု စာရေးလိုက်သည်ကို လှမ်းမြင်ရ၏။

ညီညီက...

"ဟာ... ကိုညွန့်လွင်၊ ဘာတွေ ပေါက်ကရ လျှောက်လုပ်ဦးမလို့လဲ၊ သူမြင်သွားရင် စိတ်ဆိုးလိမ့်မယ်... ပေး... ပေး"

ဆတ်ခနဲလုပြီး ဆုတ်ဖြဲ ပစ်လိုက်သည်။ စာရွက်ကို ကိုင်ထားသည့် ညီညီလက်မှ လက်သန်းကို ကိုနန်းနွယ်နှင့် ကိုညွန့်လွင်တို့ မြင်သွားကြပြီး...

"ဟေ့ကောင်... မင်းလက်မှာ..."

သူ့လက်ကို ကမန်းကတန်း ဝှက်လိုက်သော်လည်း မမီတော့။ သူ့ လက်ဝဲဘက်လက်သန်းမှာ ရွှေရောင်လက်သည်းဆိုးဆေး ဆိုးထားသည်ကို သူတို့နှစ်ယောက် မြင်တွေ့သွားကြလေသည်။

"မင်း အရူးပဲ"

"တော်တော် အဖြစ်သည်းတဲ့ကောင်"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသည်။ ညီညီက... နားရွက်ကို လက်နှစ်ဖက်စလုံးဖြင့် ဆို့ပိတ်ထားလိုက်၏။ ထိုအခိုက်မှာ ကိုနန်းနွယ်က အသံတိုးတိုးဖြင့် ညွန့်လွင် နားသို့ကပ်ပြီး...

"ဒီကောင့်ကို နည်းနည်းပါးပါးတော့ ပညာပေးဖို့ အချိန်တန်ပြီကွ၊ ဘယ်လိုလဲ ညွန့်လွင်"

"လုပ်လေ... မင်းမှာ ဘယ်လိုစိတ်ကူးရှိလို့လဲ"

ဟုညွန့်လွင်က ပြန်မေးသည်။ ကိုနန်းနွယ်က တိုးတိုးကလေး...

"ပိုက်ဆံ တစ်ထောင်လောက်တော့ ရင်းရမယ်ကွ၊ တက္ကသိုလ် ဓမ္မာရုံပြုပြင်ရေး အလှူခံဌာနကို ခဏလောက်သွားရအောင်"

"ဘာလုပ်ဖို့လဲ"

မြန်မာ့စာပေ တင်ဆက်သည်
typing- G!VER

"အလှူငွေ သွားထည့်မှာပေါ့။ ပြီးတော့... အလှူရှင်တွေကို ပြန်ပေးတဲ့ ဂုဏ်ပြုကဒ်ပြားပေါ်မှာ ဦးချမ်းမြေ့ညီညီ၊ ဒေါ်အောရင့်(ချ်)လို့ ရေးခိုင်းလိုက်ရုံပဲ၊ အဲဒီကဒ်ပြား ငါတို့လက်ထဲရောက်ရင် ကိစ္စပြီးပြီ"

ညွှန့်လွင် သဘောကျပြီး အော်ရယ်သည်။

ညီညီက သူ့ကိုလှောင်ပြီး ရယ်နေသည်ဟု ထင်မှတ်သောကြောင့် နားရွက်နစ်ဖက်ကို ပိတ်မြဲပိတ်ထားဆဲ ရှိသေး၏။

"ဟော... ဟော့ကောင် ကြည့်၊ ဟိုမှာ အောရင့်(ချ်)တို့ လာနေပြီ"

သူ့ပုခုံးကို ကိုညွှန့်လွင်က လှုပ်ကာ ပြောပြောဆိုဆိုနှင့် လက်ညှိုးထိုးပြသည်။ သူ လှမ်းကြည့်လိုက်သည်။ အဝါရောင် ကြယ်တံခွန်တစ်ခု ကမ္ဘာ့မြေပြင်ပေါ် ကြွေကျလာသည်ကို မြင်ရလေသည်။

ကိုထွန်းစန်းက ညီညီတို့သုံးယောက်ကို လှမ်းကြည့်ပြီး...

"ဘာတွေရယ်နေကြတာလဲ"

"ညွှန့်လွင် ဘကြီး... ကိုယ်ဝန်ရှိလို့တဲ့"

အောရင့်(ချ်)နှင့် ခင်စံပယ်လှိုင်တို့က ပါးစပ်ကို လက်ဝါးနှင့်ကာ၍ ရယ်သည်။

"လာကွာ... ဘူးသီးကြော်စားရအောင်"

ဟု ကိုထွန်းစန်းက ခေါ်သောကြောင့် အင်းလျားကန်စပ်ဆီ အတူလျှောက်ခဲ့ကြ၏။ အောရင့်(ချ်)က...

"သူတို့ကိုပဲ ကျွေးလိုက်ပါ။ ကျွန်မ ဘူးသီးကြော် မစားချင်ဘူး ကိုထွန်းစန်း"

"ဟင်... ဘာဖြစ်လို့လဲ"

ညီညီက စိတ်ပူသောမျက်နှာဖြင့် လှမ်းကြည့်၏။ အောရင့်(ချ်)က...

"အစာအိမ် ဖြစ်ချင်သလိုလိုပဲ၊ အပူအစပ်တွေ စားလို့မရဘူး"

ညီညီက...

မြန်မာစာကြိုက်သူများ တင်ဆက်သည်
typing- G!VER

"ဟာ... ဒီလိုနေလို့ ဘယ်ဖြစ်မလဲ အောရင့်(ချ်)၊ တစ်ခုခုစားပေါ့၊ ဟိုဒင်း... ရေခဲမုန့်လိုဟာမျိုးဆို ကောင်းမယ်ထင်တယ်၊ အင်း... ရေခဲမုန့် စားမလားဟင်"

ပျာပျာသလဲ ဂရုတစိုက် စကားပြောနေသည့် ညီညီ့စကားကြောင့် အောရင့်(ချ်) ကြည်ကြည်နူးနူး ပြုံးမိတော့မလိုလို ဖြစ်သွားသည်။ သို့သော်...

"ဘယ်အထိ သွားဝယ်ရမှာလဲ... ဒီနားက ဆိုင်တွေမှာ ရေခဲမုန့်မှ မရောင်းတာ"

"ဩော်... မဟုတ်ပါဘူး၊ ကျွန်တော့်ကို မင်္ဂလာဆောင်တစ်ခုက ဖိတ်ထားလို့... လိုက်စားဖို့ခေါ်မလို့"

အောရင့်(ချ်)က...

"တော်ပြီ... ရှင်က စကားကို ဘယ်တော့မှ အကောင်းမပြောဘူး"

ဟု စိတ်ဆိုးမာန်ဆိုး ရေရွတ်၏။ ကိုညွန့်လွင်က...

"အစာအိမ်ဖြစ်မယ်ဆိုတာ ကိုယ့်ကိုယ်ကို ဗေဒင်ကြိုမတွက်ထားမိဘူးလား"

"ကိုညွန့်လွင်နော်... ကျွန်မ ပညာကို မနောက်နဲ့"

ညီညီက ကိုညွန့်လွင်ကို ပြောသလိုလို၊ အောရင့်(ချ်)ကို ပြောသလိုလိုနှင့်...

"ဗေဒင်ကြိုတွက်ထားစရာ မလိုပါဘူး၊ ကံကြမ္မာဆိုတာ ကြိုသိရတော့လဲ ဘာဖြစ်တာမှတ်လို့ ရင်ဆိုင်စရာရှိတော့လဲ ရင်ဆိုင်လိုက်တာပေါ့၊ ဘဝဟာ အဲသည်လောက် ဂရုစိုက်နေဖို့ လိုအပ်လောက်အောင် မက်မောတွယ်တာစရာ ကောင်းတဲ့အရာ မဟုတ်ပါဘူး"

သူ့စကားကြောင့် အောရင့်(ချ်) ခေါင်းခါသည်။

သူမ၏ ပန်းနုရောင်ဖျော့ဖျော့ ဆိုးထားသော နှုတ်ခမ်းတွေ တင်းတင်းစေ့ထားသည်ကို ကြည့်ရင်းရင်ခုန်လာ၏။ နွေးထွေးစိုစွတ်သော နူးညံ့နေသည့် ရတနာတစ်ပါး ဖြစ်လိမ့်မည်ဟု တွေးမိသည်။

"ဂရုစိုက်တယ်ဆိုတာ နှစ်မျိုးနှစ်စားရှိတယ်။ တစ်မျိုးက ချစ်လွန်းလို့ ဂရုစိုက်တာ၊ ဥပမာ... သားသမီးကို ဂရုစိုက်တာမျိုး၊ နောက်တစ်မျိုးက အနာတစ်ခု ဒဏ်ရာတစ်ခုကို ဂရုစိုက်တာ၊ မြန်မြန်ပျောက်သွားစေချင်လို့၊ မရှိစေချင်လို့ ဂရုစိုက်တာ၊ ကျွန်မက ဘဝကို အနာတစ်ခုလို ဂရုစိုက်တာ"

အဝါရောင် ဖျော့ဖျော့လင်းသော နံနက်ခင်းတစ်ခုက ပုခုံးပေါ်လာနားသည်။ နာဖျားမကျန်း ဖြစ်နေသည့် ကံ့ကော်ပွင့်ပေါ်သို့ မိုးရေစက်ကလေးတစ်စက် ပေါက်ခနဲ ပြုတ်ကျသွား၏။

ဘဝက ငါ့ကိုသိသော်လည်း ငါက ဘဝကိုမသိသေး။ အဝေးကြီးမှာလား၊ နီးနီးလေးမှာလား၊ သွားကြပါစို့ ငါ့ရဲ့ အဝါရောင်လက်သန်းကလေးရယ်။ စကြဝဠာရဲ့ နှုတ်ခမ်းတစ်လျှောက် လမ်းလျှောက် ထွက်ကြရအောင်လေ။

ကိုနန်းနွယ် ဘူးသီးကြော် တစ်ခုကို ကမန်းကတန်း ယူ၍ စားလိုက်ရင်း စက္ကူလက်သုတ်ပုဝါဖြင့် သုတ်ကာ ထိုင်နေရာမှ ထသည်။

"လာ... ညွန့်လွင် ဓမ္မာရုံကို သွားရအောင်၊ ညီညီ... ငါတို့ ဟိုကိစ္စသွားလုပ်လိုက်ဦးမယ်"

ညီညီက သူတို့နှစ်ယောက်ကို ကြောင်တောင်တောင်ဖြင့် ပြန်ကြည့်နေမိ၏။ စကား အဆက်အစပ်မရှိ ပြုန်းစားကြီး ပြောလိုက်သောကြောင့် သူ နားမလည်။

ကိုညွန့်လွင်က...

"မင်း... ငါတို့ကို ပိုက်ဆံတစ်ထောင် ပေးထားတဲ့ကိစ္စလေကွာ"

ဟင်... ငါလဲ သူတို့ကို တစ်ခါမှ ပိုက်ဆံမပေးဘူးဘဲနဲ့ဟု တွေးရင်း နားမလည်နိုင်အောင် ဖြစ်နေရ၏။ အောရင့်(ချ်)နှင့် ခင်စံပယ်လှိုင်ကလည်း ဘာပါလိမ့်ဟု သိချင်သော စိတ်ဝင်စားမှုဖြင့် ကြည့်ရင်း နားထောင်နေကြ၏။

ညွန့်လွင်က အောရင့်(ချ်) ဘက်သို့ ခိုးကြောင်ခိုးဝှက် မရဲ့မရဲ အမူအယာမျိုးဖြင့် (တမင်) ခပ်မြန်မြန် ကြည့်လိုက်သည်။ ညီညီ့နားရွက်အနီးသို့ ပါးစပ်ကိုကပ်ကာ လေသံတိုးတိုးဖြင့်...

"မင်းနဲ့ အောရင့်(ချ်)တို့... စကားပြောလို့ရအောင် ငါတို့ကရှောင်ပေးမလို့၊ မင်းကနည်းနည်းပါးပါး သံယောင်လိုက်ပြီး ပြောပေးပေါ့၊ ဒါမှ... ငါတို့ ထွက်လို့ကောင်းမှာ"

ညီညီက စိတ်ထဲမှ ကျိတ်၍ ကျေးဇူးတင်လိုက်မိသည်။

"ဪ... အင်း... ဟုတ်ပြီ ကျွန်တော် ပိုက်ဆံတစ်ထောင်ပေးထားပြီးသားပဲ၊

မေ့နေလို့… အင်း… အင်း… မွှာရုံကိုပဲ သွားလိုက်လေ… နောက်မှ ကျွန်တော်တို့ကျောင်းထဲမှာ ပြန်ဆုံကြတာပေါ့"

ညီညီက စကားအဆက်အစပ် အဆင်ပြေအောင် ကြည့်ပြောပစ်လိုက်သည်။ နောက် ရင်ခုန်စွာဖြင့် အောရင့်(ချ်)ကို ဖျတ်ခနဲ တစ်ချက်ခိုးကြည့်လိုက်၏။ သူမ၏ မျက်ဝန်းများနှင့် ဆုံသည်။

*အချစ်ဆိုသော အရာတွင် ဦးနှောက် မရှိသော်လည်း ဦးနှောက်ရှိသော လူသားကို ရူးသွပ် သွားစေနိုင်စွမ်း ရှိပါသည်။*

typing- G!VER

# အခန်း ၈

*လောင်ကျွမ်းခြင်း ခံနေရသော*

*ငါ့အားမီးလျှံထဲမှာ မည်သူဆယ်နုတ်ယူပါအံ့နည်း။*

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

typing- G!VER

အဲသည့်နေ့က လွဲချော်မှု မိုးတိမ်တွေ မုန်တိုင်းနှင့်အတူ ရောက်လာကြသည်။ အနောက်တောင် မုတ်သုန်လေထဲမှာ ပန်းပွင့်အကြွေတွေ ငိုသံကြားရ၏။ အရက်နံ့နက်ခင်း လင်းခွင့်ရှိတော့သည်အထိတောင် မိုးစက်တွေက သုညလိုမှောင်ပြီး ရှာချခဲ့သည်။

သူကင်တင်းမှာ ထိုင်ပြီး ကဗျာတစ်ပုဒ် ရေးနေစဉ်မှာ… ခင်စံပယ်လှိုင် ရောက်လာသည်။

"ဟဲ့… ညီညီ၊ နင့်ကို ပြောရဦးမယ်… ငါ သူများကိစ္စထဲ ဝင်မပါချင်ပါဘူး၊ ဒါပေမယ့် တာဝန်ရှိနေလို့"

ခင်စံပယ်လှိုင်၏ စကားအထူအပါးကို သူ နားမလည်။ ငေးကြောင် ကြည့်နေမိသည်။

ဒီကြက်ခြေထောက်မကြီးမှာ တာဝန်တွေက ဘယ်လိုလုပ်ပြီး ရှိသွားရပါလိမ့်ဟု တွေးမိ၏။ 'ငါ့မှာတာဝန်ရှိတယ်' ဆိုသည့် စကားသည် 'ငါ့မှာ လိပ်ခေါင်းရောဂါ ရှိတယ်' ဆိုသည့် စကားကဲ့သို့ပင် သူများသိအောင် လျှောက်ပြောဖို့ သိပ်ကောင်းလှသော စကားတစ်ခွန်းတော့ မဟုတ်ပါ။

ခင်စံပယ်လှိုင်က…

"နင်… ဟိုကိစ္စကို လုပ်ဖို့မကောင်းဘူး"

"ဘယ်ကိစ္စလဲ"

"ဦးချမ်းမြေ့ညီညီ၊ ဒေါ်အောရင့်(ချ်)ဆိုပြီး မွှာရုံကို ငွေတစ်ထောင် သွားလှူတာလေ"

"ဘာ… ဘယ်လို"

သူ နားမလည်။

"ဘယ်တုန်းက လှူတာလဲ… ဘယ်သူ လှူတာလဲ"

ဟု ပြန်မေးလိုက်သည်။

ခင်စံပယ်လှိုင်က…

typing- G!VER

"နင် မသိချင်ယောင်ဆောင်မနေနဲ့... အလှူရှင်တွေကို ပြန်ပေးတဲ့ ဂုဏ်ပြုမှတ်တမ်းကဒ်ပြားက ငါတို့အဆောင်ကို ရောက်လာတယ်၊ ရတနာဆောင် တစ်ဆောင်လုံး သိသွားပြီး... ဟားကြတာပေါ့၊ အောရင့်(ချ်) အရမ်းရှက်သွားတာ"

"ဟာ... မဟုတ်ဘူး၊ အဲဒါ... ကျွန်တော်လုပ်တာ မဟုတ်ဘူး"

ခင်စံပယ်လှိုင်က သူ့ကို မယုံသလိုကြည့်သည်။ သူ့အာခေါင်တွေ ခြောက်လာ၏။ နဖူးမှာ ချွေးတွေ စို့လာသည်။ ဒုက္ခပါပဲ... ယုံအောင် ဘယ်လိုရှင်းပြရမလဲ။

တစ်ခုခုတော့ မှားယွင်းနေပြီ... ဟု သူ့စိတ်ထဲက အကြိမ်ကြိမ်ရေရွတ်နေမိ၏။ ခင်စံပယ်လှိုင်က...

"ဟိုတစ်နေ့က အင်းလျားကန်မှာ ဘူးသီးကြော်စားနေတုန်း ညွန့်လွင်နဲ့ နန်းနွယ်... စမ္မာရုံသွားတာ... အဲဒီကိစ္စ မဟုတ်လား"

"ဟာ...၊ အဲဒါ... မဟုတ်ဘူး၊ ကျွန်တော်..."

ချက်ချင်း အငြင်းစကား လွှတ်ခနဲ ထွက်သွားပြီးမှ ထိုနေ့ကကိစ္စကို ပြန်စဉ်းစားမိသည်။ အာရုံထဲမှာ တစ်စစီ တစ်စစီ ဖြေးဖြေးချင်း မှတ်မိသလိုလို ရှိလာ၏။

...မင်း ငါတို့ကို ပိုက်ဆံတစ်ထောင် ပေးထားတဲ့ကိစ္စ...။

...စမ္မာရုံကို သွားရအောင်၊ ညီညီ... ငါတို့ ဟိုကိစ္စသွားလုပ်လိုက်ဦးမယ်...။

ဘုရား... ဘုရား... အဲဒီနေ့က သူဘာပြန်ပြောလိုက်မိသည်ကို ထိတ်လန့်တုန်လှုပ်စွာ ပြန်စဉ်းစားနေရသည်။ အား... တစ်ခုခုတော့ ဆိုးဆိုးရွားရွားပါပဲ။ ခင်စံပယ်လှိုင်က...

"နင်... ဘာမှငြင်းမနေနဲ့၊ အဲဒီနေ့က နင်ကိုယ်တိုင် ညွန့်လွင်နဲ့ နန်းနွယ်ကို ပြောနေတာ... ငါတို့ ကြားတယ်၊ အောရင့်(ချ်)... နင့်ကို အရမ်းစိတ်ဆိုးနေတယ်... သိလား"

"အဲဒီနေ့က... ဟိုဒင်း... ကျွန်တော်ပြောနေတာ... အဲဒါ မဟုတ်ဘူး"

"နင်... မလိမ်နဲ့၊ မလိမ်နဲ့နော်"

မြန်မာဆက်ဘာ စာအုပ်စင် တင်ဆက်သည်
typing- G!VER

ခင်စံပယ်လှိုင်က ညီညီမျက်နှာကို လက်ညှိုးဖြင့် ထိုးရွယ်ကာ အသံပြတ်ပြတ် မေး၏။

"ကျွန်တော် မလိမ်ပါဘူး"

"ဒါဆို... ပြော၊ အခု သူတို့ကို ဘာကိစ္စ ဓမ္မာရုံကို သွားခိုင်းလိုက်တာလဲ... ပြော၊ အခု အဲဒီကိစ္စကို ရှင်း... အခုရှင်း"

"ကျွန်တော်... ဟို..."

သူ ဘာတွေပြောခဲ့သည်ကို တစ်စိတ်တစ်ပိုင်းစီ သဲသဲကွဲကွဲ ပြန်သတိရစပြုလာသည်။ ကျွန်တော် ပိုက်ဆံတစ်ထောင် ပေးထားပြီးသားပဲ... အင်း... အင်း... ဓမ္မာရုံကိုပဲ သွားလိုက်လေ... သူ ရှင်းပြရခက်နေသည်။

"ကဲ... နင် မရှင်းနိုင်တော့ဘူး မဟုတ်လား"

ညီညီ ခေါင်းကို ခါယမ်းလိုက်သည်။ သူတံတွေးကို တစ်ချက်မျိုချလိုက်သည်။ လည်ချောင်းထဲမှာ ရှင်းမသွား။ အသက်ရှူရကျပ်လာ၏။ သူက အနည်းငယ် တုန်ယင်နေသော အသံကို ထိန်း၍ မေးလိုက်သည်။

"အခု... အောရင့်(ချ်) ဘယ်မှာလဲ"

ခင်စံပယ်လှိုင်က...

"စာကြည့်တိုက်ကို သွားတယ်"

ထိုင်နေရာမှ ဝုန်းခနဲ... ထပြီး ပြေးထွက်လာခဲ့သည်။

"ဟဲ့... ဟဲ့... ညီညီ မသွားနဲ့... ပြဿနာတွေ တက်ကုန်လိမ့်မယ်"

ဟု လှမ်းအော်ပြောလိုက်သည့် ခင်စံပယ်လှိုင်၏ အသံက စကြံလှေခါးထစ်တွေပေါ်မှာ ကျန်ရစ်ခဲ့လေသည်။

မိုးစက်တွေ ဖွဲဖွဲကြွေလွင့်ကျနေသည်။ ရေတမာပင်အောက်က ခုံတန်းလျားသည် စိုစွတ်နေ၏။ သစ်ရွက်တွေပေါ်မှာ စီးကျသောရေစက်တို့သည် မြက်ခင်းပေါ် ဆက်လက်ကျနေသည်။ ကြာပွင့်တွေစီကာထားသော စာကြည့်တိုက်နံရံအဝါရောင်သည် အလွမ်းတွေလို စေးပျစ်နေ၏။ စင်္ကြံလမ်းပေါ်မှာ ဒန်အိုးပုပုကလေးတွေ

စီတန်းနေကြသည်။ လှေခါးထစ်တွေအဆုံး သစ်ပင်ကြီးပေါ် ဂမုန်းနွယ်ပင်တစ်ပင် ရစ်ပတ်နေသည်ကို ငေးကြည့်ရင်း နှလုံးအိမ်ကို တစ်စုံတစ်ရာက တင်းတင်း ရစ်ပတ်နှောင်ဖွဲ့ထားသလို ခံစားလာရ၏။

စာကြည့်တိုက်ရှေ့ လက်ရန်း တစ်ဖက်တစ်ချက်တွင် ပန်းပင်ကလေးတွေ ပျိုးထားသည့် ကျောက်ဖြူသား လှေခါးတွေပေါ်မှာ... သူမ တစ်လှမ်းချင်း ဆင်းလာနေသည်။

အဓိပတိလမ်းမှာ မိုးတွေရွာနေ၏။

"အောရင့်(ချ်)"

ညီညီက ခပ်တိုးတိုး တစ်ခွန်းလှမ်းခေါ်သည်။ မောပန်းနာကျင်မှုကြောင့် သူ့အသံတွေ တုန်ယင်အက်ကွဲနေ၏။

သူမ... လှည့်မကြည့်။ အနီရဲရဲခေါက်ထီးကလေးကို ဖွင့်ဆောင်းထားသည့် သူမ၏ လက်မှ ရွှေရောင်လက်သန်းကလေးကြောင့် သူ ရင်ခုန်လာလေသည်။ မှတ်သုန်လေတစ်ချက် တိုက်ခတ်သွားသည်။ ထီးက သိပ်မလုံသောကြောင့် သူမ၏ ဝင်းဝါသောလက်မောင်းသားတွေ မိုးရေစိုစွတ်သွားကြ၏။ ပိတောက်ပွင့်ခြောက်ရောင် လက်တိုအင်္ကျီသည် အစိုကြောင့် ပို၍ အရောင်ရင့်သည်ဟု ထင်ရ၏။ တင့်တယ်ပြေပြစ်သော ကျက်သရေအလုံးစုံသည် သူမ၏ ခြေဖမိုး ဖြူဖြူနုနုကလေးတွေပေါ် မိုးရေစက်များနှင့်အတူ တပေါက်ပေါက်ကျနေလေသည်။

မိုးရေတွေ စိုရွှဲနေသည့်ကြားက လေတစ်ချက် အတိုက်ခံရသောကြောင့် ညီညီချမ်းပြီး တုန်ယင်လာ၏။ သူက...

"အောရင့်(ချ်)... ကျွန်တော့်ကို စိတ်ဆိုးနေတယ်ဆို"

အောရင့်(ချ်)က လှည့်မကြည့်ဘဲ အသံပြတ်ပြတ်နှင့်...

"သွားတော့... ဘာစကားမှ ပြောစရာမလိုဘူး"

"မဟုတ်ဘူး... အဲဒါအထင်လွဲနေတာ၊ ကျွန်တော် ရှင်းပြပါရစေ"

ညီညီက သူမ၏ ရှေ့မှပိတ်ရပ်ကာ လက်နှစ်ဖက်ကို ကာဆီး ဆန့်တန်းထားလိုက်သည်။

"ဘာမှ ရှင်းပြနေစရာမလိုဘူး... အဲဒီနေ့က နင်ကိုယ်တိုင် ဟိုနှစ်ယောက်ကို ခိုင်းနေတာ... ငါ့ မျက်စိရှေ့တင်"

"မဟုတ်ဘူး... မဟုတ်ဘူး၊ အဲဒီနှစ်ယောက်ပြောတာက..."

သူစကား ဆက်ပြောဖို့ခက်နေ၏။ ရှင်းပြလိုက်လျှင် သူမ ပိုရှက်သွားတော့မည်။ သူ... တွေဝေစွာဖြင့်...

အောရင့်(ချ်)က သူ့ကို အထင်သေးသောအကြည့်ဖြင့် မျက်ဝန်းတွေ ကျုံ့ကာကြည့်ရင်း...

"ဖယ်... ငါ့ရှေ့ကဖယ်ပါ"

"မဟုတ်ဘူး... အဲဒါအထင်လွဲတာ... ဟို..."

"တော်တော့... တစ်ခွန်းမှ ဆက်မပြောနဲ့တော့၊ နင်... နင်ငါ့ကို ဒီလောက်အရူးလုပ်ရရင် တော်ရောပေါ့ဟာ... ခုထိ ငါ့ရှေ့တည့်တည့်လာပြီး မျက်နှာပြောင်တိုက်နေတာ... သွားပါတော့... ငါ... ငါ ရှက်လွန်းလို့ပါ"

သူ ရင်ထဲဆို့လာသည်။ မိုးစက်တွေ သူ့ပါးပြင်ပေါ် စီးကျနေ၏။ အောရင့်(ချ်)က သူ့မျက်နှာကို စက်ဆုပ်ခါးသီးစွာ စိုက်ကြည့်ရင်း...

"နင့်ကို အရောဝင်မိတာကိုက ငါ့အမှားပဲ"

ဟာကနဲ... အသည်းနှလုံးကို ထုတ်ယူသွားသလို ခံစားရသည်။

သူခေါင်းကို ငုံ့ထားလိုက်သည်။ သူ့ပါးပြင်ပေါ်မှ မိုးရေစက်တွေ မေးရိုးဆီ စီးကျလာကြ၏။

"ပြောပါ... အောရင့်(ချ်)၊ ကြိုက်သလိုသာ ပြောပါတော့...၊ ကျွန်တော် ဘာမှမရှင်းပြတော့ပါဘူး"

typing- G!VER

အသက်ရှူသံက တိုးညှင်းလွန်းနေသည်။ မိုးစက်တွေက သူ့ခန္ဓာကိုယ်ပေါ် တဖြောက်ဖြောက်ကျနေ၏။ သစ်ဆိမ့်ပင်ကြီး၏ အရွက်နီနီတွေမှာ ပိုးကိုက်ရာ

အပေါက်တွေကို မြင်ရသည်။ အရိုးညှာတံခြောက်သော သစ်ရွက်တွေ မိုးဒဏ်ကြောင့် မြေပြင်မြက်ခင်းပေါ် ကြွေကျနေကြ၏။ သူ့တစ်ကိုယ်လုံးမှာ ပိုးကိုက်ရာတွေအပြည့်နှင့် ကွဲစုတ်ပေါက်ပြဲနေသည်ဟု ခံစားရ၏။

အောရင့်(ချ်)က...

"ဖယ်ပါ... နင့်ကို ဘာမှပြောစရာမရှိဘူး"

"ဟင့်အင်း... အောရင့်(ချ်)... ကျွန်တော်"

သူ... စိုးရိမ်တကြီးဖြင့် ယောင်ယမ်းကာ အောရင့်(ချ်)၏ အင်္ကျီလက်မောင်းကို လှမ်းဆွဲလိုက်မိ၏။ အောရင့်(ချ်)က ဆောင့်ရုန်းရင်း...

"ဖယ်နော်... ငါ"

အောရင့်(ချ်)က လက်ဝါးကို မြှောက်ကာ ရွယ်လိုက်သည်။ ညီညီက အသက်ကို အောင့်ထားလိုက်ရင်း သူ့ပါးပြင်ပေါ် ကျလာမည့် ရိုက်ချက်ကို စောင့်ဆိုင်းနေမိသည်။

"ရိုက်ပါ... အောရင့်(ချ်)... ရိုက်ပါ။ ကျွန်တော့်ကို အပြစ်ဒဏ် တစ်ခုခုပေးသွားပါ"

ညီညီ မျက်လုံးတွေကို မှိတ်ထားလိုက်သည်။ မိုးရေစက်တွေ မျက်လုံးအိမ်ထဲ ဝင်လာသောကြောင့် ကျိန်းစပ်စပ် ခံစားနေရ၏။ အသက်ကို ရင်ဘတ်ထဲအထိရောက်အောင် ရှူရှိုက်ကြည့်၍မရ။ လည်ချောင်းအစပ် အဖျားမှာတင် ခြောက်သွေ့သွားသည်ဟု ထင်ချင်သည်။ မောပန်းနွမ်းနယ်လာ၏။

*စက္ကန့်လက်တံတွေ လေးလံနှေးကွေးစွာ ရွေ့လျားသွားကြ၏။ အသက်၏ ဒုတိယအကြိမ်မြောက် ပြန်လည်ရှင်သန်ခြင်းကို စောင့်ဆိုင်းနေရသူသည်... ငါဖြစ်၏။*

*ချစ်သူ... ကယ်တင်ခြင်းကို ပေးသနားပါ... ယစ်ပူဇော်ခံရတဲ့ သိုးငယ်တစ်ကောင်ရဲ့ နှလုံးသားနဲ့ ငါမင်းကို စောင့်မျှော်နေပါတယ်။*

typing- G!VER

တိတ်ဆိတ်ခြင်းသည် ဝေးလံကြာမြင့်လွန်းသည်ဟု ခံစားရ၏။ သူ့ပါးပြင်၏ မိုးစက်တွေမှတစ်ပါး မည်သည့်အရာမှ ကျမလာ။ ရှိုက်သံတစ်ချက် ကြားလိုက်ရသလို ထင်မိ၏။

အသံသဲ့သဲ့က ဝေး... ဝေး၍ သွားသည်။ သူမျက်လုံးတွေကို ဖွင့်ကြည့်လိုက်သည်။ ဟိုး... ခပ်ဝေးဝေးမှာ သူ့ကိုကျောခိုင်း၍ လျှောက်သွားနေသော သူမကို မြင်ရလေသည်။ မိုးရေစက်တွေထဲမှာ သူတစ်ယောက်တည်း လမ်းမပေါ် မျက်ရည်အဝဲသားနှင့် ကျန်ရစ်၏။

*သေခါနီးဆဲဆဲ လူပမာတစ်ယောက် သူ့အသက်ကို*

*ကြောက်လန့်တကြား ဖက်တွယ်သလိုမျိုး...။*

*မင်းအင်္ကျီလက်အဖျားလေးကို*

*ငါ ဆုပ်ကိုင်မိ...။*

*'ဝေးရမယ်...' ဆိုတဲ့ အကြည့်တစ်ချက်မှာပင်*

*ငါ... ဆယ်ခါပြန် သေတယ်။*

typing- G!VER

ထိုညက...

သူ... တစ်ညလုံး အိပ်မပျော်။

ချစ်သူရေ... ငါ့အချစ်တွေကို ဘဝတစ်ခြမ်းစာ ထွန်းညှိခဲ့တာပါကွဲ။ ဒါပေမယ့်... မင်းဘက်က အမှောင်ကျနေတဲ့ အခြမ်းမှာတော့ လောင်ကျွမ်းစရာအလွမ်းတွေ အခန်းပြည့်သိုလှောင်ထားတာ ငါ မသိခဲ့ပါဘူး။ ကံ့ကော်ဝတ်မှုန် တစ်မှုန်စာ မီးပွားကလေး လွင့်ကျရုံနဲ့ 'ဟုန်းကနဲ' တောက်လောင်ဖို့ မင်းသိုလှောင်ခဲ့တဲ့ အလွမ်းတွေလေ။

ချစ်သူရေ...။

အခုတော့... မင်းလောင်စာက ကူးတဲ့ မီးတောက်တွေဟာ လမ်းတွေကို ဂြိုဟ်ခဲ့ပြီ၊ လိပ်ပြာနဲ့ ပန်းပွင့်တွေကို သဂြိုဟ်ခဲ့ပြီ၊ သစ်သီးတစ်ခြမ်းနဲ့ နှုတ်ခမ်းတစ်စုံကို သဂြိုဟ်ခဲ့ပြီ၊ သက်တန့်လေးကိုင်းနဲ့ မိုးရေစက်မှိုင်းမှိုင်းတွေကို သဂြိုဟ်ခဲ့ပြီ၊ နှလုံးသားသစ်တောကြီးဝိုင်းနဲ့ အရှုံးတစ်ပိုင်း ဖြစ်နေတဲ့ပင်လယ်ကို သဂြိုဟ်ခဲ့ပြီ...။

ဒေင်ဥယျာဉ်နဲ့ မှတ်သုန်ချိန်ဝင် အိပ်မက်တို့ကို သဂြိုဟ်ခဲ့ပြီ။ မေ့လျော့ခြင်းကို သဂြိုဟ်ခဲ့ပြီ...၊ အိပ်စက်ခြင်းကို သဂြိုဟ်ခဲ့ပြီ။

ချစ်သူရေ...။

မင်းဟာ ကမ္ဘာ့မြေပုံတစ်ခုလုံးကိုတောင် မီးသဂြိုဟ်ခဲ့သူ ဖြစ်ပေရဲ့...

အိပ်စက်ခြင်းကို သတိပြုမိပုံမရပါ... တစ်ယောက်၏ ပူလောင်ညှိုးနွမ်းသော မျက်လုံးများဖြင့် နံရံကို အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်နေဖြစ်သည်။ အကြည့်က စာအုပ်စင်ပေါ်မှာ ကပ်ထားသော စာတန်းနှစ်ခုဆီသို့ ရောက်သွား၏။ အပေါ်မှ ပထမစာတန်းက သည်အခန်းသို့ သူရောက်လာခါစကတည်းက ရေးထိုးထားခဲ့ခြင်းဖြစ်ပြီး သူ့အမြဲတမ်းအောက်မေ့ သတိရနေသည့် ခံယူချက်လည်း ဖြစ်၏။

*'သူ့ရဲ့ကောင်းဆိုတာ...*
*ကံကြမ္မာကို စစ်ကူမခေါ်ဘဲ တိုက်ပွဲဝင်ရဲသူကို ခေါ်တယ်'*

အောက်ဘက်က စာတန်းတစ်ခုကတော့ သစ်လွင်လတ်ဆတ်နေဆဲ ရှိသေးသည်။ တိတိကျကျ ပြောရလျှင်... အောရင့်(ချ်)နှင့် ဘတ်(စ်)ကားပေါ်မှာ ဆုံဆည်းခဲ့ပြီးသည့် ညနေကမှ ရေးဖြစ်ခဲ့ခြင်းဖြစ်၏။

*'အချစ်ဆိုတာ...*
*သူ့ရဲ့ကောင်းတွေ အားလုံး လက်နက်ချရတဲ့ နတ်ဘုရားမ ဖြစ်တယ်'*

စာတန်းနှစ်ခုကို ငေးကြည့်ရင်း သူ့ရှုံးသွပ်မှုအပေါ် ပြန်အောက်မေ့နာကျင်လာ၏။ သူ ထိုင်နေရာမှ ထသည်။ ဂစ်တာကို ကောက်ကိုင်ပြီး တိုက်ခန်းပေါ်မှ ဆင်းခဲ့သည်။ လက်မှ နာရီကို ကြည့်လိုက်သော် ညတစ်နာရီခွဲ၊ အင်းလျားကန်ဘောင်ပေါ်သို့ သူ တက်ခဲ့သည်။

စကားပင်ပုပုကလေးနံဘေးမှ တံတားကျဉ်းကျဉ်းပေါ် ဖြတ်လာခဲ့သည်။ ကျောက်သားလှေခါးထစ်များသည် စိုစွတ်နေ၏။ မြက်ပင်ကလေးတွေကြားမှ ဖြတ်သန်းဖောက်ထားသော လှေခါးထစ်၂၄ထစ်တိတိကို နင်းလာခဲ့ပြီးသောအခါ လရောင်စိုစွတ်သည့် အင်းလျားရေပြင်ကို မြင်ရလေသည်။

typing-G!VER

ကန်စပ်မှာ သူထိုင်ချလိုက်၏။ ဂစ်တာကို ရင်ခွင်ထဲပွေ့ထားပြီး ကြိုးများကို

တို့ထိနေမိသည်။ သူ့စိတ်တွေ လွင့်သွား၏။ ညက ဂစ်တာထင်ရှူးသားအိမ်ထဲ တိုးဝင်လာသည်။ သီချင်းရေးမည်ဟု မရည်ရွယ်ထားပါပဲနှင့်... မှတ်သုန်ရာသီ နောက်ဆုံးမိုးစက်များ၏ တမ်းချင်း...၊ ယဇ်ပူဇော်ခံရသည့် သိုးငယ်တစ်ကောင် ကြေကွဲနာကျင်စွာ ညည်းလိုက်သည့်... တမ်းချင်းတစ်ပုဒ်ကို...၊ သူ... ဟော်လိုဂစ်တာသံ အက်အက်ဖြင့် တီးခတ်ဖွဲ့မိသည်။

*တိတ်ဆိတ်လွန်းတဲ့ အိပ်မက်ထဲ...*
*ကိုယ့်ရဲ့လမ်းကလေး ခြောက်သွေ့မျက်ရည်ဝဲ...*
*တစ်ယောက်တည်း...*
*ကောင်းကင်ကို ကြွေစေတဲ့ မုန်တိုင်းရယ်...*
*မင်းရဲ့ရင်ထဲ။*

*စံပယ်တွေ တဝုန်းဝုန်းရွာချခဲ့တာတောင်မှ...*
*ငါဆိုတဲ့ကောင်က...*
*ရနံ့တစ်ခုတစ်လေတောင် စိုစွတ်ခွင့် မရခဲ့ဘူး...။*

သူ့နှလုံးအိမ်ထဲမှာ သီချင်းက ငွေ့ရည်ဖွဲ့သလို တဖြည်းဖြည်း စု... စု... လာ၏။ အချစ်သည်... ကြယ်စင်တို့၏ အလင်းကို တိတ်တိတ်ကလေး ခိုး၍ လှုံနေလေသည်။

typing- G!VER

# အခန်း ၉

ဆည်းဆာနေခြည်ကြောင့် အင်းလျားကန်ရေပြင်သည် မီးလျှံလို နီရဲတောက်ပနေ၏။ လေပြေထဲတွင် ကြေကွဲခြင်းရနံ့တွေ သင်းပျံ့လာလေသည်။ တိမ်တွေကို သူ ငေးကြည့်နေမိ၏။ သူ့ဘေးမှ ကိုထွန်းစန်းက...

"ဟော... ဟော... ဟိုဘက်အစွန်က လိမ္မော်ရောင်တိမ်တွေကို ကြည့်စမ်း၊ ကြက်တူးရွေးတစ်ကောင်နဲ့ မတူဘူးလား"

ညွှန့်လွင်နှင့် နန်းနွယ်တို့က 'သိပ်မတူပါဘူးဗျာ' ဟု ငြင်းသည်။ သူတို့စိတ်ကူးနှင့် သူတို့ ထင်ရာမြင်ရာတွေ ပြောကြ၏။ ညီညီ... နှုတ်ဆိတ်နေဖြစ်သည်။ အရွက်ညှိုးနွမ်းသော အပင်ကဲ့သို့ ဖြစ်နေ၏။ သူနှင့်အောရင့်(ချ်) တို့အကြောင်း ကိုထွန်းစန်းတို့သုံးယောက် မသိကြသေး။ သူတို့ကို ပြောပြပြီး အောရင့်(ချ်)ကို ဝိုင်းရှင်းပြပေးဖို့ အကူအညီတောင်းရန် သူတွေးနေမိသည်။

ကိုထွန်းစန်းက...

"ငါ... ငယ်ငယ်တုန်းက ကြက်တူရွေးလေးတစ်ကောင် ရဖူးတယ်ကွ၊ သိပ်ချစ်စရာကောင်းတာ... ငါ မှတ်မိနေသေးတယ်၊ ငါကျောင်းက ပြန်လာပြီဆိုရင်... အဲဒီကောင်ကို အစာကျွေး၊ အဲဒီကောင်နဲ့ဆော့... ကစား၊ ပျော်စရာကြီးပဲ"

နန်းနွယ်က...

"နောက်တော့ကော ဘာဖြစ်သွားသလဲ"

ဟု ဝင်မေးသည်။

"နောက်တော့... အဲဒီကောင် သေသွားတာပဲကွ၊ ဘယ်လိုဖြစ်ပြီး သေသွားတာလဲဆိုတာကိုတော့ သိပ်မမှတ်မိတော့ဘူး၊ အညှော်မိတာလား... ဘာလား၊ တစ်ခုခုပဲ... အဲဒီတုန်းက ငါက ကလေးဆိုတော့ ငိုတောင်ငိုသေးတယ်"

ကိုထွန်းစန်းက သူ့အဖြစ်ကို သူပြန်ပြီး သဘောကျသလို ရယ်မောလိုက်သည်။

ကလေးဘဝက ငိုခဲ့ရတဲ့ အကြောင်းအရာဟာ နောင်အသက်ကြီးလာတဲ့ခါ ရယ်စရာဖြစ်သွားတတ်ပါသလားဟု တွေးကြည့်နေဖြစ်၏။ နန်းနွယ်က...

"ကလေးတိုင်းဟာ... သူတို့ရဲ့ဘဝမှာ မြတ်နိုးစရာ တစ်ခုခုတော့ ပိုင်ဆိုင်ခဲ့ကြဖူးတာချည်းပဲ၊ ပြီးတော့လဲ... အဲဒီအရာကို ဆုံးရှုံးခဲ့ကြတာပါပဲ"

လေပြေထဲမှာ မိုးငွေ့တွေ ပါးလျားသွားပြီဆိုသည်ကို သတိထားမိသည်။ မိုးကုန်တော့မည်။

"အခုထိလဲ ဒီတိုင်းပါပဲကွာ... တစ်ခုခုကို မြတ်နိုးလိုက်ရ၊ ပြီးရင်... ပြန်ဆုံးရှုံးလိုက်ရနဲ့... လူ့ဘဝဆိုတာ..."

"တခြား 'ဆိုဒ်' တွေတော့ သိတယ်၊ 'လူ့ဘဝ' ဆိုဒ်တော့မသိဘူး၊ သူလဲ အရက်နဲ့ ရောသောက်ရတဲ့ ဆိုဒ်ပဲလား"

ညွှန့်လွင်က နောက်သလိုပြောင်သလို ဝင်ပြောသောကြောင့် ကိုထွန်းစန်းက ခပ်တိုးတိုး တစ်ခွန်းဆဲလိုက်၏။ ပြီးမှ...

"လူ့ဘဝဟာ ဝေဒနာခံစားမှုထဲမှာဘဲ နစ်မြုပ်နေရတာ... အစမရှိ အဆုံးမရှိဘဲ... ဒါကိုပဲ သံသရာလို့ ခေါ်သလား မသိဘူးနော်"

"အစ... အဆုံးမရှိတဲ့ အရာဟာ သံသရာလို့ ဘယ်သူပြောသလဲ၊ မဟုတ်ပါဘူး"

ညွှန့်လွင်က ကိုထွန်းစန်းကို ဝင်ငြင်း၏။

မြန်မာ့စာအုပ်များ ဆက်ကြည့်ပါ
typing- G!VER

"အစ... အဆုံးမရှိတာ... 'ဘောလယ်' ကော မဖြစ်နိုင်ဘူးလား၊ သူလဲ ဘောစတို့၊ ဘောဆုံးတို့ ရှိတာမှ မဟုတ်တာ"

ကိုထွန်းစန်းနှင့် ကိုနန်းနွယ်တို့နှစ်ယောက် ပြုံးလိုက်ကြသော်လည်း သူက ငြိမ်သက်နေသည်။

ထို့ကြောင့်...

"ဟေ့ကောင်... ဘာဖြစ်နေတာလဲ"

ဘာပြန်ပြောရမည်မှန်းမသိ။ ကိုနန်းနွယ်နှင့် ကိုညွှန့်လွင်မျက်နှာကို ကြည့်လိုက်တော့သည်။ ပကတိ ရိုးရိုးစင်းစင်းပင်။ သာမန်အချိန်တွေလို ရယ်ကာမောကာနှင့်။ သူတို့လုပ်ထားသည့် ကိစ္စကို သူတို့ပြန်မေ့နေကြပုံရသည်။ ကိုညွှန့်လွင်က...

"ဒီကောင်... ဒီလောက်ငိုင်နေပုံထောက်ရင် အောရင့်(ချ်)ကိစ္စပဲ ဖြစ်ရမယ်၊ ဟုတ်လား... ဟေ့ကောင်"

သူခေါင်းညိတ်ပြလိုက်၏။

"တွေ့လား... ငါခန့်မှန်းရင် လွဲခဲတယ်၊ လူတွေရဲ့မျက်နှာကို ဘာသာပြန်တဲ့ နေရာမှာ ငါ့ကို ဘယ်သူမှမမီဘူး၊ ဒီမှာကြည့်... အံတိုနေပြီ"

"ငယ်ငယ်တုန်းက သွားပိုးစားလို့ ဖြစ်မှာပေါ့"

"ငါ မှန်းကြည့်ရတာတော့ 'ဗေဒင်' ကိစ္စပဲဖြစ်ရမယ်"

ညီညီက မဟုတ်ပါဘူးဟု ငြင်းရန်ပြင်လိုက်သည်။ နန်းနွယ်က...

"ဟုတ်သားပဲကွာ... ညီညီ၊ မင်းကလဲ အဲဒီကိစ္စကို သွားပြီး ပြဿနာ မရှာနဲ့လေကွာ... ကောင်မလေး စိတ်ဓာတ်ကိုလဲ မင်းသိရဲ့သားနဲ့"

" တကယ်ဆို . . . နှစ်ယောက်စလုံး ကိုယ့်အယူအဆနဲ့ ကိုယ်တင်းနေလို့ ဖြစ်တာမဟုတ်ဘူးကွ၊ မင်းဘက်ကလဲ တစ်ပတ်လျော့လိုက်၊ သူ့ဘက်ကလဲ တစ်ပတ်လျော့လိုက်၊ ဒါမှ ကွင်းလုံးကျွတ်ကျမှာ"

သူ မရယ်ဖြစ်...။

မြန်မာကျော်ကျော် ဇာတ်လမ်းစုံ တင်ဆောင်သည်
typing- G!VER

ကိုထွန်းစန်းက...

"ဟေ့ကောင်တွေ လျှောက်မနောက်ကြနဲ့ကွ၊ ကဲ... ပြော ညီညီ ဘယ်လိုဖြစ်ကြတာလဲ"

"တရားခံက သူတို့နှစ်ယောက်ပဲဗျ"

ကိုနန်းနွယ်နှင့် ကိုညွန့်လွင်တို့ ရုတ်တရက် ကြောင်သွားကြ၏။ နောက်မှ... သူတို့ပြန်သတိရပြီး အားရပါးရ အော်ရယ်ကြသည်။ သူအစအဆုံး ရှင်းပြလိုက်သောအခါ ကိုထွန်းစန်းက...

"ဟုတ်သားပဲကွာ... မင်းတို့က နည်းနည်းတော့ လွန်တယ်၊ အဲဒီလောက်အထိတော့ မနောက်သင့်ဘူးပေါ့၊ သွား... မင်းတို့လိုက်သွားပြီး အောရင့်(ချ)ကို ဝိုင်းရှင်းပြလိုက်ကြ"

ကိုနန်းနွယ်က ရယ်လက်စနှင့်...

"မဟုတ်ဘူးဗျ၊ ဒီကောင်က အမြင်ကပ်ဖို့ ကောင်းလောက်အောင် အဖြစ်သည်းလွန်းလို့၊ အမယ်... သူ့လက်သန်းမှာတောင် ရွှေရောင်လက်သည်းဆိုးဆေး ဆိုးထားလိုက်သေးတာ"

ကိုထွန်းစန်းက အံ့သြသွားပြီးမှ...

"ဟေ... ဟုတ်လား"

ဟု စပ်ဖြဲဖြဲနှင့် မေးသည်။

"ဟုတ်တယ်... ဟုတ်တယ် ဒီနေ့တောင် ထပ်ဆိုးချင်ဆိုးလာဦးမှာ၊ ဟေ့ကောင်... မင်းလက်ပြစမ်း"

ကိုနန်းနွယ်က ပြောပြောဆိုဆိုနှင့် သူ့လက်မောင်းကို အတင်းချုပ်ကိုင်ပြီး လက်သီးဆုပ်ထဲမှ လက်သန်းလေးပေါ်လာအောင် ဖြေကြည့်၏။ ကိုညွန့်လွင်က သူမရုန်းနိုင်အောင် မျက်နှာချင်းဆိုင်မှ အတင်းလုံးပြီး သိုင်းဖက်ထားသည်။ သူ့ဘယ်ဘက်လက်က အားမသန်သောကြောင့် လျှော့ပေးလိုက်ရသည်။

မြန်မာဆိုက်ကာ စာအုပ်စင် တင်ဆက်သည်
typing- G!VER

လက်သီးဆုပ် ပြေသွား၏။

"ဟော... ဟော... ဒီမှာတွေ့လား"

သူတို့သုံးယောက်စလုံးက ညီညီကို ဝိုင်းရယ်လိုက်ကြသည်။

*သူမကိုသတိရခြင်းဖြင့် ဒီလက်သန်းကလေးတစ်ချောင်းကို နေ့တိုင်း ရွှေရောင်ဆေးဆိုးဖြစ်ခဲ့သည့်အကြောင်း ကျေးဇူးပြု၍ မည်သူ့ကိုမှ မပြောပြလိုက်ပါနှင့်...။*

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

typing- G!VER

# အခန်း ၁၈

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

*နေ့သည် လည်းကောင်း၊ ညသည် လည်းကောင်း၊ ပင်လယ်သည် လည်းကောင်း၊ ကုန်းမြေသည် လည်းကောင်း၊ အလင်းသည် လည်းကောင်း၊ အမှောင်သည် လည်းကောင်း၊ ငါ့အား လှည့်စားအပ်ပြီ...။ ငါသည် အကန်းပမာ ဖြစ်ပါ၏။ ချစ်သူ... လမ်းပြတော်မူပါ။*

typing- G!VER

အင်းလျားရေပြင်ပေါ်မှာ အလင်းတွေ မှုန်ဝါးရီဝေစပြုပြီ။ ကိုထွန်းစန်းက...

"ကဲပါကွာ... အောရင့်(ချ်)ကို ငါတို့သုံးယောက်ဝိုင်းပြီး ရှင်းပြပေးပါ့မယ်၊ ပြီးတော့... မင်း နည်းနည်းပါးပါး တောင်းပန်လိုက်ရင် အဆင်ပြေသွားမှာပါ"

"ကျွန်တော် မလိုက်ရဲဘူးဗျ၊ ကျွန်တော့်မျက်နှာမြင်တာနဲ့ သူက စကားအပြောကို ခံမှာမဟုတ်ဘူး"

ညီညီက သူ့ဆံပင်ရှည်ရှည်တွေကြားကို လက်နှင့်ထိုးဖွရင်း ပြောလိုက်သည်။ မျက်နှာပေါ် ဆံပင်တွေ ဝဲကျလာသောကြောင့် စိတ်ရှုပ်ထွေးနေသည့် မျက်နှာသည် ပို၍ ညို့မှောင်သလို ထင်ရ၏။ ကိုနန်းနွယ်က...

"ကဲ... အဲဒါဆို... စာရေးပေးလိုက်ကွာ၊ ငါတို့ဖာသာ ငါတို့သွားပို့မယ်"

"အေး... ဟုတ်တယ်၊ စာရေးကွာ"

ပြောပြောဆိုဆိုနှင့် လွယ်အိတ်ထဲမှ ဗလာစာအုပ်တစ်အုပ် ထုတ်ပေးသည်။

"ဘာရေးရမှာလဲ"

ညီညီက ဘောလ်ပင်ကို လက်ထဲမှာကိုင်ရင်း အကြာကြီးငိုင်နေသည်။ ဘယ်လိုစရေးရမလဲ... စဉ်းစားမရ။ အကောင်းဆုံး၊ အနူးညံ့အလှပဆုံး စကားလုံးတွေကို ခေါင်းထဲမှာ အစီအစဉ်ချကြည့်သည်။ မကြိုက်သောကြောင့် နောက်တစ်မျိုးပြောင်း စဉ်းစားပြန်၏။ စိတ်တိုင်းမကျပြန်။

အကောင်းဆုံးတစ်ခုတည်းကိုသာ မျှော်လင့်ရှာဖွေနေမိသောကြောင့် ဘာကိုမှမတွေ့ရသလို ခံစားရလေသည်။ သူ့ကိုကြည့်ပြီး ကိုထွန်းစန်းတို့ သုံးယောက်က ရယ်မောနေကြ၏။

သူ့ ကိုယ်သူလည်း ရယ်ချင်သလိုလို ဖြစ်မိသည်။ ချွေးစို့လာသောကြောင့် နဖူးမှ ဆံပင်တွေကိုလက်ဖြင့် သပ်တင်ကာ သုတ်လိုက်၏။ ကိုညွန့်လွင်က...

"ဒီလိုစရေးကွာ... ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပါ၏ ဘုရားလို့"

"ဟာဗျာ... ခင်ဗျားကလဲ၊ တရားနာဖိတ်စာမှ မဟုတ်တာ"

ကိုထွန်းစန်းက...

"အေး... နန်းနွယ်၊ နည်းနည်းပါးပါး ဝိုင်းကူလိုက်ပါဦး၊ မင်းရထားတဲ့ စာသားလှလှပပတွေ ရွတ်ပြလိုက်ပါကွာ"

ဟု ဝင်ပြော၏။

ကိုနန်းနွယ်က...

"ဒီလိုလုပ်ကွာ... မေတ္တာအငွေ့အသက်လေး ပါအောင်ရေး ဦးပုညရေးသလိုပေါ့...၊ စေတနာ၊ ဗလပွ၊ သီနေဟဖြင့်၊ မေတ္တာသုတ် တစ်စောင်လုံးကို ပုဒ်မပါ ကျုံးပြီးလျှင်၊ မေတ္တာတုံးကြီးကြီးနှင့် ရီးတိုက်၍ ပို့လိုက်သည်... လို့"

"ဟာဗျာ... ခင်ဗျားကလဲ"

ဟု ညီညီက ညည်းရင်း ရယ်သည်။ နောက်... သူက ပထမဆုံးဝါကျကို ချရေး၏။

အောရင့်(ချ်)

ကျွန်တော့်ကို အရမ်းစိတ်ဆိုးနေမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့်... ကျွန်တော့်ကို ရှင်းပြခွင့်လေးတော့ ပေးပါလို့ တောင်းပန်ပါတယ်၊ ပြီးမှ... အောရင့်(ချ်) ကြိုက်သလို ဆုံးဖြတ်ပါ၊ ကြိုက်တဲ့အပြစ်ဒဏ်ပေးပါ၊ ကျွန်တော် ခံရဲပါတယ်၊ ကျွန်တော်ဟာ... ယောက်ျားပါ...။

"ဩော်... မင်းကို သူက 'မိန်းမကြီး' လို့ထင်နေတယ်ပေါ့လေ၊ ဒါတော့ မကောင်းဘူးကွာ၊ ဟုတ်တယ်... မင်း သေသေချာချာ ရှင်းပြရမယ်"

ကိုညွန့်လွင်က သူရေးနေသည့်စာကို တစ်ချက်လှမ်းကြည့်ရင်း ဝင်ပြော၏။

သူစာဆက်မရေးနိုင်၊ ရယ်နေရသည်။ ကိုနန်းနွယ်က...

"အောရင့်(ချ်)... ခွင့်မလွှတ်ရင် ကျွန်တော် ရင်ကွဲအကျီဝတ်ပြီး သေရပါလိမ့်မယ်လို့ ရေးကွာ"

"ရင်ကွဲနာကျပြီး သေတာပါကွာ"

ကိုထွန်းစန်းက...

"ပေ့ာကောင်တွေ... တော်ပါတော့ကွာ၊ အဲဒီလိုလုပ်နေရင် စာရေးလို့ပြီးတော့မှာ မဟုတ်ဘူး၊ ဒီညနေပြီးအောင် ရေးကွ၊ ရတနာဆောင်ကို ညနေ ညှော့်ချိန်အမီ သွားပေးရမှာ..."

ဟု ဝင်ပြောသည်။

ညီညီက စာကို ကမန်းကတန်း ဆက်ရေးနေစဉ် ကိုထွန်းစန်းက သူ့ကိုကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်၏။ နောက်...

"ဒီကောင့်ကို မြင်ရတာ ငါ စိတ်မချမ်းသာလိုက်တာကွာ"

ဟု ပြောပြီး ရယ်၏။

ကိုနန်းနွယ်က...

"လူဆိုတာ... တစ်ခုခုကိုတော့ ရူးသွပ်ရတာပဲဗျ၊ ဘာမှမဟုတ်ပေမယ့်လို့လဲ အဲဒီလိုရူးသွပ်မှုနဲ့ နေထိုင်ရတာကိုက အဓိပ္ပာယ်ရှိနေတာ၊ အာလုံးဟာ ဘာမှမဟုတ်ပါဘူးကွာ... လို့သိသွားတဲ့ တစ်နေ့မှာ လေးလေးနက်နက် ခံယူမိသွားတဲ့ တစ်နေ့မှာ ဘာအလုပ်မှဖြစ်အောင်လုပ်လို့ မရတော့ဘူး၊ လူတွေကြားထဲမှာလဲ နေလို့မရတော့ဘူး"

"မင်းကော အချစ်ဆိုတာကို ဘယ်လိုမြင်လို့လဲ"

ကိုထွန်းစန်း၏ အမေးကို နန်းနွယ်မဖြေ။ ငြိမ်နေ၏။ ညွန့်လွင်က ဝင်၍...

"အချစ်ဆိုတာ... ယောက်ျားနဲ့ မိန်းမ လူမှုဆက်ဆံရေးပုံစံတစ်မျိုးပါပဲဗျာ၊ ဘာမှ သိပ်ထွေထွေထူးထူးဟာကြီး မဟုတ်ပါဘူး"

ဟု ဝင်ပြောသည်။ နန်းနွယ်က ခေါင်းညိတ်သည်။ ကိုထွန်းစန်းက ကွမ်းထုပ်ကို ဖြေကာ ကွမ်းယာတစ်ယာထုတ်၍ ဝါးလိုက်ရင်း...

"အဲဒီလိုသာ ပြောကြကြေးဆိုရင် လောကကြီးတစ်ခုလုံးက 'ဘာမှမဟုတ်ဘူး' ဖြစ်သွားလိမ့်မယ်၊ ငါ ပြောပြမယ်၊ ငါ ငယ်ငယ်တုန်းက တက္ကသိုလ် အရမ်းတက်ချင်တာကွ၊ ဆယ်တန်းမှာ ငါ့အဖေဆုံးတော့ စီးပွားရေး တော်တော် ပျက်သွားသေးတယ်၊ အဲဒါနဲ့… ငါ တစ်နှစ်ကျောင်းထွက်ပြီး အလုပ်လုပ်ရသေးတယ်၊ နောက်နှစ်ကျတော့ အလုပ်ကလဲ အတည်တကျဖြစ်ရော… အဲဒီမှာ တစ်နေ့လုံး အလုပ်လုပ်၊ ညပိုင်းကျောင်းတက်နဲ့ တော်တော်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး ကြိုး စားခဲ့တာ… ဟော… အခု ငါ အရမ်းဖြစ်ချင်တဲ့ တက္ကသိုလ်ကျောင်းသားဖြစ်ပြီ ဘယ်လိုခံစားရလဲလို့ မေးကြည့်၊ ဘယ်လိုမှ မခံစားရဘူး၊ ကဲ… မခက်ဘူးလား၊ ဘာမှ ထွေထွေထူးထူး မဟုတ်ပါဘူးကွာ… အလကားပါပဲလို့ စိတ်ထဲက ထင်နေတယ်၊ သိလား"

နန်းနွယ်က ဆေးပေါ့လိပ်ကို ဖွာရင်း ပြုံးနေ၏။ 'အောင်မြင်မှုရသွားတဲ့ နိဂုံးတွေဟာ အဓိပ္ပာယ်တွေကို ဖျက်ဆီးပစ်တာပဲ' ဟု ပြောသည်။

"ဟုတ်တယ်ကွ၊ အခုနေ… ပြန်ကြည့်လိုက်တော့ အဲဒီတုန်းက ရုန်းရကန်ရ ဒုက္ခရောက်ရတာတွေဟာ ပိုပြီး အနှစ်သာရ ရှိသလိုပဲ၊ ဒုက္ခနဲ့ ရင်ဆိုင်နေရတုန်းကတော့ အဲဒါဟာအရသာမှန်း မသိဘူးပေါ့ကွာ၊ ဟော… အခု အေးအေးဆေးဆေး ပြန်စဉ်းစားကြည့်လို့ သိလဲသိရရော… အဲဒီအရသာတွေ အဓိပ္ပာယ်တွေက မရှိတော့ဘူး"

ညွန့်လွင်က ခဲလုံးကိုကောက်ယူပြီး ရေကန်ထဲသို့ ပစ်ချလိုက်သည်။ အမှောင်တွေ လှိုင်းဂယက် ထသွား၏။ ညွန့်လွင်က…

"ဒီလိုရှည်းပါပဲဗျာ… အရသာဆိုတာက သရက်သီးတစ်လုံးဟာ သူ့အရသာကို သူပြန်ခံစားလို့မှ မရတာ၊ သူ့ကိုယ်သူ ပြန်စားလို့မှမရဘဲ၊ လူက စားပြီးတော့မှ သရက်သီးအရသာရှိတယ်လို့ သတ်မှတ်တာဗျ"

နန်းနွယ်က သူ့ဆေးပေါ့လိပ်ကို ထိုးချေပြီး မီးညှိမ်းသတ်လိုက်၏။ နောက်… ရေကန်ထဲသို့ တအားလွှင့်ပစ်လိုက်ရင်း…

"အဲဒါဆို… လူဟာ လူဖြစ်ခြင်းရဲ့ အရသာကို ဘယ်လိုအခါမှ သိနိုင်မလဲ"

ဟု မေးသည်။ ညွန့်လွင်က ခေါင်းခါ၏။

Typing-GIVER

"ဘယ်တော့မှ မသိနိုင်ဘူး၊ လူက ဒုက္ခဆိုတဲ့အရာနဲ့ တစ်သားတည်း ဖြစ်နေတယ်၊ အဲဒါကြောင့်ပဲ… ဟိုး ရေလယ်ခေါင်ကို ကြည့်စမ်း… ရေဘဲတစ်ကောင် ကူးနေတာ မြင်လား"

သူတို့ လှမ်းကြည့်လိုက်ကြသည်။ ရေပေါ်မှာ မျောနေသည့် ခပ်ဝါးဝါး အရိပ်တစ်ခုလို မြင်ရ၏။

"ကြည့်... အဲဒီရေဘဲဟာ ရေကူးခြင်းရဲ့ အရသာကို မသိနိုင်ဘူး၊ ကျွန်တော်တို့ အခုနေ ရေထဲဆင်းကူးရင် ရေကူးခြင်းရဲ့ အရသာကို သိတယ်... နော်၊ ဒါပေမယ့်... အဲဟို ရေဘဲအတွက် ရေပြင်ဟာ သူ့ဘဝဖြစ်တယ်၊ ဒီထဲမှာဘဲ သူ နေ့နေရတယ်၊ ဒါကြောင့်... သူဟာ ရေရဲ့ အရသာကို မသိနိုင်တော့ဘူး၊ အဲဒီရေဘဲလေးရဲ့ ဘဝဟာ..."

ဘေးမှဖြတ်လျှောက်သွားသော ကောင်လေးတစ်ယောက်က လှမ်းပြောသည်။

"အစ်ကို... အဲဒါ ရေဘဲမဟုတ်ဘူး၊ ပလတ်စတစ် ပုံးခွံကြီး မျောနေတာ"

"အီး..."

ဟု အသံတိုးတိုးကလေး တစ်ချက်ညည်းကာ ခေါင်းပုဝင်သွားသော ညွှန့်လွင်ကိုကြည့်ပြီး သူတို့သုံးယောက် ဝိုင်းရယ်လိုက်ကြ၏။

သစ်ပင်အရိပ်တွေ အေးမြနေသည့် အင်းလျားလမ်းသွယ်ကလေးထဲကို သူတို့လေးယောက်သား ဝင်လာခဲ့ကြသည်။ ကံ့ကော်ပင်မှ အရွက်စိမ်း မြမြသွယ်သွယ်တွေကို ကြည့်ရင်း ရင်ခုန်လာ၏။ အင်းလျားဆောင် ရှေ့အရောက်တွင် သူ ရပ်လိုက်ပြီး...

"ခင်ဗျားတို့ သွားကြတော့ဗျာ၊ ကျွန်တော် ရတနာဆောင်ရှေ့အထိ မလိုက်ရဲတော့ဘူး"

"စိတ်ချ၊ ငါတို့ အမြန်ဆုံး ပြန်လာခဲ့မယ်၊ သတင်းကောင်း ကြားရမှာပါကွာ"

ဟု နန်းနွယ်က ပြော၏။ ကိုထွန်းစန်းက သူ့ပုခုံးကိုပုတ်ပြီး ရှေ့ဆက်လျှောက်သွားသည်။ ဆောင်တော်ကူးပင်တွေကို ငေးကြည့်ရင်း သူတစ်ယောက်တည်း ကျန်နေရစ်ခဲ့လေသည်။

အသက်ရှူသံတွေ တစ်ချက်နှင့်တစ်ချက် အကြားမှာ သူ့ခြေထောက်အောက်က ကမ္ဘာမြေပြင်သည် ပွဲကြွေ... ကြွေကျနေသည်ဟု ခံစားရ၏။ ကြာ... လိုက်... တာ...။

ကိုထွန်းစန်းတို့ သုံးယောက်... ရတနာဆောင်ထဲမှ ခပ်သုတ်သုတ်

ပြန်ထွက်လာကြသည်ကို မြင်ရ၏။ သူတို့နောက်မှာ ခင်စံပယ်လှိုင်ပါ ပါလာသောကြောင့် အံ့သြသွားမိသည်။ တစ်ခုခုတော့... တစ်ခုခုပဲဟု တွေးကာ စိတ်ထဲ ထင့်ခနဲဖြစ်သွား၏။ ကိုနန်းနွယ်နှင့် ကိုထွန်းစန်းတို့နှစ်ယောက်က ရှေ့မှ အပြေးတစ်ပိုင်းတစ်ဝက် ခြေလှမ်းများနှင့်... ကိုထွန်းစန်းက နောက်မှာ ကျန်နေရစ်ခဲ့သော ခင်စံပယ်လှိုင်ကို စောင့်ခေါ်နေရသည်။

ခင်စံပယ်လှိုင် လမ်းလျှောက်ပုံက တစ်မျိုးဖြစ်နေမှန်း သူသတိထားမိ၏။ ဘာဖြစ်လို့ပါလိမ့်... ခြေထောက်မှာ ဒဏ်ရာတစ်ခုခု ရထားလို့လား၊ ခင်စံပယ်လှိုင် ညာဘက်ခြေထောက်ကို ခပ်ဆွဲဆွဲ လေးလေးပင်ပင် လှမ်းနေရသည်။ သူမကို ကြည့်ရင်းနှင့်...

"ဘာဖြစ်လို့... ခင်စံပယ်လှိုင်နဲ့ အတူတူ အောရင့်(ချ်)ပါမလာရတာလဲ"

ဟူသည့် အတွေးက ဖျတ်ခနဲ ဝင်လာ၏။

ရုတ်တရက် ထိတ်လန့်သွားသည်။ ဘုရား... ဘုရား... ဘာဖြစ်လို့ပါလိမ့်။ အနီးသို့ ရောက်လာသော ကိုညွှန့်လွင်က...

"ဟော့ကောင်... အောရင့်(ချ်) ဆေးရုံတင်ထားရတယ်တဲ့"

သူသည် ဂြိုဟ်နက္ခတ်တစ်လုံးလို လေဟာနယ်ထဲတွင် လွင့်မျောနေရာမှ စကြာဝဠာကြီး တစ်ခုလုံးနှင့် အရှိန်ပြင်းပြင်း ဝင်တိုက်ခတ်မိလိုက်သည်။ သူ... မွကြေလွင့်စင်သွား၏။ ကြယ်စင်နက္ခတ်တစ်လုံး ကြွေကျသွားသည်။

"ဘာဖြစ်လို့လဲဟင်... ဘာဖြစ်လို့လဲ"

သူ အမောတကော မေးလိုက်သည်။

"ဟော... ခင်စံပယ်လှိုင် လာပြီ ကဲ... သူ့ပဲ မေးကြည့်တော့ကွာ"

သူ လှမ်းကြည့်လိုက်သောအခါ ခင်စံပယ်လှိုင်က ခေါင်းငိုက်စိုက်ချထား၏။

"မခင်စံပယ်လှိုင်၊ သူ... အခြေအနေ သိပ်ဆိုးလားဟင်"

"မနက်ဖြန်ထိတောင် ခံတော့မယ်မထင်ဘူး"

typing- G!VER

"ဘာ"

နလုံးအိမ်သည် သစ်သီးတစ်လုံးကို ဖျတ်ခနဲ အညှာတံပြုတ်ကာ ကြွေကျသွား၏။ စိတ်ကင်းမဲ့သော ကျောက်ရုပ်ထုတစ်ခုလို သူ ရပ်နေမိသည်။ ခင်စံပယ်လှိုင်က ခေါင်းငုံ့လျက် ဖိနပ်ကို ငုံ့ကြည့်ရင်း...

"ဟုတ်တယ်၊ ဖိနပ်က ပြတ်တော့မှာ၊ မနက်ဖြန်ကျရင် အသစ်တစ်ရံ ဝယ်ရဦးမယ်"

ညီညီစိတ်ထဲက ပျစ်ပျစ်နစ်နစ် ကျိန်ဆဲလိုက်၏။ ကြက်ခြေထောက်မကြီး စကားပြောတာကိုက မရှင်းမရှင်းနဲ့ ငါကတော့ အောရင့်(ချ်) အကြောင်းပြောတယ် အောက်မေ့လို့ စိတ်ပူလိုက်ရတာ ဒင်းက ဖိနပ်အကြောင်း ပြောနေတယ်။ သူ့မျက်စိထဲတွင် ခင်စံပယ်လှိုင်၏ မျက်နှာသည် သားရေဖိနပ်ကြီးတစ်ဖက် ရေစိုပြီး တွန့်လိမ်နေပုံနှင့်တူသည်ဟု ထင်မိ၏။

ကိုထွန်းစန်းက...

"ကဲ... ဗျာ၊ ဒီကောင့်ကို အောရင့်(ချ်)အကြောင်း ပြောပြလိုက်စမ်းပါ"

ခင်စံပယ်လှိုင်က ဖိနပ်ကို ခြေဖျားထိပ်ကလေးများနှင့် ထိရုံထိန်း၍ စီးရင်း...

"အောရင့်(ချ်)... ဆေးရုံတက်နေရတယ်ဟဲ့၊ လည်ပင်းက အကျိတ်ကို ခွဲမလို့"

"ဘာဖြစ်လို့လဲဟင်... စိုးရိမ်ရလား"

"Minor Operation ပါ၊ မစိုးရိမ်ရပါဘူး၊ အဲသည်လို ဖြစ်နေတာတော့ သုံးလေးလလောက်ရှိပြီ၊ အခု... နည်းနည်းကြီးလာတာနဲ့ ဆရာဝန်သွားပြကြည့်တော့ ခွဲမှကောင်းမယ်ထင်တယ်လို့ ပြောလို့ ဆေးရုံတက်လိုက်တာ"

ရင်ထဲ ပေါ့ပါးသွားပြီး သူ သက်ပြင်းချမိသည်။

"ဘယ်တော့ခွဲမှာလဲ"

"မနက်ဖြန် မနက်"

"အတော်ပဲ ဟော့ကောင်၊ မင်း သွားလိုက်"

ဟု ကိုနန်းနွယ်က ပြောသည်။ ခင်စံပယ်လှိုင်ကလည်း...

"အင်း... မနက်ပိုင်းကတော့ သူ့အဒေါ်တွေနဲ့ ဘာနဲ့ ခွဲဖို့ပြင်ရဆင်ရဆိုတော့ အလုပ်ရှုပ်နေမယ်၊ ညနေကျမှ အေးအေးဆေးဆေးလာပေါ့၊ ငါလဲ ရှိနေမှာဘဲ"

သူ ခေါင်းညိတ်ပြလိုက်သည်။ ခြံစပ်မှ ခရေပင်ကြီးထိပ်ဖျားတွင် လမ်းဘက်ဆီ ညွှတ်ကျနေသော အကိုင်းနှစ်ကိုင်းကို မြင်ရ၏။ တစ်ကိုင်းက ရွက်နုတွေ ဝေနေသည်။ တစ်ဖက်မှ အကိုင်းက သွေ့ခြောက်နေ၏။ မုတ်သုန်၏ နောက်ဆုံးလေပြေကို သူ အားပါးတရ ရှိုက်သွင်းလိုက်သည်။

"ကဲ... ငါပြန်တော့မယ်၊ အဆောင်တံခါး ပိတ်တော့မှာ"

ခင်စံပယ်လှိုင်က ပြောပြီး လှည့်ထွက်ရန် ပြင်သည်။

"ဟုတ်ကဲ့... ကျေးဇူးပဲ"

သူက ခင်စံပယ်လှိုင်၏ ဖိနပ်ကို မသိမသာဖြင့် နင်းထားလိုက်၏။ ပေါ... သူ ခြေစလှမ်းပြီ...။ ဖိနပ်ပြတ်ထွက်သွား၏။

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

typing- G!VER

# အခန်း ၁၁

*ချစ်သူ...*
*မိုးတိမ်တို့နှင့်အတူ ကြွရောက်တော်မူပါ...။*
*မလှည့်စားတတ်သော နတ်နှင့်ကျွန်ုပ်၏ နှလုံးသားကို*
*စီရင်တော်မူပါ။*
*ညဥ့်၏ လေပြေထဲတွင်*
*ကျွန်ုပ်၏ ခေါ်သံကို... နားထောင်တော်မူပါ...။*

typing- G!VER

ဆေးရုံ ဆေးခန်းများတွင် ရတတ်လေ့ရှိသော အရက်ပျံနံ့၊ ပဋိဇီဝ ဆေးဝါးများ၏ရနံ့၊ ပိုးသတ်ဆေးနံ့တို့ ရောနှောကာ ထွက်ပေါ်လာသည့် အနံ့ခါးခါး တစ်မျိုးကြောင့် သူ နှာခေါင်းရှုံ့မိသည်။ ဓာတ်လှေကားထဲမှ ထွက်ထွက်ချင်း ခွဲစိတ်ဆောင်ဟု ဆိုင်းဘုတ်ချိတ်ထားသည့် စင်္ကြံပေါ်သို့ရောက်၏။ အလင်းရောင် ကောင်းစွာရသော ပြတင်းပေါက်များနှင့် ကျယ်ဝန်းသော စင်္ကြံတို့ကြောင့် စိတ်ပေါ့ပေါ့ပါးပါး ရှိလာသလို ခံစားရ၏။

အမျိုးသမီး ခွဲစိတ်ဆောင်ထဲသို့ ဝင်လိုက်သောအခါ ထိပ်ဆုံးအခန်းရှေ့တွင် ခင်စံပယ်လှိုင်ကို တွေ့လိုက်ရသောကြောင့် သူပျော်သွားသည်။ ခင်စံပယ်လှိုင်က သူ့ကိုလှမ်းခေါ်ပြီး...

"လာ... ငါ နင့်ကို စောင့်နေတာ"

ဟု ပြော၏။

သူ့ခြေလှမ်းတွေ တုံ့ဆိုင်းကာ စိုးသွားသည်။

"ဟဲ့... အထဲဝင်လေ"

အစိမ်းရောင်ခန်းဆီးစကို ဖယ်ရှားကာ အထဲသို့ဝင်လိုက်သည်။ သူမကို မြင်ရလေသည်။

ဆေးရုံသုံး အဖြူရောင်သံကုတင်ပေါ်တွင် သူမ လဲလျောင်းနေသည်။ အဖြူရောင်စောင်တစ်ထည်ကို ရင်ဘတ်အထိ လွှမ်းထား၏။ သူမ၏ မျက်နှာက ဖျော့တော့နေသည်။ ပါးပြင်ပေါ်တွင် အနီရောင် သွေးကြောမျှင်ကလေးတွေကို မြင်ရလေသည်။ နှုတ်ခမ်းက ပန်းနုရောင်ဖျော့ဖျော့။ ဆိုးဆေးနံ့သာ ချယ်မထားသည့် ပကတိအလှဖြစ်သောကြောင့် ဆောင်းဉတုနံနက်ခင်းများတွင် ကျရောက်လာတတ်သော ပထမဦးဆုံး နေခြည်တန်းလို နူးညံ့နွေးထွေးနေလေသည်။

ခေါင်းအုံးအဖြူရောင်ပေါ်တွင် သူမ၏ ဆံပင်တွေက ဖွာကြဲနေကြ၏။ ကွေးညွတ်ပျော့သွယ်သွားသည့် မျက်ခုံးတွေအောက်မှာတော့ အရင်ကလိုပဲ မာနနှင့် ယုံကြည်ချက်တွေ လင်းလက်နေသည့် မျက်ဝန်းတွေက တောက်ပဆဲ...။

"အောရင့်(ချ်)"

မြန်မာဆိုက်ကားစာအုပ်စင်မှတင်ဆက်သည်
typing- G!VER

သူ ခပ်တိုးတိုး ခေါ်သည်။ နောက်... 'ငါ သိပ်စိတ်တင်းကြပ်လွန်းနေပြီ'... ဟု ကိုယ့်ကိုယ်ကို ပြန်သတိပေးလိုက်၏။ 'အရမ်းကြီး တောင့်တင်းမနေနဲ့၊ စိတ်ပူမနေနဲ့၊ အေးအေးဆေးဆေး ပြေလည်သွားမှာပါ' ဟုတွေးကာ ကိုယ့်စိတ်ကို ပြန်ဖြေလျှော့ချနေရသည်။

"နေကောင်းလား ဟင်"

အောရင့်(ချ်)က ပြန်မဖြေ။ သူ့ကို စူးစူးရဲရဲ စိုက်ကြည့်လျက်သား ရှိသည်။ 'သွားပြီ... ငါ စကားမှား ပြန်ပြီ' ဟု တွေးရင်း ကိုယ့်ကိုယ်ကို အပြစ်တင်မိ၏။ နေမကောင်းလို့ ဆေးရုံတက်ရတာပဲ့။ တစ်ခါမှဆေးရုံကို လူနာမေး မသွားဖူးသောကြောင့် ပြောစရာစကား မရှိသလို ကြောင်တောင်တောင် ဖြစ်နေသည်။ သူ့ဆံပင်ရှည်ရှည်တွေကို လက်ဖြင့် ထိုးဖွမိပြန်သည်။ ဘာပြောရမှန်း မသိသောကြောင့်...

"အောရင့်(ချ်) အတွက် ပန်းသီးတွေ ဝယ်လာတယ်"

ပန်းသီးတွေ ထည့်ထားသည့် ကြွပ်ကြွပ်အိတ်ကို သူမကုတင်ဘေးမှ စားပွဲပုလေးပေါ် လှမ်းတင်လိုက်၏။ ကြွပ်ကြွပ်အိတ်အဝကို ချည်မထားမိသောကြောင့် ပန်းသီးတွေက ဝေါခနဲ ကြမ်းပေါ်ပြုတ်ကျကုန်သည်။

"ဟဲ့"

သူက ယောင်ပြီး လှမ်းဆွဲလိုက်၏။ လက်နဲ့ ရိုက်ကာ ဗီဒိုပေါ်မှ အအေးပုလင်းက လဲကျသည်။ ကမန်းကတန်း လှမ်းဖမ်းသော်လည်း မမီလိုက်။

"ဝှမ်း"

"ဟာ... သွားပြီ"

ပန်းသီးတွေကလည်း ကြမ်းပြင်ပေါ်မှာ လိမ့်ကာလိမ့်ကာ...။ သူတစ်လုံးပြီး တစ်လုံး လိုက်ကောက်သည်။ နောက်ဆုံးတစ်လုံးက လိမ့်ရင်းလိမ့်ရင်းနှင့် ကုတင်အောက် ဝင်သွား၏။ 'အင်း... သူ့ကုတင်အောက် ဝင်ကောက်ဖို့တော့ မသင့်တော်ဘူးထင်တယ်' ဟု သူတွေးလိုက်ပြီး...

"အောရင့်(ချ်)၊ ဟိုဒင်း... တစ်လုံးကတော့ ကုတင် အောက်ဝင်သွားပြီ၊ ကိုယ်ဖာသာကိုယ် ကောက်လိုက်တော့နော်"

သူမ ဘာမှပြန်မပြော။ အံကြိတ်ကာ မျက်လုံးပြူးပြသည်။ 'ဒုက္ခပါပဲ... လွဲကုန်ပြီ'။

မြန်မာ့ရတနာ စာအုပ်စင် ကမ္ဘာကျော်သည်
typing G!VER

"ဟို… ဟိုဒင်း"

သူ အယောင်ယောင် အမှားမှားပြောရင်း ကြမ်းပြင်ပေါ်တွင် ပန်းသီးများကို လိုက်ကောက်နေရာမှ ကုန်းကုန်းကွကွ ထသည်။ ထို့နောက်…

"အော… အောရင့်(ချ်) ဟိုဒင်းခွဲရတယ်ဆို"

ပြောပြီးမှ… 'ဟာ… ငါ့စကားအဓိပ္ပာယ်က တစ်မျိုးကြီးဖြစ်နေပြီ' ဟု သတိရလိုက်၏။ သူမ၏ မျက်နှာပေါ်တွင် အရုက်တွေ ပန်းရောင်ဖြာလက်သွားသည်ကို မြင်ရ၏။ သူက ကမန်းကတန်းဖြင့်…

" ဟာ… ကျွန်တော် ဘယ်လိုသဘောနဲ့မှ ပြောတာမဟုတ်ဘူးနော်… ဘာမှလျှောက်မတွေးနဲ့"

သူ ရှင်းပြခါမှ ပိုဆိုးနေတော့သည်။ ကောင်မလေးကပဲ ညစ်ညစ်ညမ်းညမ်းတွေ လျှောက်တွေးနေသလိုလို ဘာလိုလိုဖြစ်သွား၏။ ညီညီက စိတ်ညစ်ညစ်ဖြင့် ဆံပင်တွေကို လက်ဖြင့် ထိုးဖွကာ ရှည်လျားသော ဆံစများကို နားရွက်နောက်သို့ စုသိမ်းလိုက်သည်။

"ဟာ… ခက်တာပဲ၊ စကားတွေကလဲ ဘယ်ရောက်ကုန်မှန်း မသိဘူး၊ အဲ… ကျွန်တော် ဟိုကိစ္စကို ရှင်းပြဖို့လာတာပါ၊ အဲဒါ… ကျွန်တော်လုပ်တာ မဟုတ်ဘူး… သိလား၊ ကိုညွန့်လွင်နဲ့ ကိုနန်းနွယ် လက်ချက်၊ ဟိုလေ… အဲဒါ… မခင်စံပယ်လှိုင်ကို ရှင်းပြပြီးပါပြီ"

သူစကားကို ခဏဖြတ်ကာ အောရင့်(ချ်)ကို တစ်ချက် အကဲခတ်လိုက်၏။ သူမ… ဘာမှပြန်မပြော…။ ဒီအတိုင်းဆို… သူမကို ခင်စံပယ်လှိုင်က ဘာမှ ပြန်မပြောရသေးဘူးနဲ့တူတယ်ဟု တွေးလိုက်သည်။

"ဟိုညနေက သူတို့နှစ်ယောက်ပေါင်းပြီး ကျွန်တော့်ကို သက်သက် ချောက်ချတာ… သိလား၊ ဓမ္မာရုံသွားမယ်တို့၊ ပိုက်ဆံတစ်ထောင် ပေးတာတို့ဆိုတာ ကျွန်တော် ဘာမှမပြောဘူး၊ သိလဲလုံးဝသိတာ မဟုတ်ဘူး၊ တကယ်ပါ… အောရင့်(ချ်) ယုံပါ"

အောရင့်(ချ်)က ဘာမှမပြော။ နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားသည်။

ညီညီ ဝမ်းနည်းလာ၏။ 'သူ... ငါ့ကို မယုံဘူးနဲ့တူတယ်' ဟု စိတ်ဓာတ်ကျစွာ တွေးလိုက်သည်။ နောက်... အားတင်း၍ နှုတ်ခမ်းကို လျှာဖြင့်သပ်လိုက်ပြီး...

"တကယ်တော့... သူတို့နှစ်ယောက်က ဟိုဟာဖြစ်နေကြတာ... အဲ..."

သူ့စကားကြောင့် ကောင်မလေး မျက်လုံးပြူးသွား၏။ ညီညီက ကမန်းကတန်း ထပ်ပြောလိုက်ရသည်။

"အဲ... သူတို့နှစ်ယောက်စလုံးက ကျွန်တော့်ကိုနောက်ဖို့ ကြိုတင် တိုင်ပင်ထားကြတယ်လို့ ပြောတာ၊ အဲဒါကို ကျွန်တော်က မသိဘဲနဲ့ သူတို့ မြန်မြန် ထွက်သွားပါစေတော့ဆိုပြီး ကျွန်တော်က စကားအလိုက်သင့်လျှောက်ပြောမိတာ... အထင်လွဲစရာတွေ ဖြစ်ကုန်ရော၊ တကယ်က ကျွန်တော် ဘာမှ မသိရပါဘူး... ယုံပါ"

အောရင့်(ချ်)က သူ့ကို စိုက်ကြည့်နေ၏။ စကားတစ်ခွန်းမှ ပွင့်ဟမလာ။ သူ သက်ပြင်းချလိုက်သည်။

"အောရင့်(ချ်)... ကျွန်တော့်ကို ခွင့်မလွှတ်နိုင်တော့ဘူးလားဟင်၊ ပြောပါ... တစ်ခုခုတော့ ပြောပါဗျာ"

"..........."

"O R A N G E"

တိတ်ဆိတ်လွန်းနေသော ပန်းနုရောင်ဖျော့ဖျော့နှုတ်ခမ်းတွေကို ကြည့်ကာ နလုံးအိမ်ပေါ်မှာ အက်ကွဲရာတစ်ခု ဖျတ်ခနဲ ထင်သွား၏။ နာကျင်လာသည်။

"အဲဒီလိုချည်း ရက်ရက်စက်စက် တိတ်ဆိတ်မနေပါနဲ့ဗျာ"

သူ့အသံထဲမှာ နင်းတွေ ကြွေကျနေ၏။ သူက...

"ခွင့်မလွှတ်နိုင်ရင်လဲ အပြစ်တင်တဲ့ စကားတစ်ခွန်းဖြစ်ဖြစ် ပြောလိုက်စမ်းပါဗျာ၊ ဒီလိုချည်းမနေပါနဲ့... ပြောပါ အောရင့်(ချ်) ပြောစမ်းပါ"

"အု... အု"

အောရင့်(ချ်)၏ အသံတိုးတိုးလေး ထွက်လာသည်။ လည်ပင်းမှ ဂွမ်းနှင့်ပတ်တီးစကို လက်ညှိုးထိုးပြနေသည်ကို မြင်ရ၏။

အား... သေလိုက်ပါတော့။ 'ဒီနေ့မနက်ကတင် သူမရဲ့ လည်ပင်းကို ခွဲစိတ်ထားရတာ၊ ဘယ်လိုလုပ်စကားပြောနိုင်မှာလဲ... ငါတော့ လွဲပြန်ပြီ' ဟု စိတ်ထဲက ရေရွတ်မိလေသည်။ တော်တော်မသိဆိုးရွားနိုင်တဲ့ကောင်... သူ့ကိုယ်သူ ကျိန်ဆဲလိုက်သည်။

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

typing- G!VER

# အခန်း ၁၂

*နပိုလီယန်ဟာ စစ်တိုက်တဲ့နေရာမှာ အချိန်ရွေးမှားခဲ့တယ်။*
*ရိုမီယိုနဲ့ ဂျူးလိယက်ဟာ မွေးဖွားရာ မျိုးနွယ်စု မှားခဲ့တယ်။*
*ကျန်စစ်သားနဲ့ မဏိစန္ဒာဟာ တာဝန်နဲ့ နှလုံးသား မှားခဲ့တယ်။*
*အက်ဒွပ်ဘုရင်ဟာ ဗြိတိသျှထီးနန်းမှာ နေရာအယူမှားခဲ့တယ်။*
*ရှင်မွေနွန်းဟာ ချစ်သူမင်းနန္ဒာရဲ့ လက်မောင်းကို ခေါင်းအုံး အအိပ်မှားခဲ့တယ်။*

*ချစ်သူရေ... ငါကတော့*
*အများအယွင်းတွေအားလုံးကို ခေါင်းအုံးအိပ်ခဲ့တဲ့သူပါကွယ်။*

မြန်မာစာအုပ်စင်မြေ တင်ဆောက်သည်

typing- G!VER

" ရှင်မွေ့နွန်းက မင်းနန္ဒာရဲ့ ညာဘက်လက်မောင်းကို ခေါင်းအုံးအိပ်တော့ ဘာဖြစ်လဲ"

သူ ရေးထားသည့် စာသားများကို လှမ်းကြည့်ရင်း ကိုညွန့်လွင်ကမေး၏။ ကိုထွန်းစန်းက သူ့ပါးစပ်ထဲမှ ကွမ်းဖတ်တွေကို ရေနွေးဖြင့် ပလုပ်ကျင်းကာ ထွေးထုတ်ပစ်လိုက်ပြီး...

"သေတာပေါ့ကွာ... မလက်တိုက လိုက်နှောင့်ယှက်တာကိုး"

"ဩော်... လက်တိုအင်္ကျီဝတ်တဲ့ မိန်းမကြီးလား"

"ဟာ... မလက်တိုဆိုတာ မိကျောင်းကွ"

ညီညီက စိတ်ပျက်လက်ပျက်ဖြင့်

"ဟာဗျာ... တော်ကြပါတော့၊ ခင်ဗျားတို့ ခပ်ဝေးဝေးမှာ သွားနေကြစမ်းပါဗျာ၊ ဒီမှာ စာရေးလို့ မရတော့ဘူး"

"မင်းက ဘာလုပ်ဖို့ ရေးနေတာလဲကွ"

"အောရင့်(ချ်)ကို ပေးဖို့လေ၊ ကဗျာတစ်ပုဒ် စမ်းရေးကြည့်နေတာ... မနက်ဖြန် သူ ဆေးရုံက ဆင်းတော့မှာ"

ပြောပြီး ညီညီက သူ့စာကို ဗလာစာအုပ်ထဲတွင် အချောပြန်ကူးနေလိုက်သည်။ ထိုအချိန်တွင် ကင်တင်းထဲသို့ ကိုနန်းနွယ်က အပြေးအလွှားဝင်လာပြီး...

"ဟေ့ကောင်တွေ... ဖတ်စရာ ဘာစာအုပ်ရှိလဲ၊ လုပ်စမ်းပါ၊ တစ်အုပ်လောက် မြန်မြန်ပေးစမ်းပါ"

"ဘာဖြစ်လာတာလဲ၊ ရေးကြီးသုတ်ပျာနဲ့... မင်းပုံစံက"

"ဟာ... အိမ်သာတက်မလို့ကွ၊ လုပ်စမ်းပါ... မြန်မြန်၊ ဒီမှာ ဒုက္ခရောက်တော့မယ်"

"မရှိဘူးကွ၊ ဘာစာအုပ်မှ မရှိဘူး၊ ဟာ... ဟာ ဟေ့ကောင် ပုဆိုးထဲတော့ မပါချလိုက်နဲ့နော်"

နန်းနွယ် နဖူးတွင် ချွေးသီးချွေးပေါက်တွေ ဥလာ၏။ နန်းနွယ်က ညီညီ ရေးထားသည့်စာရွက်ကို တွေ့သွားပြီး...

"ဟာ... အတော်ပဲ၊ ဟော့ကောင်... ညီညီ၊ မင်းရေးထားတဲ့စာရွက် ခဏပေးလိုက်စမ်းပါကွာ... အိမ်သာထဲမှာ ဖတ်ချင်လို့ပါ"

ညီညီ့ ရင်ထဲမှာ အောင့်သွား၏။

"ဟာဗျာ... ကိုနန်းနွယ်ကလဲ"

"ပေး... ပေး၊ လုပ်စမ်းပါကွာ... မြန်မြန်"

တားချိန်မရလိုက်၊ ကိုနန်းနွယ်က သူ့လက်ထဲမှ ကဗျာစာရွက်ကို အတင်းလုယူပြီး အိမ်သာဆီ ခပ်သုတ်သုတ် ပြေးလေသည်။ ကိုညွှန့်လွင်က သူ့ဖက်လှည့်ပြီး...

"ကြည့်စမ်း... အခုမှ ကဗျာတစ်ပုဒ်နှစ်ပုဒ် စရေးရုံရှိသေးတယ်၊ အောင်မြင်နေလိုက်တာ၊ အဲဒါ... တစ်ချိန်မှာ မင်းရဲ့စာကို လူတွေက အလုအယက် ဖတ်ကြရလောက်တဲ့အထိ အောင်မြင်ဦးမယ်ဆိုတဲ့ နိမိတ်ပဲကွ၊ ဪ... ဒါနဲ့ နိမိတ်ဆိုလို့ အတိတ်နိမိတ်... တို့၊ တဘောင်... တို့၊ စနည်း... တို့ ဆိုတာတွေကို မင်းသိလား"

"ဟင့်အင်း... မသိဘူး"

ညီညီက ရိုးရိုးသားသားပင် ပြန်ဖြေလိုက်သည်။ ကိုထွန်းစန်းက ခေါင်းကို စိတ်ပျက်လက်ပျက်ဖြင့် ခါယမ်းလိုက်ပြီး...

"တော်တော်ခက်တဲ့ကောင်ကွာ... ဒါနဲ့များ အောရင့်(ချ်)ကို စိတ်ကူးရဲသေးတယ်၊ ဗေဒင်၊ နက္ခတ်ကော... အတိတ်ကောက်တွေ၊ နမိတ်ကောက်၊ တဘောင်၊ စနည်းတွေ၊ အယူမင်္ဂလာတွေ၊ မြန်မာ့နက္ခတ် ဗေဒင်ပညာတွေထဲမှာ အဲဒီဟာတွေ အားလုံးပါတယ်ကွ"

အတည်ပြောနေသလား၊ နောက်နေတာလား... ဟု ခွဲခြားမရ။

ကိုညွှန့်လွင်က ခေါင်းညိတ်ပြပြီး...

"ဟုတ်တယ်ကွ၊ ဆေးကုတဲ့ နေရာမှာကအစ ဓာတ်စာတွေ ဆေးတွေကို ဗေဒင်နက္ခတ်နဲ့ ညှိပေးတာ၊ မင်း... ဟိုဆေးကျမ်းဖတ်ဖူးလား၊ 'မီးယပ် မိန်းမ၊ သူမေးလာ ဝအောင်နာနာ၊ စားဟဲ့ငွေးသီး' ဆိုတာလေ၊ အဲဒါ ဓာတ်တွေ၊ နက္ခတ်တွေနဲ့ ညှိပြီး ကုတာပေါ့"

"ဟာ... ခင်ဗျားဆေးနည်းကြီးက မဟုတ်သေးဘူးထင်ပါတယ်ဗျာ"

typing- G!VER

ဟု သူ ညည်း၏။ ကိုထွန်းစန်းက...

"မင်း တဘောင်ပေါ်တယ်ဆိုတာ သိလား"

"ပေါင်ပေါ်တယ်ဆိုရင် ရက်စရာကြီးနေမှာပေါ့"

ကိုထွန်းစန်းက ခေါင်းကိုကုတ်ရင်း...

"တဘောင်ဆိုတာ... ဖြစ်လာမယ့် အကြောင်းအရာတစ်ခုကို ကြိုပြီး လူတွေဆိုကြတဲ့ သီချင်းကိုခေါ်တာ၊ စနည်းဆိုတာက လောလောဆယ်လုပ်မယ့် ကိစ္စတစ်ခုရဲ့ အကောင်းအဆိုးကို သိချင်လို့ တမင်ထွက်ပြီး နားထောင်တဲ့အခါ ကြားရတာကို ခေါ်တာ၊ 'စနည်းဆိုတောင်၊ တဘောင်ဆိုမြောက်' တဲ့၊ စနည်းနာချင်ရင် တောင်ဘက်ကိုသွားရတယ်၊ တဘောင်ကြားချင်ရင် မြောက်ဘက်ကို သွားရတယ်"

"အလကားပါဗျာ... အဲဒါတွေ ခင်ဗျားကို ဘယ်သူပြောပြတာလဲ"

ညီညီ ခေါင်းခါလိုက်သည်။ ရှေးခေတ်က စစ်ပွဲတွေမှာ သုံးခဲ့ကြတဲ့ စိတ်ဓာတ်စစ်ဆင်နည်း တစ်မျိုးကော မဖြစ်နိုင်ဘူးလားဟု သူ တွေးကြည့်မိသည်။ မဝေခွဲတတ်။ သူ စိတ်တွေ ရှုပ်ထွေးလာ၏။ တစ်ဖက်သို့ မျက်နှာလွှဲလိုက်သောအခါ ဟိုးခပ်လှမ်းလှမ်းတွင် ကျီးကန်းနစ်ကောင် အစာလုနေကြသည်ကို မြင်ရ၏။ အနိုင်အရှုံးကို အင်အားက အဆုံးအဖြတ် ပေးသလား၊ စိတ်ဓာတ်က အဆုံးအဖြတ် ပေးသလား၊ ကံကြမ္မာက အဆုံးအဖြတ် ပေးသလားဟု သူ တွေးနေမိသည်။

ကိုနန်းနွယ် ပြန်ရောက်လာသည်။ မျက်နှာက ပြုံးစေ့စေ့ ဖြစ်နေ၏။ လှမ်းကြည့်လိုက်တော့... လက်ထဲမှာ ကဗျာစာရွက်ပါမလာ။ သူ့ စိတ်ထဲ ထင့်ခနဲ ဖြစ်သွား၏။

"ကိုနန်းနွယ်၊ ကျွန်တော့် ကဗျာစာရွက်ကော"

ကိုနန်းနွယ်က မဖြေဘဲ ပြုံးနေ၏။ သူနောက်တစ်ခေါက် ထပ်မေးလိုက်သည်။ ထိုအခါတွင်မှ ကိုနန်းနွယ်က...

"ဆောရီးကွာ"

အဲသည်ကတည်းက တစ်ခုခုတော့ လွဲချော်ခဲ့ပြီမှန်း သူသိလိုက်၏။

typing- GIVER

"မင်းစာရွက်ကို ဟိုထဲမှာ ထိုင်နေရင်းနဲ့ မတော်တဆ လွတ်ကျသွားတယ်၊ အဲဒါကွာ... ဟိုဒင်း နည်းနည်းပေသွားတယ်"

"ဟာ... ဒုက္ခပါပဲဗျာ"

ကျန်သူနှစ်ယောက်က ဝိုင်းရယ်ကြသော်လည်း သူ မရယ်နိုင်။

"ကိုနန်းနွယ် တကယ်ပြောတာလား၊ မနောက်နဲ့နော်၊ ကျွန်တော့်မှာ မူရင်း အဲဒီတစ်စောင်ပဲရှိတာ"

ကိုနန်းနွယ် တစ်ချက်မျက်နှာပျက်သွား၏။ မျက်လုံးထဲမှာ စိတ်မကောင်းသည့် အရိပ်အငွေ့တွေ မှုန်ရီဝေလာသည်။ အိတ်ထဲမှ လက်ကိုင်ပုဝါကို ထုတ်၍ မျက်နှာပေါ်မှ ချွေးတို့ကို သုတ်လိုက်ရင်း...

"တကယ်ပါ၊ ဒီတစ်ခါတော့ ငါ နောက်တာမဟုတ်ဘူး၊ တမင်လုပ်တာလဲ မဟုတ်ဘူးနော်၊ တကယ်ပါကွာ... ငါ စိတ်လဲမကောင်းပါဘူး"

သူငိုင်သွားသည်။ အပြစ်လည်း တင်ရခက်နေသည်။ သူ့သက်ပြင်းချသံကြောင့် ကိုနန်းနွယ်က...

"ဟေ့ကောင်၊ မင်းမှာ မူရင်း အဲဒီတစ်စောင်ထဲရှိတယ်ဆိုရင် အခုနေ အိမ်သာထဲမှာ သွားကူးလို့ရသေးတယ်၊ သွား... သွား မြန်မြန်သွားကူးချေ၊ ရေစိုနေပြီး တော်တော်ကြာ ဖတ်လို့မရဘဲနေလိမ့်မယ်"

ကျန်သူနှစ်ယောက်ကလည်း 'ဟုတ်တယ်... ဟုတ်တယ်... မြန်မြန်သွားကူးချေ' ဟု ဝိုင်းတိုက်တွန်းကြ၏။ ကိုနန်းနွယ်က...

"အဝင်ပေါက်နားထောင့်ဆုံးက အိမ်သာခန်းထဲမှာကွ၊ အခန်းထောင့်မှာ ဒီအတိုင်းဖြန့်လျက်သားလေး ပစ်ချထားခဲ့တယ်၊ မြန်မြန်သွားလေကွာ"

သူ ဗလာစာရွက် တစ်ရွက်နှင့် ဘောလ်ပင်ကိုကိုင်ကာ ကမန်းကတန်း အိမ်သာဆီ ပြေးရတော့သည်။

"နင်တို့ ဘာတွေရယ်နေကြတာလဲ"

ခင်စံပယ်လှိုင်၏ အသံကြောင့် ကိုထွန်းစန်း၊ ကိုနန်းနွယ်နှင့် ကိုညွန့်လွင်တို့ သုံးယောက်က လှည့်ကြည့်လိုက်သည်။ သူတို့ ဘာဖြေရမည်မှန်း မသိဘဲ ဖြစ်နေ၏။ ခင်စံပယ်လှိုင်က...

"မနက်ဖြန် အောရင့်(ရ်) ဆေးရုံက ဆင်းတော့မှာ... အဲဒါနင်တို့သိတယ် မဟုတ်လား"

"အင်း"

"သူ ဆေးရုံက ဆင်းပေမယ့် အဆောင်ပြန်မှာမဟုတ်ဘူး၊ သူ့အဒေါ်အိမ်မှာ တစ်ပတ်လောက် သွားအနားယူဦးမှာ၊ အဲဒါ... နင်တို့ဆေးရုံမှာ လာကြိုမယ်ဆိုရင် ရောက်ပြီး လှည့်ပြန်နေရမှာစိုးလို့ မကြိုနဲ့တော့လို့ လာပြောတာ၊ ဟိုတစ်ယောက်ရော... ဘယ်သွားလဲ"

သူတို့အားလုံး ဝိုင်းရယ်လိုက်ကြ၏။ ကိုညွှန့်လွင်က...

"ဟိုကောင်... အိမ်သာထဲသွားတယ်၊ ကဗျာသွားကူးတာ"

"ပေါက်ပေါက်ရှာရှာ... အိမ်သာထဲက ကဗျာ... ဘာလုပ်ဖို့လဲ"

"အောရင့်(ရ်)ကို ပေးဖို့လို့ ပြောတာပဲ"

ခင်စံပယ်လှိုင် နှာခေါင်းရှုံ့လိုက်၏။ ထိုအချိန်တွင် ညီညီက အိမ်သာထဲမှ ပြေးထွက်လာပြီး...

"ဟာ... ခင်စံပယ်လှိုင်၊ အတော်ပဲ၊ မနက်ဖြန် ခင်ဗျား ဘယ်အချိန်သွားကြိုမှာလဲ၊ ကျွန်တော် လိုက်ခဲ့မလို့"

"မလိုက်နဲ့တော့... သူက ဆေးရုံကနေ သူ့အဒေါ်အိမ်ကို တန်းသွားမှာ... ငါနဲ့ အေးစန္ဒာပဲ သွားကြိုလိုက်တော့မယ်"

ညီညီက နှုတ်ခမ်းကို ကိုက်၍ စဉ်းစားလိုက်ပြီး...

"အဲဒါဆိုရင်လဲ ပောဒီကဗျာလေး အောရင့်(ရ်)ကို ပေးပေးပါဗျာ"

ခင်စံပယ်လှိုင်က လက်တွန့်နေ၏။ ညီညီက မရိပ်မိသောသေး။ စာရွက်ကို အတင်းထိုးပေးသည်။ ခင်စံပယ်လှိုင်က စာရွက်ထိပ်ဖျားလေးကို လက်သည်းဖြင့် ဆိတ်ကာ တွဲလောင်းကလေး ကိုင်ရင်း...

"နင်ကလဲ ပေးစရာရှားလို့ပါယ်"

"ကျွန်တော့်ရင်ထဲကလာတဲ့ အငွေ့အသက်ကလေးတွေ ပါအောင်လို့ပါဗျာ"

ညီညီကလည်း သူ့အဓိပ္ပာယ်နှင့်သူ ပြော၏။ ခင်စံပယ်လှိုင်ကလည်း သူ့ဖာသာသူ ထင်ရာဆွဲတွေးပြီး နားလည်လိုက်သည်။

# အခန်း ၁၃

အေးစန္ဒာက... အောရင့်(ချ်)၏ အဒေါ်ကို ကူပြီး ဆေးရုံပေါ်မှ ပစ္စည်းများ သိမ်းဆည်းပေးနေချိန်တွင် ခင်စံပယ်လှိုင်က အောရင့်(ချ်)ကို ညီညီ ပေးခိုင်းလိုက်သော ကဗျာစာရွက်သည် အိမ်သာထဲမှ ရေးကူးလာခြင်းဖြစ်ကြောင်း ပြန်ပြောပြနေ၏။

"သူ့ဗိုက်ထဲက အငွေ့အသက်တွေ ပါအောင်လို့တဲ့"

ခင်စံပယ်လှိုင်က ညီညီ့စကားကို သူ နားလည်သလို ပြန်ပြောပြလိုက်သည်။ အောရင့်(ချ်)မျက်နှာတစ်ချက် ရှုံ့မဲ့သွားပြီး ပါးစပ်ထဲ ပျို့တက်လာသော တံတွေးကို မနည်းစိတ်တင်းကာ ပြန်မျိုချလိုက်ရသည်။ နောက်...

"ရွံစရာကြီးဟယ်"

ဟု ညည်းလိုက်၏။

ခင်စံပယ်လှိုင်က လူနာအတွက်ထားပေးသော စပျစ်သီးများကို ပါးစပ်ထဲသို့ အပြွတ်လိုက် အားပါးတရ ထိုးသွင်းနေရင်း...

"ဒါတော့... သူ့ခံယူချက်နဲ့ သူပေါ့လေ၊ အဲဒီကဗျာက ခတ်ရိုက်ခတ်ဆင် လုပ်တာလားမှ မသိတာ"

"ဘာဆိုင်လို့လဲ"

"မသိဘူးလေ... ဝမ်းသွားတာကို ဓာတ်သွားတယ်လို့ ခေါ်တယ် မဟုတ်လား"

ခင်စံပယ်လှိုင်က အူကြောင်ကြောင်ဖြင့် ပြန်ပြောသောကြောင့် အောရင့်(ချ်) စိတ်တိုသွား၏။

"နင်မို့လို့ မရွံမရှာ၊ အဲဒီစာရွက်ကြီး ငါ့ဆီယူလာသေးတယ်"

ပြောပြောဆိုဆိုနှင့် အောရင့်(ချ်)က တံထွေးထွေးဖို့ ထွေးခံ လိုက်ရှာသည်။

အဒေါ်ဖြစ်သူက ပစ္စည်းတွေအားလုံးကို သိမ်းဆည်းထားပြီးနေပြီ ဖြစ်သောကြောင့် ထွေးခံမရှိတော့။ ကမန်းကတန်း ပြတင်းပေါက်ဆီ ထသွားပြီး 'ထွီ'ကနဲ ထွေးလိုက်ရ၏။ ခင်စံပယ်လှိုင်က လက်ချောင်းများတွင် စီးကျနေသော စပျစ်သီးအရည်များကို တပြွတ်ပြွတ်စုပ်ရင်း...

"ငါလဲ ရွံတာပေါ့ဟာ၊ ဒီအတိုင်းချည်းတော့ လက်ထဲမှာ ဘယ်ကိုင်လာပါ့မလဲ၊ ပလတ်စတစ်အိတ်ကလေးနဲ့ ထုတ်ပြီး ယူလာတာပေါ့"

အောရင့်(ချ်)က ဗီဒိုပုကလေး၏ ထောင့်စွန်းတွင် တင်ထားသော စာရွက်ဖြူဖြူကလေးကို လှမ်းကြည့်လိုက်သည်။ ဆွဲယူပြီး လွှင့်ပစ်လိုက်ဖို့ စိတ်ကူးသော်လည်း တကယ်တမ်းတွင် မလုပ်ဖြစ်။ စိတ်ပျက်ပျက်ဖြင့် ခေါင်းကိုခါယမ်းပြီး မျက်ဝန်းများကို မှိတ်လိုက်သည်။ မျက်ခွံကဖုံးအုပ်ထားသော အမှောင်ထုထဲမှာ ညီညီ၏ မျက်နှာနုနုကလေး ပေါ်လာ၏။

ကောင်လေးက ပြုံးနေသည်။ သွားတက်ဖွေးဖွေးကလေး လက်ကနဲ ဖြစ်သွား၏။ နောက်... ကောင်လေးက ခေါင်းကို ငဲ့စောင်းပြီး ဆတ်ကနဲ ခါယမ်းလိုက်သောအခါ... နူးညံ့ပျော့ပျောင်းသော ဆံပင်ရှည်ရှည်တွေ ဖွာကနဲ ကြဲလွင့်သွားလေသည်။ ဘာလို့ကြည့်ကောင်းနေရပါလိမ့်... ဟု သူမ စဉ်းစားရင်း ရင်ထဲ နွေးကနဲ ဖြစ်သွား၏။ သိပ်ကို ချိုမြလွန်းနေသည့် ဆံပင်ရှည်ရှည်နဲ့ ကောင်လေးတစ်ယောက်ပါပဲ။

ထိုအခိုက်အတန့်မှာပင် သူမကို တစေ့တစောင်း လှမ်းအကဲခတ်ကြည့်နေသည့် ခင်စံပယ်လှိုင်ကို သတိထားမိသွားပြီး အောရင့်(ချ်)က...

"အဲဒီ... ချမ်းမြေ့ညီညီဆိုတဲ့ကောင်က တော်တော်မျက်နှာပြောင်တယ်၊ လူက အူကြောင်ကြောင်နဲ့၊ လုပ်ပုံကိုင်ပုံတွေကလည်း တစ်ချက်မှ အချိုးမပြေဘူး၊ ငါတော့ ကြည့်လို့ကိုမရဘူး"

သူမ၏ စကားကို ခင်စံပယ်လှိုင်က စိတ်မဝင်စားသည့်ဟန်ဖြင့် စပျစ်သီးများကိုသာ အားပါးတရ စားနေသည်။ အောရင့်(ချ်)က လှမ်းမေးလိုက်သည်။

"နင့်စိတ်ထဲမှာကော ဘယ်လိုထင်လဲဟင်"

"သိပ်မမှည့်သေးလို့ ထင်တယ်၊ နည်းနည်းချဉ်သလိုပဲ"

အောရင့်(ချ်)က ခင်စံပယ်လှိုင်၏ လက်မောင်းကို ဆွဲဆိတ်လိုက်ပြီး...

"နင့်စကားက ဘယ်လိုလုပ်ပြီး စပျစ်သီးဆီ ရောက်သွားရတာလဲ၊ ငါက ချမ်းမြေ့ညီညီအကြောင်း မေးတာ"

"ကောင်လေးက နည်းနည်း အူကြောင်ကြောင်နိုင်တာကလွဲလို့ သနားဖို့ကောင်းပါတယ်ဟယ်၊ နင်သူ့ကို အထင်လွဲနေပြီဆိုပြီး... သူ့ခမျာ ဝမ်းနည်းနေလိုက်တာ... ထမင်းတောင် မစားနိုင်ဘူးတဲ့"

အောရင့်(ချ်)က နှုတ်ခမ်းကို စူလိုက်ပြီး... အသံမာမာဖြင့်...

"ဟင်... နင်ကလဲ ပိုနေပြန်ပြီ၊ ဟုတ်ကော ဟုတ်လို့လား"

"အင်း... သူ ခေါက်ဆွဲတွေစားနေတာတော့ မြင်တာပဲ"

ပြောပြောဆိုဆိုဖြင့် ခင်စံပယ်လှိုင်က အောရင့်(ချ်)လှမ်းဆိတ်မည့်လက်ကို လွတ်အောင်ရှောင်ပြီး ထပြေးသည်။

အောရင့်(ချ်)က ကုတင်ပေါ်မှ ထရပ်လိုက်ပြီး စိတ်ဆိုးမာန်ဆိုးလေသံဖြင့်...

"တောက်... နင်နော်"

"ဟယ်... မနင်ပါဘူး၊ ငါ ဖြည်းဖြည်းချင်း စားနေတာပဲ"

အောရင့်(ချ်)က ခင်စံပယ်လှိုင်ကို မကြည့်တော့ဘဲ မျက်နှာကိုတမင် စူပုပ်ပုပ်လုပ်ထားပြီး ပြတင်းပေါက်ဆီ မျက်နှာမူထားလိုက်သည်။

typing- G!VER

အပြင်မှာ...

ဆောင်း၏ အဉီးအဖျားနှင်းစက်တို့ကို သယ်ဆောင်လာသည့် မြောက်ပြန်လေငွေ့တို့ တိုက်ခတ်စပြုပြီ။ သစ်ပင်တွေ ယိမ်းနွဲ့နေကြသည်ကို မြင်ရလေသည်။ နွေးထွေးနူးညံ့သော နေခြည်တန်းတွေ ဆေးရုံဘေး မြက်ခင်းပေါ် ဖြာကျနေသည်။ ဆေးရုံဝင်းထောင့်က ပိတောက်ပင်ပေါ်တွင် သပိတ်လွယ် ငှက်ကလေးတစ်ကောင် နားနေသည်ကို မြင်ရ၏။ ငှက်ကလေး၏ ရင်အုပ်မှ အဝါရောင်အမွေးနုနုကလေးတွေကို လက်ဖြင့် လှမ်းတို့ထိလိုက်နိုင်မည်ဟုပင် စိတ်ထဲမှာ ရင်းရင်းနီးနီး အောက်မေ့နေမိသည်။

အဝါရောင်...

ထိုအဝါရောင် ခံစားမှုက... သူမ၏ နလုံးသားကို နူးညံ့လှပစွာ ရစ်ပတ်နှောင်ဖွဲ့သွား၏။ ဖျတ်ကနဲ... တစ်စုံတစ်ရာကို သတိတရ ပြန်မြင်ယောင်လာသည်။

ညီညီက ကြမ်းပြင်ပေါ် လိမ့်နေသည့် ပန်းသီးများကို တစ်လုံးချင်းစီ လိုက်ကောက်နေ၏။ ပန်းသီးကို လှမ်းကောက်ယူလိုက်သည့် ညီညီ၏ လက်ဝဲဖက်လက်...

လက်သန်းကလေး အဖျားမှ အဝါရောင်...။

အို... ငါ အမြင်မှားတာလားမှ မသိတာဟု တွေးရင်း သူမစိတ်ကို သူမ ပြန်ငြင်းဆန်လိုက်၏။ (ဘာဖြစ်လို့ အဲသည်လို ငြင်းဆန်နေရသည်ကို သူမဖာသာ သူမလည်း နားမလည်နိုင်အောင် ခံစားရ၏။)

ဘယ်လိုလဲ... ကောင်လေးရယ်။

အဲဒီ... ဆံပင်ရှည်ရှည် မျက်နှာချိုချို ကောင်လေးတစ်ယောက်ဟာ နောက်သလိုပြောင်သလိုနဲ့ သူမကို တစ်စုံတစ်ရာ ခြိမ်းခြောက်နေသည်ပဲလေ။

ဟင့်အင်း... ဟင့်အင်း...

သူမ ကြောက်လန့်စိုးထိတ်စွာ (နောက်ပြီး... တိုးတိုးတိတ်တိတ် ရင်ခုန်စွာ) ငြင်းဆန်မိနေ၏။

အဲသည်လို သူမအပေါ် နှောင်ဖွဲ့သိမ်းပိုက်မည့် လူတစ်ယောက်ကို စိတ်အာရုံထဲမှာ လက်ခံထားဖို့သူမ ကြောက်ရွံ့သည်။ သူမ အစိုးရိမ် အကြောက်ဆုံးအရာမှာ...

ခင်စံပယ်လှိုင်က...

"နင်... သူ့ကို စိတ်ဆိုးနေတုန်းပဲလား"

အောရင့်(ချ်) ဘာမှပြန်မဖြေ။ ပြတင်းပေါက်ဆီသို့သာ ငေးလျက်သာရှိသည်။

"နင်ကလဲဟာ... သူ့အပြစ်မှ မဟုတ်တာ၊ ခွင့်လွှတ်လိုက်ပါ။ သူကရိုးရိုးသားသားပါ။ နင့်ကို နစ်နာစေချင်တဲ့စိတ် မရှိပါဘူး"

"ဒါပေမယ့်... ငါ သူ့ကို သိပ်ကြည့်လို့မရဘူးဟ"

စိတ်ထဲမှာတော့ သူမ၏စကားကို သူမကိုယ်တိုင် ယုံကြည်ရဲ့လားဟု ပြန်မေးကြည့်နေရသည်။ ခင်စံပယ်လှိုင်က...

"ဘာဖြစ်လို့လဲ"

"သူက ပေါ့တီးပေါ့ပျက်နဲ့၊ ငါကလဲ အဲသလို ပေါ့ပျက်ပျက် ရွှတ်နောက်နောက် လူတွေကို သိပ်မုန်းတာ၊ လူ့တန်ဖိုးမရှိဘူးလို့ ထင်တယ်၊ အထူးသဖြင့် ငါ လေးလေးနက်နက် လုပ်နေတဲ့ ပညာကို စော်ကားတဲ့လူဆို သိပ်မုန်းတာ"

အို... တကယ်ပါပဲလား၊ ငါ တကယ်ပြောနေတာ... ဟု သူမကိုယ်သူမ သေသေချာချာ သိလိုက်၏။ ခင်စံပယ်လှိုင်က...

"ဟင့်အင်း... အဲဒီကောင်လေးက ပေါ့တီးပေါ့ပျက်ကလေးလို့တော့ မထင်ပါဘူး၊ တစ်ခုခု ခိုင်ခိုင်မာမာ လေးလေးနက်နက် ရှိမယ့်ပုံမျိုးပါဟာ၊ နောက်ပြီး... သူ့ ဖာသာသူ နင့်ပညာကို မယုံကြည်တာပဲ ရှိတာပါ၊ စော်ကားချင်တဲ့စိတ်တော့ မရှိဘူးထင်ပါတယ်၊ သူ... နင့်ကို စိတ်ဝင်စားနေတာ နင်သိတယ် မဟုတ်လား '

"အင်း... ငါ အကြောက်ဆုံးက အဲဒါပဲ၊ တစ်ယောက်ယောက်ကို သံယောဇဉ်နဲ့ ပတ်သက်ရမှာ ငါ ကြောက်တယ်"

"ကြောက်တာချည်းပဲလား၊ နင် အရမ်းရက်တတ်တာ ငါတို့သိသားပဲ၊ မညာပါနဲ့၊ နင်... ရက်နေတယ် မဟုတ်လား"

အောရင့်(ချ်)က ဆေးရုံထောင့် ပိတောက်ပင်ကြီးဆီ တွေဝေစွာ ငေးကြည့်နေ၏။ တိတ်ဆိတ်မှုသည် ကြာမြင့်နက်ရှိုင်းလွန်းနေသည်။ နောက်...

"ဟုတ်တယ်၊ ရှက်တာလဲ ပါတယ်၊ ကြောက်လဲကြောက်တယ်၊ အထူးသဖြင့် သူ့လို့ရှုတ်နောက်နောက် လူတစ်ယောက်က ငါ့သံယောဇဉ်ကို၊ ငါ မြတ်နိုးတဲ့ပညာကို မယုံမကြည်နဲ့ ပေါ့တီးပေါ့ပျက် နောက်ပြောင်ရယ်မောပစ်လိုက်မှာကို ငါကြောက်တယ်၊ ရှက်တယ်၊ အဲဒီအခါ ငါခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

သပိတ်လွယ်ငှက်ကလေး သစ်ကိုင်းပေါ်မှ ထပျံသွားသည်ကို မြင်ရသည်။ ပိတောက်ရွက်တွေ လှုပ်ခါကျန်ရစ်ခဲ့လေသည်။

အချစ်ဆိုသည်မှာ ရေပြင်တစ်ခုပင်ဖြစ်သည်ဟု သူမ တွေးမိသည်။ ရေမကူးတတ်ခင် ပထမဆုံး အတွေ့အကြုံသည် အလွန်ကြောက်ဖို့ကောင်းသည်။ ထို 'ကြောက်စိတ်' ကြောင့်လည်း ရေနစ်သေနိုင်သည့် အခွင့်အလမ်း ပိုများလေသည်။

အောရင့်(ချ်)၏ အဒေါ်က ပစ္စည်းပစ္စယတွေ သိမ်းပြီး...

"ကဲ... သွားကြရအောင်"

ဟု ပြော၏။

ခင်စံပယ်လှိုင်က ခြင်ထောင်၊ စောင်များ ထည့်ထားသော အိပ်ယာလိပ်ကို သယ်ရင်း...

"ဟဲ့... အေးစန္ဒာ၊ နင်က ဟိုဖက်က ဆွဲခြင်းအနီရောင်ကို ယူခဲ့"

ဟု လှမ်းပြော၏။

သူတို့အားလုံး အလုပ်ရှုပ်နေကြသည့် အချိန်တွင် အောရင့်(ချ်)က နေရာမှမရွေ့ဖြစ်သေး။ ဗီဒိုလေးပေါ်မှ စက္ကူဖြူဖြူကလေးကိုသာ ငေးစိုက်ကြည့်နေမိသည်။ နောက်... ဘာရယ်မဟုတ်ဘဲ အဲသည်စာရွက်ကလေးကို ခင်စံပယ်လှိုင်နှင့် အေးစန္ဒာတို့ မမြင်အောင် အမှတ်တမဲ့ ဖျတ်ကနဲ ကောက်ယူပြီး လက်ကိုင်အိတ်ထဲသို့ ထည့်လိုက်၏။

"ဟဲ့... အောရင့်(ချ်) ဘာလုပ်နေတာလဲ၊ သွားရအောင်လေ"

အေးစန္ဒာက ဆွဲခြင်းကို လှမ်းယူရင်း ပြောသည်။ သူမ ခေါင်းကို တစ်ချက်ညိတ်ပြသည်။ ခြေလှမ်းတွေ နှေးကွေးနေ၏။

"ငါ ဘာဖြစ်နေတာလဲ၊ အခု ငါပျော်နေရမှာ"

သူမကိုယ် သူမ ပြန်သတိပေးလိုက်ရင်း ဆေးရုံပေါ်မှ ဆင်းလာခဲ့သည်။ ကားပေါ်ကို ပစ္စည်းတွေတင်နေသည့် အဒေါ်ဖြစ်သူကို သူမ လှမ်းပြောဖြစ်ပြန်သည်။

"အန်တီ... ကားကို သမီး ကိုယ်တိုင် မောင်းမှာနော်"

"အမယ်... မမောင်းရပါဘူးတော်... အခုမှ နေကောင်းခါစ ရှိသေးတာ"

"အေးလေ... ဟုတ်သားပဲ"

ဟု ခင်စံပယ်လှိုင်က တားသည်။

အေးစန္ဒာက...

"နင်က ပြန်နံးစားကြီး ဘာစိတ်ကူးပေါက်လာရတာလဲ"

အောရင့်(ချ်)က ခေါင်းခါယမ်းလိုက်ရင်း...

"မသိပါဘူးဟာ... ကားမောင်းရရင် စိတ်ထဲပျော်များ ပျော်မလားလို့ပါ"

ပြောပြီး ကားထဲကို သူမ ဝင်ထိုင်လိုက်သည်။ ကားမှန်ရှေ့တွင် သွားတက်ကလေးနှင့် ပြုံးရယ်နေသည့် ဆံပင်ရှည်ရှည် ကောင်လေးတစ်ယောက်၏ ပုံရိပ်ကို ဖျတ်ကနဲ မြင်ယောင်သလိုလို အောက်မေ့မိ၏။

အို... သွားစမ်း... သွားစမ်း... ငါ့ရင်ထဲမှာ မင်းအတွက် နေရာမရှိဘူး။

သူမ မောင်းထုတ်လိုက်သော်လည်း အာရုံထဲမှာ ပုံရိပ်က ပျောက်ကွယ်မသွား။ ကောင်လေးက ရယ်မောလျက် သူမကို လက်လှမ်းပြသည်။ လက်သန်းကလေးပေါ်တွင် ရွှေရောင်လက်ပသွားသည်ကို မြင်ရ၏။ အခုလိုအချိန်မျိုးတွင် သူမသာ ကားမောင်းသူ ထိုင်ခုံတွင် ထိုင်နေရမည်ဆိုပါက... အဲသည်... လေထဲက ပုံရိပ်ကို ကားဖြင့် လိုက်တိုက်မိမှာ သေချာပါသည်။

typing- G!VER

ဒိုး... မင်း ခပ်ဝေးဝေးမှာ သွားနေစမ်းပါကွယ်...
မင်းဟာ ညှော်သည့်ဆိုးလေးတစ်ယောက်ပေါ့...။
ပန်းပွင့်အကြွေတွေကို ကောက်ဖို့... တဲ့
ငါ့ရင်ထဲ မင်းရောက်လာတယ်...။

typing- G!VER

# အခန်း ၁၄

နံနက်ခင်း လေပြေညှင်းထဲတွင် ဆောင်းသည် ရေခဲမုန့်ရနံ့လို သင်းပျံ့လာ၏။ ဘွဲ့နှင်းသဘင်ခန်းမရှေ့ လှေခါးထစ်များပေါ်တွင် ညီညီ တစ်ယောက်တည်း ထိုင်နေသည်။ နှင်းစက်တွေကြောင့် ကျောက်သား လှေခါးထစ်တွေ စိုစွတ်နေ၏။ နှင်းစက်ပွင့်ကလေးများကို သူ တိုးတိုးကလေး လှမ်းပြောလိုက်မိသည်။

"… … … … ချစ်တယ်"

"အဝါရောင်လက်သန်းကလေးကို ငါ ဘယ်လောက်ထိ ချစ်နိုင်သလဲ "

ဟု သူ့ကိုယ်သူ ပြန်မေးကြည့်လိုက်သည်။ သူ့အတွက်ကတော့ သိပ်ကို သေချာလွန်းနေသော ခံစားချက်ဖြစ်၏။

ထိုအချစ်သည် သူ၏ မျှော်လင့်ချက်ဖြစ်သည်။ နောက်ပြီး… အိပ်မက်မျှော်စင်လည်း ဖြစ်သည်။ နောက်ပြီး… ကံကြမ္မာကို ပြင်ဆင်ဖို့ အခွင့်အရေးတစ်ခုလည်း ဖြစ်လေသည်။ ကံကြမ္မာ… အဲသည်အရာကို ပြင်ဆင်ဖို့

လူသားမှာ အခွင့်အရေးရှိရဲ့လားဟု သူတွေးမိသည်။ သူကတော့... ပြင်ဆင်ခွင့်ရှိသည်ဟု အမိုင်အမာ ယုံကြည်နေဆဲပင်ဖြစ်၏။

သူမကကော...

သူမကတော့... ဂြိုဟ်နက္ခတ်တာရာတွေ၏ အစီအရင်ထဲမှာ ကံကြမ္မာကို စိတ်ချလက်ချ အပ်နှံထားကောင်းထားပေလိမ့်မည်။ ကိုယ့်ကံကြမ္မာကို ကိုယ်မပိုင်သောသူသည် မလွတ်လပ်သူဖြစ်၏။ မလွတ်လပ်သူတစ်ယောက်ဟာ 'အချစ်' ဆိုသည့် သစ်ပင်ကို အလုံးစုံသော လောင်းရိပ်အမှောင်တို့နှင့် ကင်းလွတ်ရာဟင်းလင်းပြင်မှာ စိုက်ပျိုးရဲသည့်သတ္တိ ရှိပါ့မလား။

ဟင့်အင်း...။

သူမသည် ပင့်ကူတစ်ကောင်သာ ဖြစ်၏။ သူမ ကိုယ်တိုင် ယက်လုပ် တည်ဆောက်ထားသော အစေးအမျှင်တွေနှင့် ပင့်ကူအိမ်ထဲမှာ ပြန်အမိခံနေရသူ ဖြစ်သည်။

ဒါပါပဲကွယ်...။

မင်းရဲ့ ဂြိုဟ်နက္ခတ်တာရာတွေ ယှက်သန်း၊ ယတြာန်းခတ်တည်ဆောက်ထားတဲ့ ပင့်ကူအိမ်ထဲကထွက်ခဲ့ပါ။ ဘာမှ မတတ်နိုင်မယ့် အတူတူတော့ ကံကြမ္မာဆိုတဲ့ အရာကို ဖြစ်သလို ရင်ဆိုင်ကြတာပေါ့ အချစ်ရယ်။

သူမဘက်က အတိအကျ လွတ်လပ်စွာ 'လှု' ဖြစ်တတ်ဖို့သာ လိုပါသည်။ သူကတော့ အဲဒီအဝါရောင် လက်သန်းကလေးကို ဘဝတစ်ခုလုံးနှင့် လဲလှယ်ပစ်လိုက်နိုင်သည်အထိ ချစ်နေမိသည်မှာ သေချာ၏။ အဓိပတိလမ်းအတိုင်း သူတစ်လှမ်းချင်း လျှောက်လာခဲ့သည်။ အေးစက်သော လေငွေ့ထဲ တရွေ့ရွေ့ တိုး၍တိုး၍ ဝင်ခဲ့၏။ မှန်သုန်၏ နောက်ဆုံးမိုးစက်တွေ ကြားထဲမှာ... သူမနှင့် ခွဲခွာခဲ့ရသော စာကြည့်တိုက်ရှေ့နားက ပျဉ်းမပင်အောက်ကို ရောက်သောအခါ ဘာရယ်မဟုတ်ပါဘဲ အတော်ကြာကြာ မတ်တပ်ရပ်နေမိသည်။ ဩော်... သူမကို မတွေ့ရ မမြင်ရသည်မှာ... ခုနစ်ရက်... လေးနာရီနှင့် မိနစ်နှစ်ဆယ်တိတိ ကြာသွားခဲ့ပြီ။

အလွမ်းဆိုသည်မှာ ကွဲကွာရခြင်း၏ ခရီးအလျားကို အတိအကျဆုံး ရေတွက်ပေးနိုင်သော နာရီတစ်လုံးဖြစ်ပါသည်။

စာကြည့်တိုက်ရှေ့ ပျဉ်းမပင်နှင့် မျက်နှာချင်းဆိုင်က ဂျပ်ဒ်ဆင်ဘက်ဆီ သွားသော လမ်းချိုးကလေးအတိုင်း သူ လျှောက်လာခဲ့သည်။ မြက်ပင်ရှည်ရှည်များ၊ ယူကလစ်ပင် မြင့်မြင့်မားမားနှင့် ပြည်လုံးချမ်းသာပင်၊ ပုဏ္ဏရိပ်ပင်တန်းတို့ကို လွန်သောအခါ ရွှေဘိုဆောင်နှင့် ဝိဇ္ဇာခန်းမတို့ကို သွယ်တန်းစီကုံးပေးထားသည့် စင်္ကြံပုပုကလေးဆီကို ရောက်၏။

သူ့ကို လှမ်းနှုတ်ဆက်သံကြားရသောကြောင့် လှည့်ကြည့်လိုက်သောအခါ ခင်စံပယ်လှိုင်နှင့် အေးစန္ဒာတို့ကို တွေ့ရသည်။

"ဟဲ့... ညီညီ၊ နင်... ကိုထွန်းစန်းတို့နဲ့ တွေ့ပြီးပြီလား"

"ဟင့်အင်း"

"အဲ... ဒါဆို နင့်ကို ငါမှာလိုက်တာ မသိရသေးဘူးပေါ့"

"ဟင့်အင်း... မသိရသေးဘူး၊ ဘာမှာလိုက်လို့လဲ"

ဟု သူ ပြန်မေးလိုက်သည်။ ခင်စံပယ်လှိုင်က ချက်ခြင်းပြန်မဖြေသေး။ အေးစန္ဒာဘက်ကို လှည့်ကြည့်ပြီး ပြုံးစေ့စေ့ လုပ်နေသည်။ သိချင်စိတ်က သူ့ရင်ဘတ်ကို ခမ်းကြမ်းကြမ်း ပုတ်နှိုးလာ၏။ ခင်စံပယ်လှိုင်က လွယ်အိတ်ထဲမှ ပီကော(ချွမ်းဂမ်း) တစ်ခုကို ထုတ်ယူပြီး အေးတိအေးစက်ဖြင့် အခွံခွာသည်။ နောက် ပါးစပ်ထဲ ပစ်ထည့်ပြီး တလှုပ်လှုပ်ဖြင့် တမင်အချိန်ဆွဲပြီး ဝါးနေ၏။

သူ့ကို စိတ်ကသိကအောက်ဖြစ်အောင် တမင်လုပ်နေမှန်း သိသော်လည်း သူ ဘာမှမပြောရဲ။ အေးစန္ဒာကလည်း ဟိုဖက်ငေးသလို သည်ဖက်ငေးသလို လုပ်နေရင်း သူ့ကို တစေ့တစောင်း အရိပ်အကဲကြည့်ကာ ကျိတ်ပြုံး၏။

*ကြည့်စမ်းပါဦး... အဝါရောင် လက်သန်းကလေးရယ်၊ မင်းကြောင့် ငါဟာ လူတွေရဲ့ရှေ့မှာ လှောင်ပြောင်စရာ၊ ရယ်ပွဲဖွဲ့စရာ သတ္တဝါ တစ်ကောင်ဘဝ သိမ်ငယ်ကျရောက်နေရပုံများ။*

နောက်... အေးစန္ဒာက သူ့ကို အားနာလာဟန်ဖြင့်...

"ဟိုတစ်ယောက် နေကောင်းသွားပြီ သိလား၊ မနက်ဖြန်ဆို သူ အဆောင်မှာ လာပြန်နေတော့မယ်တဲ့၊ တယ်လီဖုန်းဆက်တယ်"

အောရင့်(ချ်)ကို ရည်ရွယ်ပြီးပြောလိုက်သောစကားဖြစ်သောကြောင့် သူ ရင်ခုန်လာ၏။

"ဟုတ်လား... အဲဒါဆို ကျွန်တော် အဆောင်ကို လာလည်လို့ ရမလားဟင်၊ သူ ကျွန်တော့်ကို လက်ခံပြီး တွေ့ပါမလား"

"အဲဒါတော့ မပြောတတ်ဘူး၊ ဖြန်းစားကြီးဆိုတော့ သူ စိတ်မဆိုးတောင် ရှက်ချင်ရှက်နေမှာ၊ ဒီလိုလုပ်ပါလား... သန်ဘက်ခါညကျရင် ရွှေဘိုဆောင်မှာ ညစာစားပွဲရှိတယ်၊ ကိုထွန်းစန်းက ကျွန်မတို့ကို ဖိတ်ထားတယ်၊ အောရင့်(ချ်)လဲ ပါတာပေါ့၊ အဲဒီ... လာခဲ့ပါလား။ ကိုနန်းနွယ်တို့ ကိုညွှန့်လွင်တို့လဲ လာမှာဘဲ၊ သူတို့နဲ့ အတူတူလိုက်ခဲ့ပေါ့"

သူတွေဝေနေသည်။ ခင်စံပယ်လှိုင်က...

"လာခဲ့ပါ... ဘာလဲ မတွေ့ချင်ဘူးလား"

"တွေ့ချင်တာပေါ့၊ ကျွန်တော်က စိတ်ကူးထဲမှာတောင် ဒီအချိန်ဆို သူ ဘာလုပ်နေမှာပါလိမ့်... လို့ အမြဲတွေးတွေးကြည့်နေတာ"

သူ့စကားကြောင့် ခင်စံပယ်လှိုင်က မျက်နှာကို ရှုံ့မဲ့ပြ၏။

"တော်တော် သနားစရာကောင်းတာပဲ" ဟု ပြောင်စပ်စပ်လေသံဖြင့် ရေရွတ်သည်။ သူက...

"မခင်စံပယ်လှိုင်ကတောင် ဘာမှမဆိုင်ဘဲနဲ့ သနားနေသေးရင် အောရင့်(ချ်)ကလဲ ကျွန်တော့်ကို သနားနေမှာပေါ့နော်"

"ဘယ်သိမလဲ"

"သနားရာကနေ ကျွန်တော့်ကို ချစ်ကောမချစ်သွားနိုင်ဘူးလား"

"ဟင်... သနားတိုင်းသာ ချစ်ရရင် အောရင့်(ချ်)က ဒုက္ခိတတွေကို လက်ထပ်နေရမှာပေါ့"

ကြည့်စမ်း၊ စကားအကောင်းပြောနေရင်းက တလွဲ ဖြစ်သွားပြန်ပြီ။ သူ... စိတ်ရှုပ်ရှုပ်ဖြင့် ဆံပင်တွေကိုလက်ဖြင့် ထိုးဖွမိသည်။ နှုတ်ဆက်ပြီး လှည့်ထွက်သွားရန် ဟန်ပြင်ပြီးခါမှ သူ တစ်စုံတစ်ရာကို သတိရသွား၏။

"ဩော်... ဟိုဒင်း၊ အောရင့်(ချ်) အခုနေနေတဲ့ သူ့အဒေါ်အိမ်က တယ်လီဖုန်းနံပါတ်ကလေး ကျွန်တော့်ကို ပေးလို့မရဘူးလားဟင်"

"အမယ်... လိုချင်တာရှိတော့ မျက်နှာက ဖြစ်နေလိုက်တာ"

အေးစန္ဒာက ရယ်၏။ ခင်စံပယ်လှိုင်က လွယ်အိတ်ထဲမှ တယ်လီဖုန်းမှတ်သော စာအုပ်သေးသေးကလေးကို ထုတ်ပြီး ဟိုလှန်ဒီလှန် လုပ်နေသည်။

"လုပ်ပါဗျာ... ပေးပါ၊ ခင်ဗျားတို့နှစ်ယောက်ဟာ အခု အရင်လတ်လတ်ကြီးကို... ကျွန်တော့်ရဲ့ ကျေးဇူးရှင်တွေ ဖြစ်သွားကြမှာ၊ တကယ်ပြောတာ၊ ခင်ဗျားတို့ကို ဓာတ်ပုံတွေ ဘာတွေရိုက်ပြီး သတင်းစာတွေ ဂျာနယ်တွေထဲထည့်... ဘာ... ညာ... စသဖြင့်ပေါ့၊ ကျွန်တော်လုပ်ပေးဦးမှာ"

"ဟယ်... အဲဒါဆိုလည်း ခုချက်ချင်းကြီးတော့ မလုပ်နဲ့ဦးလေ၊ ဓာတ်ပုံရိုက်မယ်ဆို... ငါ အဆောင်ပြန်ပြီး အဝတ်အစား သုံးလေးစုံလောက် ပြန်ယူလိုက်ဦးမယ်၊ ခဏစောင့်နော်"

ခင်စံပယ်လှိုင်က ပြောပြောဆိုဆိုနှင့် တကယ် လှည့်ပြန်တော့မလို ခြေလှမ်းပြင်နေသောကြောင့် သူကမန်းကတန်း တားထားလိုက်ရပြီး...

"ဟာ... နေဦးလေ၊ ကျွန်တော်က သဘောပြောတာပါ၊ အဲ... နောက်တော့ တကယ်လုပ်ဖြစ်ချင်လဲ ဖြစ်မှာပေါ့၊ လောလောဆယ် ကျွန်တော့်ကို ဖုန်းနံပါတ်လေး ပေးသွားပါဦး"

ခင်စံပယ်လှိုင် ရွတ်ပြသော ဖုန်းနံပါတ်ကို သူ လက်ဖဝါးပေါ်တွင် ကူးရေးလိုက်၏။ ထို့နောက် ဒီကိစ္စယိုကားယားမကြီးကို နည်းနည်းတော့ စိတ်ကသိကအောက်ဖြစ်အောင် ပညာပေးခဲ့မှဘဲဟု တွေးကာ...

"မခင်စံပယ်လှိုင်ကို ကျွန်တော် ခင်လွန်းလို့ပြောခဲ့ရဦးမယ်... သိလား၊ ကိုညွန့်လွင်ကလေ..."

ပြောလက်စနှင့် စကားကို တန်းလန်းဖြတ်ထားလိုက်သည်။ ခင်စံပယ်လှိုင်က...

typing- G!VER

"ဟင်… ဘာဖြစ်လို့လဲ… ပြောလေ"

ညီညီက ပြောသင့်မပြောသင့် ချိန်ဆနေသည့်ပုံမျိုးဖြင့် စဉ်းစားတွေဝေနေသလိုလို လုပ်နေလိုက်သည်။ နောက်…

"ကိုညွှန့်လွင်ကလေ… ခင်ဗျားကို… ဟာ… ပြောလို့ဖြစ်မယ်မထင်ပါဘူးဗျာ၊ ဒီစကား သူပြန်သိသွားရင် ကြားထဲက ကျွန်တော်မကောင်းဘူးဖြစ်မှာ"

"ပြောမှာသာ… ပြောစမ်းပါဟာ၊ စိတ်ချ… ငါကတိပေးတယ်၊ နင်ပြောမှန်း သူပြန်မသိစေရဘူး"

"ကျွန်တော်က ခင်ဗျားကို ခင်လွန်းလို့သာ ပြောရမှာနော်"

"ဟာ… ငါ စိတ်မရှည်တော့ဘူး၊ မြန်မြန်ပြောပါဆို"

ညီညီက အင်း… အဲ…နှင့် မေးစေ့ကို လက်ဖဝါးဖြင့် အတန်ကြာ ပွတ်နေပြီး မျက်ခွံများကို အပေါ်လှန်ကာ စဉ်းစားနေသည်။ နောက်မှ…

"ကိုညွှန့်လွင်ကလေ… ဟိုဒင်း… ခင်ဗျားကို ပြောတယ်၊ အဲ… ခင်စံပယ်လှိုင်ကို ကြည့်ရတာ ကြက်ခြေထောက်ကြီး တစ်ချောင်းနဲ့ တူတယ်… တဲ့"

"တောက်!"

ခင်စံပယ်လှိုင်၏ ခပ်တိုးတိုး ကျိန်ဆဲလိုက်သံကို ကြားရ၏။ ညီညီ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရသည်။ ခင်စံပယ်လှိုင်က…

" အဲဒီ သေနာကောင်ကို ပြန်ပြောပြလိုက်…၊ ငါတို့ သူငယ်ချင်းတွေ အချင်းချင်းကြားမှာ ညွှန့်လွင်ကို ခေါ်တဲ့ နာမည်ပြောင်တစ်ခု ရှိတယ် သိလား"

"ဘာ နာမည်လဲ"

"လက်ပါ ( Lepar ) တဲ့"

ညီညီက ဘာအဓိပ္ပာယ်လဲဟင်ဟု ပြန်မေးလိုက်သည်။ ခင်စံပယ်လှိုင်က…

"လက်ပါ ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က 'အနူ' တဲ့"

သူ အားပါးတရ အော်ရယ်ပစ်လိုက်သည်။ ရင်ထဲမှာ အပျော်သည် လေတိုးသော မြက်သစ်ရွက်တွေလို လှုပ်ယမ်းနေ၏။

# အခန်း ၁၅

*သူ့ရဲ့ကောင်းဆိုသည်မှာ...*

*အမည်နာမတစ်ခု မဟုတ်ပါ*

*အရည်အချင်းတစ်ခုသာ ဖြစ်ပါသည်။*

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်

typing- G!VER

ချစ်ခြင်းနှင့် ပတ်သက်ရသော ခံစားမှုမျိုးဆိုသည်မှာ... ကော်ဖီတစ်ခွက် ဖြစ်ပါသည်။ ခါးသက်သက် ဖြစ်သော်လည်း စွဲမက်စရာကောင်း၏။

သူတိုက်ခန်းသို့ ပြန်ရောက်သောအခါ လှေခါးရင်းတွင် ကိုညွန့်လွင်နှင့် ကိုနန်းနွယ်တို့ စောင့်နေသည်ကို တွေ့ရ၏။ ကိုညွန့်လွင်က...

"ဟေ့ကောင်... မင်းကို တစ်ညနေလုံး စောင့်လိုက်ရတာကွာ၊ ပြောစရာရှိလို့ အောရင့်(ချ်)က..."

"မပြောနဲ့တော့... ကျွန်တော် သိပြီးပြီ"

ကိုညွန့်လွင်က ခပ်တိုးတိုးဆဲသည်။ ညီညီက လေတချွန်ချွန်ဖြင့် အခန်းတံခါးကို သော့ဖွင့်ပြီး ဝင်ခဲ့သည်။

"သိပ်ပျော်နေတယ်ပေါ့... ဟုတ်လား"

ကိုညွန့်လွင်က တတွတ်တွတ်ရေရွတ်ပြီး နောက်ကပါလာ၏။ ဧည့်ခန်းထဲ ရောက်သောအခါ စာအုပ်ပေါ်မှ စာတန်းကို မြင်သွားပြီး ကိုနန်းနွယ်က...

"အံမယ်... အောက်ဘက်က ဒီစာတန်းတစ်ခုက ဘယ်တုန်းက ဘယ်လိုလုပ်ပြီး ပိုလာတာလဲ"

"အချစ် စတင်မွေးဖွားခဲ့တဲ့နေ့"

"ဩော်... အစတုန်းက အချစ်ဆိုတာ ကိုယ်ဝန်ဆောင်ကြီးမို့လို့လား"

သူ စိတ်မဆိုးမိ။

"ခဏနေဦးဗျာ... ရေချိုးလိုက်ဦးမယ်"

ဟုပြောပြီး ရေချိုးခန်းအတွင်းသို့ဝင်သည်။ ရေလောင်းချလိုက်ဖို့ ရွယ်ပြီးမှ လက်ဖဝါးပေါ်တွင် ရေးမှတ်ထားသည့် ဖုန်းနံပါတ်ကို သတိရသွား၏။ သူ အတော်စဉ်းစားလိုက်ရသည်။ နောက်မှ... ဖုန်းနံပါတ်ရေးထားသည့် လက်တစ်ဖက်ကို မစိုအောင် အပေါ်မြှောက်ထားပြီး ရေချိုးရ၏။

"ဟင်... မင်းက ရေသာချိုးတယ်၊ လက်တစ်ဖက်က မစိုပါလား"

ကိုနန်းနွယ်က မေးသည်။ သူက လက်ဖဝါးကို ထောင်ပြလိုက်ပြီး...

မြန်မာ့ကွန်ရက်စာအုပ်စင် ထဲမှ
typing GIVER

"နလုံးသားကို စကားပြောလို့ရတဲ့ နံပါတ်ရှိတယ်ဗျ"

"ငပေါ"

တယ်လီဖုန်းနံဘေးမှ မှတ်တမ်းမှတ်ရာများ ရေးသည့်ကတ်ထူစက္ကူပြားပေါ်တွင် လက်ဖဝါးပေါ်မှ နံပါတ်ကို ကူးထားလိုက်သည်။ ကိုညွန့်လွင်က...

"ဟာ... ဘာလဲ၊ အောရင့်(ချ်) ဖုန်းနံပါတ်လား၊ ဒါဆို ဆက်ကွာ... အခုဆက်၊ ငါတို့ နားထောင်ရအောင်"

"ဟင့်အင်းဗျာ... ခင်ဗျားတို့ ပြန်သွားမှ ဆက်မယ်"

"မပြန်ဘူးကွာ"

ဟုဆိုကာ သူတို့နှစ်ယောက်က တမင်ပေကတ်နေကြသည်။ ကိုညွန့်လွင်က စာအုပ်စင်မှ စာအုပ်များကို တစ်အုပ်ပြီး တစ်အုပ်ဆွဲယူပြီး ဆိုဖာပေါ် လှဲကာ စိမ်ပြေနပြေ ဖတ်နေ၏။ ကိုနန်းနွယ်က နံရံတွင် ထောင်ထားသည့် ဂစ်တာကိုယူကာ တဒေါင်ဒေါင်တီးခတ်ရင်း ပါးစပ်ကလည်း နှာခေါင်းပိတ်ပြီး အတင်းဆေးတိုက်ခံရသည့် ကလေးငယ်တစ်ယောက်လို တဟင်းဟင်း... တအီးအီး ညည်းညူနေ၏။

ည ခုနစ်နာရီကျော်သည်အထိ သူတို့နှစ်ယောက် မပြန်ကြသေး၊ နောက်ဆုံး... သူ သည်းမခံနိုင်တော့။ ခုချိန်ထိ ထမင်းလည်း မစားရသေးသောကြောင့် သူက စတင်အလျှော့ပေးစကား ပြောလိုက်ရသည်။

"ခင်ဗျားတို့ မနောက်ဘူးဆိုရင်... ကျွန်တော် တယ်လီဖုန်း ဆက်မယ်"

"အေးပါ... ငါတို့က မနောက်ပါဘူး၊ မင်းဘာတွေ အူကြောင်ကြောင် လျှောက်ပြောမလဲဆိုတာ သိချင်လို့ နားထောင်ရုံသက်သက်ပါ"

သူ ရင်တထိတ်ထိတ်ဖြင့် တယ်လီဖုန်း နံပါတ်ခလုတ်များကို နှိပ်လိုက်သည်။ အသံရှည်မြည်သံကို ကြားနေရချိန်တွင် သူ လက်ဖဝါးတွေ အေးစက်နေ၏။ တိမ်ထုလို ပေါ့ပါး၍ ရုပ်ဝတ္ထုကင်းမဲ့သော ချောက်ချားတုန်လှုပ်မှုတစ်ခုက သူ့ အနာဂတ်တစ်ခုလုံးကို လွှမ်းခြုံရစ်ပတ်ထားသလို ခံစားရသည်။ နလုံးအိမ်သည် သံပတ်တစ်ခုလို တင်းလာ၏။

"ဟဲလို..."

ဒေါ်ရင့်(ချ်) အသံမှန်း သူသိလိုက်ရသည့် တစ်ခဏတွင် သူ အသက်ရှုရပ်ဆိုင်းသွားသည်။ ဘာပြောရမည်မှန်း မသိတော့။ စိတ်ကူးထဲက စကားလုံးတွေ ဟိုး... စကြဝဠာအဆုံးထိ လွင့်စင်သွားကြသည်။

"ဟဲလို... ပြောပါ... ဒေါ်ရင့်(ချ်)ပါ"

"ကျွန်တော်... ပါ၊ ဒေါ်ရင့်(ချ်)"

"ဘယ်က 'ကျွန်တော်' လဲ၊ ရှင့်မှာ နာမည်မရှိဘူးလား၊ ကိုယ့်နာမည်ကိုယ် မပြောရဲဘဲနဲ့ ဖုန်းဆက်တဲ့ လူတွေကို ကျွန်မက သိပ်ချဉ်တာ"

တမင်အရွဲ့တိုက်ပြောလိုက်သည့် သူမ၏ မာကျောကျော အေးစက်စက်အသံကို ကြားရသည်။ သူ့နှုတ်ခမ်းတွေ ထုံကျင်နေ၏။ ဘုရားရေ... ဘာဖြစ်လို့များ ငါဒီလောက်တောင် ကြောက်နေမိပါလိမ့်...။

"ကျွန်တော် ချမ်းမြေ့ညီညီပါ ဒေါ်ရင့်(ချ်)"

"ဘာ"

သတ္တုကြိုးတွေ ပြင်းပြင်းထန်ထန် ထိခတ်မီးပွင့်သွားသည်ဟု အောက်မေ့မိ၏။ ကျောက်ရုပ်ထုတစ်ခုလို သူတောင့်တောင့်ကြီး ဖြစ်သွားသည်။

"ရှင်... ဘာဖြစ်လို့ ကျွန်မဆီ ဖုန်းဆက်ရတာလဲ"

"ကျွန်တော်... ဒေါ်ရင့်(ချ်) အကြောင်းပဲ တစ်ချိန်လုံး စဉ်းစားနေမိတယ်၊ ကျွန်တော် အိပ်လို့လဲ မပျော်ဘူး၊ အဲဒါကြောင့် ဖုန်းဆက်..."

"ဘယ်အိပ်လို့ ရဦးမှာလဲ... အခုမှ ည ခုနစ်နာရီခွဲပဲ ရှိသေးတာ၊ ရှင်... ပေါက်ကရတွေ လာကြောင်မနေနဲ့"

ဆောင့်ကြီးအောင့်ကြီးဖြင့် ပြောရင်း ဖုန်းခွက်ကို ခွပ်ကနဲ ချသွား၏။

ငါတော့ လွဲပြန်ပြီ... ဟု ညီညီစိတ်ထဲက ညည်းညည်းတွားတွားဖြင့် ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။ ပါးစပ်က ဘာတွေပြောမိသည်ကိုမသိ။ တကယ်ဆိုလျှင် သူ့ ကြိုတင်စိတ်ကူးထဲမှာတုန်းက 'ကျွန်တော် အိပ်မပျော်ခဲ့တဲ့ ညတွေများလှပါပြီ' ဟု ပြောဖို့ရန် သူ ရည်စူးထားခြင်းဖြစ်၏။ ထိုအကြောင်းကို

ပြန်ပြောပြလိုက်သောအခါ ကိုညွှန့်လွင်နှင့် ကိုနန်းနွယ်တို့က သူ့ကို 'ငကြောင်' ဟုခေါ်ပြီး အားမနာတမ်း ဝိုင်းရယ်ကြသည်။ သူ ရှက်လာ၏။

အချစ်ဆိုသည်မှာ လူတစ်ယောက်၏ အသိစိတ်ကို ကစဉ့်ကလျား ပြိုကွဲသွားအောင် စီရင်မန်းမှုတ်နိုင်စွမ်းရှိသော မှော်ဆရာတစ်ပါးဖြစ်သည့်အကြောင်း…

သူတို့နှစ်ယောက်ကို ပြောပြလျှင်လည်း နားလည်ကြလိမ့်မည် မထင်ပါ။

"သိပ်လည်း စိတ်ဓာတ်မကျပါနဲ့ကွာ… သန်ဘက်ခါည ရွှေဘိုဆောင်ဒင်နာကို အောရင့်(ချ်)လာဦးမှာ… ကိုထွန်းစန်းက ဧည့်ခံကြိုဆိုရေး တာဝန်ခံကွ၊ သူတို့ အဆောင်ဒင်နာအတွက် Virgo တီးဝိုင်းကို ငှားပေးထားတယ်လို့ ပြောတယ်၊ မင်းက ငါတို့နဲ့ လိုက်ခဲ့၊ အဲဒီ အခါကျရင် မင်းတို့နှစ်ယောက် မျက်နှာချင်းဆိုင်ရဦးမှာပဲ၊ လူတွေကြားထဲမှာ သူဘယ်လိုမှ ဘုဘောက်ပြောလွှတ်လို့ မရဘူး၊ အဲဒီတော့မှ မင်းပြောချင်တဲ့ စကားတွေကို သူ့ကိုသေသေချာချာ အေးအေးဆေးဆေး ပြောလိုက်ပေါ့"

ညီညီက သက်ပြင်း တစ်ချက်ချလိုက်ရင်း ခေါင်းငုံ့ကာ ကြမ်းပြင်ကို ငေးစိုက်ကြည့်နေမိသည်။ Virgo တီးဝိုင်းဟူသော အမည်နာမက သူ့စိတ်ထဲမှာ အိမ်မက်လိုလို ဝိုးတဝါး ဖြစ်နေ၏။ တစ်စုံတစ်ရာကို မှတ်မိစေသလိုလို။ ညီညီက…

"ကျွန်တော် ပြောလို့မထွက်ရင်တော့ ဒုက္ခပဲ၊ ကျွန်တော် သူ့ကို 'ချစ်တယ်' လို့ မပြောရဲဘူးဗျ၊ ခက်တယ်ဗျာ"

"ဟုတ်သားပဲကွာ… ညွှန့်လွင်၊ မင်းအစီအစဉ်တွေ သိပ်မဟုတ်သေးပါဘူး၊ ဘယ်နှယ်ကွာ… လူတွေအများကြီးကြားထဲမှာ အောရင့်(ချ်)က ဘယ်လိုအဖြေပေးမလဲ၊ မင်းပဲစဉ်းစားကြည့်…၊ 'အောင်မလေး… ကိုချမ်းမြေ့ညီညီရယ် ရှင့်ကိုလဲ ကျွန်မက ချစ်နေလိုက်ရတာ မချိမဆန့်ပါပဲရှင်' လို့ပြောရမှာလား"

ကိုနန်းနွယ်က ဝင်ပြောသည်။

မုန့်ဝိုင်းကလေးတစ်ချပ်ကို စာကြည့်စားပွဲပေါ် ထောင်ပြီး ကြည့်ကာ မေးစေ့မှ ဝက်ခြံကို ညှစ်နေသည့် ကိုညွှန့်လွင်က စိတ်ပျက်လက်ပျက်ဖြင့် 'ကျွတ်ကနဲ' တစ်ချက် စုပ်သပ်လိုက်ပြီး…

"မဟုတ်ဘူးလေကွာ... ပြောင်ကြီးဖွင့်ပြောနိုင်းတာ မဟုတ်ဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်တယ်ဆိုတဲ့ စကားလေး ပါးစပ်က ဖွင့်ပြောတာကြားပါစေ... ဘာညာပေါ့၊ သူသိလောက်မယ့် စောင်းပါးရိပ်ခြေ စကားတွေပြော၊ သူ့ကို ဂရုစိုက်တဲ့ အမူအယာတွေပြ၊ အဲသည်လိုလုပ်ပေါ့၊ ထားစမ်းပါကွာ... အဲဒါတွေ ငါကြည့်စီစဉ်ပေးပါ့မယ်၊ ငါ... ခင်စံပယ်လှိုင်တို့၊ အေးစန္ဒာတို့နဲ့ညှိပြီးသား"

ကိုညွန့်လွင်၏ စကားကြောင့် သူ့စိတ်ထဲ ပျော်သလိုလို ဖြစ်လာ၏။ ကိုနန်းနွယ်က...

"ဟေ့ကောင်... ဝက်ခြံကို ညှစ်မနေနဲ့၊ အနာဖြစ်သွားဦးမယ်"

ဟု လှမ်းပြောသည်။

"အင်း... ခင်စံပယ်လှိုင်ဆိုလို့ ပြောရဦးမယ် ကိုညွန့်လွင်"

"ဘာလဲ"

"အဲဒီ ကြက်ခြေထောက်မကြီးကလေ... ခင်ဗျားကို နာမည်ပြောင် ပေးထားတယ်သိလား"

ကိုနန်းနွယ်က စိတ်ဝင်စားလာ၏။ ဂစ်တာကို ချထားပြီး သူ့အနီးသို့ ထလာရင်း 'ဘာနာမည်တဲ့လဲကွ' ဟု လှမ်းမေးသည်။

"လက်ပါ... တဲ့"

"ဘာအဓိပ္ပာယ်လဲ"

ညီညီက ခေါင်းကိုခါပြီး... 'ဒါတော့ ကျွန်တော်လဲ မသိဘူးလေဗျာ၊ ခင်ဗျာဖာသာ ခင်ဗျားတွေ့မှ မေးကြည့်တော့' ဟုပြောလိုက်၏။ နောက်... ကိုနန်းနွယ်ဖက် ခေါင်းငဲ့ပြီး မျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။ ကိုနန်းနွယ်က...

"စကင်ဒီနေဗီးယန်း လူမျိုးတွေနေတဲ့ ဒေသမှာတော့ မိန်းမတွေက သူတို့ကြည်ညိုလေးစားတဲ့ ယောက်ျားတွေ၊ တိုက်ရည်ခိုက်ရည်ကောင်းတဲ့ ယောက်ျားတွေကို 'သူရဲကောင်း' ဆိုတဲ့ သဘောနဲ့ ချစ်စနိုးခေါ်ကြတာ ရှိတယ်... လက်ပါ့(ဒ်) (Leopard) တဲ့၊ အဓိပ္ပာယ်က 'ကျားသစ်' ပေါ့ကွာ"

"အေး... မင်းပြောတာ ဖြစ်နိုင်တယ်ကွ"

ဟု ပြောပြီး ကိုညွန့်လွင်က တဟီးဟီး ရယ်ကာ သဘောကျနေသည်။ နောက်... ဝက်ခြံမှ သွေးတွေဗျစ်ကနဲ ပန်းထွက်သောအခါ သူ့ဖာသာသူ ပြန်လန့်သွားသည်။

မြန်မာဆိုက်ဘာ စာအုပ်စင်မှ တင်ဆက်သည်
typing- G!VER

သူရဲကောင်း ဆိုသည်မှာ . . .

typing- G!VER

# အခန်း ၁၆

ရွှေဘိုဆောင် ရှေ့မြက်ခင်းပြင်ပေါ်တွင် ရောင်စုံမီးလုံးတွေ လင်းလက်သွယ်တန်းနေသည်။ အဖြူဆွတ်ဆွတ် မီးတိုင်ပုပုလေးများ၊ ညွတ်ကိုင်းကိုင်း လက်ပံပင်၏ သစ်ရွက်ခက်လက်တွေကြားမှာ ပုန်းကာဝှက်ကာ သီးနေသော ရောင်စုံမီးလုံးများ၊ ရင့်ရော်အိုမင်းနေသော အုတ်တိုင် အနီနီရင့်ရင့်ကို ရစ်ပတ်ထားသည့် လျှပ်စစ်မီးကြိုးမီးသီးများ၊ ကံကော်ပင်တို့ တစ်ပင်နှင့်တစ်ပင် လက်ဖျားချင်းလှမ်းထိနေပုံမျိုး၊ နဝရတ်လည်ဆွဲဘယက်ဆန်ဆန် သက်တန့်အလင်းများ… တောက်ပကာ တဖျတ်ဖျတ် လက်နေကြ၏။

မြက်ခင်းစိမ်းစိမ်းပေါ်မှာ ရောင်စုံလင်းပသော သစ်သီးတွေ ကြွေကျထားသည်ဟု ထင်ချင်စရာကောင်းသည်။ ရင်ထဲမှာ ကြည်နူးလာ၏။ စင်ပေါ်မှ တီးဝိုင်းက ပော့်လိုဂစ်တာသံ ပါးပါးလွင်လွင်ကလေး တီးခတ်နေသည်။ သီချင်းသံစဉ်ထဲမှာ ဆိတ်ဖလူးပန်းရနံ့တွေ သင်းပျံ့လွင့်ပါလာသည်ဟု စိတ်က အောက်မေ့မိလေသည်။

ဟိုးတစ်ဖက်… မြက်ခင်းပြင်အလွန်မှာ… ည၏ ကောင်းကင် အပြာရင့်ရင့်ထဲမှာ လရောင်စိုစွတ်ကာ ဖြူဆွတ်နူးညံ့နေသော ဂျပ်ဆင်အဆောက်အဦးကို မြင်ရသည်။ ညသည် တိတ်ဆိတ်အေးမြစွာ လင်းပသွားသည်။

ရင်ထဲမှာ ချိနေသည်။

နင်းမှုန်တွေ ပျပျဆိုင်းလာ၏။ ဖြူဆွတ်မှုန်ရီသောနင်းငွေတွေ သစ်ရွက်မြက်ပင်တို့အပေါ် ဖွဖွညင်ညင်သာသာ ကြွေ... ကြွေကျလာပုံမှာ အိပ်မက်တစ်ခုနှင့် တူနေ၏။ ဂစ်တာသံတွေကြားမှာ ဆောင်းရောက်လာသည်။

နင်းစက်နင်းမှုန်ဖြူဖြူတွေက ရောင်စုံမီးလုံးတွေ တောက်ပနေသည့် မြက်ခင်းပြင်ပေါ် တရွေ့ရွေ့ အုံ့ဆိုင်းထွေးဖက်လိုက်သောအခါ နူးညံ့သည့် တိမ်တိုက်တစ်ခုက ရင်ဘတ်ထဲတွင် အလင်းတွေ ထည့်ဝှက်ထားပုံနှင့် တူသွား၏။ ရောင်စုံခုနစ်သွယ် စိုလက်တောက်ပသည့် ညပွဲသဘင်ထဲသို့ သူမ ဝင်ရောက်လာသည်။ ဒဏ္ဍာရီထဲမှ ဆောင်းနတ်သမီးဟုပင် အောက်မေ့မိ၏။

"ဟော့ကောင်... မင်း ဘာဖြစ်နေတာလဲ၊ သိပ်မျက်နှာမပျက်နဲ့လေကွာ... မင်းက အရမ်းသိသာလွန်းတယ်"

ကိုနန်းနွယ်က သူ့လက်ဖဝါးကို အုပ်ကိုင်ပြီး ခပ်တိုးတိုး သတိပေး၏။ သူ သက်ပြင်းကို ဖွဖွချမိသည်။ အဲသည်အခိုက်အတန့်မှာပင် သူတို့အနီးသို့ အောရင့်(ချ်)၊ ခင်စံပယ်လှိုင်နှင့် အေးစန္ဒာတို့ သုံးယောက် ရောက်လာကြသည်။ ခင်စံပယ်လှိုင်က စားပွဲတွင် ဝင်ထိုင်လိုက်ရင်း...

"ဟဲ့... ညီညီ၊ ဘာဖြစ်လို့ ဒီလောက်တောင် စိုက်ကြည့်နေရတာလဲ"

သူ့ရင်ထဲ ထိတ်ကနဲ ဖြစ်သွားပြီး မျက်နှာလွှဲလိုက်၏။

သို့သော်... မျက်ဝန်းအရိပ်ထဲမှာ သူမ ပါလာသည်။ မုန်တိုင်းတစ်ခုလို နက်မှောင်သန်မာသည့် ဆံနွယ်တွေအစပ်မှာ မဟာဆန်ဆန် ဝါဝင်းနုစိုသော နဖူးပြင်ကို မြင်ရ၏။ ဖြောင့်စင်းသော နှာတံနှင့် မေးစေ့လုံး ဝန်းဝန်းတို့အကြားတွင် နင်းဆီထောင်ချောက်တစ်ခုလို ရန့်သင်းသည့် နှုတ်ခမ်းတစ်စုံရှိ၏။ လည်တိုင်တွင် ပုလဲသွယ်တစ်ကုံး ဆင်ထားသည်။ အဖြူရောင်ဝတ်စုံဖားလျားနှင့် သူမ၏ ခါးစည်းကြိုးတွင် နင်းဆီနစ်ခက်ကို ကြက်ခြေခတ် ထိုးချိတ်ဆင်ယင်ထားသည်။ လက်ဝဲဘက် လက်သန်းဖျားတွင်တော့ ရွှေရောင်လင်းလက်နေလေသည်။ သူတို့၏ ရယ်မောသံများကြောင့် ဖျတ်ကနဲ သတိပြန်ဝင်လာသည်။ ကိုညွန့်လွင်က တစ်ခုခု ပြောလိုက်သောကြောင့် သူတို့တွေ ရယ်မောနေကြမှန်း နားလည်လိုက်၏။

ဘုရားရေ... ငါ့စိတ်တွေ ဘယ်အထိ လွင့်စင်သွားခဲ့တာပါလိမ့်...။

အောရင့်(ရှ်)၏ မျက်နှာကို သူ ဖျတ်ကနဲ ခိုးကြည့်လိုက်သည်။ သူမကတော့ ဘာမှမဖြစ်သလိုပင် သာမန်အတိုင်း ရယ်ကာမောကာ...

တကယ်တမ်း... အခက်အခဲကို ရင်ဆိုင်ရာတွင် မိန်းမများက ယောက်ျားတွေထက် ပိုပြီး ဣန္ဒြေကောင်းတတ်ကြလေသည်။

ခင်စံပယ်လှိုင်က တစ်ခုခုကို လှမ်းပြောလိုက်သောကြောင့် ကိုညွှန့်လွင်၏ ပြန်ဖြေသံကို ကြားရ၏။

"ကျွန်တော်က မိန်းမယူရင် ကိုယ်ဝန်ရှိတဲ့ မိန်းမကိုမှ ယူမှာဗျ... သိလား"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က ငါးဟင်းဝယ်ချက်ရင် ဥပါတဲ့ငါးမှ ဝယ်တာ"

ကိုညွှန့်လွင် စကားကြောင့် အားလုံးရယ်ကြသည်။ သူပါ ရောယောင်၍ ရယ်မိလေသည်။ ကိုနန်းနွယ်က...

"မခင်စံပယ်လှိုင်... ခင်ဗျားက ကိုညွှန့်လွင်ကို 'လက်ပါ' လို့ခေါ်တယ်ဆို"

တစ်ဝိုင်းလုံး တိတ်ဆိတ်သွားသည်။ စင်မြင့်ဆီမှ လွင့်ပျံ့လာသော ဂီတသံကို ကြားနေရ၏။ ခင်စံပယ်လှိုင်က... ကိုညွှန့်လွင်ကို အားနာသောမျက်နှာဖြင့် လှမ်းကြည့်နေသည်။

ကိုညွှန့်လွင်က...

"ရပါတယ်ကွာ... ခေါ်ပါစေ၊ ကိုယ်က ဟုတ်လဲဟုတ်နေတာပဲလေ"

ခင်စံပယ်လှိုင်က ကြောင်သွားသည်။ နည်းနည်း ကြောက်ရွံ့သည့် အမူအယာလည်း ပေါ်လာသည်။ ညီညီ တစ်ယောက်တည်း ကျိတ်ပြီး ရယ်မိသည်။ ခင်စံပယ်လှိုင်က ကိုညွှန့်လွင်နှင့်ဘေးချင်းကပ်လျက် ထိုင်နေရာမှ ခုံကို မသိမသာ နည်းနည်းရွှေ့လိုက်ပြီး... မဝံ့မရဲလေသံဖြင့်...

"ဟိုဒင်း... အဲဒီလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲဟင်"

"မကြာသေးပါဘူး၊ နှစ်ရက်လောက်ပဲရှိသေးတယ်"

ကိုညွန့်လွင်က သူ့မေးစေ့မှ ဝက်ခြံညှစ်ထားသည့်အနာကို စမ်းရင်း ပြန်ဖြေ၏။

ကိုနန်းနွယ်က သူ့ကို လက်ကုတ်ပြီး...

"ဟေ့ကောင်... အောရင့်(ချ်)ကို စကားပြောလေကွာ...၊ ဒီအတိုင်းချည်း ထိုင်မနေနဲ့"

သူ့ အလိုလိုပင် ခေါင်းခါပြပြီး ငြင်းမိ၏။

"မဖြစ်ဘူးထင်တယ်၊ ကျွန်တော် ဘာပြောရမှန်းလဲ မသိဘူး၊ မတော်တဆ စကားမှားသွားရင်လဲ သူက ကျွန်တော် တမင်သက်သက် နောက်နေတယ်လို့ထင်မှာ"

ကိုနန်းနွယ်က... ခေါင်းကို လက်ဖြင့်ကုတ်ရင်း... ဒုက္ခပဲကွာ ငါလဲ ဘာလုပ်ပေးရမှန်း မသိတော့ဘူးဟု ပြော၏။ ထိုအချိန်တွင်...

"ဟဲ့... ညီညီ၊ နင် တစ်နေ့ညက အောရင့်(ချ်)ဆီကို ညခုနစ်နာရီခွဲလောက်မှာ အိပ်မပျော်လို့ ဆိုပြီး ဖုန်းဆက်တယ်ဆို"

ရယ်သံပါးပါးတို့က သူ့ကိုကျီစယ်ကြ၏။ စကားပြောလို့ ရစေရန် အစဖော် လမ်းကြောင်းပေးမှန်း စိတ်ကသိနေသော်လည်း သူ့နှုတ်ခမ်းတွေက သေနေကြသည်။

ထိုအခိုက်အတန့်မှာပင် သူ မျှော်လင့်မထားသော အောရင့်(ချ်)၏အသံက အေးစက်စက် ထွက်ပေါ်လာ၏။

"ကိုညွန့်လွင်တို့ကလဲ သူငယ်ချင်းကို နာရီလေးဘာလေး ဝယ်ပေးထားရောပေါ့၊ လူတစ်ယောက်ရဲ့ဘေးမှာ နာရီတစ်လုံးတော့ ရှိသင့်တယ်လို့ စိတ်ပညာရှင်တွေရေးတာ ဖတ်ဖူးတယ်၊ လူတစ်ယောက် စိတ်ဓာတ်ပြိုကွဲပြီး ရူးသွပ်သွားအောင် အလွယ်ဆုံးလုပ်တဲ့နည်းဟာ အချိန်ကို အသိမပေးဘဲ ထားခြင်းပဲ... တဲ့"

သူ့ကို တိုက်ရိုက်ပြောသော စကားမဟုတ်သောကြောင့် ရင်ထဲဝင်လာသည့် အသံသည် ဆူးတွေပါသော ပန်းတစ်ပွင့်နှင့် တူနေ၏။

ဟုတ်တယ်...

မင်းဟာ ကိုယ့်ရဲ့ ထာဝရနာရီတစ်လုံး ဖြစ်တယ်။ မင်းမရှိရင် ကိုယ်တော့ရူးမှာဘဲ... ကောင်မလေးရယ်။

စစ်ပွဲတွေ ရှုံးနိမ့်ပြီး ပြန်လာခဲ့သော စစ်သူကြီးတစ်ယောက်၏ အပြုံးမျိုးဖြင့် သူမကို ပြုံးပြလိုက်သည်။ အားလုံးက သူ ဘာများပြန်ပြောမလဲဟုသည့် စိတ်ဝင်စားမှုဖြင့် ဝိုင်းကြည့်နေကြ၏။ သူ... သက်ပြင်းတစ်ချက်ကိုသာ ချလိုက်လေသည်။ ထိုစဉ် သူတို့စားပွဲအနီးသို့ ကိုထွန်းစန်း ရောက်လာ၏။ သူနှင့်အတူ Virgo တီးဝိုင်း ဝတ်စုံဝတ်ထားသော လူငယ်တစ်ယောက်ပါ ပါလာသည်။ ကိုထွန်းစန်းက...

"ဆောရီးကွာ... ငါလဲ အလုပ်တွေ ရှုပ်နေတာနဲ့ မင်းတို့ကို ဧည့်မခံနိုင်ဘူး ဖြစ်နေတယ်"

"အေးလေ... ကိုထွန်းစန်းကလဲ ဖိတ်တုန်းက သူပဲဖိတ်ထားပြီးတော့... ကျွန်မတို့က ဒီမှာကြောင်တောင်တောင်ကြီး"

ဟု ခင်စံပယ်လှိုင်က အပြစ်တင်စကားဆို၏။

"နင်တို့ကလည်းဟာ မကြောင်ပါဘူး၊ ဒီမှာ ညွှန့်လွင်တို့ နန်းနွယ်တို့ရှိသားပဲ၊ ဩော်... ဒါနဲ့ ညီညီ၊ ဟောဒါ Vrigo တီးဝိုင်းက ဝိုင်းခေါင်းဆောင် ကိုမျိုး၊ မင်းနဲ့ စကားပြောချင်တယ်ဆိုလို့ လာမိတ်ဆက်ပေးတာ... မင်းမှတ်မိလား၊ ဟိုး... လှိုင်တက္ကသိုလ်မှာ သီချင်းဆိုပြိုင်ပွဲလုပ်တော့ သူတို့ဝိုင်းနဲ့ မင်းဆိုရတာလေ"

"ဩော်... ဟုတ်ပြီ၊ ကိုမျိုး... ကျွန်တော် ချမ်းမြေ့ညီညီပါ၊ အဲဒီနေ့တုန်းက ဝရုန်းသုန်းကား ဖြစ်နေတော့ ခင်ဗျားတို့ကိုတောင် ကျေးဇူးတင်စကား မပြောလိုက်ရဘူး၊ တကယ်က ကျွန်တော့်ကြောင့် ခင်ဗျားတို့တောင် စည်းကမ်းဖောက်သလို ဖြစ်သွားတာ"

ကိုမျိုးက...

"ဟာ... ရပါတယ်ဗျာ၊ ခင်ဗျား အဲသည်လို အပြတ်လုပ်ချသွားတာကို ကျွန်တော်တို့တစ်ဝိုင်းလုံးက သဘောကျနေကြတာ၊ အဲဒါကြောင့် တစ်ပုဒ်လုံး အစအဆုံး အပီအပြင် တီးပေးလိုက်ကြတာပေါ့။ ခင်ဗျား သီချင်းဆိုတာကလည်း သိပ်ကောင်းတယ်၊ ပုံမှန်အတိုင်းဆို... ခင်ဗျား ဆုရနိုင်တာ... စင်ပေါ်တက်တက်ချင်း ခင်ဗျားပြောလိုက်တဲ့ စကားကြောင့်သာ...၊ ဒါပေမယ့်... ကောင်းပါတယ်ဗျာ၊ ကျွန်တော်တို့ လူငယ်တွေဆိုတာ အဲသလိုမျိုး ကိုယ်ယုံကြည်သလို ပြောရဲတဲ့ သတ္တိရှိမှပေါ့"

ညီညီက ပုခုံးတစ်ချက် တွန့်လိုက်ရင်း ဆံပင်ရှည်ရှည်တွေ ဝေ့ကာနဲ့ ဖြစ်သွားအောင် ခါယမ်း လိုက်သည်။ ကိုမျိုးက...

"ခင်ဗျားကို ကျွန်တော်တွေ့ချင်နေတာ ကြာပြီ၊ စောစောကမှ ကိုထွန်းစန်းနဲ့ စကားစပ်မိပြီး ခင်ဗျားတို့ သူငယ်ချင်းတွေဖြစ်မှန်း သိရတာ"

"ဒါနဲ့ ကိုညီညီ၊ ခင်ဗျားရေးထားတဲ့ သီချင်းတွေရှိတယ်ဆို... ကျွန်တော်လေ့လာကြည့်လို့ ရမလား"

ညီညီက... 'ဟုတ်ကဲ့ ရပါတယ်' ဟု ခပ်ပေါ့ပေါ့ ပြန်ပြော၏။ ကိုမျိုးက အိတ်ထဲမှ လိပ်စာကတ်ပြားတစ်ခုကို ထုတ်ပေးပြီး...

"ဒါ... ကျွန်တော့်လိပ်စာပါ၊ ကိုညီညီ အေးအေးဆေးဆေး ဆုံကြရအောင်ဗျာ၊ ခင်ဗျား စီးရီးထုတ်ဖို့ စိတ်ဝင်စားရင်လဲ ပြောပါ၊ ကျွန်တော် စီစဉ်ပေးပါ့မယ်"

ညီညီ ရယ်မောလိုက်ရင်း...

"ဟုတ်ကဲ့... စိတ်တော့ဝင်စားပါတယ်၊ ဒါပေမယ့်..."

"ပေါ့ကောင်... ညီညီ၊ ဒါပေမယ့်တွေ ဘာတွေ လုပ်မနေနဲ့ကွာ၊ ကိုမျိုးနဲ့ သေချာအောင်ချိန်း၊ ဖြစ်အောင်လုပ်ကွာ၊ ကံကြမ္မာကောင်းဆိုတာ ဘဝမှာ တစ်ခါလောက်ပဲ တံခါးကို လာခေါက်တတ်တာ၊ ကိုယ့်ရှေ့ကို အခွင့်အရေး ရောက်လာချိန်မှာ တံခါးကို ဖွင့်ပေးဖို့ကိုယ်က အသင့်ဖြစ်နေရမယ်"

"ဟုတ်တယ်... ညီညီ၊ စီးရီးသွင်းဖြစ်အောင် လုပ်ပါကွာ"

ကိုညွှန့်လွင်နှင့် ကိုနန်းနွယ်တို့ကပါ ဝင်ပြောကြ၏။ ညီညီက ပုခုံးတွန့်မိပြန်သည်။ ကိုညွှန့်လွင် ပြောလိုက်သော 'ကံကြမ္မာ' ဆိုသည့် စကားလုံးကြောင့် သူ့စိတ်ထဲ လောင်းရိပ်တစ်ခုအောက် ကျရောက်သွားသလို ခံစားရ၏။ 'အခွင့်အရေး' ဆိုသည်မှာ သူ့ကြိုးစားမှုကြောင့် ရလာတာလား၊ ကံကြမ္မာကြောင့် ရလာတာလားဟု တွေးနေမိသည်။

ကံကြမ္မာကသာ တံခါးလာခေါက်သည်ဆိုလျှင်တော့ သူ ထဖွင့်ပေးချင်စိတ် မရှိပါ။

"အလှူခံလား၊ လူကြီးတွေမရှိလို့ ကန်တော့ပါသေးရဲ့"

ဟု ပြန်ပြောပစ်လိုက်ဖို့ရန်သာ သူ နောက်တီးနောက်တောက် စဉ်းစားနေမိသည်။ ထိုအချိန်တွင် ကိုမျိုးက စင်ပေါ်မှ တီးဝိုင်းဆီတစ်ချက် မျက်စိဝေ့ကြည့်လိုက်ရင်း...

"ကဲ... လုပ်ဗျာ ကိုညီညီ၊ သီချင်းတစ်ပုဒ်လောက်ဆိုဗျာ"

"အေး... ဟုတ်သားပဲ၊ ညီညီ ဆိုကွာ"

သူ့ရင်ထဲမှာ မှုန်ရီဝိုးတဝါး ဖြစ်နေသည်။ နလုံးအိမ်ကို ရေခိုးရေငွေ့တွေ ပြိတွယ်နေသလို ခံစားရ၏။ အောရင့်(ချ်) သူ့ကို လှမ်းကြည့်နေသည်။ ညီညီ ခေါင်းခါလိုက်၏။

"ဟင့်အင်း... ကျွန်တော် မဆိုချင်ဘူးဗျာ"

ရုတ်တရက်ဆိုသလို ညီညီက အားလုံးကို တောင်းပန်နှုတ်ဆက်ပြီး တစ်ယောက်ထဲ ထပြန်သွားသည်။ အားလုံး ငိုင်ပြီး ကျန်ရစ်ခဲ့၏။ အောရင့်(ချ်)က...

"သူ ဘာဖြစ်သွားတာလဲဟင်"

ဟု မေးသည်။ ကိုထွန်းစန်းက...

"ဒီကောင်က အမြဲတမ်း ဒီလိုပါပဲ၊ အူကြောင်ကြောင်နဲ့ နောက်တီးနောက်တောက် ပေါ့ပေါ့နေ ပေါ့ပေါ့စားလို့ ထင်ရပေမယ့် သူ့အတွင်းစိတ်က တစ်မျိုးဘဲ၊ တစ်ခါတစ်ခါ ကျွန်တော်တို့တောင်နားမလည်ဘူး"

"ကောင်းပါတယ်၊ အနုပညာသမားတစ်ယောက်မှာ အဲဒီလို စိတ်မျိုးရှိဖို့လိုတယ်၊ နောက်ပြီး... သူ့ကို ကြည့်ရတာ လွတ်လပ်မှုကို အရမ်းမြတ်နိုးတဲ့ပုံမျိုး"

ဟု ကိုမျိုးက ဝင်ပြော၏။

"အင်း... အဲဒီလို ကိုယ်လုပ်ချင်တာ လွတ်လွတ်လပ်လပ် လုပ်လွန်းလို့လဲ ဟိုပြိုင်ပွဲနေ့က ပြဿနာတက်တာပေါ့၊ ခင်ဗျား အမြင်ဘဲ ကိုမျိုး"

"သူ လုပ်သွားတာမှန်တယ်ဗျ...၊ အဲဒီပြိုင်ပွဲစည်းကမ်းကိုက အဓိပ္ပာယ်မရှိတာ၊ အချိန်မရှိလို့ Intro မတီးရဘူး၊ နှစ်ခေါက်မကျော့ရဘူးဆိုတော့ ပြန်စဉ်းစားကြည့်လေ၊ သီချင်းတွေက ငုံးတိတိ ဖြစ်ကုန်ရော... ဆိုတဲ့သူဘက်ကကော တီးတဲ့သူဘက်ကကော ဘာဖီလင်မှ မရှိတော့ဘူး၊ စင်ပေါ်ကို တစ်ယောက် တက်လာတယ်၊ စာသားတွေရွတ်တယ်၊ နောက်... တစ်ယောက်တက်လာတယ်၊ စာသားတွေရွတ်ပြီး ပြန်ဆင်းသွားတယ်၊ ဒါပဲ... ကြောင်တောင်တောင်ကြီးဗျာ"

"ကျွန်တော်တို့ တီးရတဲ့လူတွေဘက်ကလဲ စိတ်ညစ်လာရော၊ ဘယ်နှယ်ဗျာ၊ ကျွန်တော်တို့က စက်တွေနဲ့ တူမနေဘူးလား၊ ဒါပဲ... တီး၊ နောက်တစ်ခေါက်လဲ ဒါပဲပြန်တီးနဲ့ စိတ်ရှိလက်ရှိ လက်စွမ်းပြတီးလို့လဲ မရဘူး၊ အဲဒါ... ကိုညီညီ စင်ပေါ်တက်လာမှဘဲ ပွဲပြတ်ရော"

အောရင့်(ချ)က...

"သူက ဘာဖြစ်..."

တစ်ဝက်တစ်ပျက်နှင့် ပြောပြီး ရပ်သွားသည်။ သိချင်စိတ်ကို မဖုံးကွယ်နိုင်။ အလောတကြီး မေးလိုက်မိသောကြောင့် သူ့ဖာသာသူ ပြန်ရှက်သွားပုံရ၏။

ကိုမျိုးက ရှင်းပြရန် ပြင်နေစဉ်မှာပင် တီးဝိုင်းက လူတစ်ယောက်ရောက်လာပြီး ခေါ်၏။ တီးဝိုင်း ပြန်စတော့မည်ဟု ပြောသောကြောင့် ကိုမျိုးက သူတို့အားလုံးကို ကမန်းကတန်း နှုတ်ဆက်ပြီး ထသွားသည်။ ကိုထွန်းစန်းက ညီညီ့အကြောင်း ဆက်ပြော၏။

"ဟိုကောင်က အစကတည်းက ပြိုင်ချင်တာ မဟုတ်ဘူး၊ သူပြောတာ ဟုတ်တော့လဲ ဟုတ်ပါတယ်၊ အနုပညာဆိုတာ... ကြက်ဖခွပ်တာမှ မဟုတ်ပဲ။ အပြိုင်အဆိုင်လုပ်ပြီး ဆုံးဖြတ်လို့ ဘယ်ရမလဲ"

"ငါက သူ့နာမည်ကို အတင်းစာရင်းသွင်းပေးတာ၊ အဲဒီ ကန့်သတ်ချက်နဲ့ ပြိုင်ရမယ်လဲဆိုရော ဟိုကောင်က ထပြန်မယ်လုပ်ရော ငါက 'ရောက်နေပြီးတော့မှ မထူးပါဘူးကွာ' ဆိုပြီး အတင်းဆွဲထားတာ၊ အဲဒီနေ့က တကယ့်ဝရုန်းသုံးကားပဲ၊ တစ်ယောက်တက်လာလိုက်၊ ဆိုလိုက်၊ ပြန်ဆင်းသွားလိုက်နဲ့၊ ဘယ်သူ့မှလဲ ဂီတကို တကယ်ရင်မခုန်ကြတော့ဘူး"

ကိုထွန်းစန်းက နံဘေးမှ ဖြတ်သွားသော သူငယ်ချင်းတစ်ယောက်ကို လှမ်းပြီး

" တီးဝိုင်းဘက် ခဏသွားပြီး လိုတာ နည်းနည်းပါးပါး ကူလိုက်စမ်းပါကွာ... ငါ ဒီမှာခဏ စကားပြောလိုက်ဦးမယ်၊ အအေးပုလင်း ယူပေးစမ်းပါဦး"

ဟု မှာ၏။

" ကိုထွန်းစန်းကလဲ ပြောမှာ ဆက်ပြောတာမဟုတ်ဘူး၊ ဒီမှာအောရင့်(ချ)က သိချင်လှပြီ"

ခင်စံပယ်လှိုင်က အောရင့်(ချ)ဘက်သို့ မျက်စောင်းတစ်ချက် ထိုးကြည့်ပြီး နောက်၏။ အောရင့်(ချ)က ရှက်ရှက်ဖြင့် ခင်စံပယ်လှိုင်၏ လက်မောင်းကို မသိမသာ

typing GIVER

ဆွဲလိမ်သည်။ ကျန်သူများ အားလုံးက အလိုက်တသိဖြင့် မမြင်ယောင်၊ မကြားယောင် ဆောင်နေလိုက်ကြသည်။ ကိုထွန်းစန်းက…

"အဲဒီ ညီညီ့အလှည့်လဲ ရောက်ရော… ဒီကောင်က စင်ပေါ်တက်သွားပြီး မိုက်ခရိုဖုန်းကို ဖြုတ်၊ နောက်… 'ကျွန်တော် ဆုရဖို့လာပြိုင်တာ မဟုတ်ပါဘူး၊ သီချင်းဆိုဖို့ လာတာပါ။ ကျွန်တော့်ကို သီချင်းကို သီချင်းလို ဆိုခွင့်ပြုပါ' လို့လဲ ပြောလိုက်ရော… ဒိုင်လူကြီးတွေ မျက်နှာ မည်းကနဲဖြစ်သွားတယ်၊ ခန်းမကြီးတစ်ခုလုံးလဲ ငြိမ်ကျရော… အဲဒီအချိန်မှာဘဲ တီးဝိုင်းက ညှိမထားဘဲနဲ့ Intro ကို ပြိုင်တူစတီးလိုက်ကြတာ… ဝုန်းကနဲပဲ… ငါ ကြက်သီးတောင်ထသွားတယ် သိလား၊ ဘယ်လို ခံစားလိုက်ရတယ်ဆိုတာ ပြောတောင် မပြောတတ်တော့ဘူး၊ ရင်ထဲမှာ ငြိမ့်ကနဲ ပါသွားတာ၊ သီချင်းကို နောက်တစ်ခေါက် ပြန်ကျော့ပြီးတော့လဲ ဆိုလိုက်ရော… စင်အောက်က လက်ခုပ်သံတွေ တဝေါဝေါနဲ့ပေါ့၊ အားပေးလိုက်ကြတာ… တကယ်ပါ အကောင်းဆုံးဆိုတဲ့ စကားနဲ့ တကယ့်ကို ထိုက်တန်ပါတယ်"

ခင်စံပယ်လှိုင်က တအံ့တဩဖြင့်

"ဆုကော မရဘူးလား"

"ဘယ်ရတော့မလဲ၊ ညီညီကလဲ အဲဒါသိပါတယ်၊ ဆိုလဲဆိုပြီးရော ဒီကောင် ချက်ချင်းပြန်ချလာတာ၊ နောက်နေ့ ရွေးချယ်စာရင်းထွက်လာတော့ သွားတောင် မကြည့်တော့ဘူး… ပြီးရော"

အောရင့်(ချ်)က အသက်အောင့်ထားမိရာမှ ပင့်သက်ကို ရှိုက်ထုတ်လိုက်သည်။ ရင်ထဲမှ တစ်စုံတစ်ရာ ပျံသန်း ထွက်ခွာသွားသလို ခံစားရ၏။ ဆောင်းညသည် ကြယ်ရောင်များအောက်တွင် နူးညံ့ဖြူဆွတ်နေ၏။ နှင်းမှုန်တွေ ခပ်ဝါးဝါး မှုန်ရီလဲ့ပြာနေကြသည်။ သီချင်းသံက မြောက်ပြန်လေထဲတွင် ဝေ့လာ၏။ ရောင်စုံ မီးလုံးတွေ ထွန်းညှိထားသော မြက်ခင်းပြင်ကို ငေးကြည့်ရင်း အောရင့်(ချ်) ငိုင်နေမိသည်။

"ပြန်ကြရအောင်ဟာ"

ခင်စံပယ်လှိုင်နှင့် အေးစန္ဒာတို့ဘက်လှည့်ပြီး ခပ်တိုးတိုး ပြောဖြစ်သည်။ သူမ၏ အသံက လိုအပ်သည်ထက် ပိုပြီး တိုးညှင်းလွန်းနေ၏။ သူမကိုယ် သူမ သံသယဖြစ်မိ၏။

ရတနာဆောင်၏ ခေါင်မိုးတံစက်မြိတ်ကိုခိုကာ လရောင်တွေအိပ်စက်နားကြပြီ။ နှင်းစက်ကြွေသံ တစ်ပေါက်ပေါက်ကို ကြားရသည်။ ကြယ်တွေ

ကြွေကျနေသည့်အသံဟုပင် စိတ်ထဲက ထင်ချင်သည်။ 'ညည့်နက်လှပြီ၊ အိပ်တော့လေ' ဟု ကိုယ့်ကိုယ်ကို တိုက်တွန်းနေမိသော်လည်း အောရင့်(ချ်) အိပ်မပျော်နိုင်သေး။

ပြတင်းတံခါးကို ထ၍ ဖွင့်မိသည်။ ဆောင်းလေငွေ့အေးအေးက တိုးဝင်လာ၏။

"အို... ငါ ဘာတွေလျှောက်လုပ်နေမိပါလိမ့်"

ဟု အောရင့်(ချ်) သူမကိုယ် သူမ ပြန်အပြစ်တင်သလို ညည်းတွားလိုက်မိသည်။ နောက် ပြတင်းတံခါးကို ပြန်ပိတ်ပြီး စာကြည့်စားပွဲတွင် ထိုင်၏။ ဒိုင်ယာရီစာအုပ်ထဲတွင် ညှပ်ထားသော စာခေါက်ဖြူဖြူလေးကို ဆွဲထုတ်လိုက်သည်။ သူမ ဆေးရုံက ဆင်းသည့်နေ့က ခင်စံပယ်လှိုင်မှ တဆင့် ပေးနိုင်းလိုက်သော ညီညီ၏ စာရွက်ကလေးဖြစ်သည်။

စာရွက်ခေါက်ကလေးကို ဖြန့်ပြီး တိုးတိတ်စွာ ဖတ်ကြည့်နေမိသည်။

ခေါင်းကို ယိမ်းခါလိုက်တိုင်း ပျော့ပျောင်းရှည်လျားသော ဆံပင်တွေ ဖရိုဖရဲ ဖုံးလွှမ်းသွားတတ်သည့် ကောင်လေး၏ မျက်ဝန်းညိုညိုတွေကို သူမ ပြန်သတိရနေမိသည်။ အဲသည် ဆံနွယ်မျှင်စတွေကို သူမလက်ဖျားနဲ့ ထိကိုင်ကြည့်ရလျှင် ဘယ်လိုနေမလဲ...။ သိပ်ကို နူးညံ့နေမှာပါပဲလေ။ သူမ၏ အတွေးထဲတွင် မျက်ဝန်းညိုညိုတစ်စုံက တောက်ပစွာပြုံးရယ်နေကြသည်။ နောက်ပြီး... သူ့ဘယ်ဘက်လက်သန်းဖျားက ရွှေရောင်တောက်ပနေသည့်ချစ်ခြင်း ကြယ်စင်၏အလင်း။

အဲသည်အလင်းကို သူမ မြင်တွေ့လိုက်ရသည်မှာ သေချာပါသည်။ ဆောင်းညထဲတွင် သူမ၏နှလုံးသားသည် နွေးထွေးနူးညံ့စွာ ခုန်လာ၏။

"အောရင့်(ချ်)... နင် မအိပ်သေးဘူးလား"

ခင်စံပယ်လှိုင် တစ်ဖက်ကုတင်မှ လှမ်းမေးသည်။ အောရင့်(ချ်)က

"ဟင့်အင်း"

ဟု ပြန်ဖြေလိုက်ရင်း စာရွက်ဖြူဖြူကလေးကို ကမန်းကတန်း ပြန်ခေါက်ပြီး စာအုပ်ကြားထဲ ညှပ်သည်။

ခင်စံပယ်လှိုင်က စောစောကတည်းက စောင့်ကြည့်နေသောကြောင့်

အသေအချာ မြင်လိုက်ရသော်လည်း အောရင့်(ချ်) ရှက်သွားမည်စိုးသဖြင့် တစ်ဖက်လှည့်ပြီး ခိုးဝှက်ပြုံးကာ...

"ဘာလုပ်နေတာလဲဟာ... ညည့်နက်လှပြီ၊ နင်က စာကျက်နေတုန်းပဲလား"

"အင်း..."

အောရင့်(ချ်) ပြန်ဖြေသံက ဝန်ခံသလိုလို ငြင်းသလိုလို မသဲမကွဲ။

"ဟော..."

ခင်စံပယ်လှိုင်က ကုတင်ပေါ်မှ ထထိုင်ရင်း တအံ့တသြ ရေရွတ်လိုက်၏။

"အဆောင်ရှေ့က ဂစ်တာသံကြားတယ်၊ ညပိုင်း စောစောကတော့ လာမတီးဘဲနဲ့... သန်းခေါင်ကျော်မှ ဘာလာကြောင်တာလဲ မသိဘူး"

ဟော်လိုဂစ်တာသံက ဆောင်းညထဲတွင် လွင့်ပျံ့လာသည်။ အောရင့်(ချ်)က နားစွင့်မိ၏။ ခင်စံပယ်လှိုင်က...

" ညကြီးမင်းကြီးဟာ အေးရတဲ့ကြားထဲ... ဒီလောက်ကြောင်ပုံထောက်ရင် ညီညီပဲဖြစ်ရမယ်"

"နင်... ငါကို့ မစနဲ့နော်၊ ငါတကယ် စိတ်ဆိုးတယ် သိလား"

သို့သော် အောရင့်(ချ်)၏ မျက်ဝန်းများက ဖျတ်ကနဲ တစ်ချက် ခိုးခိုးဝှက်ဝှက် လွင့်သွား၏။ သူ... များ ဖြစ်နေမလား။

"အလကား နောက်တာပါဟာ"

ဟု ခင်စံပယ်လှိုင်က ရယ်ရယ်မောမော ပြောရင်း ပြတင်းတံခါးကို ထဖွင့်သည်။ ရုတ်တရက် အံ့သြတကြီးဖြင့်...

"ဟယ်... ဟုတ်တယ်ဟဲ့၊ တကယ်ပဲ ဟိုမှာကြည့်... ညီညီ မဟုတ်လား"

အောရင့်(ချ်) ဟန်မဆောင်နိုင်တော့။ ဖျတ်ကနဲ ထရပ်မိသည်။

မှောင်ရီပိုးတဝါး သစ်ပင်ရိပ်ထဲတွင် ဆံပင်ရှည်ရှည်နှင့် ကောင်လေးတစ်ယောက်၏ ချိုမြိန်နူးညံ့သော ပုံရိပ်ကို မြင်ရလေသည်။ လက်ထဲတွင် ပိုက်ထားသော ဂစ်တာကို ညင်သာလှပစွာ တီးခတ်နေ၏။ည၏ လေပြေထဲတွင်

အဝါရောင်ရန့်တွေ သင်းပျံ့လာလေသည်။ ယော်လိုဂစ်တာသံက လိပ်ပြာတစ်ကောင် ပန်းပွင့်တွေပေါ် ဝဲသလို ကြယ်တာရာတွေပေါ် ဝေ့ကာဝဲကာ ပျံသန်းရင်း နားခိုနေကြသည်။ သီချင်းသံက နှင်းမှုန်တွေကြားတိုး ဝင်လာ၏။

*တီးတိုးလောင်ကျွမ်း တိမ်တိုက်တွေ... ရင်ခုန်သံမဲ့*
*ဂီတအသေ ဝေဒနာရေ...*
*ရှောင်ပြေးပျံသန်းစရာ တောင်ပံမဲ့... ငါဟာ...*
*လိပ်ပြာတေလေ...*

*စံပယ်တွေ တဝုန်းဝုန်း ရှာချခဲ့တာတောင်မှ*
*ငါဆိုတဲ့ကောင်က*
*ရနံ့တစ်ခုတစ်လေတောင် စိုစွတ်ခွင့် မရခဲ့ဘူး။*

ကောင်လေး၏ အသံက စိုလက်ကာ နှင်းဆီရောင် သန်းနေ၏။ ညကောင်းကင်တစ်ခုလုံး နှင်းဆီပွင့်တွေ ဖုံးသွားသည်ဟု ထင်ရလေသည်။

အောရင့်(ချ်)က ပြတင်းတံခါးကို လက်ဖြင့် ထောက်ကာ တွေတွေငေးငေး လှမ်းကြည့်နေဖြစ်၏။ နှလုံးသားထဲတွင် ချိုပြီး မွှေးပျံ့လာသလို ခံစားရသည်။ နှင်းစက်တွေ စိုနေသော ညသည် သီချင်းသံကို တိတ်တိတ်ကလေး ခိုးနားထောင်နေသည်။

typing- G!VER

# အခန်း ၁၇

ဘွဲ့နှင်းသဘင်ခန်းမရှိရာဆီ ဦးတည်နေသော ပင်လယ်ကဗွီးပင်တန်း စိမ်းစိမ်းနှင့် ကျောက်ပြားသေးသေးတွေ စီခင်းထားသည့် လမ်းသွယ်ကလေးအတိုင်း ညွှန့်လွင်နှင့် နန်းနွယ်တို့ လျှောက်လာကြရင်း...

"ငါတော့... ကျောက်ခေတ်ကိုပဲ ပြန်သွားလိုက်ချင်တယ် နန်းနွယ်ရာ..."

"ဘာဖြစ်လို့လဲ"

"မင်းစဉ်းစားကြည့်လေ၊ ကျောက်ခေတ်တုန်းက ငွေကြေးသုံးစွဲမှု မရှိသေးဘူးတဲ့ကွ၊ ကဲ... အဲဒါဆို ငါတို့ကြွေးတွေဘာတွေလဲ တင်မှာ မဟုတ်ဘူး၊ ဘယ်လောက်ကောင်းလဲ၊ ငွေပေါ်လျော့ဈေးတို့၊ ပွဲတော်အကြို ရာခိုင်နှုန်း ဘယ်လောက်လျော့ရောင်းပါ့မယ်... ဘာညာနဲ့ ကြော်ငြာတွေလဲ ရှိတော့မှာ မဟုတ်ဘူးနော်"

နန်းနွယ်က စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ကုတ်လိုက်ရင်း...

"မင်း... ဘာတွေ ပေါက်ပေါက်ရှာရှာ စဉ်းစားလာပြန်ပြီလဲ ညွှန့်လွင်ရာ"

"ဟာ... ငါ လျှောက်စဉ်းစားထားတာ မဟုတ်ဘူးကွ၊ သမိုင်းစာအုပ်ထဲမှာ ဖတ်ရတာ၊ မင်းသိလား... ကျောက်ခေတ်ကို သုံးပိုင်း ပိုင်းထားတယ်တဲ့"

"ဘယ်သူက လက်အငြိမ်မနေနိုင်ဘဲ လျှောက်ပိုင်းရတာလဲ၊ အစအနကလေးတွေ ဖြစ်ကုန်ရင် အလကား နေရင်းထိုင်ရင်း အမှိုက်ကျုံးနေရဦးတော့မှာဘဲ"

"မဟုတ်ဘူးကွ၊ ကျောက်ခေတ်သစ်၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်ဟောင်း ဆိုပြီး ပိုင်းခြားတာကိုပြောတာ"

"ကျောက်ခေတ်ဟောင်း... ဟုတ်လား၊ ဘာဖြစ်လို့ ဟောင်းသွားတာလဲ၊ သိမ်းထားတာ ကြာသွားလို့လား"

ညွန့်လွင်က စိတ်ဆိုးမာန်ဆိုးဖြင့်...

"တော်ပြီကွာ... မင်းလိုကောင်နဲ့ ဝိဇ္ဇာဟုသုတတွေနဲ့ မတန်ဘူး"

ဟု ပြောသောကြောင့် နန်းနွယ် ရယ်၏။ ထိုအချိန်တွင် သူတို့နောက်က လှမ်းခေါ်သံကြားရသောကြောင့် ပြိုင်တူလှည့်ကြည့်ဖြစ်ကြသည်။

"ဟာ... ကြက်ခြေထောက်"

ညွန့်လွင် ပါးစပ်က လွှတ်ကနဲ ယောင်ပြီး ထွက်သွား၏။ သူတို့အနီးသို့ ရောက်လာသော ခင်စံပယ်လှိုင်က ကြားသွားပြီး...

"ဘာပြောလိုက်တယ်"

"ဩော်... ဟိုဒင်းပါ၊ နန်းနွယ်က ကျွန်တော့်ကို 'မင်းသွားလေရာ အမြဲယူသွားရတဲ့ ပစ္စည်းဟာ ဘာလဲ' လို့မေးနေလို့ ကျွန်တော်က 'ကျုပ်ခြေထောက်' လို့ ပြန်ဖြေနေတာ၊ နည်းနည်း နားကြားလွဲသွားတယ်ထင်တယ်"

ခင်စံပယ်လှိုင်က မကျေမနပ်ဖြင့် မျက်စောင်းထိုးကြည့်၏။ နန်းနွယ်က အားတုံ့အားနာဖြစ်သွားပြီး...

"ခင်စံပယ်လှိုင် တစ်ယောက်တည်းလား၊ အောရင့်(ချ်)နဲ့ ဟိုတစ်ယောက်ကော"

"အေးစန္ဒာက အဆောင်မှာ ကျန်ခဲ့တယ်၊ ကျွန်မနဲ့အောရင့်(ချ်) နှစ်ယောက်တည်း ကျောင်းလာတာ၊ အခု အောရင့်(ချ်)က စာကြည့်တိုက်သွားနေလို့ ကျွန်မ အသာလေး လစ်ထွက်လာပြီး ညီညီကို လာရှာတာ"

"ဟာ... ဒီနေ့တစ်နေ့လုံး ညီညို့ကို မတွေ့သေးဘူး၊ ဒီကောင်မလာဘူးနဲ့တူတယ်"

"အောရင့်(ချ်) စိတ်ဆိုးမှာကို ဒီကောင် အရမ်းလန့်နေတယ်နဲ့ တူတယ်၊

မနေ့ညက ဒင်နာမှာ ကြည့်ပါလား၊ အရင်တုန်းက ရွတ်နောက်နောက် လျှောက်ပြောဖို့ ဝန်မလေးတဲ့ကောင်... အောရင့်(ချ်)နဲ့လဲ မျက်နှာချင်းဆိုင် ထိုင်ရရော စကားတစ်လုံးမှ မထွက်တော့ဘူး"

"အဲဒါ... သူမှားတာ၊ အောရင့်(ချ်)က စိတ်မဆိုးပါဘူး"

ဟု ခင်စံပယ်လှိုင်က ပြောလိုက်သောအခါ ညွန့်လွင်နှင့် နန်းနွယ်တို့ အံ့သြသွားကြပြီး...

"ဟုတ်လို့လား"

ခင်စံပယ်လှိုင်က... မနေ့ညက ညီညီ ဂစ်တာလာတီးသည့် အကြောင်း ပြောပြလိုက်၏။ ညီညီ့ ကဗျာစာရွက်ကို အောရင့်(ချ်) တိတ်တိတ်ခိုးဖတ်နေသည့် အကြောင်းလည်း ရယ်ကာမောကာ ပြောသည်။ ညွန့်လွင်က...

"ဒါဆို... အခြေအနေ ကောင်းတာပေါ့။ ဟိုကောင်သိရင် သိပ်ဝမ်းသာမှာ၊ မခင်စံပယ်လှိုင် ညီညီ့ဆီ ဖုန်းဆက်ပြီး ပြောပြလိုက်ပါလား"

ညွန့်လွင်က ခင်စံပယ်လှိုင်ကို ဖုန်းနံပါတ်ပေးပြီး အတင်းဆက်ခိုင်းသည်။

"ဒီကောင် အခုအချိန်လောက်ဆို ကျောင်းက ပြန်ရောက်နေလောက်ပြီ၊ သူ့တိုက်ခန်းမှာပဲရှိမှာ၊ ဆက်လိုက်ပါဗျာ၊ ကျွန်တော်တို့ ပြောရင် ယုံချင်မှ ယုံမှာ၊ ဒီကိုရောက်မှ သေသေချာချာ ရှင်းပြမယ်၊ အခုချက်ချင်း လာသာလာခဲ့လို့ မှာလိုက်"

ညီညီက တွေနေ၏။ သူတို့သုံးယောက်စလုံး၏ မျက်နှာကို မယုံသလို တစ်ချက်အကဲခတ်ကြည့်သည်။

"ဟုတ်ရဲ့လားဗျာ"

"တကယ်ပြောတာကွ၊ သွား... မြန်မြန်သွား၊ စာကြည့်တိုက်အဝကနေ သွားစောင့်နေ၊ မနေ့ညကလို ပါးစပ်ပိတ်ပြီး အူတူတူ လုပ်မနေနဲ့ဦး၊ သေသေချာချာ ပြောပြ၊ ရှင်းပြ... သူ နားထောင်မှာပါ၊ အောရင့်(ချ်) ဆီက 'ခွင့်လွှတ်ပါတယ်' ဆိုတဲ့ စကားကို ရအောင်ယူခဲ့"

ညီညီက ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။

ဆည်းဆာ နေရောင်ခြည်ကြောင့် သစ်ရွက်တွေရွှေရောင် တောက်ပနေကြသည်ကို မြင်ရ၏။ အလင်းသည် အိပ်မက်ဆန်နေသည်။ သူ စိတ်တထင့်ထင့်ဖြင့် စာကြည့်တိုက်ဆီ တစ်လှမ်းချင်း ထွက်ခဲ့၏။

ရေတမာပင်၏ အုပ်ဆိုင်းဝန်းစက်သော သစ်ပင်ရိပ်အောက်မှာ ခုံတန်းဝိုင်းဝိုင်းကလေး ရှိသည်။ ချွန်မြသွယ်လျားသော သစ်ရွက်တွေ ညွတ်ကျနေကြသည်။ သူခြေလှမ်းတွေ တုံ့ဆိုင်းသွားသည်။

"... အချစ်"

ဟု စိတ်ထဲက တီးတိုးခေါ်မိလေသည်။

"အောရင့်(ချ်)"

မဝံ့မရဲ ခေါ်လိုက်သော သူ့အသံကြောင့် အောရင့်(ချ်) ဖျတ်ကနဲ လှည့်ကြည့်၏။ သူမ၏ မျက်ဝန်းတွေထဲမှာ ဒေါသ တိမ်မြူမိုးမှုင်မသန်း။ နွေဦးကောင်းကင်လို ကြည်လင်နေ၏။ သူပျော်ရွှင်သွားသည်။

"အောရင့်(ချ်)... ခဏလောက်"

သူ လှမ်းတားပြီး သူမဆီ ခပ်သုတ်သုတ် လျှောက်သွားလိုက်သည်။ အောရင့်(ချ်)က သူ့ကိုမစောင့်။ လှမ်းလက်စ ခြေလှမ်းများကို တိတိကျကျ လှပစွာ ဆက်လှမ်းရင်း ကျောင်းဝင်းအပြင်သို့ ဦးတည်၏။

"အောရင့်(ချ်)"

ခေါ်သံမှာ အမောငွေ့တွေ မိုးစက်ရေစိုးလို ဆိုင်းပျမှုန်ရီလာ၏။ သိပ်ဝေးဝေးလံလံ အမီလိုက်ခဲ့ရသည် မဟုတ်ပါဘဲနှင့် ဘာကြောင့်မောနေရသည်မသိ။

"ဘာဖြစ်လို့ နာမည်ကို ခဏခဏ ခေါ်နေရတာလဲ"

အောရင့်(ချ်)က မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း မေးသည်။

"ကျွန်တော့်ပါးစပ်ကို ဘာလုပ်ထားရမှန်းမသိလို့"

"ရှင် အရင်တုန်းက ကွမ်းစားတယ် မဟုတ်လား၊ အဲဒါ... ကွမ်းတစ်ယာလောက် ဝါးနေပေါ့"

"ကျွန်တော် ကွမ်းဖြတ်လိုက်ပြီ အောရင့်(ချ်)ရဲ့"

"မာမာလေးနဲ့ ကြာကြာလေး ဝါးလို့ရမယ့် ဒီပြင်ဟာ တစ်ခုခုရှိရင်လည်း အကောင်းသား"

"ရော်ဘာဖိနပ်တစ်ဖက်လောက်ဖြစ်ဖြစ် ဝါးနေကြည့်ပါလား"

မြန်မာစာကြိုက်သူများအတွက် ... typing-G!VER

ညီညီ စိတ်ထဲမှာ ကျိတ်၍ ကျိန်ဆဲမိ၏။ ဒုက္ခပါပဲ၊ ငါကလည်း ငါပဲ၊ ဘာတွေလျှောက်ပြောနေမိပါလိမ့်။

တောင်းပန်ဖို့စကားကို ဘာက စရမည်မှန်းမသိ။ သူ့ကိုပြန်ပြောနေသော အောရင့်(ချ်)၏ စကားလေသံ အထူအပါးကို မှန်းဆကြည့်ပြီး သူမ သိပ်စိတ်ဆိုးမနေတော့မှန်း နားလည်သည်။

*စိတ်မဆိုးတော့ကာမှ တောင်းပန်ရသည်က ပို၍ လေးလံခက်ခဲတတ်လေသည်။*

နှစ်ယောက်သား တိတ်ဆိတ်စွာ လျှောက်လာခဲ့ကြ၏။ ရှေ့မှာအဓိပတိလမ်းအဆုံး ဝင်းတံခါးမကြီးကို လွန်တော့မည်။ ညီညီက ပင့်သက်ကို နွမ်းနယ်စွာ တစ်ချက်ရှိုက်ရင်း ကောင်းကင်ဆီ မော့ကြည့်ဖြစ်၏။ ဆောင်းဥတု ကောင်းကင်က ရေခဲတုံးတစ်တုံးလို ကြည်လင်အေးစက်နေသည်။ အောရင့်(ချ်)ထံမှ ပန်းနုရောင်အကြည့် ပါးပါးလှပ်လှပ်ကလေးတစ်ခု သူ့ဆီ ဝေ့ကနဲ လွင့်လာ၏။ သူရင်ခုန်စွာ တွေးမိသည်။ မင်းနှလုံးသားလည်း ကောင်းကင်ရာသီဥတုလို ကြည်လင်နေပါစေတော့ အချစ်ရယ်...။

"အောရင့်(ချ်)... သတိထားမိလားဟင်၊ ကောင်းကင်ကြီးက ဒီနေ့ သိပ်ကြည်လင်တာပဲ"

"ဟုတ်တယ်၊ နေပူတာကိုး၊ ဘာလဲ... ရှင့်မှာ လျှော်ထားတဲ့အဝတ်တွေ လှမ်းစရာရှိလို့လား"

"ဟာ... အဝတ်လှမ်းဖို့ ကိစ္စပြောတာမဟုတ်ဘူး၊ ရာသီဥတုကောင်းတာကို ပြောမလို့၊ အခု ဒီဇင်ဘာလထဲ ရောက်ပြီမဟုတ်လား"

"ဟုတ်တယ်၊ ဒီဇင်ဘာဆိုတော့ ပြာသိုလပေါ့၊ ကြောင်မြူးတာပေါ့၊ အဲဒါဘာဖြစ်လဲ"

"ကျွန်တော်လည်း ကြောင်ကလေးလို မြူးချင်တယ်" လို့ ပြောလိုက်ရင် ကောင်းမလားဟု သူတွေးမိသည်။ ဟာ... မဖြစ်သေးပါဘူး၊ အတော်ဆိုးရွားတာပဲ။

typing- G!VER

"ဒီဇင်ဘာဆိုတော့ နှစ်သစ်ရောက်တော့မယ်လေ၊ နှစ်ဟောင်းက အာယာတတွေ၊

ရန်စမီးစတွေ၊ စိတ်ဆိုးတာတွေ အားလုံးကို စွန့်ပစ်ထားခဲ့ပြီး နှစ်သစ်ကို ကူးကြရအောင်၊ ကျွန်တော့်ကို ခွင့်လွှတ်..."

"ကူးချင်ရင် ရေထဲဆင်းရတယ်ရှင့်၊ ရှင်က နှစ်သစ်ကူးရအောင် နှစ်သစ်ဆိုတာ ရေကန်လို့များ အောက်မေ့နေလို့လား"

သူစိတ်ညစ်သွားသည်။ အောရင့်(ချ်)က စကားကို တမင် ကပ်သီးကပ်သတ်ဖြစ်အောင် ရွဲ့ပြောနေမှန်း ရိပ်မိလာသည်။

"စကားကို အကောင်းပြောပါ အောရင့်(ချ်)ရယ်၊ ကျွန်တော်အခု တောင်းပန်ဖို့လာတာပါ။ ကျွန်တော် တောင်းပန်မှာကို လက်မခံချင်လို့လားဟင်"

"စကားကို အကောင်းပြောရမယ်... ဟုတ်လား၊ ဩော်... အရင်တုန်းက ရှင် ပေါက်တတ်ကရတွေ ပြောတာကျတော့ ကောင်းတယ်ပေါ့လေ၊ အဲဒီတုန်းက ကျွန်မ လေးလေးနက်နက် ပြောခဲ့တာတွေကိုတော့ တန်ဖိုးထားရကောင်းမှန်း မသိဘူး မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ အဲဒီကိစ္စတွေအတွက်ပါ အခု တစ်ခါတည်း တောင်းပန်ပါတယ်ဗျာ... ခွင့်လွှတ်ပါ"

"တော်စမ်းပါ"

သူမက စကားကို ခပ်ပြတ်ပြတ်ပြောပြီး ပလက်ဖောင်းပေါ်မှ ဆင်းလိုက်သည်။ လှည်းတန်းလမ်းဆုံတွင် ကားတွေရှုပ်ထွေးနေသောကြောင့် ရုတ်တရက် ဖြတ်ကူး၍ မရသေး။

"အောရင့်(ချ်)... ကျွန်တော့်ကို ငဲ့ညှာရင် နည်းနည်းဖြစ်ဖြစ် လျှော့ပါဗျာ"

သူမက လှည့်မကြည့်။ မီးပွိုင့်နီသွားသည်ကို မြင်ရသည်။ ကားများ ရပ်သွားခိုက် သူမလမ်းကို ခပ်သုတ်သုတ် ဖြတ်ကူး၏။ သူက နောက်မှ ပြေးလိုက်သွားရင်း...

"အောရင့်(ချ်)ရယ်... ခွင့်လွှတ်တယ်ဆိုတဲ့ စကားလေးတစ်ခွန်းတော့ ကြားပါရစေ"

အောရင့်(ချ်)က စကားမတုံ့မပြန်။ ခေါင်းငုံ့၍ လမ်းကိုသာ ဆက်လျှောက်နေ၏။ သူက...

typing- G!VER

"ကျွန်တော့်ကို 'ခွင့်လွှတ်တယ်' လို့ စကားလေးတစ်ခွန်းပြောပေးရုံလေးတင်ပါ၊ အဲဒီအတွက် ကျွန်တော်ဘာမဆိုလုပ်ပေးဖို့ အဆင်သင့်ပါ အောရင့်(ချ်)၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

သူမက မကြားယောင် မမြင်ယောင်ပြုကာ ဆက်လျှောက်နေ၏။

"ပြောပါ... အောရင့်(ချ်)အတွက် ဘာမဆို ကျွန်တော်လုပ်ပေးဖို့ အသင့်ပြင်ထားပြီးသားပါ"

အောရင့်(ချ်)က သူ့ဘက်တစ်ချက်မှ ခေါင်းမငဲ့။ နားငြီးလိုက်တာဟု သူမဖာသာ ပြောသလိုလို ခပ်တိုးတိုးညည်းသည်။ လမ်းနှင့်ကပ်လျက် မုန့်ဟင်းခါးဆိုင်ထဲသို့ သူမ ဖျတ်ကနဲ ဝင်သွားသည်။

ညီညီ တွေဝေမနေ။ ချက်ချင်းပင် သူမနောက်မှ လိုက်ပြီး ဆိုင်ထဲဝင်လိုက်၏။ အဆင်ပြေချင်တော့ ဆိုင်ထဲ လူရှင်းနေသည်။ သူနှင့်အောရင့်(ချ်) နှစ်ယောက်တည်း။ မုန့်ဟင်းခါးသည် အဘွားကြီးက...

"ဘာစားကြမလဲ"

"မုန့်ဟင်းခါး၊ ပဲကြော်နဲ့တစ်ပွဲ၊ ပဲသီးနဲ့ နံနံပင် မထည့်နဲ့"

အောရင့်(ချ်)က မှာလိုက်၏။ သူကလည်း အောရင့်(ချ်) ထိုင်သည့် စားပွဲတွင် ဝင်ထိုင်လိုက်ရင်း...

"ကျွန်တော့်ကိုလဲ ဘာမှမထည့်နဲ့"

"မုန့်ဖတ်ကော"

"ဟာ... အဲဒါတော့ ထည့်မှာပေါ့"

အောရင့်(ချ်)က မုန့်ဟင်းခါးစားနေချိန်တွင် သူက စကားကို တတွတ်တွတ် ပြောနေ၏။ အောရင့်(ချ်)က သူ့ကို စိတ်မဝင်စားသလို ခေါင်းငုံ့ကာ မုန့်ကိုသာ တွင်တွင်စားနေသည်။

မုန့်ဟင်းခါးကို ဇွန်းဖြင့် ဆယ်ခပ်လိုက်ပုံ၊ နှုတ်ခမ်းနှစ်လွှာကို သိပ်မကျယ်လွန်းအောင် လှလှပပလေး ဖွင့်ဟပြီး ဇွန်းနှင့် ထိစပ်လိုက်ပုံ၊ နောက်... နှုတ်ခမ်းကို စေ့ကာ ညင်ညင်သာသာ ဝါးပြီး မြိုချလိုက်ပုံတို့ကို သူ မျက်တောင်မခတ်

Typing-GIVER

ငေးကြည့်နေမိသည်။ အိပ်မက်တစ်ခုကို ငေးကြည့်ရသလိုမျိုး... သူ့ကိုယ်သူ မေ့လျော့နေမိလေသည်။

သူမ မုန့်ဟင်းခါးစားပြီးခါနီးလောက်တွင် ညီညီ ဖျတ်ကနဲ သတိပြန်ဝင်လာ၏။ မုန့်ဟင်းခါးသည် အဘွားကြီးဆီကို ထသွားပြီး...

"အားလုံး ဘယ်လောက်ကျသလဲ အဖွား"

"နှစ်ပွဲစာကို ရှစ်ဆယ်"

သူ ပိုက်ဆံအိတ်ကို စမ်းလိုက်သည်။

"ဟာ... ဒုက္ခပဲ"

ရင်ထဲမှာ ထိတ်ကနဲ ဖြစ်ပြီး တစ်ကိုယ်လုံး အေးစက်သွား၏။ ပိုက်ဆံအိတ် ပါမလာခဲ့။ ခင်စံပယ်လှိုင် ဖုန်းဆက်သောကြောင့် ကမန်းကတန်း ထွက်လာခဲ့ခြင်းဖြစ်၍ ပိုက်ဆံအိတ် မေ့ကျန်နေခဲ့သည်။

သူ နဖူးဆံစမှာ ချွေးတွေ စို့လာ၏။ ဘာလုပ်မလဲ...။ ဘာလုပ်မလဲ...။

အဘွားကြီးက သူ့ကို မသင်္ကာသလို စိုက်ကြည့်နေ၏။ သူ ကြိုးစားပမ်းစားဖြင့် တစ်ချက်ပြုံးပြလိုက်သည်။ ပိုဆိုးသွားပြီး အဖွားကြီးက ပိုမသင်္ကာဖြစ်သွားပြီး 'ငါ့ကို အကြောင်ကြောင်လာလုပ်လို့ မရဘူး' ဟူသည့် အဓိပ္ပာယ်မျိုး နှုတ်ခမ်းတစ်ချက်မဲ့သည်။ နောက်... မုန့်ဟင်းခါးမွှေသော သံယောက်ချိုဖွန်းကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၏။ သူက ကမန်းကတန်းဖြင့်...

"ဒီလိုပါ အဘွား၊ ဟိုဒင်း... ကျွန်တော် အခု နည်းနည်း ဒုက္ခရောက်နေတယ်"

"အေး... အတိတ်ဘဝက ကုသိုလ်ကောင်းမှု နည်းခဲ့တဲ့လူဟာ ဒီလိုပဲ၊ မင်းရုပ်က အကုသိုလ်တွေ ဖိစီးနေတဲ့ ရုပ်ကွဲ၊ မုန့်ဟင်းခါးဖိုးက ရှစ်ဆယ်ကျတယ်"

သူ ခေါင်းကုတ်လိုက်ရင်း...

"ကျွန်တော်က ပေဘာဒီလှည်းတန်း စံရိပ်ငြိမ်မှာ နေပါတယ်၊ နီးနီးလေးပါ အဘွား၊ အဲဒါ..."

"အေးအေး... ရောက်ရင်ဝင်လည်မယ်၊ ပေး... မုန့်ဟင်းခါးဖိုးက ရှစ်ဆယ်ကျတယ်"

"ဒီလိုပါ အဘွား၊ ကျွန်တော်ပြောတာက ဟိုဒင်း... ကျွန်တော်ဒီက ကျောင်းသားပါ"

"အေး... အဘွားမြေးလေးလဲ ကျောင်းသားပဲ၊ ဒီနှစ်ခြောက်တန်းတက်မှာ... ကဲ... ကဲ မုန့်ဟင်းခါးဖိုးက ရှစ်ဆယ်ကျတယ်"

သူတည့်တည့်ပြောမှ ရတော့မည်ဟု သဘောပေါက်လိုက်၏။ ထို့ကြောင့် လက်ပတ်နာရီကို ချွတ်လိုက်ပြီး...

"ကျွန်တော် ပိုက်ဆံ မေ့ကျန်ခဲ့လို့ပါအဘွားရယ်၊ ဒီနာရီလေး ယူထားလိုက်ပါနော်... မနက်ဖြန် ကျွန်တော် လာရွေးပါ့မယ်"

"ဟာ... ရှုပ်ရှုပ်ယှက်ယှက်တွေ၊ နင့်နာရီအကြောင်း ငါလဲ မသိဘူး၊ နားလဲမလည်ဘူး၊ ငါ့ပိုက်ဆံပဲ လိုချင်တယ်"

"မဟုတ်ဘူး အဘွားရဲ့၊ ဒီနာရီက အနည်းဆုံး တစ်သောင်းလောက်တန်တာ"

"မသိဘူး၊ အဲဒါတွေ ငါ နားမလည်ပါဘူးလို့ဆိုနေ၊ နင် ငါ့ကိုနာရီအစုတ်ကြီး ပေးသွားပြီး လာပြန်မရွေးရင် ဘယ်လိုလုပ်မလဲ၊ ကဲ... ပေးပါ၊ ပိုက်ဆံပဲပေး"

"ဟာ... တိုးတိုး တိုးတိုးပြောပါ အဘွားရယ်၊ တောင်းပန်ပါတယ်"

ဟု ညီညီက စိတ်ညစ်ညစ်ဖြင့် ညည်းညည်းညူညူ ပြောရင်း သူ့ဆံပင်ရှည်တွေကို ထိုးဖွမိသည်။ ထိုအချိန်တွင် အောရင့်(ချ်)က မုန့်ဟင်းခါး စားပြီးသွားသောကြောင့် နှုတ်ခမ်းကို စက္ကူလက်ကိုင်ပဝါဖြင့် တို့သုတ်ရင်း...

"အဘွား... မုန့်ဟင်းခါးဖိုး"

ပိုက်ဆံအိတ်ထဲမှ နှစ်ဆယ်တန် နှစ်ရွက်ထုတ်ပြီး အဘွားကြီးကို လှမ်းပေးသည်။ ညီညီက...

"အောရင့်(ချ်)... ခဏနေပါဦး"

သူမက ညီညီ ပြောသည်ကို မကြားယောင်ပြုကာ တစ်ဖက်မှကွေ့ပြီး ဆိုင်ဝသို့ ထွက်ရန်ပြင်၏။

ညီညီက အထိတ်တလန့်ဖြင့်...

"ဟာ... အောရင့်(ချ်) ခဏလေးပါဗျာ၊ ကျွန်တော် ပြောစရာတစ်ခုရှိ..."

"အို… တစ်ချိန်လုံး ရှင် တောင်းပန်နေတာ ကျွန်မနားငြီးလှပြီ မပြီးသေးဘူးလား။ တော်ပြီ… ဘာမှ လာမတောင်းပန်နဲ့တော့"

"မဟုတ်ဘူး…၊ ဟိုဒင်း ကျွန်တော် ဒီတစ်ခါ ပြောမှာက တောင်းပန်မလို့ မဟုတ်ဘူး၊ ကျွန်တော့် မုန့်ဟင်းခါးဖိုးလေးပါ ရှင်းသွားပါလို့… ပြောမလို့"

အောရင့်(ချ်)က စိတ်တိုသွားပြီး နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ရင်း ညီညီ့ကို စိုက်ကြည့်သည်။

"ဟင်း… ဒါနဲ့များ စောစောကပြောတော့ ကျွန်မအတွက် ဘာမဆိုလုပ်ပေးဖို့ အသင့်ပဲဆို"

သူမက ဆောင့်ကြီးအောင့်ကြီးဖြင့် ပြောကာ တစ်ရာတန်တစ်ရွက်ကို လုံးချေပြီး ညီညီ့ဆီ လှမ်းပေါက်လိုက်၏။ နောက်… ချာကနဲ လှည့်ထွက်လာခဲ့သည်။

လမ်းပေါ်ရောက်ခါမှ သူမ ခြေထောက်ကို ဆောင့်ဆောင့်အောင့်အောင့် နင်းမိသည်။ ဘာကို မကျေနပ်မှန်းမသိ။ အောရင့်(ချ်) အလိုလိုနေရင်း စိတ်တိုလာသည်။ သူမ နှုတ်ခမ်းကို စူထားလိုက်မိ၏။ ဟင်း… အလကား ငကြောင်၊ ဘယ်လို ကောင်စုတ်ကလေးလဲ မသိဘူး၊ အမြဲတမ်း တစ်ခုမဟုတ် တစ်ခုတော့ တလွဲဖြစ်ဖြစ်နေတယ်၊ လွန်ကို လွန်လွန်းတယ်၊ သူမ စိတ်ထဲက မကျေမနပ် ရေရွတ်နေမိသည်။ နောက်တော့ တွေးရင်းတွေးရင်း စောစောက မုန့်ဟင်းခါးဆိုင်မှ အဖြစ်ကို ပြန်မြင်ယောင်ပြီး သတိလက်လွတ်ဖြင့် 'ခစ်' ကနဲ အသံထွက်ပြီး ရယ်လိုက်မိသည်။

ရယ်လိုက်ပြီးပြီးချင်း…

"ဘုရားရေ… လမ်းပေါ်မှာ မိန်ကလေးတစ်ယောက်တည်း လျှောက်ရင်းနဲ့ ရယ်နေတာမြင်သွားရင် ငါ့ကို အရူးလို့ ထင်တော့မှာဘဲ"

ရုတ်တရက် တွေးပြီး လန့်သွားသောကြောင့်…

'ငါ ရယ်တာကို ဘယ်သူများ မြင်သွားသေးလဲ' ဟူသည့် စိုးရိမ်စိတ်ဖြင့် ဘေးဘီဝဲယာကို ကမန်းကတန်း လှည့်ကြည့်လိုက်သည်။ ထိုအခါ…

သူမ၏ နောက်ကျောမှာကပ်လျက်… တိတ်တိတ်ကလေး အမှီလိုက်လာသည့် ညီညီက ပြုံးပြုံးဖြဲဖြဲ မျက်နှာဖြင့် ကြည့်နေသည်ကို မြင်လိုက်ရသည်။

typing- G!VER

အောင်ရင့်(ချ်) ရှက်သွား၏။

"စောစောက 'ခစ်' ကနဲ ရယ်လိုက်တာ ကျွန်တော့်ကို ခွင့်လွှတ်လို့ပေါ့နော်"

ညီညီက တိုးတိုးညှင်းညှင်းကလေး မေးလိုက်သည်။

အောင်ရင့်(ချ်)က သူ့ကို မျက်စောင်းတစ်ချက် ထိုးပစ်လိုက်၏။

*မျက်စောင်းသည် 'အချစ်၏ ဂီတ' ဖြစ်၏။*

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်
typing- G!VER

# အခန်း ၁၈

ညီညီက အောရင့်(ချ်)အကြောင်း စဉ်းစားရင်း သူ့လက်ဝဲဘက်လက်သန်းကလေးကို ရွှေရောင် လက်သည်းဆိုးဆေးဖြင့် ဂရုတစိုက် ညီညီညာညာ ဖြစ်အောင် သုတ်လိမ်းနေခိုက်မှာပင် တယ်လီဖုန်းသံက မြည်လာသည်။ လက်သည်းဆိုးဆေးက မခြောက်သေးသောကြောင့် ပါးစပ်ဖြင့် ညင်ညင်သာသာ လေမှုတ်ပေးရင်း တယ်လီဖုန်းရှိရာကို ထသွားပြီး...

"ဟဲလို... အမိန့်ရှိပါခင်ဗျာ"

"ဟော့ကောင်ညီညီ၊ ငါပါကွ ထွန်းစန်းပါ"

"အင်း... ပြောလေ၊ ကိုထွန်းစန်း"

သူက စိတ်မပါ့တပါဖြင့် ပြန်ဖြေလိုက်၏။ သူ့မျက်လုံးတွေက လက်သန်းကလေး၏ လက်သည်းခွံကိုသာ စိုက်ကြည့်နေဖြစ်သည်။

"ငါတို့ ပါဠိမေဂျာက ကျိုက်ထီးရိုးသွားမလို့ကွ၊ ဆီမီး ၉၀၀၀ ပွဲ ရှိတယ်၊ ငါ ညွှန့်လွင်နဲ့ နန်းနွယ်ကိုပါ ခေါ်သွားမလို့၊ အဲဒါ... မင်းလိုက်မလား"

"မအားသေးပါဘူး၊ ကိုထွန်းစန်းရာ၊ ခင်ဗျားတို့ပဲ သွားကြပါတော့"

ညီညီ့အသံက ပျင်းရိပျင်းတွဲ ဖြစ်နေမှန်း သိသာသည်။ ကိုထွန်းစန်းက...

"ဟော့ကောင်… စိတ်မပါလက်မပါ၊ ပြောမနေနဲ့၊ ငါ့စကားကို သေသေချာချာ နားထောင်ဦး၊ ငါတို့ မေရှာတစ်ခုလုံး သွားမယ်ဆိုတာ အောရင့်(ချ်)တို့ပါ ပါမှာနော်၊ မင်း စဉ်းစား လိုက်မှာလား… မလိုက်ဘူးလား"

သူ့စိတ်ထဲ ဖျတ်ကနဲ လှုပ်နိုးခံရသလို ဖြစ်သွားပြီး…

"ဟာ… လိုက်မှာပေါ့၊ လိုက်မယ် လိုက်မယ်၊ ကိုထွန်းစန်းတို့ ဘယ်နေ့သွားမှာလဲဟင်"

"ခွေးကောင်… အခုမှ ပျာပျာသလဲနဲ့၊ ငါတို့ စနေနေ့မနက်မှာ ထွက်မှာ၊ သောကြာနေ့ညနေ ကင်တင်းမှာ ဆုံကြမယ်၊ ပိုက်ဆံသုံးထောင်ယူလာခဲ့၊ ကိုယ် အပိုသုံးမယ့် ပိုက်ဆံတော့ ကိုယ် ထည့်လာပေါ့ကွာ"

"ကိုထွန်းစန်း… ကျွန်တော်…"

ညီညီ တစ်ပိုင်းတစ်စ ခေါ်ပြီး ဆက်ပြောဖို့ တွန့်ဆုတ်နေ၏။ ကိုထွန်းစန်းက…

"ပြောလေ… ညီညီ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော် အခုလို အနေအထားမှာ အောရင့်(ချ်)ကို ချစ်ရေးဆိုဖို့ ဖြစ်နိုင်လောက်ရဲ့လား"

ကိုထွန်းစန်းဘက်က အတော်ကြာသည်အထိ တိတ်ဆိတ်နေပြီးမှ…

"မပြောတတ်ဘူးလေ… အရင်ဆုံး မင်း ကြိုးစားရမှာက သူနဲ့ စိတ်ချင်း နီးစပ်အောင်လုပ်ဖို့၊ အနေနီးစပ်အောင်လုပ်ဖို့ပဲ၊ ပါရှန်းစကားပုံ တစ်ခုရှိတယ်၊ မင်းကြားဖူးလား… မိန်းမဆိုတာ မီးလိုပဲ၊ အနီးဆုံး နေရာကစပြီး လောင်တယ်… တဲ့"

ကိုထွန်းစန်း ဖုန်းချသွားသည်အထိ သူ ငေးငိုင်နေမိသေးသည်။

တံခါးဝမှ ခေါင်းလောင်းသံကြားရသောကြောင့် ညီညီက အထုပ်အပိုးများ ပြင်နေရာမှ သွားဖွင့်ပေးလိုက်သည်။ ကိုညွန့်လွင်နှင့် နန်းနွယ်တို့ နှစ်ယောက်ကို မြင်ရ၏။ ကိုညွန့်လွင်က…

"ဟော့ကောင်… အောရင့်(ချ်)တို့ ကျိုက်ထီးရိုးသွားမယ့်အကြောင်း မင်းကို ထွန်းစန်း ပြောပြီးပြီလား"

"အင်း… စောစောက ဖုန်းဆက်တယ်"

typing- G!VER

"ဩော်... မင်းနဲ့ စောစော ဘယ်တုန်းက သိလိုက်တာလဲ"

"ငါတို့က မင်းဆီကို ကိုထွန်းစန်း ဖုန်းဆက်လိမ့်မယ် ထင်ထားတာ၊ ဘာဆိုင်လို့ အဲဒီ စောစောဆိုတဲ့ ကောင်မလေးက ဆက်ရတာလဲ"

ညီညီက စိတ်ညစ်ညစ်ဖြင့် ခေါင်းကိုကုတ်ရင်း...

"တော်ကြစမ်းပါဗျာ၊ လာမရှုပ်ကြပါနဲ့၊ ဒီမှာ စိတ်ကူးယဉ်နေတာလေးတောင် ပျက်သွားပြီ"

"ဟင်... မင်းက အဝတ်အစားအိတ်တွေတောင် ပြင်နေပြီလား၊ မလွန်လွန်းဘူးလားကွာ၊ ခရီးထွက်မှာက စနေနေ့မှပါ"

"အနားနီးမှ ကမန်းကတန်း ဟိုဟာကောက်ထည့်၊ ဒီဟာကောက်ထည့်၊ ဟိုဟာမေ့ကျန်၊ ဒီဟာမေ့ကျန် မဖြစ်ချင်ဘူးဗျာ...၊ ကျွန်တော်က ကိုယ့်ဖက်က ဘာမှမလစ်ဟင်းအောင် အတတ်နိုင်ဆုံး ကြိုးစားချင်တာ၊ ကြိုပြီးပြင်ဆင်ချင်တာ"

ကိုနန်းနွယ်က ဂစ်တာကို လှမ်းယူပြီး ကြိုးညှိနေသည်။ ရုတ်တရက် ကြိုးက ထောင်းကနဲ ပြတ်ထွက်သွား၏။ ကိုညွန့်လွင်က...

"နေရာတကာ... ကိုယ့်ဖက်က အပိုင်တွက်ပြီး ပြင်ဆင်ထားတိုင်းလည်း သေချာတာ မဟုတ်ဘူးကွ၊ ကံကြမ္မာက နောက်ယှက်ရင်ပျက်တာပဲ"

ညီညီက ခေါင်းခါသည်။

"ကျွန်တော်က ကံကြမ္မာကို မယုံဘူး"

typing- G!VER

# အခန်း ၁၉

ကင်မွန်းစခန်းမှာကတည်းက အဝတ်အစားအိတ်များ စောင်များနှင့် အခြားလေးလံသည့် အထုတ်အပိုးများကို အထမ်းသမားနှင့် ထည့်ပေးလိုက်သောကြောင့် ဘာမှ သယ်စရာ မရှိသလောက် ဖြစ်နေ၏။ လွတ်လွတ်လပ်လပ်၊ ပေါ့ပေါ့ပါးပါး...။

ကျိုက်ထီးရိုးတောင်ခြေ မြေပြန့်ရာ လမ်းအစဖြစ်သောကြောင့်လည်း ခြေလှမ်းတွေ သွက်လက်နေကြ၏။ တချို့က ပြေး၍ပင် တက်သွားလိုက်ကြသည်။ ကိုထွန်းစန်းက သူ့သူငယ်ချင်းများကို...

"ဟေ့ကောင်တွေ မပြေးကြနဲ့၊ ရှေ့မှာ တောင်တက်လမ်းတွေ အများကြီးတွေ့ရဦးမှာ... မောနေလိမ့်မယ်"

"အောရင့်(ချ်)တို့ လမ်းလျှောက်ရမှာ မောမယ်ထင်ရင် ဟိုဘက်လမ်းကနေ ကားနဲ့တက်ကြပါလား"

နန်းနွယ်က အောရင့်(ချ်)၊ ခင်စံပယ်လှိုင်နှင့် အေးစန္ဒာတို့ကို လှမ်းပြောသည်။ သူလက်ညှိုးထိုးပြသည့်နေရာတွင် မြေသားလမ်းခွဲကလေး တစ်ခုရှိ၏။ ခြေလျင်တက်ရာ ပင်မတောင်တက်လမ်း၏ ဘေးသို့ ဖောက်ထားသော မတ်မတ်စောက်စောက်ကလေး ဖြစ်သည်။ ဖုန်တွေ တထောင်းထောင်း ထနေ၏။ ဘေးမှာ သစ်ပင်၊ ဝါးပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်း။

typing- G!VER

"ဟင့်အင်း... တောင်ပေါ်ကို ခြေလျင်တက်ရတဲ့ အရသာကို ခံစားချင်လို့ လာပါတယ်ဆိုမှ... ပင်ပန်းရင် ပင်ပန်းပါစေ... ကားမစီးချင်ပါဘူး"

အေးစန္ဒာက ပြန်ဖြေ၏။

ကိုညွှန့်လွင်က နန်းနွယ် လက်ညှိုးပြရာနေရာသို့ လှမ်းကြည့်ပြီး တအံ့တသြ ဖြစ်သွားသည်။ သူ့မျက်လုံးတွေက ကားလမ်းခွဲအောက်ဘက် ဝါးပင်တွေ ညို့မှိုင်းအုပ်ဆိုင်းနေသော လျှိုမြောင်ကလေးကို တစ်လှည့်၊ လျှိုမြောင်အထက် လမ်းကလေး၏ဘေးတွင် စိုက်ထူထားသော ဆိုင်းဘုတ်ကို တစ်လှည့် ကြည့်ရင်း...

"ဟော့ကောင်တွေ... ဟိုမှာကြည့်စမ်း၊ ဆိုင်းဘုတ်က ညွှန်ထားတယ်... 'ဂီယာကြီးသုံးပါး' တဲ့၊ ပုဂ္ဂိုလ်ထူးတွေကွ၊ အဲဒီလျှိုကလေးထဲမှာ တရားကျင့်နေတာလား မသိဘူး၊ ငါတို့သွားဖူးရအောင် လာဘ်ရွှင်အောင် အဆောင်လေး ဘာလေး ပေးချင်ပေးမှာ"

"ဘယ်မှာလဲကွ... မင်းပြောတဲ့ ဆိုင်းဘုတ်"

နန်းနွယ်က ပျာပျာသလဲ ကြည့်သည်။ အားလုံး စိတ်ဝင်စားသွား၏။

"ဟောဟိုမှာလေကွာ... တောင်တက်ကားလမ်းလေးဘေးက သစ်ပင်နားမှာ မြင်ပြီလား"

ညီညီက ဆိုင်းဘုတ်ကို အသံထွက်ပြီး ဖတ်လိုက်၏။

"ဂီယာကြီးသုံးပါ"

"ညွှန့်လွင်၊ ဆိုင်းဘုတ်ကို သေသေချာချာလဲ မဖတ်ပဲနဲ့၊ တောင်တက်လမ်းမို့လို့ မော်တော်ကားမောင်းရင် ဂီယာကြီးနဲ့ မောင်းပါလို့ ရေထားတာကွ"

အောရင့်(ချ်)တို့ အုပ်စုကပါ ဝိုင်းရယ်သည်။ ကိုညွှန့်လွင်ကရှက်ရှက်ဖြင့် နောက်ကို ပြန်လှည့်မကြည့်တော့။

သူတို့ လှမ်းပြောသည့်စကားကို မကြားချင်ယောင်ဆောင်ကာ တောင်ပေါ်သို့ အပြေးအလွှားဆက်တက်သွားသည်။

"ကိုညွန့်လွင်ကြီး... ဒီအရွယ်အထိ မြန်မာစာကောင်းကောင်း မဖတ်တတ်သေးဘူးလား"

ခင်စံပယ်လှိုင်က လှမ်းအော်ပြီး ပြော၏။ ဘေးမှ ဖြတ်ပြီး လျှောက်သွားသော ကျောင်းသားတစ်ယောက်က...

"ညွန့်လွင်က မြန်မာလိုမတတ်ဘူး၊ သူက 'လအယ်' လူမျိုး... ကြည့်ပါလား... လမ်းလျှောက်တာကိုက ကွတကွတ ဖြစ်နေတာ"

ဟု နောက်သွားသည်။ ကိုညွန့်လွင်က ကြားသွားသဖြင့် နောက်ပြန်လှည့်ပြီး 'မင်း သတိထား' ဟုရုက်ရက်ဖြင့် ကြိမ်းမောင်း၏။

တောင်ကိုပတ်ပြီး ဖောက်ထားသည့် လမ်းဖြစ်သောကြောင့် မြေသားများသည့် နေရာတွင် နီညိုရောင်ထနေပြီး တချို့နေရာများတွင် ကျောက်တုံးကြီးများကို တွေ့ရသည်။ ဘေးတစ်ဖက်တွင် သစ်ပင်ကြီးတွေ ထူထပ်စွာ အုပ်မိုးထားသည့် နက်ရှိုင်းသော လျှိုမြောင်ကမ်းပါးရှိ၏။ ကုသိုလ်ယူသူများက လှဲကျင်းသန့်စင်ထားသဖြင့် မြေလမ်းကလေးသည် ညီညာပြီး အမှိုက်သရိုက် ကင်းနေသည်။ သစ်ပင်ကြီးများကြောင့် အေးစိမ့်သော အရိပ်အာဝါသကို ခံစားရသည်။

လမ်းလျှောက်ရသည်မှာ သိပ်မမောလှဟု ထင်စရာကောင်း၏။ တောင်ပေါ်သို့ တိုက်ခတ်နေသော ဆောင်းလေက လတ်ဆတ်စိမ်းစိုနေသည်။ သစ်ပင်ကြီးများပေါ်မှ ငှက်သံ၊ ကျေးသံတို့ ကြားရသောကြောင့် ညီညီ ခဏရပ်ပြီး မော့ကြည့်ဖြစ်သည်။ နွယ်ပင်တွေက ကြိုးယက်ထားသလို လိမ်ခေါက်ယှက်ခွေနေကြသည်ကို မြင်ရ၏။ ရှဉ့်ညိုညိုကလေးတွေ သစ်ပင်ခက်လက်များ၊ ပင်စည်များပေါ် ပြေးလွှားနေကြသည်။ ကိုက်ဖဲ့ထားသည့်သွားရာ သေးသေးကလေးတွေပါသော သစ်သီးတစ်လုံး မြေပေါ် ပြုတ်ကျလာသည်။ သူ လှမ်းကောက်ပြီး တောင်ကမ်းပါးယံပေါ် ပစ်တင်ပေးလိုက်သည်။ ထိုသစ်သီးကို ရှဉ့်ကလေးတွေက လာချီမှာဘဲဟု သူ့စိတ်ထဲက ထင်နေ၏။

"ဘာရပ်ငေးနေတာလဲဟင်"

အောရင့်(ချ်)အသံကြောင့် သူ လှည့်ကြည့်လိုက်သည်။ သူဘာမှ ပြန်မဖြေနိုင်မီ...

"ငေးချင်ဟန်ဆောင်နေတာပါ၊ တကယ်က နင် မှီလာတဲ့အထိ ရပ်စောင့်နေတာ ဖြစ်မှာပေါ့"

ခင်စံပယ်လှိုင်က ဝင်ပြောလိုက်သောကြောင့် သူမ ရှက်သွား၏။ ညီညီက အားတုံ့အားနာဖြင့်...

typing- G!VER

"အောရင့်(ချ်) မောနေပြီလား"

ကျောင်းသားတစ်စုက 'ဝေး' ဟု အသံအကျယ်ကြီးအော်ပြီး သူတို့အနီးမှ ပြေးတက်သွားကြသည်။ တောင်ပေါ်မှပြန်ဆင်းလာသူတို့နှင့် အပြန်အလှန် နောက်ကြပြောင်ကြသည်။ ရိုင်းပျပျစကားလုံးတွေ မကြားရသောကြောင့် ကျိစယ်မှုသည် နွေးထွေးချိုမြိန်နေ၏။ သူ့ ရင်ထဲမှာ ပျော်လာသည်။

အောရင့်(ချ်) ပြုံးနေသည်ကို မြင်ရသည်။ စိတ်ချင်းနီးကပ်သွားသလို ခံစားရလေသည်။

"ရှေ့မှာ ခဏနားလေ... ကျွန်တော့်မှာ ရေသန့်ဗူးပါလာတယ်၊ သောက်ဦးမလား"

မြေလမ်းဘေးကပ်လျက် ဝါးခြမ်းများကို ခုံတန်းရှည်သဖွယ် ရိုက်ပေးထားသည့် နေရာကလေးမှာ သူမ ထိုင်သည်။ ခင်စံပယ်လှိုင်နှင့် အေးစန္ဒာတို့က...

"ငါတို့ ရှေ့နားကျမှ စောင့်တော့မယ်"

ဟု ပြောကာ ဆက်လျှောက်သွားကြ၏။ သူမက ပုခုံးသိုင်းအိတ်သေးသေးထဲက တို့ဖတ်ပဝါနှင့် မှန်သေးသေးကလေးကို ထုတ်ပြီး နဖူးမှ ချွေးစက်များကို တို့သုတ်သည်။ နောက်... ညီညီထံမှ ရေဗူးကို လက်လှမ်း၏။

ရေသန့်ဗူးအဖုံးကို ဖွင့်ပြီး နှုတ်ခမ်းနှင့် မထိတထိတော့ကာ မော့သောက်နေပုံကို ကြည့်ရင်း ညီညီရင်ခုန်လာသည်။

သူမက ဦးခေါင်းကို မော့ထားသောကြောင့် ဝင်းဝါနုးညံ့သည့် လည်တိုင်သွယ်ရှည်ရှည်လေးကို မြင်နေရသည်။ ပါးသွယ်မှ လည်တိုင်တစ်လျှောက် အကြောစိမ်းစိမ်းကလေးတွေက ရေကို မျိုချလိုက်သည့် အခိုက်အတန့်တွင် တဖျတ်ဖျတ် လှုပ်သွားကြသည်။ ကြည်လင်သော အသားအရေကြောင့် လည်ချောင်းတစ်လျှောက် ရေတို့ဖြတ်သန်း စီးဆင်းသွားကြသည်ကိုပင် အတိုင်းသား မြင်လိုက်ရသလို အောက်မေ့မိလေသည်။

သူမက ရေဗူးကို ပြန်ပေးရင်း...

"ဒီနေ့တော့... သိပ်ကျန်းမာနေပါလား"

typing- G!VER

"ဗျာ... ဘာကိုပြောလိုက်တာလဲ အောရင့်(ချ်)"

"ဩော်... ခုချိန်ထိတော့ ဘာမှ တလွဲတချော်လုပ်တာ မတွေ့သေးလို့ပြောတာပါ"

သူ ရယ်မိသည်။ နောက်...

"ဒါကတော့ ကျွန်တော် တမင်ကို သတိထားနေတာကိုး"

"ဘာဖြစ်လို့ သတိထားနေတာလဲ"

"အင်း... အဲဒါ ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်ပဲ"

'လျှို့ဝှက်ချက်' ဟု ပြောလိုက်လျှင် မိန်းကလေး အများစု၏ စရိုက်သဘာဝအရ 'ဘာလဲ' ဟု သိချင်တတ်ကြသည်က များမှန်း သူ နားလည်သည်။ အကယ်၍ အောရင့်(ချ်)က ဘာလျှို့ဝှက်ချက်လဲဟု မေးလျှင် 'ကျွန်တော် အောရင့်(ချ်)ကို ချစ်လို့' ဟု ပြန်ဖြေရန် သူ အသင့်ပြင်ထား၏။ သို့သော် သူမထံမှ ဘာစကားမှ ထွက်မလာ။

တိတ်ဆိတ်စွာဖြင့် ထိုင်နေရင်မှ ထ၍ ဆက်လျှောက်သည်။

တောင်ပေါ်မှ ပြန်ဆင်းလာသော လူငယ်တစ်စုက မြက်ဦးထုပ်များကို လေထဲမြှောက်ပစ်ရင်း သီချင်းတွေအော်ဆိုလာကြ၏။ တစ်ယောက်က လက်ထဲမှ သစ်သားဓားမကြီးတစ်ချောင်းဖြင့် ခုတ်လိုက်ရှယ်လိုက် ဆော့ကစားလာသည်။ အားလုံးက ကလေးတွေလို လွတ်လပ် ပေါ့ပါးနေကြသော မျက်နှာများနှင့်...။

"ရောက်တော့မယ်၊ ကြိုးစားပြီးတက်ထား၊ ရှေ့မှာ ရောက်တော့မယ်"

ဟု သူတို့နှစ်ဦးအနီးမှ အဖြတ်တွင် နောက်သလို ပြောင်သလို တိုက်တွန်းအားပေးသွားကြသည်။

မြေသားအတိုင်း ခပ်ပြေပြေ မြင့်တက်သွားသည့် နေရာများတွင် လျှောက်ရသည်က သိပ်မပင်ပန်းလှ။ လှေကားထစ်လုပ်ထားသည့် နေရာများတွင်ကျမှ ခြေထောက်ကို မနည်းသယ်ယူရသည်။ ကျောက်တုံးကြီးများကို ကွေ့ပတ်ပြီး ဖောက်ထားသည့်နေရာများတွင် သူမကိုစောင့်ပြီး ခေါ်ရသေး၏။

typing- G!VER

သူ သိပ်မောနေရင်... ငါ လက်ကမ်းပြီး ဆွဲတင်ရမလားဟု စဉ်းစားမိသေးသည်။ တကယ်တော့ ငါလုပ်ရဲမှာ မို့လို့လား ဟူသည့်အတွေးက ဝင်လာ၏။ ငါတော်တော်ကြောင်တာပဲ... ညီညီ တစ်ယောက်တည်း သူ့ဖာသာသူ စိတ်ထဲက ညည်းတွားမိလေသည်။ တစ်လမ်းလုံး တိတ်ဆိတ်နေသောကြောင့် သူ စိတ်မရှည်တော့။

"အောရင့်(ချ်)"

"ဟင်... ဘာလဲ"

"ကျွန်တော့်ရဲ့ လျှို့ဝှက်ချက်ကို မမေးတော့ဘူးလား"

သူမ ပြုံးသည်။ ထို့နောက်...

" လျှို့ဝှက်ချက်ဆိုတာ တစ်ယောက်တည်းသိမှ တကယ့် လျှို့ဝှက်ချက်စစ်စစ် ပီသတာ၊ နှစ်ယောက်သိသွားရင်... အဲဒီ လျှို့ဝှက်ချက် မဟုတ်တော့ဘူး"

သူမ စကားကြောင့် ညီညီ စိတ်ပျက်ပျက်ဖြင့် ဆံပင်ရှည်တွေကို လက်ဖြင့် ထိုးဖွမိ၏။ ဘာဆက်ပြောရမည်မှန်း မသိတော့သောကြောင့် တောင်တက်လမ်း နံဘေးမှ သစ်ပင်ကြီးများဆီ ငေးကြည့်နေလိုက်သည်။ ပင်စည်ကြီးများပေါ်တွင် ဝါးခြမ်းတွေပေါ် မီးဖြင့် စာရေးထွင်းထားသော ဆိုင်းဘုတ်ကလေးများကို တွေ့ရ၏။

"နောင်နှစ်ကြမှ ဆုံမယ်"

"ဇော်+မျိုး+မြင့် တို့အဖွဲ့ ၂၂-၁၁-၉၄ မှာ ပြန်ပြီ"

"ကျိုက်ထီးရိုးခရီး အမှတ်တရ"

"လွမ်းဆွတ်ထင်ကျန် ကျိုက်ထီးရိုးအပြန်ခရီး"

နံဘေးက ကျောက်တုံးကြီးများ ပေါ်တွင်လည်း ထုံးဖြင့် ရေးထားသည့် စာများကို တွေ့ရသည်။ တချို့က မှိန်တစ်ဝက်၊ ပျက်တစ်ဝက်၊ တချို့စာသားများက လတ်လတ်ဆတ်ဆတ်။ အပြန်ခရီးတွေ အမှတ်တရ ရေးထိုးသွားခဲ့ခြင်းဖြစ်မည်ဟု သူ တွေးမိသည်။

အိမ်ပြန်ရပြီဆိုလျှင် ခရီးဆိုသည်မှာ အလွမ်းတွေကို သယ်ဆောင်လာသော လမ်း ဖြစ်ပါသည်။

typing- G!VER

ရှေ့မှာ ထိုင်စောင့်နေသော ကိုညွန့်လွင်တို့ ကိုနန်းနွယ်တို့ အုပ်စုကို

သူတို့နှစ်ယောက် မီလာကြသည်။ စောစောက ဆိုင်းဘုတ်များဖတ်သည့်အကြောင်း ပြောပြီး သူတို့ ရယ်မောနေကြသည်ကို မြင်ရ၏။ အားလုံးက သူတို့နှစ်ယောက်ကို အမှတ်တမဲ့ မသိချင်ယောင်ဆောင်နေကြသောကြောင့် စိတ်လွတ်လပ်ပေါ့ပါးသလို ခံစားရ၏။

ကိုညွန့်လွင်က...

"တစ်ခါတစ်ခါ ပညာရှိ သတိဖြစ်ခဲ့ပေါ့ဟာ"

"ကိုညွန့်လွင်က ဘဝမှာ ပညာရှိကော ဖြစ်ဖူးလိုက်လို့လား"

ဟု အေးစန္ဒာက ပြောပြီး ရယ်၏။ ကိုနန်းနွယ်က...

"နင်တို့ မသိလို့ပါ၊ တို့မြို့မှာဆိုရင်တော့ ညွန့်လွင်က ဆရာတစ်ဆူပဲ၊ ဆယ်တန်းကလေးတွေကို စာသင်တာ"

"ဘာသင်တာလဲ"

"ဗောဂဗေဒ၊ ဒါပေမယ့် ဆိုင်းဘုတ် တင်လိုက်တဲ့နေ့မှာဘဲ ကျောင်းသူတွေအကုန်လုံး ကျူရှင်ကထွက်သွားလို့ ပိတ်လိုက်ရတယ်"

အောရင့်(ချ်)က ခင်စံပယ်လိုင်၏ ဘေးတွင် ဝင်ထိုင်လိုက်ရင်းမေးသည်။

"ဘာဖြစ်လို့လဲ"

"ဗောဂဗေဒမှာ ဆိုင်းဘုတ်ရေးတဲ့ ပန်းချီဆရာက 'ဂငယ်' တစ်လုံးကျန်ခဲ့လို့"

"...'ဆရာညွန့်လွင် ဗောဗေဒ' ဖြစ်သွားလို့ ကျောင်းသူတွေ ဘယ်တက်ရဲတော့မှာလဲ"

ကိုနန်းနွယ် ပေါက်ကရတွေ လျှောက်ပြောနေမှန်း သိသော်လည်း အားလုံးက စိတ်လိုလက်ရ ဝိုင်းရယ်ကြသည်။ သည်လိုအချိန်မှာ သူတို့အတွက် သာမန် အသေးအဖွဲကလေးများသည်ပင်လျှင် လိုက်လိုက်လှဲလှဲ ရယ်စရာကောင်းနေ၏။

"ဟေ့လူတွေ၊ ဒီမှာဘဲ ထိုင်နေကြတော့မှာလား။ တက်ကြတက်ကြ... မြန်မြန်၊ ညနေမမှောင်ခင် ရင်ပြင်တော်ပေါ် အရောက်သွားရအောင်"

နောက်မှ တက်လာသော ကျောင်းသားအုပ်စုက အော်ဟစ် ပြောသွားသောကြောင့် သူတို့ထိုင်နေရာမှ ထဖြစ်၏။ ဆောင်းလေကလေးတစ်ချက် တွေ့တိုက်လိုက်သောအခါ ဝါးရွက်တွေ ကြွေကျလာသည်။ ဟိုးအဝေးမှာ

မြန်မာဆက်ကဘ စာအုပ်စင် တင်ဆက်သည်
typing- GIVER

မှုန်ရီစိမ့်ညို့သော တောင်စွယ်တွေကို မြင်ရသည်။ ကောင်းကင်သည် ပြာလဲ့ကြည်လင်နေ၏။

ဘုရားရင်ပြင်တော်ပေါ်တွင် လရောင်နှင့် ဆီမီးရောင်တွေ လင်းပနေကြသည်။ အေးမြသော ရွှေရောင်ဖြင့် စေတီတော်သည် ကြည်ညိုသပ္ပာယ်စရာကောင်းနေ၏။ ဆောင်းငွေ့ဖြင့် ဖြူဆွတ်မှိုင်းပျနေသော ညသည် နူးညံ့ချိုရည်နေ၏။ မြောက်ပြန်လေတွေ ပင့်ကူမျှင်လို ယှက်သန်းမွေးငြိနေသည့် ကောင်းကင်တွင် လမင်းသည် ကုံ့ကော်ပွင့်တစ်ပွင့်လို လှပနေလေသည်။ ညကောင်းကင်ပြာပြာလဲ့မှာ ခုနစ်စင်ကြယ်သည် ဦးခေါင်းငိုက်နေ၏။

ညဉ့်နက်ပြီ။

ညဉ့်နက်ပြီဖြစ်သောကြောင့် ရင်ပြင်တော်ပေါ်မှာ လူရှင်းနေ၏။ အာရုံခံတန်ဆောင်းထဲမှာ သူငယ်ချင်းတွေကို ထားရစ်ခဲ့ပြီး ညီညီတစ်ယောက်ထဲ တံတားကျဉ်းကျဉ်းကလေးကို ဖြတ်ကာ စေတီရှိရာ တောင်ကလပ်ဆီ ကူးခဲ့သည်။ စေတီရှေ့မှာ သူ ဝပ်တွားဦးညွှတ်လိုက်၏။ ရင်ထဲမှာ ကြည်လင်ချမ်းမြေ့လာသည်။

စိတ်ထဲမှာ သူ့ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလို ခံစားရသောကြောင့် လှည့်ကြည့်လိုက်၏။ အမျိုးသမီး ဖြတ်ကူးခွင့်မရှိသော တံတား ဟိုဘက်ထိပ်တွင် အောရင့်(ချ်)ကို မြင်ရလေသည်။ ဆွယ်တာဖြူဖြူကလေးပေါ်ကို ရွှေရောင်လက်ပသော ဆီမီးအလင်းတွေ စိုစွတ်နေ၏။ လေပြေ တိုက်ခတ်နေသောကြောင့် သူမ၏ ဆံနွယ်စတွေ အင်္ကျီလက်ဖျားနှင့် ထမီစတွေ တဖျတ်ဖျတ်လှုပ်ခါနေသည်။ သူမရှိရာဆီ သူ ကူးလာခဲ့သည်။

"ဟောဒီ ရွှေဆိုင်းပြားကလေးတွေကို တို့ကိုယ်စား ဘုရားမှာ ကပ်လှူပေးပါနော်"

သူမ ကမ်းပေးသော ရွှေဆိုင်းပြားများကို သူ လှမ်းယူလိုက်၏။ သူလက်တွေ တုန်ယင်နေသည်။ဘုရားမှာ ရွှေချပြီး ပြန်လှည့်လာသည့်အချိန်ထိ သူမ ဘုရားကို အာရုံပြုမပြီးသေး။ ယောဂီရောင် သဘက်ကလေးကို ရှေ့မှာချကာ ဦးချဝပ်တွားနေသည့် သူမကို ရင်ခုန်စွာ ငေးကြည့်နေမိသည်။

ညသည် ပို၍ နွေးထွေးနူးညံ့လာ၏။

သူမ ဘုရားဝတ်ပြုပြီးသောအခါ ရင်ပြင်တော်ကို နှစ်ယောက်သား ဖြတ်လျှောက်လာခဲ့ကြသည်။ ရင်ပြင်တော် စကျင်ကျောက်ပြားတွေပေါ်မှာ ပုရစ်ကလေးတွေ ခြေဖဝါးချစရာ နေရာမလပ်အောင် ပြည့်နေသည်။ ပုရစ်အကောင် သေးသေးကလေးတွေကို နင်းမိသော ခြေဖဝါးမှာ စူးကနဲ စူးကနဲ ခံစားရ၏။ အောရင့်(ချ်)က...

"ပုရစ်ကလေးတွေ သနားစရာကောင်းတယ်နော်၊ ကျွန်မတို့ မတော်တဆ နင်းမိတဲ့ အကောင်လေးတွေတော့ သေမှာဘဲ၊ ရှောင်လို့လဲ မရဘူး၊ ဘာတတ်နိုင်မှာလဲ"

"လူ့ဘဝဆိုတာလဲ ပုရစ်လေးတွေလိုပါပဲ၊ ဘာတတ်နိုင်မှာလဲ ဒီလိုပဲ အနင်းခံလိုက်ရပြီး သေသွားတဲ့ ဘဝက အများကြီးပါ၊ ကံကြမ္မာဆိုတာ ဘာမှအဓိပ္ပာယ်မရှိဘူး"

မြောက်ပြန်လေထဲတွင် မတော်တဆ ဖြစ်မှုတစ်ခု လွင့်ပျံ့လာသည်။

"ရှင် ပြောသလိုဆိုရင်... လူ့ဘဝဆိုတာ ပရမ်းပတာအဖြစ်တစ်ခုလိုပဲ"

"ဟုတ်တယ်လေ... အဲဒီ ပရမ်းပတာဖြစ်ရပ်ကြီးတစ်ခုကို ဗေဒင်က ပုံစံတစ်ခုလို တွက်ချက်လို့ ရမယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ကံကြမ္မာဆိုတဲ့ အရာမှ မရှိတာ"

အိုင်းစတိုင်း၏ "ဘုရားသခင် ကြွေအံမကစားပါ" ဟူသော အတွေးအခေါ်သည် ကွမ်တန်သီအိုရီနှင့် မက်စ်တွန်း၏ မတော်တဆမှု သဘောတရားအောက်တွင် နင်းခွေတွေလို ပျက်ခဲ့ပြီဖြစ်သည့်အကြောင်း သူမကို ပြောပြချင်ပါသေးသည်။ လေတွေ တဟူးဟူး တိုက်ခတ်နေသော ရင်ပြင်တော်အစွန်း စကြံအုတ်ဝရန်တာနံဘေးမှာ နှစ်ယောက်သား ရပ်မိကြ၏။

ကောင်းကင်မှာ ကြယ်စင်တွေ တောက်ပနေကြသည်။ 'လူတွေထင်နေကြသလို ကောင်းကင်မှာ ကြယ်တွေ များလွန်းလို့ ရေတွက်မရနိုင်ဘူးဆိုတာ မဟုတ်ပါဘူး' တစ်ခါက သူမ ပြောခဲ့ဖူးသော စကားသံက ညဥ့်အမှောင်ကို ဖြတ်သန်းလွင့်ပျံ့လာ၏။ သူကောင်းကင်ကို မော့ကြည့်ရင်း ကြယ်တွေကို ရေတွက်ကြည့်နေလိုက်သည်။ ထိုအခိုက်အတန့်မှာပင် ကြယ်တစ်စင်း ကြွေသွားသည်ကို မြင်လိုက်ရလေသည်။

typing- G!VER

"ကံကြမ္မာဆိုတာ မရှိဘူးလို့တော့ ပြောလို့ ဘယ်ရမလဲ၊ ဟိုရွှေဘိုဆောင်မှာ ဒင်နာလုပ်တဲ့ညက ရှင့်ဆီကို တီးဝိုင်းက ကိုမျိုးဆိုတဲ့လူ လာပြီး ကမ်းလှမ်းတယ်

မဟုတ်လား၊ ဒါ... ရှင့်အတွက် ကံကြမ္မာကောင်းတဲ့အချိန် ရောက်လာပြီလို့ ပြောလို့ရတာပေါ့"

"ဟင့်အင်း... ဒါ ကံကြမ္မာ မဟုတ်ဘူး၊ ကျွန်တော် ယုံကြည်တာကို လုပ်ခဲ့တဲ့အတွက် ပြန်ရလာတဲ့ အခွင့်အရေးတစ်ခုပဲ"

အောရင့်(ချ်)က သူ့ကို စိုက်ကြည့်နေ၏။ သူ မျက်နှာမလွှဲဖြစ်။ ည၏ အမှောင်ထဲတွင် မျက်ဝန်းနှစ်စုံတို့ တိုးတိတ်စွာ စကားဆိုနေကြသည်။ တောင်အစပ်ဖြစ်သောကြောင့် လေတိုးသည့်အသံက တဟူးဟူး မြည်နေ၏။ ဆံနွယ်စမျှင်တွေ မျက်နှာပေါ် တဖျပ်ဖျပ် ရိုက်ခတ်နေကြသည်။ ညီညီက...

"တကယ်လို့ အဲဒီ အခွင့်အရေးဟာ ကံကြမ္မာက ပေးတာဆိုရင် ကျွန်တော် စွန့်လွှတ်ရဲတယ်၊ မလိုချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့... ကျွန်တော့်ရဲ့ အရည်အချင်းကို ကံကြမ္မာထက် ပိုယုံလို့ပဲ၊ ဒီမှာကြည့်... အောရင့်(ချ်)"

ညီညီက တီးဝိုင်းခေါင်းဆောင် ကိုမျိုးပေးသွားခဲ့သော လိပ်စာကဒ်ပြားကို သူ့အင်္ကျီအိတ်ထဲမှ ထုတ်သည်။ နောက် တောင်အောက်သို့ လွှင့်ပစ်လိုက်၏။ လေထဲတွင် စက္ကူကဒ်ပြားလေး လွင့်ပါသွားပြီး အမှောင်ထဲ၌ ပျောက်ကွယ်သွား၏။

"ဟင်... ဘာဖြစ်လို့ လွှင့်ပစ်လိုက်တာလဲ"

"ကျွန်တော့်မှာ အရည်အချင်းရှိရိုးမှန်ရင် ဒီလိုအခွင့်အရေးမျိုးက နောက်လဲ မလွဲမသွေ ပေါ်လာဦးမှာဘဲလေ... ဒါကိုပဲ ကျွန်တော် ယုံကြည်တယ်၊ အခွင့်အရေးဆိုတာ လူက လုပ်တာပါ၊ ကံကြမ္မာက ပေးမှ ရတာမဟုတ်ပါဘူး"

သူ့စကားကြောင့် အောရင့်(ချ်) ခေါင်းခါ၏။ နောက် အသံတိုးတိုးဖြင့်...

"လူတွေက ကိုယ့်ဘက်က သိပ်သေချာနေတဲ့ အခါမျိုးမှာတော့ ကံကြမ္မာကို အနိုင်ရလိုက်ပြီလို့ အောက်မေ့တတ်ကြတာချည်းပါပဲ၊ ကိုယ်မြတ်နိုးတဲ့ အရာတစ်ခုခု ဆုံးရှုံးရတော့မယ်ဆိုမှ ကံကြမ္မာကိုသိဖို့ ဗေဒင်မေးကြတာ၊ အင်း... ရှင့်မှာလည်း မြတ်နိုးတဲ့အရာတစ်ခုခုကို ဆုံးရှုံးရဖို့ ဖြစ်လာရင် ဘယ်လိုသဘောထားပြောင်းလာမလဲလို့ ကျွန်မ စောင့်ကြည့်ချင်ပါသေးတယ်"

သူမ ဘာကို ရည်ရွယ်၍ပြောမှန်း မသိ။ ညီညီ ပင့်သက်တစ်ချက် ရှိုက်မိသည်။

"ပြန်ရအောင်နော်"

သူက ပြောရင်း သူငယ်ချင်းတွေရှိရာ အာရုံခံ တန်ဆောင်းဆီ ခြေလှမ်းကို လှည့်သည်။ နှင်းစက်တွေကြောင့် ရင်ပြင်တော် ကျောက်ပြားတွေ စိုစွတ်နေမှန်း ခြေဖဝါးတွေက သိ၏။ ဆောင်းဥတု၏ညသည် အဖြူရောင်နတ်သမီးတစ်ပါးနှင့် တူနေလေသည်။

"ဟေ့ကောင် ညီညီ၊ အတော်ပဲ... သီချင်းဆိုကွာ"

ရင်ပြင်တော်ပေါ်မှ အဆင်းလှေကားထစ်များကို နှင်းမိချိန်တွင် ကိုထွန်းစန်းက သူ့ကို လှမ်းပြော၏။ အောရင့်(ရှ)က တစ်ချက်ခေါင်းငဲ့ကြည့်သည်ကို မြင်ရသည်။ ကိုနန်းနွယ်က...

"ဟုတ်တယ်... မီးပုံပွဲလေးလုပ်ရင်းနဲ့ သီချင်းဆိုရအောင်... ညွန့်လွင် ဂစ်တာသွားယူကွာ"

"အေး... အေး"

"ဟိုတစ်နေ့ညက ရတနာဆောင်ရှေ့မှာ တစ်ယောက်တည်း တိတ်တိတ်ကလေး လာဆိုသွားတဲ့ သီချင်းကို ဆိုပြနော်... အခု အားလုံးကြားအောင်"

ခင်စံပယ်လှိုင်က ပြောပြီး သူမဖာသာ သဘောကျကာ ရယ်၏။ ကျန်သူတွေများကလည်း ကြိတ်၍ ရယ်နေရာမှ တိုးတိုးတိတ်တိတ် အသံတွေစုမိသွားပြီး ဟန်မဆောင်နိုင်ကြတော့ဘဲ ပွင့်ပွင့်လင်းလင်း ရယ်မိကြတော့သည်။ ညွန့်လွင်က ဂစ်တာတစ်လက်ကိုင်ကာ ပြန်ရောက်လာ၏။

ကိုထွန်းစန်းက ဂစ်တာကို လှမ်းယူလိုက်ရာမှ...

"ဟင်... မင်းဂစ်တာကလဲ"

သေသေချာချာ ကြည့်လိုက်တော့ ဂစ်တာမှာ ကြိုးတစ်ချောင်းမှ မရှိ။

"ဟာ... ဆောရီးကွာ၊ ဟိုတစ်နေ့က ကြိုးပြတ်သွားတာနဲ့ ကြိုးတွေလဲမလို့ ဖြုတ်ထားပြီးမှ ပြန်တပ်ဖို့ မေ့သွားတယ်"

ရယ်သံတွေ၊ ဆဲသံတွေ ဆူညံသွားသည်။

"ညွန့်လွင် တလွဲတွေလုပ်လာပြန်ပြီ၊ အစကတည်းက ကြိုကြိုတင်တင် ပြင်ဆင်မထားဘူး၊ ဟေ့ကောင် လက်ပါ၊ အနူ"

ကိုထွန်းစန်းနှင့် ကိုနန်းနွယ်က ဝိုင်းအပြစ်တင်သည်။ မိန်းကလေးတွေကလည်း 'လက်ပါ' ဟု ခေါ်သံကြားသဖြင့် ရယ်ကြပြန်၏။ အားလုံး တဝေါဝေါ ဆူညံနေကြသည်။

ညီညီက ဂစ်တာကို ယူရန် လက်လှမ်းလိုက်၏။ သူ့မျက်နှာက မပြုံးမရယ်။ တည်ငြိမ်လေးနက်နေသည်။ အသံတွေ လုံးဝ တိတ်ဆိတ်သွားသည်။

ညီညီ ကြိုးမပါသော ဂစ်တာကို ရင်ခွင်ထဲမှာ တယုတယ ပိုက်လိုက်သည်။ ခေါင်းကိုငုံ့ထားပြီး လက်ဝဲဘက်လက်ဖျားထိပ်ကလေးဖြင့် ဖလက်တံပေါ်မှ လက်ကွက်ကို ဖွဖွကလေး စမ်း၏။ နောက်... ရှည်လျားသွယ်ပျောင်းသော ညာဖက်လက်ချောင်းများက ထင်းရှူးသားဂစ်တာအိမ်ကို စည်းချက်ကျကျ ခေါက်သည်။ တိတ်ဆိတ်နေသော ညဉ့်အမှောင်ထဲတွင် သူ့နှုတ်ခမ်းက ဂီတကို ဖန်ဆင်းလေသည်။ ဂစ်တာအိမ်ကို ခေါက်သံနှင့်အတူ သူဆိုလိုက်သော သီချင်းသံက မြောက်ပြန်လေထဲတွင် ချိုရီချမ်းမြေ့စွာ လွင့်... လွင့်ပါသွား၏။

*! တိတ်ဆိတ်လွန်းတဲ့ အိမ်မက်ထဲ... ကိုယ့်ရဲ့ လမ်းကလေး*
*ခြောက်သွေ့မျက်ရည်ဝဲ... တစ်ယောက်တည်း...*
*ကောင်းကင်ကို ကြွေစေတဲ့ မုန်တိုင်းရယ်...*
*မင်းရဲ့ ရင်ထဲ...*

*!! စံပယ်တွေ တဝုန်းဝုန်း ရှာချခဲ့တာတောင်မှ*
*ငါဆိုတဲ့ကောင်က...*
*ရနံ့တစ်ခုတစ်လေတောင် စိုစွတ်ခွင့် မရခဲ့ဘူး။*

*!!! တီးတိုးလောင်ကျွမ်း တိမ်တိုက်တွေ... ရင်ခုန်သံမဲ့*
*ဂီတအသေ ဝေဒနာရေ...*
*ရှောင်ပြေးပုံသန်းစရာ တောင်ပံမဲ့... ငါဟာ...*
*လိပ်ပြာတေလေ...။*

သူ့ဂစ်တာ ဖလက်တံအဖျားက နှင်းဥတွေ ခိုတွဲကာ စိုစွတ်နေသည်။ အောရင့်(ချ်)က လက်ပိုက်၍ ဒူးနှစ်ဖက်ကို ပွေ့ဖက်ကာ မေးတင်လျက် ခေါင်းငဲ့စိုက်ကြည့်နေ၏။ သူမ၏ မျက်ဝန်းတစ်စုံသည် နှင်းဥတွေလို

စိုလက်တောက်ပနေလေသည်။ နက်မှောင်သော မျက်တောင်ကော့ကော့ ညွတ်ညွတ်တွေက အိပ်မက်လို နူးညံ့နေကြ၏။ အိပ်မက်ပန်းတွေ ပွင့်ဖူးနေသော သစ်ပင်ကလေး တစ်ပင်၏ လှပသော ငြိမ်သက်မှုမျိုးဖြင့် သူမ စိုက်ကြည့်နေသည်။

ဂစ်တာဖလက်တံကို ဖွဖွဆုပ်ကိုင်ထားသည့် ညီညီ၏ လက်ဝဲလက်သန်းဖျားက ရွှေရောင်။

သီချင်းဆုံးသွားပြီးသည့်တိုင် ဂစ်တာကို ပိုက်လျက် ဆက်ထိုင်နေမိသည်။ အချိန်ကြာမြင့်စွာ ငိုင်တွေလျက် စိတ်တွေ ပျံ့လွင့်နေ၏။ သူ့အနီးသို့ တစ်စုံတစ်ယောက်လာရပ်သည်ကို သတိထားမိသည်။ ဖြူဖွေးနုးညံ့သော ခြေဖမိုးလေးတစ်စုံ၊ ခြေကျင်းဝတ်မှာ ရွှေကြိုးမျှင်မျှင်ကလေး ရစ်ပတ်ထား၏။ သူမော့ကြည့်လိုက်သည်။

အောရင့်(ချ်)က သင်္ချာတစ်ပုဒ်လို ရိုးစင်းနက်နဲစွာ ပြုံးနေ၏။ နောက် သူ့ကို စာရွက်ခေါက်ကလေးတစ်ခု ကမ်းပေးရင်း...

"သီချင်းအတွက် ဆုချတာ"

ပြောပြီး လှည့်ထွက်သွားသည်။

သူ... စာရွက်ခေါက်ကလေးကို ဖြေကြည့်သောအခါ အလှူခံဖြတ်ပိုင်းဟု သူသိလိုက်သည်။ အလှူရှင်အမည်ကို ကြည့်လိုက်သောအခါ...

'ဦးချမ်းမြေ့ညီညီ၊ ဒေါ်အောရင့်(ချ်) တို့ မောင်နှမ နှစ်ဦး'

သူ နှလုံးအိမ်ထဲ နွေးကနဲ ရင်ခုန်သွားသည်။ သူမ ရှိလေဦးမလား ဟူသည့် အတွေးဖြင့် ဟိုဟိုသည်သည် ကြည့်ကာ ရှာမိသေး၏။ မတွေ့တော့။ သူမ ကိုယ်စား ညဥ့်ကောင်းကင်မှ ကြယ်များကိုသာ တွေ့ရတော့သည်။

*အချစ်ဆိုသည့် ကြယ်တာရာတစ်လုံးသာ တောက်ပမည်ဆိုပါလျှင်*
*စကြဝဠာတစ်ခုလုံးတွင် အခြား*
*ကြယ်နက္ခတ်တို့ လင်းလက်စရာ မလိုတော့ပါ။*

# အခန်း ၂၀

"နင်သူ့ကို ချစ်နေပြီမဟုတ်လား အောရင့်(ချ်)"

အေးစန္ဒာက မေးသည်။ အောရင့်(ချ်)က ဘာမှ ပြန်မဖြေ၊ ကားပြတင်းပြင်ပသို့သာ မျက်နှာကိုလွှဲထားရင်း ရှုခင်းတွေကို ကြည့်နေ၏။ ခင်စံပယ်လိုင်က...

"နင်... သူ့ကို အဖြေပေးလိုက်ပြီလားဟင်"

"ဟာ... သူက ငါ့ကို ဖွင့်တောင် မပြောသေးဘူး"

အောရင့်(ချ်)က ရှက်ရွံ့သည့် လေသံဖြင့် တုံ့ဆိုင်းဆိုင်းဖြေ၏။ အေးစန္ဒာက...

"ဒီအတိုင်းဆို ပြောတော့ ပြောမှာပါ၊ အစတုန်းကတော့... နင်စိတ်ဆိုးမှာကြောက်လို့ သူ ချိန်ဆနေတာ ဖြစ်မယ်၊ အခုကျတော့ နင်က..."

စကားကို ဆုံးအောင်မပြောဘဲ ရယ်မောပစ်လိုက်သောကြောင့် အောရင့်(ချ်) အနေရခက်သွား၏။ ရှက်နေသော အသံတုန်တုန်ယင်ယင်ဖြင့်...

"ဘာလဲ... ငါ့ကို မစနဲ့နော်"

"မဟုတ်ဘူးလေ... အရင်တုန်းကလို နင်က သူ့ကို ပေါ့တီးပေါ့ပျက် အူကြောင်ကြောင်လူလို့ မထင်တော့ဘူး မဟုတ်လား"

typing-G!VER

အင်း… ဟု ဖြေမိတော့မလို ဖြစ်သွားပြီးမှ စကားလုံးတွေကို ပြန်မျိုချပစ်လိုက်ရသည်။ လိပ်စာကဒ်ပြားကလေးကို ညအမှောင်ထဲ လွှင့်ပစ်လိုက်သော ညီညီ့ရုပ်လွှာကို ပြန်မြင်ယောင်နေသည်။

ခပ်မြန်မြန် မေ့ဖျောက်ပစ်ဖို့ သူမ မျက်တောင်တွေကို တဖျတ်ဖျတ် ခတ်လိုက်သည်။ ကားလမ်းဘေးရှိ ရှုခင်းတွေကို ပြန်အာရုံစိုက်ထားလိုက်၏။ ဟိုးအဝေးက တောင်တန်းတွေ၊ လယ်ကွင်းတွေ၊ လျှပ်စစ်ဓာတ်အားပေးတိုင်တွေ… ဓာတ်ကြိုးတွေပေါ်မှာ နားနေကြသော အနက်ရောင်ငှက်တွေ။ နောက်… ကောင်းကင်ပြာပြာနှင့် အဖြူရောင် တိမ်တိုက်များ။

ဟီးနိုးကားက အပြန်ခရီးဦးတည်ရာဆီ အရှိန်ပြင်းပြင်း ရွေ့လျားနေဆဲ။ မကြာခင်မှာပင် စစ်တောင်းတံတားကို ဝင်တော့မည်။

"နင်သူ့ကို ဒီအတိုင်း လွယ်လွယ်ကူကူ အဖြေမပေးလိုက်နဲ့နော် အောရင့်(ချ်) သိလား"

"ဟာ… နင်ကလဲ"

"မဟုတ်ဘူး၊ မရှက်နဲ့ဦးဟာ၊ သေချာနားထောင်၊ ငါ အကောင်းပြောမှာ၊ ငါ့မှာ စိတ်ကူးတစ်ခုရှိတယ်၊ ဒီတစ်ခါ ငါတို့အလှည့်ပဲ၊ တမင်ကို ညစ်ထားမှာ"

"ဘယ်လိုညစ်မှာလဲ"

… ဟု အေးစန္ဒာက လှမ်းမေး၏။ ခင်စံပယ်လှိုင်က သူ့စိတ်ကူးကို ခပ်တိုးတိုး ပြောပြသည်။

"ဟာ… မကောင်းပါဘူးဟာ… နင်အချိန်ဆွဲထားပေးမယ့် အကြောင်းပြချက်ကြီးကလည်း ယုတ္တိလဲ မရှိဘူး၊ ဟိုတစ်ယောက်လဲ သနားပါတယ်"

အေးစန္ဒာက ကန့်ကွက်ပြီး အောရင့်(ချ်) မျက်နှာကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်၏။ ခင်စံပယ်လှိုင်က စိတ်တိုတိုဖြင့်…

"ဒါဖြင့်… ဘယ်လို အကြောင်းပြမလဲ၊ ဗေဒင်အရ နေ့နံမသင့်လို့ နက္ခတ်မတည့်လို့… လို့ ပြောရမလား… ကဲ"

typing- G!VER

အေးစန္ဒာက ရယ်ပြီး "ပေါက်တတ်ကရတွေဟာ" ဟုပြောသည်။ အောရင့်(ချ်)

မယ် ခင်စံပယ်လှိုင် ပြောလိုက်သော စကားအပေါ် အလေးအနက် စဉ်းစားနေ၏။

ပြီးမှ... အသံတိုးတိုးဖြင့်...

"ဟုတ်တယ်၊ သူ မြတ်နိုးတဲ့ အရာတစ်ခုခု ဆုံးရှုံးရတော့မယ်ဆိုရင် ကံကြမ္မာကို သူ ဘယ်လိုရင်ဆိုင်မလဲဆိုတာ ကြည့်ချင်သေးတယ်"

တစ်ယောက်တည်း ညည်းတွားသလို ပြော၏။ ခင်စံပယ်လှိုင်က...

"နင့်မှာ ဘယ်လိုစိတ်ကူးရှိလို့လဲ"

"ဒီလိုလေ..."

အောရင့်(ချ်)က သူ့စိတ်ကူးကို ပြောပြလိုက်သည်။ ကျန်နှစ်ယောက်က ဝိုင်းအကြံပေးသည်။ ပြင်ဆင်ကြသည်။ နောက်တော့ သူတို့အားလုံး အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားကြ၏။

အောရင့်(ချ်)တစ်ယောက်တည်း တိတ်တိတ်ကလေး ပြုံးနေသည်။

ပဲခူးဝင်ခါနီးတွင် လက်ဖက်ရည်သောက်ရန် ကားခဏရပ်သည်။ ညီညီတို့လေးယောက် ဆိုင်ထဲမဝင်ဘဲ အပြင်သစ်ပင်ရိပ်အောက်မှာ ချထားသော စားပွဲဝိုင်းတွင် ထိုင်ကြ၏။ ခင်စံပယ်လှိုင်နှင့် အေးစန္ဒာတို့က ညီညီတို့ ထိုင်နေသည့်ဝိုင်းဆီ ဦးတည်လာကြသည်။ နောက်ဘက် ခပ်လှမ်းလှမ်းမှာ အောရင့်(ချ်)က ဖြည်းဖြည်းချင်း လျှောက်ကာပါလာ၏။ အေးစန္ဒာက...

"ဟဲ့ ညီညီ၊ နင့် မွေးနေ့သက္ကရာဇ်နဲ့ မွေးတဲ့အချိန်၊ နာရီ အတိအကျ သိလား"

"ဘာလုပ်မလို့လဲ"

"ဘာလုပ်ရမှာလဲ... ဟဲ့၊ နင်ကလည်း လည်မလိုလိုနဲ့ အ လိုက်တာ၊ ငါတို့ထဲမှာ ဗေဒင်တွက်တတ်တဲ့လူ ဘယ်သူရှိလို့လဲ... စဉ်းစားကြည့်ပေါ့"

ကိုညွန့်လွင်က...

"အောရင့်(ချ်)က တစ်ခါတည်း နေ့ကောင်းရက်သား ရွေးတော့မယ်ထင်တယ်"

"နောက်မနေနဲ့ ဟိုက ကြားသွားရင် စိတ်ဆိုးနေဦးမယ်"

"ဘာလုပ်မလို့လဲ၊ ကျွန်တော့်ကို ပြောပြစမ်းပါ"

"အောရင့်(ချ်)ကို ပေးပြီး တွက်ခိုင်းမယ်လေ၊ နင့်နာမည်ကိုတော့ မပြောဘူးပေါ့၊ တခြားလူတစ်ယောက်ယောက်ရဲ့ ဇာတာလို့ ညာပြောပြီး ဒီနှစ်အတွင်း ချစ်သူတစ်ယောက် ရနိုင်မလားလို့ မေးမယ်လေ၊ မကောင်းဘူးလား"

"ကောင်းတော့ကောင်းပါတယ်၊ ဒါပေမယ့်... ပိပိရိရိလုပ် တော်ကြာ... နင်တို့ကို ရှက်ရမ်းရမ်းနေလိမ့်မယ်"

ဟု ကိုထွန်းစန်းက ထိန်းထိန်းသိမ်းသိမ်း ပြောသည်။

ခင်စံပယ်လှိုင်က ကိုထွန်းစန်းကို မျက်မှောင်တွန့်ပြပြီး မပြောရန် တား၏။ နောက်မှ ရှင်းပြမယ်... ဟု တိုးတိုးကလေး သတိပေးသည်။ ကိုညွှန့်လွင်က

"လုပ်ကွာ... ညီညီ ရေးပေးလိုက်"

ဟု တိုက်တွန်းသဖြင့် ညီညီက စာရွက်အလွတ်တစ်ရွက်ပေါ်တွင် သူမွေးနေ့သက္ကရာဇ်၊ ရက်စွဲနှင့် အချိန်ကို ရေးပြီး အေးစန္ဒာ လက်ထဲထည့်လိုက်သည်။

ထိုအချိန်မှာပင် သူတို့အနီးသို့ အောရင့်(ချ်) ရောက်လာပြီး...

"ဟိုဘက် သစ်ပင်ရိပ်က စားပွဲဝိုင်းကို ပြောင်းရအောင်... ဒီစားပွဲမှာ နေပူနေပြီ"

ဟုပြော၏။

ထိုစကားကြောင့် သူသစ်ပင်တွေဆီ မော့ကြည့်ဖြစ်သည်။ နေရောင်ရှိရာဆီ အကိုင်းတွေညွတ်ကာ ယိမ်းနေသော သစ်ပင်ခက်လက်တွေကို မြင်ရ၏။ သစ်ပင်တွေက နေရောင်ခြည်ကို လိုချင်တယ်။ လူတွေက အရိပ်ကို လိုချင်တယ်။ ဒါကြောင့်... သစ်ပင်တွေက နေရောင်ဆီ တိုးထွက်ညွတ်ကိုင်းနေကြချိန်မှာ လူတွေကတော့ အဲဒီနေရောင်ခြည်ကြောင့် ဖြစ်လာတဲ့ သစ်ပင်ရဲ့ အရိပ် ရွေ့လျားရာဆီ လိုက်ပါပြောင်းလဲနေရတာပဲ မဟုတ်ဘူးလားဟု စိတ်ထဲက တီးတိုး ပြောမိလေသည်။

လက်ဖက်ရည်သောက်ပြီးကြသောအခါ ကားဆက်ထွက်ခဲ့၏။

တက္ကသိုလ်များ ဓမ္မာရုံရှေ့တွင် ကားကို နောက်ဆုံးရပ်လိုက်သောအခါ ညီညီ အရင်ဆုံး ကားပေါ်မှ ဆင်း၏။ အောရင့်(ချ်)ထိုင်သော ပြတင်းပေါက်အနီးသို့ သွားပြီး…

"အောရင့်(ချ်)… မနက်ဖြန်ညနေ လေးနာရီလောက် ရတနာဆောင်ကို ကျွန်တော်လာခဲ့မယ်၊ အင်လျားကန်ဘောင်ပေါ်ကို လမ်းလျှောက်ရအောင် လာရမလားဟင်"

"ဘာလုပ်ဖို့လဲ"

"ကျိုက်ထီးရိုးတောင်ပေါ်တက်တဲ့ လမ်းမှာတုန်းက မပြောဖြစ်လိုက်တဲ့ ကျွန်တော့်ရဲ့ လျို့ဝှက်ချက်ကလေးကို ပြောပြမလို့"

"ဟင်… သူ့ကို ဘယ်သူကမှလဲ မမေးဘဲနဲ့"

ညီညီက ရယ်လိုက်၏။ ခေါင်းဆတ်ကာနဲ တစ်ချက်ခါပြီး ဝေ့ကျနေသော ဆံပင်ရှည်ရှည်တွေကို လက်ဖြင့်သပ်တင်ရင်း…

"မမေးလဲ ပြောရတော့မှာဘဲ၊ တချို့စကားလုံးတွေဟာ အမှန်တရားဖြစ်ကြောင်း ပြချင်ရင် လူနှစ်ယောက်ရှိဖို့ လိုအပ်တယ်… တဲ့၊ တစ်ယောက်က ပြောပြမယ့်သူ၊ နောက်တစ်ယောက်က နားထောင်မယ့်သူ"

"အောရင့်(ချ်)… နားထောင်ပေးပါဗျာ၊ ကျွန်တော်က သိပ်လှတဲ့ အမှန်တရားတစ်ခု ပြောပြမလို့"

သူမက ဆောင်းဥတုနေရောင်ခြည်တန်းကလေးလို နူးညံ့လင်းလက်စွာ ပြုံး၏။ နောက်… ခေါင်းညိတ်ပြ၏။ ညီညီ စိတ်လက်ပေါ့ပါးစွာ လှည့်ထွက်ပြီး ပလက်ဖောင်းတွေပေါ် လျှောက်လာခဲ့တော့သည်။

typing- G!VER

# အခန်း ၂၁

ဆည်းဆာနေခြည်သည် ရွှေရောင်လို မှုန်ပျပျ မှိုင်းနေ၏။ အင်းလျားရေပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသည့် လေပြေထဲတွင် လှျို့ဝှက်ချက်တစ်ခုခု၏ ရနံ့ပါလာသလိုလို ထင်မိသည်။ ကန်ဘောင်အတိုင်း လမ်းလျှောက်ပြီး ပြန်လာကြသည်အထိ စကားတစ်ခွန်းစ၊ နှစ်ခွန်းစမှ လွဲ၍ မပြောဖြစ်ကြ။

သူမ၏ မျက်ဝန်းတွေပေါ်မှာ အညိုရောင်ရင့်ရင့် နေကာမျက်မှန်တစ်လက် တပ်ဆင်ဖုံးအုပ်ထားသည်ကို မြင်ရသောကြောင့် အနည်းငယ်ထူးဆန်းသလို အောက်မေ့မိသည်။ သူမမျက်ဝန်း ဘာသာစကားကို မမြင်ရသောကြောင့် သူစိမ်းဆန်နေသလို ခံစားရသည်။ ရတနာဆောင်နှင့် ပြန်ပြီးနီးလာလေလေ သူ့ရင်တွေ အခုန်မြန်လာလေလေ ဖြစ်နေ၏။

ရတနာဆောင် ခြံတံခါးဝတွင် သူမ ခဏရပ်သည်။ ပြန်တော့လေ... ဟူသော အကြည့်ဖြင့် ကြည့်၏။ သူက...

"ခဏနေပါဦး၊ အောရင့်(ချ်)"

သူမ ခြေလှမ်းတွေ တုံ့ဆိုင်းရပ်တန့်သွားသည်။ ဘာမှတော့ ပြန်မပြော။ ခေါင်းကို ငုံ့လျက်သား။

typing- G!VER

သူမ၏ အမူအယာက ကြေကွဲဝမ်းနည်းနေသည့်ပုံမျိုး ဖြစ်နေ၏။ ဘာကြောင့်မှန်းတော့ မသိ။ ညီညီက...

"စကားပုံတစ်ခုရှိတယ်၊ ကိုယ်က တစ်ဖက်သတ်ချစ်ရတဲ့အချစ်ဟာ အဆိပ်နဲ့တူတယ်၊ ကိုယ်ချစ်ရတဲ့သူက တုံ့ပြန်တဲ့အချစ်ကတော့ ဖြေဆေးနဲ့တူတယ်တဲ့၊ ဒါပါပဲ... ကျွန်တော် အောရင့်(ချ်)ကို ချစ်တယ်"

အောရင့်(ချ်)ဆီမှ ရှိုက်သံလိုလို၊ သက်ပြင်းချသံလိုလို ကြားရသည် ထင်မိ၏။ သူမ ခေါင်းကိုလေးတွဲစွာ ခါယမ်းရင်း...

"ကျွန်မက ရှင့်ကို ဖြေဆေးပေးဖို့တော့ မဖြစ်နိုင်တော့ဘူး"

"ဗျာ... ဘာပြောလိုက်တယ်"

သူမ နှုတ်ဆိတ်နေ၏။ တိတ်ဆိတ်ခြင်းသည် ငရဲဘုံနှင့် တူနေလေသည်။

"ဘာဖြစ်လို့လဲ အောရင့်(ချ်)၊ ကျွန်တော့်ကို အဖြေပေးပါဦး"

"ရှင့်မှာ ကျွန်မနဲ့ ဆုံဆည်းရမယ့် ကံကြမ္မာ ပါမလာဘူး"

"ဘာ... ဘာကံကြမ္မာလဲ"

အောရင့်(ချ်)က လက်ကိုင်အိတ်ထဲမှ စာရွက်ခေါက်တစ်ခုကို ထုတ်သည်။ သူ့မွေးနေ့သက္ကရာဇ်၊ အချိန်၊ နေ့စွဲတို့ကို ရေးပေးခဲ့သော စာရွက်မှန်း မြင်ရုံနှင့် သူသိလိုက်သည်။

"ရော့... ယူပါ"

သူမက လှမ်းပေးသည်။ သူယောင်ယမ်းပြီး လှမ်းယူဖြစ်၏။ ဘာဖြစ်လို့ သူမက သိသွားရတာပါလိမ့်။ အေးစန္ဒာတို့၊ ခင်စံပယ်လှိုင်တို့က ပြောပြလိုက်တာများလား... ဟု သူတွေးနေမိသည်။ သူစာရွက်ကို ဖြန့်ကြည့်လိုက်သည်။ စက်ဝိုင်းများ၊ ကြက်ခြေခတ်များ၊ ကိန်းဂဏန်းများ၊ သင်္ကေတများဖြင့် ရှုပ်ထွေးနေသည်ကို တွေ့ရ၏။ သူစိတ်ထဲ ကျိတ်၍ ကျိန်ဆဲလိုက်မိသည်။

ထိုအချိန်တွင် အောရင့်(ချ်)က...

"အခွင့်အရေးဆိုတာ လူက ကြိုးစားလုပ်ယူရတာ၊ ကံကြမ္မာက ပေးတာမဟုတ်ဘူးလို့ ရှင်ပြောခဲ့ဖူးတယ်နော်၊ ဒါပေမယ့်... ဒါပေမယ့် ရှင့်ကိုကံကြမ္မာက နောက်ထပ်ကြိုးစားဖို့ ဘာအခွင့်အရေးမှ ပေးတော့မှာ မဟုတ်ဘူး"

"ဘာ... အဲဒါ ဘာအဓိပ္ပာယ်လဲ"

"ရှင့်ရဲ့ ကြိုးစားမှုတွေအတွက် ဘာရလာဒ်မှ မရနိုင်တော့ဘူး၊ ကျွန်မရဲ့ အချစ်ကိုလည်း မရနိုင်တော့ဘူး၊ ဒါကံကြမ္မာက ဆုံးဖြတ်ပေးထားတာပါ၊ ကျွန်မ... ကျွန်မ... စိတ်မကောင်းပါဘူး၊ ရှင့်ရဲ့ ကံကြမ္မာဟာ နောက်ဆုံးအချိန်ကို ရောက်နေပြီ"

ညီညီနှုတ်ခမ်းတွေဆီမှ ဆဲဆိုသည့် စကားတစ်ခွန်း ထွက်ကျလုဆဲဆဲ ဖြစ်သွားသည်။ နောက် စိတ်ကိုမနည်းထိန်းပြီး တောက်တစ်ချက် ခေါက်လိုက်၏။

"ဘာအဓိပ္ပာယ်မှ မရှိဘူး၊ သွားစမ်းပါ... ဘာကံကြမ္မာလဲ"

လက်ထဲမှ စာရွက်ကို အပိုင်းပိုင်း အစစဖြစ်အောင် ဆုတ်ဖြဲချေမွပြီး လွှင့်ပစ်လိုက်သည်။

သူမ စိတ်ဆိုးသွားလိမ့်မည်ဟု ထင်မှတ်ထားသော်လည်း တည်ငြိမ်နေသည်ကို တွေ့ရသောကြောင့် ညီညီ အံ့သြသွား၏။ သနားကြေကွဲသည့်အကြည့်ဖြင့် စိုက်ကြည့်နေသည်ဟုပင် မှတ်ရထင်ရသည်။ မျက်ဝန်းတွေကို မျက်မှန်အရောင်ရင့်ရင့်က ဖုံးအုပ်ထားသောကြောင့် ဘာရယ်မသေချာ၊ ဝေခွဲရခက်နေ၏။

ဘုရားရေ... မင်း တကယ် အတည်ပြောနေတာလား။ အဓိပ္ပာယ် မရှိလိုက်တာ။ လူတစ်ယောက်သေမယ့်နေ့ကို မင်း ဘယ်လိုလုပ်ပြီး ကြိုသိနိုင်မှာလဲ။

သူ... စူးစူးရဲရဲ ပြောလိုက်သည်။

"ကျွန်တော် မယုံဘူး"

အောရင့်(ချ်)က ပင့်သက်ရှိုက်ရင်း ခေါင်းကိုခါသည်။

"ရှင်... မယုံဘူးဆိုတာ၊ ကျွန်မ နားလည်ပါတယ်၊ တကယ်ဆို ကျွန်မ မပြောသင့်ပါဘူး၊ ဒီလို ဟောကိန်းမျိုးဟာ မပြောအပ်တဲ့ စကားမို့ စောင့်စည်းရမယ့် ဝတ္တရားရှိပါတယ်၊ ကျွန်မ... ကျွန်မ မတတ်သာလွန်းလို့ ထုတ်ပြောရတာပါ"

typing-GIVER

သူမ စကားကိုဖြတ်ပြီး အဝေးဆီ ငေးသည်။ နောက်မှ...

"ဘာတတ်နိုင်မှာလဲလေ... ကံကြမ္မာဆိုတာ ဒီလိုပါဘဲ၊ ကိုယ်ကြိုးစားထားရသမျှကို အဓိပ္ပာယ်မဲ့သွားအောင် လုပ်နိုင်စွမ်းရှိတယ်"

ပြောပြီး အဆောင်ထဲသို့ သူမက ချာကနဲ လှည့်ဝင်ခဲ့သည်။ ညီညီက ထိုနေရာမှာပင် တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားရင်း ရပ်လျက်သား ကျန်ရစ်၏။

အောရင့်(ချ်)က လှေခါးအတိုင်း ခပ်သွက်သွက် တက်လာခဲ့သည်။ အပေါ်မှာ ခင်စံပယ်လှိုင်နှင့် အေးစန္ဒာက အသင့်စောင့်ကြိုနေ၏။

"ဘယ်လိုလဲ... သူက ဘာပြန်ပြောလဲဟင်"

ဟု ဝိုင်းမေးကြသည်။ အောရင့်(ချ်)က နေကာမျက်မှန်ကို ချွတ်ပစ်လိုက်၏။ တိတ်တိတ်ကလေး ကျိတ်ပြီး ရယ်မောနေသော မျက်ဝန်း စိုစိုလက်လက်တစ်စုံ ပေါ်လာသည်။

"သူက မယုံဘူးဟ၊ နည်းနည်းကလေးတောင်မှ တွေဝေမသွားဘူး၊ ချက်ချင်းကို ဝုန်းဒိုင်းကြဲပြီး ငြင်းတာ၊ ကြာရင် အလိမ်ပေါ်မှာစိုးလို့ ငါပြောပြီး ချက်ချင်းလှည့်ထွက်ခဲ့ရတယ်"

"အခု... သူကော"

"အဆောင်ရှေ့မှာရပ်ပြီး ကျန်နေခဲ့တယ်ထင်တာပဲ၊ ပြန်များသွားပြီလား မသိပါဘူး"

ခင်စံပယ်လှိုင်က... 'နေဦး... ငါသွားကြည့်လိုက်ဦးမယ်' ဟုပြောပြီး အောက်သို့ဆင်းသွားသည်။ အေးစန္ဒာက...

"ငါ အစကတည်းကတော့ ထင်ပါတယ်၊ မယုံဘူးလို့ ငြင်းမှာဘဲဆိုတာ၊ ဒါပေမယ့်... သာမန်လူတစ်ယောက်အဖို့ အဲသည်လိုမျိုး စကားကြားရရင် အထူးသဖြင့် ကိုယ့်ကို မညာဘူးလို့ ယုံကြည်ထားတဲ့ ကိုယ်ချစ်နေရတဲ့ လူတစ်ယောက်ဆီက အဲဒီလိုစကားမျိုးကြားရရင် နည်းနည်းတော့တွေဝေသွားမယ် ထင်တာ"

"ဟုတ်တယ်၊ ငါလဲ သူ့ကို အဲသည်လိုဖြစ်စေချင်တာ၊ အင်း... သုံးလေးရက်လောက် ခံစားရအောင်ပေါ့၊ လူတစ်ယောက်ဟာ ကိုယ့်ကြိုးစားမှု အတွက် ဘာရလာဒ်၊ ဘာအဓိပ္ပာယ်မှ မရှိနိုင်တော့ဘူးလို့ သိလိုက်ရတဲ့အချိန်မှာ ဘယ်လိုခံစားရမလဲ၊ ဘာတွေလျှောက်လုပ်မလဲ ဆိုတာကို..."

လေ့ခါးဆီမှ သူမနာမည်ခေါ်ရင်း ပြေးတက်လာသော ခင်စံပယ်လှိုင်ကြောင့် သူတို့ စကားပြတ်သွား၏။

ခင်စံပယ်လှိုင်က...

"ဟဲ့... ဟဲ့ ညီညီ ပြန်မသွားဘူး၊ အခု... နင့်ကို ဧည့်ခန်းထဲမှာ ထိုင်စောင့်နေတယ်"

"ဟယ်... ဒုက္ခပဲ၊ ငါ ဘာလုပ်ရမလဲ"

"ဆင်းတွေ့လိုက်ပေါ့ဟာ"

"ဆင်းတွေ့တာက ဟုတ်တယ်၊ ဘာစကားပြောရမလဲ၊ သူကလဲ ဘာပြောမလို့လဲ မသိဘူး၊ ငါ့မျက်နှာကလဲ ကြာကြာဟန်ဆောင်နိုင်မှာ မဟုတ်ဘူး"

ခင်စံပယ်လှိုင်က ခေါင်းကိုကုတ်ရင်း...

"စောစောက ငါလဲ သူ့ကို ရုတ်တရက်တွေ့လိုက်ရတော့ ရယ်ချင်သွားတယ်၊ သူ ရိပ်များရိပ်မိသွားပြီလား မသိပါဘူး"

ညည်းညည်းတွားတွား ပြော၏။ အေးစန္ဒာက...

"မထူးတော့ပါဘူးဟာ... သွားလိုက်ပါ၊ နောက်ဆုံး သူ့ကိုကိုယ်က ပိုင်အောင်မပြောနိုင်တော့လဲ နောက်တာပါဆိုပြီး အလျှော့ပေးလိုက်ပေါ့"

"အမယ်... အဲလိုလုပ်လိုက်ရင် ငါက ငပေါကြီးဖြစ်သွားမှာပေါ့ဟ"

အောရင့်(ချ်)က သူတို့နှစ်ယောက်ကို မျက်စောင်းတစ်ချက် လှည့်ထိုးရင်း ဆောင့်ဆောင့်အောင့်အောင့် လေသံဖြင့်ပြောတာ အောက်ထပ်သို့ ဆင်းခဲ့၏။

အစက ကိုယ့်စိတ်ကူးနှင့်ကိုယ် ပျော်သလိုလို ဖြစ်နေသော်လည်း အခုတော့ အများအယွင်းတစ်ခုကို ကျူးလွန်ထားမိသလို စိတ်မလုံမလဲ မကြည်မသာ ခံစားနေရ၏။

typing GIVER

တစ်ခါမှလဲ သူတစ်ပါးကို အဲသည်လို ကြုံကြုံစည်စည် မနောက်ပြောင်၊ မလီဆယ်ဖူးသောကြောင့် ရက်ကြောက်သည့်စိတ်က တစ်ဝက် ရောနှောရှုပ်ထွေးနေပြီး မျက်နှာတစ်ခုလုံး နီးမြန်းကာ နားရွက်ဖျားတွေမှာ ပူနွေးထူအမ်းနေသလိုမျိုး ခံစားရ၏။

အို... ဘယ်လို ခံစားမှုမျိုးကြီးလဲ၊ စိတ်ကျဉ်းကျပ်လိုက်တာ။ ညီညီက သူမကို စူးစူးရဲရဲ ကြည့်နေ၏။ သူမ မနေတတ် မထိုင်တတ်တော့သလို ဖြစ်လာသည်။ ရင်တွေ တလှပ်လှပ်ခုန်နေ၏။ လက်ဖဝါးနှစ်ဖက်ကို အချင်းချင်း ပွတ်သပ်ဆုပ်ချေနေမိသည်။ ရှင်... ကျွန်မရေ့က မြန်မြန်ထွက်သွားပါတော့ဟု အော်ပြောလိုက်ချင်သည့်စိတ်က သူမ၏ နှုတ်ခမ်းဖျားမှာ ဖန်ခွက်အပြင်က ရေခဲငွေ့တွေလို သီးလာသည်။ အသက်ရှူသံတွေ မြန်လာ၏။ ထိုအချိန်မှာပင်...

ညီညီက...

"အောရင့်(ချ်)..."

"ရှင့်..."

"ကျွန်တော် အရူးမဟုတ်ဘူး"

နလုံးအိမ်ကို လှိုင်းတစ်ခုက 'ဝုန်းကနဲ' ပြင်းပြင်းထန်ထန် ရိုက်ချလိုက်သလို ခံစားရ၏။ အမှောင်ထဲ ကျင့်သားရနေပြီးမှ ရုတ်တရက် အလင်းရောင်စူးစူးကို မြင်လိုက်ရသလို စိတ်မျက်ဝန်းတွေ ဖျတ်ကနဲ ပြာဝေသွားသည်။

"ရှင်... ဘာပြောလိုက်တယ်"

သူမ အသံက ဒေါသကြောင့် လိုအပ်သည်ထက် ပိုမိုကျယ်လောင်သွား၏။

"ကျွန်တော် အရူးမဟုတ်ဘူး"

ညီညီ ပြန်အော်ပြောသည်။

နံဘေးမှ အဆောင်ကျောင်းသူများနှင့် ဧည့်သည်တို့၏ အကြည့်များက သူတို့နှစ်ဦးဆီ စုပြုံကျလာ၏။ သံသယအကြည့်များ၊ စွပ်စွဲလိုသည့် အကြည့်များ... တစ်ခုခုကို မှန်းဆထင်ကြေးပေးနေကြသည့် အကြည့်များ... လှောင်ပြောင်ရယ်မောလိုသည့် အကြည့်များ၊ နောက်... တီးတိုး စကားဆိုသံများ။

... ... ... ...

typing- G!VER

တင်းကျပ်လေးလံနေသောစိတ်က (ဆံခြည်မျှင်တစ်မျှင်စာမျှ ဝန်ကိုပင် မခံနိုင်တော့လောက်အောင် တင်းမာနေခိုက်တွင်) လူအုပ်စုကြီး၏ အကြည့်နှင့် တီးတိုးပြောသံတို့သည် (လုံး၀) ဒဏ်ရာ အနာတရ အကြီးစားတစ်ခု ဖြစ်ပါသည်။ အောရင့်(ချ်)က ရှက်လွန်းသောကြောင့် မျက်ရည်ဝဲလာ၏။

"ရှင်ထွက်သွား ခုပြန်တော့"

"မပြန်ဘူး၊ ဘာဖြစ်လို့ အဲဒီလို မခိုင်မာတဲ့ အကြောင်းပြချက်နဲ့ ကျွန်တော့်ကို အရှုးလုပ်ရတာလဲဆိုတာ သိရမှ ပြန်မယ်"

အောရင့်(ချ်)က အံကိုကြိတ်လိုက်၏။ နောက်... ဒေါသကို အတင်း ဖိနှိပ်မျိုသိပ်ထားရသည့် အသံအုပ်အုပ်ဖြင့်...

"ရှင့်ကို ဘာမှ အရူးလုပ်စရာအကြောင်း မရှိဘူး၊ ရှင်... သေမှာ၊ သေကို သေရမှာ၊ ကားတိုက်ပြီးတော့ သေလိမ့်မယ်၊ မယုံဘူးလား"

ညီညီ ဆံပင်တွေ ဖွာလှုပ်လွင့်ခါသွားသည်အထိ ခေါင်းကို ဆတ်ကနဲလှန်ကာ ရယ်မောလိုက်ရင်း...

"ကျွန်တော် သေရမှာကို မကြောက်ပါဘူး၊ ဒါပေမယ့်... အသေခံထိုက်တဲ့ အကြောင်းတော့ ရှိမှဖြစ်မယ်၊ အဓိပ္ပာယ်မဲ့ မသေချင်လို့ပါ၊ အထူးသဖြင့် ကံကြမ္မာဆိုတဲ့ အရာကြီးကြောင့်တော့ မသေချင်ဘူး၊ ကဲ... ပြောပါဦး... ကျွန်တော် ဘယ်တော့ သေမှာလဲ"

"နောက်... သုံးရက်ကြာရင်"

"အင်း... ဒါဆို အလောင်းအစားတစ်ခုလေး လုပ်ရအောင် နောက် သုံးရက်မြောက်တဲ့နေ့မှာ မသေရင် ကျွန်တော့်ကို 'ချစ်တယ်' လို့ အဖြေပေးမလား"

အောရင့်(ချ်) နှုတ်ခမ်းထောင့်တွေ တဆတ်ဆတ်တုန်ယင်နေသည်။ ကြည့်စမ်း... ဘယ်လောက် မုန်းဖို့ကောင်းသလဲလို့၊ ငါ့ကို အကျပ်ကိုင်နေလိုက်တာ။ ဒေါသဖြစ်သည့်ကြားကပင် နှလုံးသားက တစ်ချက်နွေးကနဲ ခုန်သွားသည်။ သူမကိုယ် သူမပင် ပြန်၍ စိတ်တိုမိလေသည်။ အောရင့်(ချ်)က...

"ပေးမယ်"

ဆောင့်ဆောင့်အောင့်အောင့်ဖြင့် မပြောချင်ဘဲ ပြောလိုက်ရသည့် သူမ၏ လေသံကြောင့် ညီညီ ပြုံးဖြစ်သည်။

ဖြန်မာဆိုက်ကောင်းပေါင်းတစ်ခြိမ်း
typing- G!VER

"ဒီတစ်ကြိမ်ပါနဲ့ဆို... ကျွန်တော်တို့ အလောင်းအစားလုပ်တာ နှစ်ခါရှိသွားပြီနော်၊ လောင်းကစားရဲ့ သဘာဝက ပထမအကြိမ်မှာ စားထားပြီးရင် ဒုတိယအခေါက်မှာ လျော်ရတတ်တယ် အောရင့်(ချ်)ရဲ့၊ ကဲ... ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

လေကလေးတချွန်ချွန်ဖြင့် ထပြန်သွားသော ညီညီ၏ နောက်ကျောပြင်ကို ကြည့်ရင်း အောရင့်(ချ်) ဒေါသဖြစ်ဖြစ်နှင့် အနီးရှိ ခုံတစ်လုံးကို ကန်ပစ်လိုက်၏။

"ရှုပ်ကုန်ပါပြီဟာ... နင် ဘာဖြစ်လို့ အဲသည်လို သွားလုပ်လိုက်ရတာလဲ"

ခင်စံပယ်လှိုင်က စိုးရိမ်တကြီး ရေရွတ်၏။

"ငါလဲ အဲဒီအချိန်မှာ စိတ်က မှုန်ထူနေတာဟာ"

'သူ့ကို နောက်ရပြောင်ရတာနဲ့ အရမ်းရှက်နေလို့' ဟု ပြောလိုက်မိတော့မလိုလိုပင် ဖြစ်သွားသည်။ အေးစန္ဒာက...

"နင်ကလဲ ငါပြောသလို 'နောက်တာပါ' လို့ ပြောလိုက်ရုံနဲ့ ပြေပြေလည်လည်ဖြစ်သွားမယ့် ကိစ္စကို... နင့်ကို သူက 'ငပေါ' လို့ထင်စရာ ဘာအကြောင်းမှ မရှိဘူး"

"နင်... အခုလို ပြောလိုက်တာကမှ တကယ် ငပေါဖြစ်မှာ"

"ဘာလို့လဲ"

ခင်စံပယ်လှိုင်က မေးသည်။ အေးစန္ဒာက...

"နင်စဉ်းစားကြည့်လေဟာ... သူက ညီညီကို ကားတိုက်မယ်တွေ၊ ဘာတွေ လျှောက်ပြောလိုက်ရော... တကယ်လဲ မဟုတ်ဘဲနဲ့၊ ပြီးတော့ နောက်သုံးရက်နေတော့ ဟိုတစ်ယောက်က ဘာမှမဖြစ်ပဲ မာမာချာချာကြီးနဲ့ အဆောင်ကို ရောက်လာပြီး 'အောရင့်(ချ်)... ကျွန်တော့်ကို ချစ်တယ်လို့ အဖြေပေးတော့လေ' လို့ လာပြောရင် နင်ဘယ်လိုလုပ်မလဲ"

"အမယ်... အောရင့်(ချ်)က အဲသည်လို အဖြေပေးချင်လို့ တမင် အကွက်ဆင်ထားတာလားမှ မသိတာနော်... ကြည့်စမ်း... ကြည့်စမ်း၊ အောရင့်(ချ်)တို့က ရှီးမလိုလိုနဲ့"

"အေး... ဟုတ်တယ်နော်၊ သိပ်အမြော်အမြင် ကြီးတာပဲ၊ ဟုတ်လားဟင် အောရင့်(ချ်)... မှန်မှန်ဖြေစမ်း"

အောရင့်(ချ်) ရှက်သွားပြီး...

"သွားစမ်းပါ၊ နင်တို့ လာမစနဲ့နော်၊ ငါ ဘာအကွက်မှ မဆင်ဘူး၊ အမြင်ကတ်လို့ ပြောပစ်လိုက်တာ၊ ပြောပြီးမှတော့ 'ငပေါ' အဖြစ်မခံဘူးဟာ၊ အထူးသဖြင့် သူ့ရှေ့မှာ ငါ မရှုံးချင်ဘူး၊ အဲဒီနေ့ကျရင် ငါ ကိုယ်တိုင် သူ့ကို ကားနဲ့ တိုက်ပစ်မယ်သိလား"

"ဟယ်... ကြံကြီးစည်ရာတွေဟယ်၊ အောရင့်(ချ်)... နင်တကယ် ပြောနေတာလား၊ ငါတို့နောက်တာ စိတ်မဆိုးပါနဲ့ဟယ်၊ လျှောက်မလုပ်ပါနဲ့နော်"

"နင် အဖမ်းခံရမှာ မကြောက်ဘူးလား"

အောရင့်(ချ်)က ဝရန်တာလက်ရန်းကို ကိုင်ကာ ဟိုးအဝေးက သစ်ပင်တွေဆီ ငေးကြည့်နေ၏။ သူတို့ သုံးယောက်စလုံး အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားကြသည်။ လေအဝှေ့မှာ အုန်းပင်ရွက်စိမ်းစိမ်းရှည်ရှည်တွေ ယိမ်းနွဲ့လှုပ်ရှားသွားကြသည်ကို မြင်ရ၏။ ငြိမ်ဆိတ်မှုသည် မီးခိုးငွေ့မျှင်တွေလို မှုန်ဝေရှည်လျားလွန်းနေ၏။ ခင်စုပယ်လိုင်က တံထွေးကို တစ်ချက်မျိုချလိုက်ပြီး...

"အောရင့်(ချ်)... နင်သူ့ကို တကယ်သေအောင် တိုက်မှာလား"

အောရင့်(ချ်) မျက်နှာပေါ်မှာ... ရှက်သွေးပန်းနုရောင်တွေ စိုလက်သွားသည်။ နောက်...

"အို... နင်တို့ကလည်း နိမိတ်မရှိ၊ နမာမရှိ အဲဒီလောက်ကြီးအထိတော့ ဘယ်ဟုတ်ပါ့မလဲ... နည်းနည်း ဟို..."

လွှတ်ကနဲ ပြောလိုက်မိပြီးမှ... စကားကို အဆုံးမသတ်နိုင်။ သူမဖာသာ သူမ ပြန်ရှက်သွားသောကြောင့် အသံတိုးပြီး ပျောက်သွား၏။ နောက် ဆက်မပြောတော့ပဲ မျက်နှာကို တစ်ဖက်သို့ ခပ်စောင်းစောင်း လှည့်ထားရင်း လက်ဖြင့် မသိမသာကွယ်ကာ အခန်းထဲသို့ ပြေးဝင်သွားသည်။ သူမကို ကြည့်ကာ ခင်စုံပယ်လိုင်နှင့် အေးစန္ဒာတို့က အသံမထွက်အောင် ကျိတ်ပြီးရယ်ကြ၏။

typing- G!VER

# အခန်း ၂၂

"နေစမ်းပါဦး... မင်းက ဘာဖြစ်လို့ သေရမှာလဲ၊ အိမ်မြှောင်ကိုက်လို့လား"

ကိုညွန့်လွင်က ပြောသောအခါ သူ အားပါးတရ ရယ်ပစ်လိုက်သည်။ ကိုနန်းနွယ်က...

"ဒီမိန်းမတွေ အကြောင်းကြောင်းနဲ့ကွာ၊ ဘာတွေလျှောက်ပြောမှန်း မသိဘူး"

ဟု နှာခေါင်းရှုံ့ကာ အထင်သေးသံဖြင့် ရေရွတ်၏။ ကိုထွန်းစန်းက တွေးတွေးဆဆဖြင့်...

"မဟုတ်သေးဘူးကွ၊ ရမ်းမပြောနဲ့... အကြောင်းတော့ ရှိရမယ်၊ အောရင့်(ချ်)က စကားပြောရင် အလကား မပြောတတ်ဘူး"

"ဩော်... ပိုက်ဆံယူပြီး ပြောတယ်ပေါ့"

"မင်းလိုပါးစပ်က ပေါက်ကရ ရှတ်နောက်နောက်တွေ မထွက်ဘူးလို့ ပြောတာကွ၊ သူ စကားပြောရင် တည်တည်တံ့တံ့ လေးလေးနက်နက် ပြောတာများတယ်"

နန်းနွယ်က ကိုထွန်းစန်း လွယ်အိတ်ထဲမှ ကွမ်းယာထုပ်ကို နှိုက်၍ ရှာရင်း...

"အဲသလို အမြဲတမ်း ပုံသေကြီးလဲ မှတ်မထားနဲ့လေဗျာ၊ လူတွေကို ပုံစံပြောင်းလဲစေတဲ့ အချိန်အခါ နှစ်မျိုးရှိတယ်၊ (၁) အချစ်နဲ့ တွေ့ထိရတဲ့အခါ၊ (၂)

နေမကောင်းတဲ့ အခါ၊ အဲဒီ နှစ်မျိုးနဲ့ ကြုံရင် လူတွေဟာ လုပ်နေကျမဟုတ်တဲ့ ပုံစံတွေ ပြောင်းပြီးကြည့်တတ်တယ်"

ကိုညွန့်လွင်က သဘောကျစွာဖြင့် ညီညီ၏ ပုခုံးကိုပုတ်ပြီး...

"ကောင်မလေး မင်းကို ချစ်နေပါစေလို့ ဆုတောင်းကွာ၊ မချစ်ရင်လဲ နေမကောင်းဖြစ်နေပါစေ... လို့ပါ ဖြည့်ပြီး ဆုတောင်း၊ အတည်ပြောတာဆိုရင် မင်း တကယ်သေနေဦးမယ်"

"ကျွန်တော်က သေရမှာကို မစိုးရိမ်ပါဘူး၊ လူ့လောကကြီးအလယ်မှာ အောရင့်(ချ်)တစ်ယောက်တည်း အဖော်မဲ့ပြီး ကျန်နေခဲ့မှာကိုဘဲ တွေးပြီး ပူနေတာ"

"တစ်ယောက်တည်း အဖော်မဲ့နေမှာစိုးရင် ခွေးလေးတစ်ကောင်လောက် ဝယ်ပြီး ပေးခဲ့ပါလား"

ကိုနန်းနွယ်က လက်ကျန်လက်ဖက်ရည်ကို အကုန်သောက်လိုက်သည်။ နောက်... လက်ထဲမှ ကွမ်းထုပ်ကို ဖြေကာ ပါးစပ်ထဲသို့ တစ်ယာပစ်ထည့်လိုက်ပြီး ဝါးရင်း...

"သူဌေးဖြစ်မယ့်သူကို သူဌေးလောင်း၊ ရှင်ဘုရင်ဖြစ်မယ့်သူကို မင်းလောင်း၊ ရှင်ပြုမယ့်သူကို ရှင်လောင်း... လို့ ခေါ်တာကြားဖူးတယ်၊ မင်းကျတော့ မသာဖြစ်မယ့်ကောင်ဆိုတော့ မသာလောင်းလို့ ခေါ်ရမှာလား"

"အေးကွာ... ညီညီ မင်း အရှင်လတ်လတ် သရဏဂုံလေး ဘာလေးတင်သွား၊ ငါမင်းကို ငါးပါးသီလ ပေးလိုက်မယ်"

"ဟာ... ကိုညွန့်လွင်၊ ငါးပါးသီလတော့ မပေးနဲ့ဗျာ၊ ပေးချင်ရင် ပိုက်ဆံငါးရာလောက် ပေး"

သူတို့သုံးယောက်သား တဟီးဟီး တဟားဟား ပြောနေကြသည်ကို ကိုထွန်းစန်းက ပြုံးပြီး စိုက်ကြည့်နေသည်။ နောက်မှ...

"တင်နီဆင်ရဲ့ ကဗျာလေးတစ်ပုဒ် ရှိတယ်ကွ"

typing- G!VER

*ကျွန်ုပ်တို့အားလုံးသည် သေကြရမည့် လူများသာဖြစ်၏။*
*သို့သော်... မသေခင်...*
*မြင့်မြတ်သည့် လုပ်ရပ်ကလေးတစ်ခုခု လုပ်ကြရဦးမည်... တဲ့*

"ဟော့ကောင်... ညီညီ၊ အောရင့်(ချ်) ပြောသလို သဘာက်ခါကျရင် မင်းတကယ်သေမယ်ပဲ ထားပါတော့... မင်းဘဝမှာ ဘာလုပ်ခဲ့ပြီးပြီလဲ"

သူတို့အားလုံး တိတ်ဆိတ်သွားကြသည်။

တိတ်ဆိတ်...

တိတ်...

?

သစ်ရွက်ကလေးတစ်ရွက် တိတ်တိတ်ဆိတ်ဆိတ် ကြွေကျသွား၏။ မည်သူမျှ မသိလိုက်ကြပါ။ ဘာမှ အဓိပ္ပာယ်မရှိ။

... ... ...

ကိုယ့်ဦးခေါင်းပေါ်က ကောင်းကင်မှာ ပြိုကျတော့မည့် အက်ကြောင်းရာတွေကို မြင်လိုက်ရသလိုမျိုး တုန်လှုပ်မိလေသည်။

"ငါ... ဘာတွေလုပ်ခဲ့ပြီးပြီလဲ?"

ဘာမှ မလုပ်ရသေးဘူး။

သူ့ခန္ဓာကိုယ်ပေါ်မှ အရေခွံအဟောင်းကို ချွတ်ခွာချလိုက်ရသလို ခံစားရသည်။ ချေးညှော် မော်အမှိုက်တွေ ကပ်ညှိနေသည့် သူ့စိတ်ကို ပွတ်တိုက်ချလိုက်သည်နှင့် တူသည်။ သူ့နှလုံးအိမ်ထဲမှာ ဝင်းကနဲ လက်သွား၏။

"ကျေးဇူးပဲ... ကိုထွန်းစန်း"

ညီညီ၏ စကားသံထဲတွင် ရွှေရောင်လှိုင်းတွေ တလက်လက်ထနေသည်။

"စောစောက ကိုထွန်းစန်းပြောတဲ့ စကားက ကျွန်တော့်ကို အိပ်မက်ကနေ လှုပ်နှိုးလိုက်သလိုပဲ၊ ဟုတ်တယ်... တကယ်တမ်း စဉ်းစားကြည့်ရင် ကျွန်တော်တို့ ဘာမှမလုပ်ရသေးဘူး၊ ပေါးလားဝါးလားနဲ့ အချိန်တွေ ကုန်ခဲ့ကြတာပဲ"

ကိုနန်းနွယ်က ကွမ်းကိုကြိတ်ဝါးရင်း တစ်စုံတစ်ရာကို စဉ်းစားနေ၏။ ကိုညွန့်လွင်က ရေနွေးကြမ်းတစ်ခွက်ကို ယူသောက်လိုက်သည်။ ဘာမှမပြော၊ သူ့မျက်နှာတည်နေ၏။ ကိုထွန်းစန်းက...

"လူ့ဘဝဆိုတာ ဒီနေ့ဖြစ်ဖြစ်၊ မနက်ဖြန်ဖြစ်ဖြစ် သေမယ်ဆိုသေသွားနိုင်တာပဲလေ၊ အဲဒီအတွက် ငါတို့ ဘာမှအဆင့်သင့် မဖြစ်သေးဘူး၊ မင်းမှ မဟုတ်ဘူး၊ ငါတို့အားလုံးလဲ ဒီအတိုင်းပဲ၊ တစ်နေ့တစ်နေ့ နေဝင်တာနဲ့ နေထွက်တာကြားမှာ ရယ်လိုက်၊ ငိုလိုက်၊ စားလိုက်၊ သောက်လိုက်၊ စကားတွေပြောလိုက်၊ နောက်လိုက်၊ ပြောင်လိုက်နဲ့ ရွှေ့မှန်းမသိ ရွှေ့နေကြတာ... ခုနေ ငါတို့ သေသွားရင် စားပွဲပေါ်က ဖုန်မှုန့်ကလေး လွင့်သွားသလိုပဲ ဘာမှ အရာထင်လိုက်မှာ မဟုတ်ဘူး၊ ပြီးသွားပြီ... ဒါပဲ"

သူသက်ပြင်းတစ်ချက် ချမိ၏။ ကိုနန်းနွယ်က...

"အခုနေ... အောရင့်(ချ်)သေသွားရင်တောင်မှ သူက ငါတို့ထက်သာဦးမယ်၊ သူရေးထားတဲ့ ကျမ်းတစ်အုပ်က ကျန်ရစ်ခဲ့မှာကွ၊ ငါတို့မှာ ဘာမှကျန်ရစ်စရာ မရှိဘူး"

ရင်ထဲမှာ မောလာ၏။ သူမ ဘာကိုဆိုလိုချင်မှန်း ရိပ်စားနားလည်မိသလိုလို ခံစားရသည်။ ကျေးဇူးတင်လိုက်တာ အချစ်ရယ်။

"ဟယ်... အသုဘကြီးက ထပြီးလက်ဖက်ရည် လာသောက်နေတယ်ဟဲ့... ကြည့်စမ်း"

ခင်စံပယ်လှိုင်၏ ရယ်သံကြောင့် နောက်သို့ လှည့်ကြည့်ဖြစ်သည်။ အောရင့်(ချ်)ပါမလာ...။ ခင်စံပယ်လှိုင်နှင့် အေးစန္ဒာ နှစ်ယောက်တည်းကိုသာ တွေ့ရ၏။ ညီညီက...

"ဟိုတစ်ယောက်ကော"

"အမယ်... ဟိုတစ်ယောက်တွေ၊ ဒီတစ်ယောက်တွေ လာမေးမနေနဲ့၊ အသုဘက အသုဘလို နေရတယ်၊ လူကောင်းတွေနဲ့ လာစကားမပြောရဘူး၊ သွား... သွား အိမ်ပြန်ပြီး ဆန့်ဆန့်ကလေး လှဲနေ၊ ဒီမှာ... လူကောင်းတွေ စကားပြောစရာရှိတယ်၊ လာမရှုပ်နဲ့"

typing GIVER

ညီညီ ရယ်နေလိုက်၏။ ထိုင်ရာမှ မထ။

"ဟဲ့... ညီညီ သွားပါဆို၊ နင်ရှိလို့ မဖြစ်ဘူး၊ ဒီမှာ ငါတို့ပြောစရာရှိတယ်"

ခင်စံပယ်လှိုင်က အတင်းနှင်လွှတ်နေ၏။ ညီညီက တစ်ဝိုင်းလုံးကို ဖျတ်ကနဲ တစ်ချက်အကဲခတ်လိုက်သည်။ ကိုထွန်းစန်းနှင့် ခင်စံပယ်လှိုင်၊ အေးစန္ဒာတို့ အပြန်အလှန်ကြည့်နေကြသော မျက်ဝန်းတွေထဲက လျှို့ဝှက်ချက်တစ်စုံတစ်ရာကို သူ ဖတ်ရှု၍ ရသွား၏။

"အင်း... ငါ့ကို ငတုံးလို့များ အောက်မေ့နေကြလား မသိဘူး"

ရယ်ချင်နေသောစိတ်ကို ဖုံးဝှက်ကွယ်ရင်း သူ ထိုင်နေရာမှထသည်။

"ကဲ... သွားဆိုလဲ သွားရတာပေါ့ဗျာ၊ သန်ဘက်ခါ တနင်္ဂနွေနေ့ကျရင်သာ ကျွန်တော့်အသုဘကို လာခဲ့ဖို့ မမေ့နဲ့နော်"

"မင်း... တော်တော်ကံကောင်းတယ်ကွ၊ လောကကြီးမှာ ကိုယ့်ရဲ့ အသုဘဖိတ်စာကို ကိုယ်ကိုယ်တိုင် လိုက်ဝေခွင့်ရတာ မင်းတစ်ယောက်ပဲရှိမယ်"

ကိုညွှန့်လွင်၏ ပုခုံးကို မနာအောင် ခပ်ဖွဖွထိုးလိုက်ပြီး သူထွက်ခဲ့၏။ သူတစ်ခါက ဖတ်ခဲ့ဖူးသော ကဗျာစာအုပ်ထဲမှ စာပိုဒ်ကို ဖျတ်ကနဲ သတိရမိသည်။ ရေးသူအမည်က 'အောင်စည်ဟိန်း' ဖြစ်၏။

*မနက်ဖြန်သည် ဗုဒ္ဓဟူးဖြစ်သောကြောင့်*
*ယနေ့သည် အင်္ဂါဖြစ်သည်။*
*မနေ့က တနင်္လာနေ့ဖြစ်ခြင်းကြောင့် မဟုတ်။*

typing- G!VER

# အခန်း ၂၃

ယနေ့သည် တနင်္ဂနွေနေ့ ဖြစ်သည်။ မနက်ဖြန်တွင် တနင်္လာနေ့ ဖြစ်လိမ့်ဦးမည်ဟု သူ့ဘက်ကသေချာနေ၏။

တိုက်ခန်းကျဉ်းကျဉ်းကလေးထဲတွင် သူတစ်ယောက်တည်း ခပ်တိုးတိုး ရယ်မောမိသည်။ ဒီနေ့အဖို့တော့ သူတစ်ယောက်တည်းပါပဲ။ မနက်ကတည်းက သူ တိုက်ခန်းတံခါးကို ပိတ်ပြီး ငြိမ်ငြိမ်ကလေး ထိုင်နေသည်။ ဘယ်ကိုမှမထွက်။ တိုက်ခန်းအောက်သို့ လုံးဝမဆင်း၊ မနေ့ကတည်းက ကြိုတင်ပြီး ဒီနေ့ တစ်နေ့လုံးစာအတွက် စားစရာ၊ သောက်စရာများ လိုအပ်မည်ထင်သည့်အရာများ အားလုံးကို ဝယ်ထားသည်။

ဒီနေ့အဖို့ ဘာအကြောင်းနှင့်မှ အပြင်ထွက်စရာမလိုတော့။ ဂစ်တာ တီးလိုက်၊ သီချင်းနားထောင်လိုက်၊ ကော်ဖီမစ်ထုတ်ကို ဖျော်သောက်လိုက်၊ ဝရန်တာထွက်ပြီး ဟိုဟိုသည်သည် ငေးနေလိုက်၊ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်နှင့် အချိန်ဖြုန်းနေရသည်။ သူ ဂဏှာမငြိမ်။

အာခေါင်တွေ ခြောက်ခြောက်လာသောကြောင့် မကြာခဏ ရေ ထထသောက်ရ၏။ နာရီကို လှမ်းကြည့်လိုက်သောအခါ နေ့လည် ဆယ့်တစ်နာရီခွဲသာ ရှိသေးသည်။ စောစောက ကြည့်လိုက်တုန်းကလည်း ဒီအချိန်ပဲဟု သူ့စိတ်က ထင်မိ၏။

နာရီလက်တံတွေက သူ့အတွက် နှေးကွေးလွန်းနေသည်။ အချိန်တွေက ကုန်ပဲ မကုန်နိုင်တော့ဘူးလားဟု ရေရွတ်မိသည်။

ဂစ်တာကို လှမ်းယူလိုက်ပြီး ဘာရယ်မဟုတ်ဘဲ လက်ချောင်းကလေးများနှင့် ကြိုးတွေကို တို့ထိနေမိပြန်သည်။ တစ်ခုခု လိုအပ်လစ်ဟာနေသလို ခံစားရ၏။ အသံနည်းနည်း ကြောင်နေတာများလား၊ စိတ်တိုင်းမကျစွာဖြင့် ခေါင်းကို ဆတ်ကနဲ ခါယမ်းပစ်လိုက်မိသည်။ ကြိုးကို အသံထပ်ညှိမိပြန်၏။

အင်း... နောက်ဆုံးတော့လည်း ဒီအတိုင်းပါပဲ ဘာမှမထူးခြားသွား။ ဘာသီချင်းတီးရမလဲ... ဟု စဉ်းစားရင်း အာရုံတွေ ရှုပ်ထွေးနောက်ကျိလာသည်။ စဉ်းစားမရ။ သီချင်းတီးခတ်ချင်စိတ် လည်းမရှိတော့။ ဂစ်တာကို နံရံတွင်မှီလျက်သား ပြန်ထောင်ထားလိုက်သည်။ နောက်... စာဖတ်မည်စိတ်ကူးကာ စာအုပ်စင်အောက်ဆုံးအထပ်မှ စာအုပ်တစ်အုပ်ကို ထိုင်ရာမှ မထဘဲ ခါးကို ညွတ်၍ ခန္ဓာကိုယ်ကို လှည့်ကာ မမှီမကမ်း လှမ်းဆွဲလိုက်၏။ ထိုအချိန်မှာပင် နံရံတွင် ထောင်ထားသော ဂစ်တာက ဝုန်းကနဲ လဲကျ၏။ သူက ဂစ်တာကို လှမ်းအဖမ်း... ဆွဲယူလက်စ စာအုပ်က လွတ်ကျပြန်သည်။ သူ့ကိုယ်သူ တိုးတိုးကလေး ပြန်ဆဲရေးမိ၏။ ဂစ်တာကို ပြန်ထောင်ထားလိုက်ပြီး ကြမ်းပြင်ပေါ် ကျနေသည့် စာအုပ်ကို ကောက်ယူလိုက်သည်။ ပွင့်နေသည့် စာမျက်ပေါ် သို့ အကြည့်ရောက်သွား၏။

ထိုစာမျက်နှာတွင် စာတစ်လုံးမှ မရှိ။

ဗလာ...။

စာမျက်နှာနံပါတ် အစီအစဉ်တွေ မှားယွင်းချန်လှပ်ထားခြင်း ခံရသော နေရာတစ်နေရာ ဖြစ်နေ၏။

? ... ... ...

(ထိုနေရာသည် လူ့ဘဝလည်း ဖြစ်နိုင်ပါသည်)

သူ ရယ်မောဖြစ်သွား၏။

စာအုပ်ကို စားပေါ် သို့ပစ်တင်လိုက်ပြီး ဝရန်တာဆီ ထွက်ခဲ့သည်။ ဝရန်တာမှာ လက်နှစ်ဖက်ကို ထောက်ပြီး ကောင်းကင်ဆီ ငေးမောနေမိသည်။ စိတ်ထဲမှာ ကြည်လင်ချမ်းမြေ့လာ၏။ ပြာလဲ့လင်းလက်နေသော ကောင်းကင်ဆိပ်ကမ်းမှာ ရွက်လှေ တိမ်ဖြူဖြူတွေ တရွေ့ရွေ့ မျောနေကြ၏။

ဒီအချိန်ဆို အောရင့်(ချ်)နှင့် သူငယ်ချင်းတွေ ဘာတွေလုပ်နေကြမှာပါလိမ့်ဟု သူ တွေးကြည့်ရင်း ပျော်သလို ခံစားလာရ၏။ သူမ တစ်ခုခုတော့ လုပ်မှာ သေချာပါတယ်။ (သူမသည် လွယ်လွယ်ကူကူနှင့် အရှုံးပေးမည့် မိန်းကလေးတစ်ယောက် မဟုတ်ကြောင်း သူ အတိအကျ သိသည်)

'ရှင်... သေမှာ၊ သေကိုသေရမှာ... ကားတိုက်ပြီးတော့ သေလိမ့်မယ်'

သူပြုံးလိုက်၏။ ဝရန်တာမှ အောက်ကို ငုံ့ကြည့်လိုက်သောအခါ နက်မှောင်တောက်ပသော ကားလမ်းမကို တွေ့ရသည်။ သည်ကားလမ်းကို ဖြတ်ကူးနေခိုက်မှာတော့ ကားတိုက်ဖို့ဆိုသည်မှာ သိပ်ကို ဖြစ်နိုင်လွန်းသော ကိစ္စတစ်ခု ဖြစ်ပါသည်။ သူ ခေါင်းကို ဖြေးညှင်းလေးတွဲ့စွာ ခါယမ်းနေရင်း ပြုံးဖြစ်သည်။ ရှေ့ကားလမ်းမပေါ်တွင် ကားတွေက ရောင်စုံ၊ အရွယ်စုံ၊ အမျိုးအစားအစုံ တဝေါဝေါ တဝီးဝီး အရှိန်အဟုန်ပြင်းစွာ ဖြတ်သန်းသွားနေကြ၏။ ဒလကြမ်း ရွေ့လျားသွားသော ကားများဆီမှ အပူငွေ့က သူ့မျက်နှာကို လေနှင့်အတူ နွေးကနဲ လောင်ကျွမ်းဟပ်သွားသည်။ ထိုစဉ်... ကားလမ်း ဟိုဖက်ပလက်ဖောင်းတွင် ခင်စံပယ်လှိုင်ကို ရိပ်ကနဲ မြင်လိုက်ရ၏။ ညီညီ၏ တိုက်ခန်းရှိရာ ဘက်အခြမ်းဆီ တစ်ချက်ခေါင်းဆတ်ပြပြီး လမ်းချိုးကလေးထဲ ဝင်သွား၏။

ဘယ်ကိုသွားတာပါလိမ့်။

ဒီဖက်အခြမ်းမှာ ဘယ်သူရှိလို့ လှမ်းပြီး အချက်ပြရတာလဲ။ ညီညီ ဝရန်တာမှနေ၍ အောက်သို့ ခေါင်းငုံ့ကြည့်သည်။ ဘာမှမရှိ။ သူ နေထိုင်ရာတိုက်ခန်း၏ ဘယ်ဖက်သုံးလေးကိုက်အကွာမှာတော့ လမ်းမကြီးဆီမှ ရပ်ကွက်ထဲသို့ ချိုးဝင်ရာ လမ်းသွယ်ကလေးရှိသည်။ ဘယ်သူဘာလိမ့်... အေးစန္ဒာလား၊ ကိုထွန်းစန်း၊ ကိုညွန့်လွင်၊ ကိုနန်းနွယ်တို့ထဲက တစ်ယောက်ယောက်များလား။

အင်း... အောရင့်(ချ်)ကိုယ်တိုင်လည်း ဖြစ်နိုင်တာပဲလေ။ ထိုအခိုက်အတန့်တွင်...

ဧည့်ခန်းထဲမှ တယ်လီဖုန်းအသံက မြည်လာသည်။ သူ... အခန်းထဲသို့ ပြန်ဝင်ပြီး တယ်လီဖုန်းကို ကောက်ယူနားထောင်လိုက်၏။

"ဟဲလို... ညီညီလား၊ ငါပါ"

ခင်စံပယ်လှိုင်၏ အသံဖြစ်မှန်း သူ ချက်ချင်းသိလိုက်သည်။ စောစောက သူမ... ဝင်သွားသည့် လမ်းချိုးကလေး၏ ထိပ်မှာ တယ်လီဖုန်းဆက်၍ ရသော အအေးဆိုင်တစ်ဆိုင်ရှိမှန်း သူ သတိရသွား၏။

"ဪ... ဟုတ်ကဲ့၊ မခင်စံပယ်လှိုင်လား၊ ပြောလေ"

"ဟဲ့... အရေးကြီးလို့၊ နင့်ကို အောရင့်(ချ်)က စာတစ်စောင်ပေးခိုင်းလိုက်တယ်၊ မြန်မြန်လာယူ... ငါ ကျောင်းရှေ့က စောင့်နေမယ်"

"ဟုတ်လား"

သူ ရုတ်တရက် ဝမ်းသာရင်းရင်ခုန်သွားသည်။ သို့သော် ချက်ချင်းလိုလိုပင် တစ်စုံတစ်ခု မှားယွင်းနေသည်ဟူသော စိတ်ခံစားမှုက နှလုံးအိမ်ပေါ် အရိပ်ထိုးကျလာ၏။

ဟင့်အင်း၊ သူကိုယ်တိုင် ဌါတိုက်ခန်းရှေ့ကို ရောက်ခဲ့ပြီပဲ၊ ပေးစရာရှိရင် အပေါ်တက်လာပြီး ပေးလိုက်ရုံပေါ့၊ ဘာဖြစ်လို့ အောက်ကိုဆင်းခဲ့ဖို့ ခေါ်နေရတာလဲ။

"အဲ... မခင်စံပယ်လှိုင်... အခု ဘယ်ကဆက်နေတာလဲ၊ ကျွန်တော့်တိုက်ခန်း လိပ်စာပြောပြမယ်လေ၊ နီးရင် တစ်ခါတည်း လှည့်ဝင်လာခဲ့ပါလား"

"ဟာ... နင်ပဲ လာခဲ့စမ်းပါ၊ ငါအခု လှည်းတန်းမှာ နင့်ဆီ မလာနိုင်ဘူး"

သူ ရယ်ချင်သွား၏။ ကြည့်စမ်း... မပိရိလိုက်တာ။

"ကျွန်တော်... ဒီနေ့ တိုက်ခန်းထဲကနေ အပြင်မထွက်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ ကားတိုက်ပြီး သေနိုင်တယ်၊ ဆင်ခြင်ရမယ်လေ"

"ဪ... နင်က အခုတော့ ဗေဒင်ကို ယုံနေပြီပေါ့လေ"

"ယုံရမှာပေါ့၊ ကျွန်တော်က ဗေဒင်ဆရာမလေးကိုမှ ချစ်မိတာကိုး၊ မခင်စံပယ်လှိုင်... ကြားဖူးတယ် မဟုတ်လား၊ ရွှေပင်နားတော့ ရွှေကျေး၊ ငွေပင်နားတော့ ငွေကျေး... တဲ့"

သူ... အားပါးတရ အော်ဟစ်ရယ်မောလိုက်ပြီးမှ တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။ အနိုင်ရဖို့ သိပ်နီးစပ်သွားပြီဟူသော ခံစားမှုကြောင့် သူ တစ်ကိုယ်လုံး ပေါ့ပါးလာ၏။

မြန်မာစာအုပ်များ typing-G!VER

တံခါးခေါက်သံ ကြားရသည်။ ချောင်းကြည့်ပေါက်ကလေးကို ဖွင့်ပြီး အပြင်သို့ လှမ်းကြည့်လိုက်၏။ ကိုညွန့်လွင်နှင့် ကိုနန်းနွယ်တို့နှစ်ယောက်ကို မြင်ရသည်။ မျက်နှာတွေက ပြုံးစေ့စေ့။ အင်း... ဒီလူတွေကိုလဲ သိပ်မယုံရဘူး၊ ကိုယ့်လူသူ့ဖက်သားလိုလို၊ အောရင့်(ချ်)ဘက်က ဝင်ကူပြီး ငါ့ကို ချောက်တွန်းနိုင်တယ်။ သူတွေးရင်း တံခါးကို ဖြေးဖြေးဖွင့်လိုက်သည်။ တံခါးဘောင်မှာ တွဲထားသည့် သံကြိုးချိတ်ကလေးကို မပြုတ်သောကြောင့် ဝင်သာလောက်အောင် ကျယ်ကျယ်ပွင့်မသွား။ ခေါင်းပြူကြည့်သာရုံ ဟဟကလေးသာပွင့်သည်။

"ဟေ့ကောင်... ညီညီ၊ မင်းကဘာယ်လိုဖြစ်တာလဲ၊ ငါတို့ကိုတောင် တံခါးဖွင့်မပေးနိုင်တော့ဘူးလား"

"အဲ... ဟိုဒင်း၊ ဘာကိစ္စရှိလို့လဲဗျာ၊ မနက်ဖြန်ကျမှ လာခဲ့ပါလား"

"ဩော်... အခုတော့ မင်းက ငါတို့ကို နှင်ထုတ်ရပြီပေါ့လေ၊ မင်းမှာ သတ္တိတွေ၊ ခွန်အားတွေ ပြည့်စုံနေပြီပေါ့... ဟုတ်လား"

ကိုနန်းနွယ်က ကွမ်းတံထွေးကို လက်ထဲမှ ပလတ်စတစ်အိတ်ကလေးထဲသို့ ဗျစ်ကနဲ ထွေးထည့်လိုက်ရင်း...

"သတ္တိတွေ ရှိနေမှာပေါ့၊ မနက်ဖြန်ဆို ဒီကောင်က ချစ်သူတစ်ယောက် ရတော့မှာကိုး၊ ချစ်သူလောက် အင်အားကြီးမားတဲ့အဖော်ဆိုတာ ဘယ်ရှိနိုင်မလဲ"

"ဟုတ်တယ်... ကိုညွန့်လွင်၊ ခင်ဗျား ဘာမှ မနာလိုမဖြစ်နဲ့၊ ကိုနန်းနွယ် ပြောတာ မှန်တယ်၊ သူ့ကြောင့် ကျွန်တော့်မှာ ခွန်အားတွေ ရှိနေတာ၊ ဂျက်ဆင်ဘရောင်း (Jackson Brown) ရဲ့ စကားလေးတစ်ခွန်းကြားဖူးလား"

"တို့နှစ်ယောက်ဟာ လူအုပ်ကြီးဖြစ်တယ်" တဲ့။

ကိုညွန့်လွင်က မျက်နှာကို မဲ့လိုက်ရင်း...

"ဟုတ်မှာပေါ့၊ အဲဒါ... ကမာရွတ်လမ်းဆုံက ကွမ်းယာရောင်းတဲ့ ဦးမာမွတ်နဲ့ ဒေါ်ခါတာမာတို့ လင်မယားကို ပြောတာဖြစ်မယ်၊ သူတို့ လင်မယားက နှစ်ယောက်တည်း၊ မွေးထားတဲ့ကလေးက ဆယ့်တစ်ယောက်တောင်"

"တကယ့် လူအုပ်ကြီးပဲ"

ညီညီက ရယ်မောရင်း တံခါးကို ပြန်ပိတ်ဖို့ ပြင်သည်။ ကိုနန်းနွယ်က...

"ဟာ... နေပါဦး၊ မနက်ဖြန် ချစ်သူရတော့မယ့် အထိမ်းအမှတ်နဲ့ ငါတို့ကို လက်ဖက်ရည်လိုက် တိုက်ကွာ၊ လာ... သွားရအောင်"

"ဟင့်အင်း... မလိုက်ဘူး"

"ဒီနားလေးတင်ပါကွာ၊ ဟို... ပေါက်စီကောင်းကောင်းရတဲ့ ဆိုင်မှာ သောက်မယ်လေ"

"မလိုက်ဘူး၊ မ... လိုက်... ဘူး"

"ကဲပါကွာ၊ မင်း မတိုက်ရင်လဲ နေပါ... ရပါတယ်၊ ငါတို့ပဲ တိုက်ပါ့မယ်၊ လိုက်ခဲ့ကွာ... နော်"

တဖြည်းဖြည်းနှင့် သူတို့ မရိုးသားမှုက ပေါ်လာ၏။ ကြည့်စမ်း၊ ငါ့ကို ကားလမ်းပေါ် မဆင်းဆင်းအောင် အတင်းခေါ်နေလိုက်ကြတာ၊ ညီညီက သူ့မျက်နှာကို တံခါးအဟာကြားမှ ပြူထွက်ကာ လေကလေးလေးတချွန်ချွန်နှင့် ပြောင်စပ်စပ် လုပ်ပြလိုက်၏။ နောက်...

"လုံး... ဝ... မ... လိုက်... ဘူး"

ဟု ပြောပြီး တံခါးကို ဆောင့်ပိတ်သည်။ ကိုညွန့်လွင်၏ ဆဲရေးသံက လေအဟပ်နှင့် လွင့်ပါပြီး အခန်းအပြင်ဘက်တွင် ကျန်ရစ်ခဲ့လေသည်။

typing- G!VER

"ကျွန်မတော့ စောင့်ရတာ စိတ်မရှည်တော့ဘူး"

အောရင့်(ချ်)က ကားစတီယာရင်ပေါ်ကို လက်နှစ်ဖက်ပိုက်လျက်သားတင်ရင်း ညည်းညည်းညူညူပြော၏။ ဘေးထိုင်ခုံက အေးစန္ဒာက ကားတံခါးကို ဆွဲဖွင့်ကာ အပြင်သို့ထွက်သည်။

"ကိုနန်းနွယ်တို့လဲ အဆင်မပြေဘူးနဲ့ တူတယ်"

ဟု ပြောပြီး လမ်းဘက်ဆီ မျှော်ကြည့်၏။ သူတို့ကားကို ညီညီနေသော တိုက်ခန်း၏ ဘယ်ဘက်ရပ်ကွက်ထဲသို့ဝင်ကာ လမ်းချိုးကလေးအကွယ်မှာ ရပ်ထားခြင်းဖြစ်၏။ မျက်နှာချင်းဆိုင်ဘက်အခြမ်းမှ အအေးဆိုင်ထဲတွင်တော့ ခင်စံပယ်လှိုင်နှင့် ကိုထွန်းစန်းတို့ ရှိကြသည်။ ဆိုင်ထဲမှ ထွက်လိုက်ရုံနှင့် သူတို့ကားရပ်ထားရာကို တည့်တည့်လှမ်းမြင်နေရသောကြောင့် ညီညီဆင်းလာသည့်အခါ ကြိုပြီး အချက်ပေးဖို့ အဆင်ပြေ၏။ ယခုအချိန်ထိတော့... ဘာမှ မထူးခြားသေး။

"ဟော... ကိုညွန့်လွင်တို့ ပြန်လာပြီ"

"ညီညီ ပါမလာဘူးဟဲ့"

ကိုညွန့်လွင်နှင့် ကိုနန်းနွယ်တို့က လမ်းချိုးကလေးထဲ ခပ်သုတ်သုတ် ဝင်လာကြရင်း ပုခုံးတွန့်ကာ လက်ခါပြ၏။ အဆင်မပြေဘူး ဟူသည့်သဘော။ ကိုညွန့်လွင်က...

"ဘယ်လိုမှ ခေါ်လို့မရဘူး၊ ဒီကောင် ရိပ်မိနေသလားမသိဘူး"

"ကျွန်မတော့ သေသာသေလိုက်ချင်တော့တာပဲ၊ စိတ်ညစ်တယ်"

အောရင့်(ချ်)က စတီယာရင်ကို လက်သီးဆုပ်ဖြင့်ထုရင်း ညည်းတွားသည်။ မျက်နှာက ရှုံ့မဲ့တွန့်လိမ်နေ၏။ အေးစန္ဒာက ကားထဲပြန်ဝင်ပြီး ကားထဲမှ တယ်လီဖုန်းဖြင့် ကိုထွန်းစန်းနှင့် ခင်စံပယ်လှိုင်တို့ဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောသည်။ အပြန်အလှန်ပြောပြီးနောက်...

အောရင့်(ချ်)ဘက် လှည့်ကာ...

"ကိုထွန်းစန်းက ပြောတယ်၊ စိတ်မလောပါနဲ့တဲ့၊ သူ ရအောင် ခေါ်ထုတ်ပေးပါ့မယ်တဲ့၊ နင်... ကိုထွန်းစန်းနဲ့ ပြောဦးမလား"

အောရင့်(ချ်)က ခေါင်းခါပြလိုက်သောကြောင့် 'ဒါပဲနော်... ကိုထွန်းစန်း' ဟု ပြောပြီး အေးစန္ဒာက ဖုန်းကိုချလိုက်၏။ ကိုညွှန့်လွင်က...

"ဝင့်ရှိသရွေ့တော့ နင်တို့ ဆက်စောင့်ကြဦးပေါ့ဟာ၊ ငါတို့တော့ ကိုထွန်းစန်းဆီ လိုက်သွားပြီး အအေးလေးဘာလေး ကပ်သောက်လိုက်ဦးမယ်"

"ဟဲ့... နင်တို့ကားက စိတ်ကော စိတ်ချရရဲ့လား၊ မတော်တဆ ဘရိတ်ပေါက်တာတွေ ဘာတွေ ဖြစ်ရင် ငါတို့ကောင်ကြီး တကယ်ကြွသွားဦးမယ်"

"အမယ်လေး... မဖြစ်ပါဘူး၊ စိတ်ချစမ်းပါ၊ မနေ့က အဒေါ်အိမ်က သွားမယူခင်ကတည်းက မက္ကင်းနစ်တစ်ယောက်နဲ့ ပြကြည့်ပြီး အသေအချာ စစ်ပြီးသား"

"အေး... အေး... ဒါဆိုလဲ ပြီးရော"

ကိုနန်းနွယ်နှင့် ကိုညွှန့်လွင်တို့က ကားလမ်းကို ဖြတ်ကူးပြီး အအေးဆိုင်ဆီ သွားကြ၏။ ကားထဲ အောရင့်(ချ်)နှင့် အေးစန္ဒာတို့နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

"ဟူး... ပူလိုက်တာဟာ"

အေးစန္ဒာက ပြောပြောဆိုဆိုနှင့် ရေသန့်ဘူးကိုဖွင့်ပြီး မော့သောက်သည်။ အပြင်မှာ နေကတော်တော်ပူနေ၏။ နေ့လည် နှစ်နာရီရှိခဲ့ပြီ။

အောရင့်(ချ်)က ကားစတီယာရင်ပေါ် လက်တင်ထားလျက်က နှုတ်ခမ်းကို ဖိကိုက်ထားသည်။ ကားရှေ့တည့်တည့် အပြင်ကို စိုက်ကြည့်နေရာမှ မျက်လုံးအကြည့်ကို ရွှေ့လိုက်သောအခါ သူ့မလက်သန်းအဖျားက ရွှေရောင် လက်သည်းဆိုးဆေးကလေးအပေါ် ရောက်သွား၏။ စိတ်ကိုမာအောင် တင်းထားလျက်က အလိုလို နူးညံ့သွားပြီး ပြုံးဖြစ်လေသည်။

ညီညီက နံရံကို မှီထိုင်ရင်း သူ့လက်ဝဲဘက် လက်သန်းကလေးကို ရွှေရောင်လက်သည်းဆိုးဆေးဖြင့် ညီညီညာညာဖြစ်အောင် ဂရုတစိုက် ဆိုးနေ၏။ သူ့နှုတ်ခမ်းတွေက ပြုံးလျက်သား။ ထိုအချိန်မှာပင် တယ်လီဖုန်းသံက မြည်လာသည်။

"ဟဲလို... ညီညီလား၊ ငါပါကွ... ထွန်းစန်းပါ"

"ဩော်... ကိုထွန်းစန်း ပြော"

"ဒီမှာ တီးဝိုင်းက ကိုမျိုး ရောက်နေတယ်၊ အဲဒါ... မင်းနဲ့တွေ့ချင်လို့၊ မင်းရေးထားတဲ့ သီချင်းတွေလဲ ကြည့်ချင်တယ်လို့ ပြောတယ်၊ မင်း... ဟိုဒင်းကွာ... လာခဲ့လို့ရမလား"

သူရယ်မောလိုက်၏။ ဘာစကားမှ မပြောဘဲ ကြာမြင့်စွာ ရယ်မောနေခြင်းကြောင့် တစ်ဖက်မှ ကိုထွန်းစန်းက စိတ်မလုံမလဲဖြစ်လာပြီး...

"ဟေ့ကောင်... ဘာရယ်နေတာလဲ"

"သဘောကျလွန်းလို့ပါဗျာ၊ ကိုထွန်းစန်း... အဲဒီ ကိုမျိုးဆိုတာကြီးကို ပြောလိုက်စမ်းပါဗျာ၊ ဒီနေ့တော့ ဆင်းမလာတော့ဘူးလို့၊ မနက်ဖြန်ကျရင်သာ ကျွန်တော့်ကို 'ချစ်တယ်' လို့အဖြေပေးဖို့ အသင့်ပြင်ထားပါလို့"

"... လူလည်"

ဟု ကိုထွန်းစန်းက ဆဲရေးလိုက်ပြီး ဖုန်းချသွားသည်။ ညီညီက သူ့လက်သည်းပေါ်မှ ဆိုးဆေးတွေကို ပါးစပ်ဖြင့် ဖွဖွကလေး လေမှုတ်ပေးနေသည်။ ရင်ထဲတွင် ကြည်နူးချမ်းမြေ့လာ၏။

အေးစန္ဒာ ကားထဲမှ ဖုန်းကိုပြန်ချထားလိုက်ပြီး အောရင့်(ချ်)ဘက်ကို စိတ်မသက်မသာဖြင့် လှည့်ကြည့်သည်။ အောရင့်(ချ်)...

"ကိုထွန်းစန်း ဘာပြောလဲ၊ ညီညီ့ကို ခေါ်လို့မရဘူး မဟုတ်လား"

"အင်း"

သူတို့နှစ်ဦးသား ကားထဲတွင် တိတ်ဆိတ်နေကြပြန်သည်။ အောရင့်(ချ်)၏ အာရုံမျက်ဝန်းတွေက အတိတ်ဆီ လွင့်ပျံ့သွား၏။ ချိုမြိန်နူးညံ့သော အတိတ်၏ လိပ်ပြာသည် ချစ်ခြင်းဝတ်မှုန်တွေကို သယ်ဆောင်ကာ သူမ၏ နှလုံးအိမ်ပေါ်သို့

ညင်ညင်သာသာ ခိုနားလေသည်။ ဆံပင်ရှည်ရှည်တွေ ဖွာကနဲ ဖွာကနဲ လွင့်သွားသည်အထိ ခေါင်းကိုလှန်ကာ ရယ်မောတတ်သော ကောင်လေးတစ်ယောက်... တောက်ပသော မျက်ဝန်းနက်နက်များဖြင့် သူမကိုကြာမြင့်စွာ စိုက်ကြည့်နေတတ်သော ကောင်လေးတစ်ယောက်...။

နင်းမှုန်တွေကြားမှာ ဂစ်တာကို ပိုက်ကာ ဖြေးဖြေးညင်သာ တီးခတ်နေသော ကောင်လေးတစ်ယောက်...။

သူမ... ပင့်သက်တစ်ချက်ကို ခိုး၍ရှိုက်မိ၏။

အို... ဘာကြောင့်များ သူ့ကို ငါ အရှုံးပေးချင်နေရတာပါလိမ့်ကွယ်။

ကားကိုပြန်လှည့်ကာ သူငယ်ချင်းတွေကို ဝင်ခေါ်ပြီး အဆောင်ပြန်တော့မည်ဟု ဆုံးဖြတ်လိုက်စဉ်မှာပင် အေးစန္ဒာက...

"ခဏနေဦးဟာ၊ ငါ... ကိုထွန်းစန်းတို့ဆီ သွားလိုက်ဦးမယ်"

ပြောပြောဆိုဆိုနှင့် ကားတံခါးကို ဖွင့်ဆင်းကာ တစ်ဖက်လမ်းသို့ ကူးသွားသည်။ တားချိန် မရလိုက်။ သူမတစ်ယောက်တည်း ကျန်နေရစ်ခဲ့သည့် အချိန်တွင် ညီညီ့ အကြောင်းကို တွေးနေမိပြန်လေသည်။

အေးစန္ဒာက သံပုရာဖျော်ရည်ကို စုပ်၍ သောက်လိုက်ရင်း...

"အခု ဘာလုပ်ကြမလဲ"

ဟု ကိုထွန်းစန်းကို လှမ်းကြည့်၍ မေး၏။ ကိုထွန်းစန်းက...

"ဘာမှလုပ်လို့ မရတော့ဘူးလေ၊ ဟိုကောင်က သိနေပြီပဲဟာ၊ ရိုးရိုးသားသား ဖွင့်ပြောလိုက်တာ အကောင်းဆုံးပေါ့"

"ဟုတ်တယ်၊ ညီညီကို ပြောင်ဖွင့်ပြောပြီး အရှုံးပေးခိုင်းလိုက်မယ်"

"ဟာ... ဟိုကောင်က လက်ခံမှာမဟုတ်ဘူးထင်တယ်"

"ဟုတ်ပြီ... သိပ်ကောင်းတဲ့ အကြံတစ်ခုရပြီ"

ကိုညွန့်လွင်၏ စကားကြောင့် အားလုံးက စိတ်ဝင်တစားကြည့်ကြ၏။ သူ ဘာများ တလွဲတွေလုပ်ဦးမလဲ ဟူသော အတွေးဖြင့် တောက်ပနေကြသည့် မျက်ဝန်းများ။

မြန်မာစာအုပ်ချစ်သူများ ချစ်သော မြန်မာ့ဆိုက်ကြီး
typing- G!VER

"ဘယ်လိုလဲ... ဟုတ်မှလဲ လုပ်ပါကွာ၊ ပေါက်ကရတွေလျှောက်ပြောပြီး ကလေးကလားတွေ လုပ်နေမှာထက်စာရင် ရိုးရိုးသားသား ဖွင့်ပြောလိုက်တာက ကောင်းမယ်ထင်တယ်"

"ဟုတ်တယ်၊ အခုတောင်မှ တော်တော် ကလေးကလားဖြစ်နေပြီ၊ ဖွင့်ပြောပြီး အကူအညီတောင်းလိုက်တာ ကောင်းမယ်"

ညွန့်လွင်က အားလုံးကို ငှါတာဝန်ထားစမ်းပါ ဟူသော အမူအယာမျိုးနှင့် မျက်နှာကို လက်ကိုင်ပဝါဖြင့် ပွတ်သုတ်လိုက်ရင်း...

"ရိုးရိုးသားသား ဖွင့်တော့ပြောရမှာပေါ့လေ၊ မှတ်ထား... အမုန်တရားတစ်ဝက်ပါတဲ့ မုသားဟာ အကောင်းဆုံးပဲကွ၊ ဒီအတိုင်း 'ဆင်းလာခဲ့ပါ' လို့ အကူအညီတောင်းရင် ရမှာ မဟုတ်ဘူး။ ငှါစိတ်ကူးက... ဒီလို၊ အေးရင့်(ချ်)က စေ့စပ်ထားတဲ့သူရှိတယ်လို့ ညာပြောလိုက်"

"ဟာ... ဟိုကောင် အလူးအလိမ့် ကြေကွဲသွားမှာပေါ့"

"ယုံပါ့မလား... ညွန့်လွင်ရာ"

"ယုံအောင် ပြောကွာ၊ ခံစားရလဲ ဘာဖြစ်လဲ၊ အေးရင့်(ချ်)ရောက်လာပြီးတာနဲ့ ချက်ချင်းအားလုံး နားလည်သွားမှာပဲ၊ ငါ... ဒီကောင့်စိတ်ကို သိတယ်၊ အေးရင့်(ချ်)မှာ စေ့စပ်ထားတဲ့သူရှိတယ် လို့ ပြောလိုက်ရင် ဒီကောင်..."

typing- G!VER

ညီညီက ဂစ်တာကို ရင်ခွင်မှာပိုက်ထားရင်း ကြမ်းပြင်ပေါ်တွင် ပက်လက်လှန်ကာ မျက်နှာကျက်ကို စိုက်ကြည့်နေမိသည်။ နှင်းဆီပွင့်တစ်ပွင့်ထဲတွင် သူမ ရှိသည်။ ဂစ်တာတစ်လက်၏ ထင်းရှူးအိမ်ထဲတွင် သူမ ရှိသည်။ နှလုံးသား၏ လက်ဝဲဖက်သွေးလွှတ်ခန်းထဲတွင် သူမ ရှိသည်။ စိတ်ကူး၏ အချိုမြိန်ဆုံး ကောင်းကင်ဆိပ်ကမ်းမှာ သူမ ရှိသည်။ သူမနှင့် ဆုံခဲ့ရသည့်အတိတ်၏ အဝါနုနုတိမ်မျှင် တိမ်တိုက်တွေကို ဖမ်းယူဆုပ်ကိုင်ကြည့်နေမိသည်။

ဘာဖြစ်လို့ ဒီလောက်တောင် နူးညံ့လွန်းနေရတာလဲကွယ်။

ထိုအချိန်မှာပင် တယ်လီဖုန်းသံက မြည်လာသည်။ အင်း... ဒီတစ်ခါ ဘယ်သူ့အလှည့်ပါလိမ့်ဟု တွေးရင်းပြုံးမိပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟဲလို..."

"မခင်စံပယ်လှိုင်လား"

"အင်း..."

"ဒီတစ်ခါ ဘာပြောဦးမလို့လဲ၊ သိနေတယ်နော်... ခင်ဗျားတို့ တစ်ဖွဲ့လုံး စုပြီး ကျွန်တော့်ကို လုပ်ကြံဖို့ စီစဉ်နေတာ မဟုတ်လား"

"နေဦး... ညီညီ၊ အခု ငါပြောမှာ သေသေချာချာ နားထောင် အရေးကြီးတယ်"

ခင်စံပယ်လှိုင်၏ အသံက အေးစက်တည်ငြိမ်လွန်းနေ၏။ သူ့ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။

အမည်နာမမဲ့သော နိမိတ်ဆိုးတစ်ခုက သူ့နှလုံးအိမ်ကို ပင့်ကူမြွေးတို့ဖြင့် အုပ်ဖုံးရစ်ဖွဲ့လိုက်သလို ခံစားလိုက်ရ၏။

"အင်း... ပြောပါ၊ မခင်စံပယ်လှိုင်"

"အောရင့်(ချ်)မှာ စေ့စပ်ထားတဲ့လူ ရှိတယ်"

"ဗျာ..."

typing- G!VER

*သူ...*

*တစ်စ... စီ...*

*ပြို... ကွဲ...*

*ကြေ... မွ... ပဲ့...*

*ကြွေ...*

*ကျ...*

*သွား... သည်...။*

"နင်သူ့ကို... တကယ်အနိုင်ယူမှာလား ညီညီ"

သူ ဘာမှ ပြန်မဖြေဖြစ်။ တိတ်ဆိတ်နေမိသည်။

"နင်... စဉ်းစားကြည့်လေဟာ၊ ဒီနေ့ နင်နိုင်သွားရင် မနက်ဖြန်မှာ နင့်ကို သူ 'ချစ်တယ်'လို့ အဖြေပေးရတော့မယ်၊ သူ့ဘက်က ဘယ်လိုနေမလဲ၊ နင့်ကို ရှုံးလို့ ရှက်ရတဲ့အရှက်ရယ်...၊ သူ့ဘက်က အသိုင်းအဝိုင်းကို ရင်ဆိုင်ရမှာရယ်... နောက်ပြီး..."

"ခင်ဗျား တကယ်ပြောနေတာလား မခင်စံပယ်လှိုင်၊ ဒါ... ကျွန်တော် အလေးအနက် မေးနေတာနော်"

သူ့အသံတွေ တဆစ်ဆစ်နာကျင်ကာ တုန်ခါနေသည်။ ခဏမျှ တုံ့ဆိုင်းတိတ်ဆိတ်နေပြီးမှ...

ခင်စံပယ်လှိုင်က...

"ဟုတ်တယ်... တကယ်ပြောနေတာ၊ ဒါကြောင့်မို့ နင့်ကို မခံစားစေချင်လို့ တမင်လှွဲပြီး အကြောင်းပြတာ၊ ဒီတော့ လှည့်စားသလို ဖြစ်သွားတာပေါ့"

Typing - GIVER

သူ့ရင်ထဲမှာ ဟာလာဟင်းလင်း၊ ဗလာ...။ ဟောင်းလောင်းပေါက်...။ ဝရန်တာအပြင်အပမှ တိုးဝင်လာသော ဆောင်းလေပြေက ရင်ဘတ်ကို တိုးဝင်လာသည်။

နောက်...

ထုတ်ချင်းခတ်ကာ ကျောဘက်မှ ဖြတ်သန်းထွက်ခွာသွား၏။

"နင်... သူ့ကို 'ချစ်တယ်' လို့ အဖြေပေးခိုင်းရက်လား၊ သူ့ရင်ထဲက စိတ်ကို..."

"တော်ပြီ၊ ကျွန်တော့်ကို နောက်ဆုံးတစ်ခွန်းပဲ ဖြေပါ၊ အောရင့်(ချ်)က သူနဲ့ စေ့စပ်ထားတဲ့လူကို ချစ်သလား"

အသံမဲ့...၊ တယ်လီဖုန်းကြိုးထဲမှ နတ်ဆိုးတစ်ကောင် တရွေ့ရွေ့ တွားသွားဝင်လာသည်။

"ချစ်တယ်"

"တော်ပြီ... မခင်စံပယ်လှိုင်"

သူ တယ်လီဖုန်းကို ပြန်ချထားလိုက်သည်။

သူ့အသက်ဝိညာဉ်ကို တစ်စုံတစ်ရာက ဆွဲနုတ်ယူသွားသလို ခံစားရ၏။ အခွံဟောင်းလောင်း ဖြစ်နေသော သူ့ခန္ဓာကိုယ်သည် ဗလာသက်သက်သာ ကျန်ရစ်ခဲ့လေသည်။ ငေးစိုက်ကြည့်နေမိသည်။ နံရံသည် အိပ်မက်တစ်ခုလို အရည်ပျော်ကျ ပျောက်ကွယ်သွား၏။

မြန်မာဆိုက်ဘာ စာအုပ်စင်မှ တင်ဆက်သည်
typing- G!VER

အောရင့်(ချ်)နားထဲမှာ ပေါ်လိုဂစ်တာသံ သဲ့သဲ့ကြားရသလို ထင်မိ၏။ အို... ချိုမြိန်လွန်းလိုက်တာ။ အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင် အဲသည်ကောင်လေး၏ ဆံပင်ရှည်ရှည်တွေကို သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် သူမလက်ဖြင့် ဖြီးသင်ပေးချင်ပါသည်။ နောက်ထပ် ဖြစ်နိုင်ဦးမည်ဆိုပါလျှင်... အဲသည်ကောင်လေး၏ နားရွက်အဖျားကို မနာကျင်အောင် ဖွဖွကလေး ကိုက်ကြည့်ချင်ပါသည်။

ဟင့်အင်း... ရက်စရာကောင်းလိုက်တာကွယ်။

ငါ... ဘာတွေလျှောက်တွေးနေမိပါလိမ့်။

...။

ဟော...

မျက်နှာချင်းဆိုင်တည့်တည့်တွင် အဒေးဆိုင်ထဲမှ ထွက်လာသော ကိုထွန်းစန်းကို မြင်ရ၏။ ကိုထွန်းစန်းက ညာဘက်လက်သီးကို ဆုပ်ကာလက်မထောင်ပြသည်။

ညီညီဆင်းလာနေပြီ... အသင့်ပြင်ထား။

သူမ ရင်ခုန်လာသည်။

ကားစက်ကို ညင်သာစွာနိုးလိုက်၏။

ဘုရား... ဘုရား။

သူမ၏ ခြေဖျားလက်ဖျားတွေ အေးစက်၍ နေလေသည်။

ကားဘီးတွေက ရှေ့သို့ တစ်ပတ်ပြီးတစ်ပတ် လိမ့်... လိမ့်သွား၏။ လမ်းမကြီးပေါ်သို့ အရှိန်ဖြင့်တက်ပြီး ညီညီ၏ တိုက်ခန်းရှေ့ရောက်အောင် ညာဘက်ချိုးကွေ့ရမည်ဖြစ်သည်။

အောရင့်(ချ်)... ကားကို အရှိန်မြင့်လိုက်၏။`

ကားလမ်းမကြီးပေါ် ဝေါကနဲ ထိုးတက်လာသော အောရင့်(ချ်)၏ ကားကို မြင်လိုက်ရသည်။

typing- G!VER

ညီညီ၏ ရင်ထဲမှာ လေးလံစွာဖြင့် ခါးသက်သက်ဖြစ်လာ၏။ အသက်ရှုရသည်မှာ

မဝဟု ထင်မိသည်။ ဝင်သက်ကို တစ်ချက်ပြင်းပြင်း ရှူသွင်းလိုက်ပြီး နှုတ်ခမ်းကို ဖိကိုက်မိ၏။

ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး... ပလက်ဖောင်းပေါ်မှ ဆင်းကာ ကားလမ်းမ အလယ်သို့ လျှောက်သွားသည်။

အောရင့်(ချ်)က လမ်းမပေါ် ကားခေါင်းထိုးထွက်လိုက်သည့် တစ်ခဏမှာပင် ညီညီ့ကို လှမ်းမြင်သည်။ ရင်ထဲမှာ အလင်းလက်ဆုံး မှောင်မိုက်သွား၏။

ဟင့်အင်း... ငါသူ့ကို မတိုက်မိစေရဘူး၊ လက်နစ်ဖက်က ပကတိအသိဥာဏ်ဖြင့် ကားစတီယာရင်ကို ဆွဲအလှည့်၊ ရုတ်တရက် ကားလမ်းကြီးအတိုင်း အရှိန်ပြင်းပြင်းနှင့် လုမောင်းလာကြသော ကားနစ်စီးကို မြင်လိုက်သည်။

ဘုရားရေ... ငါ အချက်မပြဘဲ လမ်းမကြီးပေါ် သည်အတိုင်းတက်ခဲ့...၊ သတိဝင်လာသည်။

ဘွားကနဲ...

ကားနစ်စီးက ပြိုင်တူထိုးဝင်အလာ ကားကို ညာဘက်သို့ ကမန်းကတန်းဆွဲကပ်...၊ ဟာ... ဘယ်လိုမောင်းနေတာလဲ...၊ ဆဲရေးသံ...၊ ဘရိတ်အုပ်သံ...၊ ဟာ...။

မျက်စိတွေ ပြာဝေသွားသည်။ ရှေ့ကားက သူမကို မတိုက်မိအောင် ရှောင်ရင်းယိမ်းထိုးသွား၊ ဟော... နောက်ကားဝင်လာ...၊ မြင်ကွင်းကို ပိတ်နေပြီ...၊ သတိထား... သတိထား...။

ကားလမ်းမပေါ်မှာ ညီညီတစ်ယောက် မတ်တပ်ရပ်နေဆဲ။

သူမ အသံကုန်အော်ဟစ်ပြီး သတိပေးလိုက်သည်။ ဟင့်အင်း... သူ့ကို မတိုက်မိပါစေနဲ့... ဟင့်အင်း... ညီ... ညီ သတိထား...။

ညီညီက လမ်းမပေါ်တွင် သစ်ပင်တစ်ပင်လို ရပ်နေသည်။ ဘာတွေဖြစ်သွားမှန်း သူ မသိလိုက်။ သူ့ဆီ တည့်တည့်တိုးဝင်လာသော ကားရှေ့မှန်ကို အောရင့်(ချ်)၏

မျက်နှာကို မြင်နေရသည်။ ဖြည်းဖြည်းလေး ရွေ့လျားလာ၏။ တိုက်လေ... တိုက်လိုက်တော့လေ...။

ရုတ်တရက်... ကားက သူ့ကို ရှောင်ကွေ့ပြီး ညာဘက်သို့ကပ်သွားသည်။ သူ... လုမ်းခေါ်မိတော့မလို ဖြစ်သွားသည်။

ထိုအချိန်မှာပင် အောရင့်(ချ်)၏ ကားနောက်ဘက်မှ အရှိန်ပြင်းပြင်းပါလာသော ကားနှစ်စီးကို မြင်လိုက်ရ၏။ ရှေ့တစ်စင်းက သူ့ကိုရှောင်ရင်း ဘယ်ဘက်သို့ တိမ်းသည်။ နောက်က တစ်စင်းက ရှောင်ချိန်မရတော့။ သူ့ရင်ခွင်တည့်တည့်...။ အရှိန်ပြင်းပြင်း...။

"အား..."

ငါ လဲကျနေပါပကောလား... ဟု သူ သိစိတ်ထဲပေါ်လာသည်။ နာကျင်မှုဝေဒနာကို မခံစားရသလို ဖြစ်နေသည့်အတွက် အံ့သြရသေး၏။ ဟင့်အင်း... ငါ တကယ်သိနေတာမှ ဟုတ်ရဲ့လား။ သူ့စိတ်တွေက မိုးတွေ သည်းသည်းမည်းမည်း ကိုယ်ခန္ဓာပေါ် ရွာချနေသည်ကို မြင်ရပါလျက်။ ငါ ဘာကြောင့် ရွဲရွဲစိုနေရပါလိမ့်ဟု တွေးကာ အဖြေရှာနေမိသလို ဖြစ်နေ၏။

အချစ်...

ငါ့ကို ပွေ့ဖက်ထားတာ ချစ်သူလားဟင်!

သူ့ လက်ဝဲဘက်လက်ကို အားတင်း၍မြှောက်ယူလိုက်၏။

အောရင့်(ချ်)က သူ့ကို ပွေ့ဖက်ထားရင်း သူ့နာမည်ကို တဖွဖွခေါ်နေသည်။ တဖြည်းဖြည်းနှင့် သူမအသံမှာ ငိုရှိုက်သံပါ... ပါလာ၏။

"ရှင့်ကို ကျွန်မ... ချစ်တယ်၊ ဟင့်အင်း... ရှင်မသေရဘူး"

ညီညီ၏ လက်ဝဲဘက်လက် မြှောက်လာသည်။ သူ တစ်ခုခုပြောဖို့ ကြိုးစားနေမှန်း သူမ နားလည်လိုက်၏။

typing- G!VER

သူမ၏ ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည်။

"ရှင့်... ကို... ချစ်... တယ်"

ညီညီ၏ လက်သန်းကလေးကို သူမ၏ ဘယ်ဘက်လက်ဖြင့် ဆုပ်ကိုင်ရင်း သူမ ရှုးသွပ်စွာ ငုံ့နမ်းမိသည်။ ရွှေရောင်လက်သည်းဆိုးဆေး ဆိုးထားသော လက်ဝဲဘက် လက်သန်းကလေးနှစ်ချောင်း ချိတ်တွယ်မိကြလေသည်။

*ကမ္ဘာမြေရေ...*

*ငါ့ကို*

*နှုတ်*

*ဆက်*

*ထွက်*

*ခွာ*

*ခွင့်*

*ပြု*

*တော့......*

လက်သန်းကလေးတစ်ချောင်းက ပြေလျော့ကျသွားသည်။

မြန်မာဆိုက်ဘာ စာအုပ်စင်မြေ တင်ဆက်သည်
typing- G!VER

ဟောဒီ... နွေရာသီတစ်ခုလုံး ပုပ်သိုး
ချစ်သူတွေ အိပ်စက်နေကြတာ... မနိုးလိုက်ပါနဲ့။
သူတို့တွေ... 'ကံဆိုးပြီ' ဆိုတဲ့အကြောင်း
နည်းနည်းဖြစ်ဖြစ်
နောက်ကျပြီးမှ သိရတာကောင်းတယ်။

typing- G!VER

- နေဝင်တော့မည်။
- အလင်းရောင်အရုဏ်တက်လာသည့်အခါ ဘာတွေဖြစ်မည်ကို မည်သူမျှ မသိကြပါ။
-ညာ၏ လေပြေထဲတွင် ခေါ်သံလိုလို သီချင်းတေးသွား သဲ့သဲ့လွင့်ပျံ့လာ၏။
- တေးသီချင်းတစ်ပုဒ်ကို နားထောင်တတ်ဖို့ဆိုလျှင် နားထောင်မည့်သူ၏ နှလုံးသားထဲ၌လည်း တေးသီချင်းတစ်ပုဒ်ရှိနေဖို့ လိုအပ်ပါသည်။
- လက်သည်းပေါ်မှ အရောင်များလွင့်ပျယ်စပြုနေပြီဖြစ်သော ရွှေရောင်လက်သည်းဆိုး ဆေးဘူးလေးကို ငုံ့ကြည့်နေမိသည်။
- နှလုံးသားထဲမှ တေးသီချင်းသည် ပျောက်ဆုံးခဲ့ပြီ...။
- လေပြေထဲမှ သီချင်းသံကို နားစွင့်ကြည့်ခွင့်မရနိုင်တော့...။
- ဘာသံမှ မကြားရ...။
တိတ်... ဆိတ်... နေ... ၏။

typing- G!VER

ချစ်သူတွေ အိပ်စက်နေကြတာ...
သွားမနှိုးလိုက်ပါနဲ့...၊
ရာသီဥတုကိုက ဆိုးလွန်းတယ်။

နှစ်ယောက်သား အတူလျှောက်ခဲ့တဲ့ စကြံ့မှာ
သစ်ရွက်ကြွေသံတွေက လွဲလို့...
ကြေကွဲမှုနဲ့ တိတ်ဆိတ်...၊
အလွမ်းတွေ အပြည့်အသိပ်နဲ့
ကိုယ့်ရင်ဘတ်ကိုယ်ပိတ်ထားတဲ့
အခန်းတံခါးတွေ ရှိတယ်...

မြန်မာဆိုက်ဘာ စာအုပ်စင်မြ တင်ဆက်သည်
typing- G!VER

ဟောဒီ... မှန်ပြတင်းရဲ့ အပြင်ဘက်မှာ ပူပြင်း
ပိုးစိုးပက်စက် သေနေတဲ့ နွေလည်ခင်းတစ်ခုပဲ ရှိ...
ကိုယ့်အရိပ်တွေ ရှည်လျားလာတာကို
ကြည့်... ကြည့်ရင်း
အထီးကျန်ခြင်းဆိုတာ
တစ်ယောက်တည်း အသက်ရှူရင်း သေနေတာ... လို့
သိလာတယ်။

သွားမနှိုးလိုက်ပါနဲ့!

typing- G!VER

ချစ်သူတွေ အတူတူ အသက်ရှူရတဲ့တန်ဖိုးက
ကမ္ဘာကြီး ပိုင်စိုးတာထက် သာတယ်။

ဟောဒီ... နွေရာသီတစ်ခုလုံး ပုပ်သိုး
ချစ်သူတွေ အိပ်စက်နေကြတာ... မနှိုးလိုက်ပါနဲ့။
သူတို့တွေ... 'ကံဆိုးပြီ' ဆိုတဲ့အကြောင်း
နည်းနည်းဖြစ်ဖြစ်
နောက်ကျပြီးမှ သိရတာကောင်းတယ်။

မင်းခိုက်စိုးစံ

၁၉၉၉၊ ဒီဇင်ဘာ

typing- G!VER